http://www.dhammadownload.com

K-1200



# ဓမ္မန္တရာယ်ကာကွယ်ရေး

ဝိသိဋ္ဌဒီဃဘာဏက နှင့် သီရိပဝရဓမ္မာစရိယ

## ဓမ္မဒူတ-အရှင်ပညာဇောတ

http://www.dhammadownload.com

## ကြွေးကြော်သံ

ဓမ္မဒူတ စာပို့ချ သင်ကြ ကျင့်ကြစေ

ဓမ္မဒူတ စာရေးပြ ဖတ်ကြ ကျင့်ကြစေ

ဓမ္မဒူတ ဟောဖေါ်ပြ နာကြကျင့်ကြစေ

ဓမ္မဒူတ တရားပြ ကျင့်ကြကျိုးရစေ

http://www.dhammadownload.com

# ဓမ္မန္တရာယ်ကာကွယ်ရေး

ဓမ္မဒူတ-အရှင်ပညာဇောတ

http://www.dhammadownload.com

စာမူကြိုတင်ခွင့်ပြုချက်အမှတ် (၄၃၇)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၄၄၄)

ᑐ ပထမအကြိမ်

ᑐ အုပ်ရေ (၂၀၀၀)

ᑐ ၁၉၈၅–ခု၊ နိုဝင်ဘာလ

ᑐ တန်ဖိုး –ကျပ်

- **ပုံနှိပ်သူ** ဦးခင်မောင် (၀၁၃၈၉)
  မြန်မာ့တံခွန်–စာပုံနှိပ်တိုက်
  ၅၆–လှည်းတန်းလမ်းမ၊ ကမာရွတ်၊ ရန်ကုန်။

- **အဖုံးရိုက်** ယုံစန္ဒာ–ဆေးရောင်စုံပုံနှိပ်တိုက်
  ၃၂–လမ်း၊ (အထက်လမ်း)၊ ရန်ကုန်။

- **ထုတ်ဝေသူ** ဦးအုန်းမောင် (၀၃၂၁၆)
  မြရေအိုင်စာပေ၊ ၅၅၉–ခေမာလမ်း၊
  (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့။

http://www.dhammadownload.com

# ရည်ရွယ်ချက်

ဤဓမ္မန္တရာယ်ကာကွယ်ရေး တရားတော်စာအုပ်ကို ရန်ကုန်မြို့၊ ဝင်ဒါမီယာ၊ တက္ကသိုလ်စာတိုက်၊ ဓာတ်ပေါင်းစုဘုရားလမ်း၊ အမှတ်-၁၇၊ မိုးမိတ်ဓမ္မရိပ်သာ ယောဂီအဖွဲ့မှ ဓမ္မဒူတ-အရှင်ပညာဇောတ ဆရာတော်ပြုစုနေသော ရှင်တော်ဗုဒ္ဓ၏ ပရိယတ်, ပဋိပတ် နှစ်ရပ်သာသနာ ပြန့်ပွားရေးအတွက် ထုတ်ဝေပါသည်။

မိုးမိတ် ဓမ္မရိပ်သာ ယောဂီအဖွဲ့၊
ရန်ကုန်မြို့။
(ဖုန်း-၃၁၂၂၃)

http://www.dhammadownload.com

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| – | ဓမ္မဒူတ–အရှင်ပညာဇောတ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ် | |
| – | အရှင်အရိယဝံသ၏ တိုက်ဆိုင်မှု(ဝါ)စေတနာရောက်မှု | |
| – | နိဒါန်း | |
| | **ဓမ္မန္တရာယ်ကာကွယ်ရေး တရားတော်** | |
| ၁။ | ရတနာတစ်ခု | ...... ၃၃ |
| ၂။ | သုဂတဂုဏ်ထူး | ...... ၃၆ |
| ၃။ | တရားနိဒါန်း | ...... ၄၁ |
| ၄။ | အခွင့်ကောင်းလွန်ပြစ် | ...... ၄၃ |
| ၅။ | သိဖို့, ကျင့်ဖို့ | ...... ၄၈ |
| ၆။ | ရှေးဘုန်းရှေးကံရှိလို့ | ...... ၄၈ |
| ၇။ | ရှေးကုသိုလ်ကံပါခဲ့ | ...... ၅၀ |
| ၈။ | ဘုရားပွင့်ဖို့ခဲယဉ်း | ...... ၅၄ |
| ၉။ | ယမမင်းကြီးတောင့်တချက် | ...... ၅၇ |
| ၁၀။ | ရပ်ပြစ်သင့်မှသိ | ...... ၆၁ |
| ၁၁။ | နှစ်ချက်ပဲပါတယ် | ...... ၆၄ |
| ၁၂။ | ရဟန်းဘဝ ခဲယဉ်း | ...... ၆၆ |
| ၁၃။ | စိတ်ဖြစ်ကာမျှ အကျိုးရ | ...... ၆၇ |
| ၁၄။ | ပရိသတ်နှစ်မျိုး | ...... ၇၂ |

http://www.dhammadownload.com

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | အလုပ်နှစ်မျိုး | ...... ၇၅ |
| ၁၆။ | မသေတတ်ဖြစ်နေတယ် | ...... ၇၈ |
| ၁၇။ | သေခါနီး သိက္ခာချ | ...... ၇၉ |
| ၁၈။ | မြွေကိုက်ခံသေမယ် | ...... ၈၀ |
| ၁၉။ | သီလဆင်ခြင် | ...... ၈၅ |
| ၂၀။ | တော်လှန်ရေးသီလ | ...... ၉၂ |
| ၂၁။ | သီလအရေးကြီး | ...... ၉၅ |
| ၂၂။ | သတ်သေသူတွေ | ...... ၉၈ |
| ၂၃။ | ဝမ်းမြောက်မှု | ...... ၁၀၀ |
| ၂၄။ | နှစ်သက်မှုပီတိ | ...... ၁၀၃ |
| ၂၅။ | ငြိမ်းချမ်းမှု ပဿဒ္ဓိ | ...... ၁၀၆ |
| ၂၆။ | ချမ်းသာမှု သုခ | ...... ၁၀၈ |
| ၂၇။ | တည်ကြည်မှု သမာဓိ | ...... ၁၀၉ |
| ၂၈။ | ဒုက္ခနှင့် တရားမရ | ...... ၁၁၃ |
| ၂၉။ | ဟုတ်မှန်ဉာဏ်ရ | ...... ၁၁၅ |
| ၃၀။ | နိဗ္ဗိန္ဒဉာဏ် | ...... ၁၁၇ |
| ၃၁။ | လွတ်မြောက်ဉာဏ် | ...... ၁၁၉ |
| ၃၂။ | လွတ်မြောက်သိဉာဏ် | ...... ၁၂၀ |
| ၃၃။ | တရားအစဉ်တက်ပုံ | ...... ၁၂၁ |
| ၃၄။ | ကိုယ်နှင့်စပ်သမျှ ရုပ် | ...... ၁၂၄ |
| ၃၅။ | စိတ်နှင့်စပ်သမျှ နာမ် | ...... ၁၂၇ |

http://www.dhammadownload.com

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၆။ | ဉာဏ်ဓားနှင့်လှီး | ...... ၁၃၀ |
| ၃၇။ | ကိုယ့်ကိုယ်ကိုမသတ် | ...... ၁၃၄ |
| ၃၈။ | ချစ်ခင်ကြောင်း | ...... ၁၃၇ |
| ၃၉။ | သာသနာတော်၌ မပျော်မွေ့ကြောင်း | ...... ၁၄၃ |
| ၄၀။ | လူမထွက်ဖြစ်ကြောင်း | ...... ၁၅၉ |
| ၄၁။ | ဓမ္မန္တရာယ်သင့်လို့ | ...... ၁၆၅ |
| ၄၂။ | ပုညန္တရာယ်နှင့် ဓမ္မန္တရာယ် | ...... ၁၆၈ |
| ၄၃။ | အပိုင်း–သုံးပိုင်း | ...... ၁၇၃ |
| ၄၄။ | တွေ့ခဲ့ရတဲ့သက်သေ | ...... ၁၇၆ |
| ၄၅။ | ပုညန္တရာယ်သင့်ခဲ့တယ် | ...... ၁၇၈ |
| ၄၆။ | သီလရှင်ဝတ်ချင်သူ | ...... ၁၈၁ |
| ၄၇။ | ရှင်, ရဟန်းလဲ ဒီလိုပဲ | ...... ၁၈၆ |
| ၄၈။ | အသွင်းအားဖြင့် မြတ် | ...... ၁၈၈ |
| ၄၉။ | စိတ်ဖြစ်ဖို့ရာ ခဲယဉ်းပါ | ...... ၁၉၁ |
| ၅၀။ | မြို့နယ်စာမေးပွဲကြီး | ...... ၁၉၆ |
| ၅၁။ | အမျိုးသမီးတွေရှုံး | ...... ၁၉၈ |
| ၅၂။ | ဝိပဿနာပုည | ...... ၂၀၁ |
| ၅၃။ | ပိတ်တာ–တားတာ | ...... ၂၀၄ |
| ၅၄။ | မပျော်ဖြစ်နေတယ် | ...... ၂၀၈ |
| ၅၅။ | အမြတ်ဆုံးပူဇော်ခြင်း | ...... ၂၀၉ |
| ၅၆။ | သာသနာ့ဝန်ထမ်း | ...... ၂၁၁ |

http://www.dhammadownload.com

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၇။ | ဓမ္မကို ချီးမြှောက်တယ် | ...... ၂၁၃ |
| ၅၈။ | အတော်ဆုံးတွေ | ...... ၂၁၆ |
| ၅၉။ | ဝေယျာဝစ္စ ကိုယ်တန်ဆာ | ...... ၂၁၈ |
| ၆၀။ | နားကို တန်ဆာဆင် | ...... ၂၂၁ |
| ၆၁။ | မျက်စိတန်ဆာ | ...... ၂၂၃ |
| ၆၂။ | လက်ကိုတန်ဆာဆင်ခြင်း | ...... ၂၂၅ |
| ၆၃။ | ကာကွယ်ရေးပေဟာ | ...... ၂၂၇ |
| ၆၄။ | တခဏဖြင့် အရဟတ္တမဂ် ရနိုင်ပါသလား | ...... ၂၂၇ |
| ၆၅။ | ပျင်းတယ်ဆိုတာ | ...... ၂၂၉ |
| ၆၆။ | ပျက်စီးကြ | ...... ၂၃၃ |
| ၆၇။ | ရာထက် မြတ်လှပါ | ...... ၂၃၅ |
| ၆၈။ | သမထဆိုတာ | ...... ၂၃၈ |
| ၆၉။ | ဝိပဿနာချဉ်း | ...... ၂၃၉ |
| ၇၀။ | ဓမ္မန္တရာယ် သင့်သူမယ် | ...... ၂၄၃ |
| | နိဂုံး | |

http://www.dhammadownload.com

# ဓမ္မဒူတ–အရှင်ပညာဇောတ

ဏ်

# အတ္ထုပ္ပတ္တိ–အကျဉ်းချုပ်

**ဖွားမြင်ခြင်း**

ဓမ္မဒူတ–အရှင်ပညာဇောတသည် ဧရာဝတီတိုင်း၊ ဟင်္သာတမြို့နယ်၊ လက်ပံလှကျေးရွာအုပ်စု၊ ပဲခူးစုကျေးရွာ၌ ၁၂၉၆–ခုနှစ် နတ်တော်လပြည့်ကျော် (၁၄)ရက်၊ ကြာသပတေးနေ့ နံနက် (၁၀) နာရီ (၁၅) မိနစ်အချိန်တွင် မိးရှူးသန့်စင်ဖွားမြင်တော်မူခဲ့ပါသည်။

**ခမည်းတော်–မယ်တော်**

ခမည်းတော်မှာ ဦးတွတ်ဖြစ်၍ မယ်တော်မှာ ဒေါ်ငွေတင်ဖြစ်ပါသည်။ ခမည်းတော်–မယ်တော်တို့သည် မြန်မာ့ရိုးရာသမ္မာအာဇီဝဖြစ်သော ကိုင်းကျွန်းလုပ်ငန်းဖြင့် အသက်မွေးကြပါသည်။

http://www.dhammadownload.com

# အတ္ထုပ္ပတ္တိအကျဉ်းချုပ်

## မွေးချင်းများ

ဒေါ်သိန်း၊ ဦးအေးချို၊ ဦးသန်းမောင်၊ ဦးသောင်း၊ ဦးလှထွန်း၊ ဦးချစ်၊ ဒေါ်မြင့်၊ ဦးအုန်းမောင်တို့အားဖြင့် မွေးချင်း ၈–ယောက်အနက် ဓမ္မဒူတ–အရှင်ပညာဇောတသည် ၆–ယောက်မြောက် ဦးချစ်ဖြစ်ပါသည်။

နှစ်ယောက်မြောက် ဦးအေးချိုမှာ "အရှင်သုမိတ္တာဘိဝံသ" (အစိုးရနှင့် စေတီယင်္ဂဏဓမ္မာစရိယ) ဖြစ်ပြီး ယခုအခါ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင် ပေါက်စေတီကျောင်းတိုက်ဆရာတော် ဖြစ်ပါသည်။

## ငယ်စဉ်ဘဝ

ဓမ္မဒူတ–အရှင်ပညာဇောတသည် ငယ်စဉ်က ဆိုးလှသဖြင့် မိဘများက စိတ်မချ၍ ကျောင်းမထားခဲ့ပါ။ ၁၀–နှစ်အရွယ်၌ မိဘများက ရှင်ပြုသောအခါ စာမတတ်သေး၍ ရှင်နှင့်ဆိုင်ရာသင်စရာများကို နှုတ်တက်သင်ယူခဲ့ရပါသည်။ ရှင်ပြုပြီး ကိုရင်ဝတ်နှင့်ပျော်သော်လည်း စာမတတ်၍ လူထွက်ခဲ့ရပါသည်။

## ကျောင်းသားဘဝ

(၁၂)နှစ်သား အရွယ်ရောက်မှ နောင်တော် အရှင်သုမိတ္တာဘိဝံသစာသင်ရာ ဟင်္သာတမြို့နယ် ရေလဲကျေးရွာ

http://www.dhammadownload.com

# အတ္ထုပ္ပတ္တိအကျဉ်းချုပ်

စာသင်တိုက် ဆရာတော်အရှင်ဉတ္တမထံသို့အပ်ကာ သင်ပုန်းကြီးမှစ၍ သင်ခဲ့ရပါသည်။

**ကိုရင်ဘဝ**

(၁၃)နှစ်သားအရွယ်တွင် ကိုရင်ဝတ်ကာ သဒ္ဒါ, သင်္ဂြိုဟ်, ဝိနည်း စသော အခြေခံစာပေများကို သင်ယူခဲ့ပါသည်။

**အထက်တန်းပညာ**

အထက်တန်းပညာများကို ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ရှမ်းလမ်း အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက် ဆရာတော်အရှင်ဉတ္တမ၊ နောင်တော် အရှင်သုမိတ္တာဘိဝံသ၊ အမရပူရမြို့မဟာဂန္ဓာရုံကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်ဇနကာဘိဝံသ၊ မန္တလေးမြို့ တောင်ပြင်ဘုရားကြီးကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်နာရဒါဘိဝံသ၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် (သ–စ–အ၊ ဓမ္မာစရိယ) နာယကဆရာတော် အရှင်ကောဝိဒါဘိဝံသ၊ စစ်ကိုင်းတောင်ရိုး ပဗ္ဗာန်းသိပ္ပံ အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်ဣန္ဒကာ၊ စစ်ကိုင်းတောင်ရိုး နန်းဦးတိုက်သစ် ဆရာတော် ဦးနန္ဒိယ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်များဖြစ်ပါသည်။

**ရဟန်းဖြစ်ခြင်း**

၁၃၁၆–ခုနှစ်၊ မိုးဉတု တန်ဆောင်မုန်းလပြည့်နေ့ နံနက် (၁၀) နာရီ (၁၅)မိနစ်အချိန် ရန်ကုန်တိုင်း၊ စမ်းချောင်း

http://www.dhammadownload.com

# အတ္ထုပ္ပတ္တိအကျဉ်းချုပ်

မြို့နယ်၊ ရှမ်းလမ်း၊ အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက် ဗုဒ္ဓသိမ်တော်၌ ဇေယျဝတီကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်ဥက္ကံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်တိုင်း၊ ရွှေတောင်တန်း၊ ၆၅–သင်္ဂဟာပွဲရုံ ဦးစံ–ဒေါ်တင်၊ သား–မောင်အောင်စိန်မြင့်၊ သမီး–မအောင်ကြည်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ပဉ္စင်းအဖြစ်သို့ ရောက်ပါသည်။

**အောင်မြင်ခဲ့သောစာမေးပွဲများ**

အစိုးရပထမပြန်စာမေးပွဲ၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ စာချတန်း၌ ဂုဏ်ထူးနှင့်တကွ အောင်မြင်၍ "သာသနဓဇ သိရီပဝရဓမ္မာစရိယ" ဘွဲ့တံဆိပ်၊ တိပိဋကရေရွေးချယ်ပွဲ၌ သုတ်သုံးကျမ်းကို အထောက်အမလွတ်ကင်းသန့်ရှင်းစွာ ပြန်ဆိုနိုင်သဖြင့် "ဗုဒ္ဓသာသန ဝိသိဋ္ဌ ဒီဃဘာဏက" ဘွဲ့တံဆိပ်၊ စေတီယင်္ဂဏစာမေးပွဲ၌ သုတ်သုံးကျမ်းကို အထောက်အမလွတ်ကင်း သန့်ရှင်းစွာ ပြန်ဆိုနိုင်သဖြင့် "အဘိသိရီပဝရသာသနာလင်္ကာရ ဒီဃနိကာယဓရ" ဘွဲ့တံဆိပ်တော်များကို ရရှိခဲ့ပါသည်။

**ခေတ်ပညာနှင့် သာသနာပြုနည်း**

အင်္ဂလိပ်စာ၊ အခြားလောကီပညာများနှင့် သာသနာပြုနည်းကို ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ သံဃတက္ကသိုလ်မှ နာယကဆရာတော် ကမ္ဘာ့သာသနာပြု အဂ္ဂမဟာပဏ္ဍိတ

http://www.dhammadownload.com

## အဋ္ဌုပ္ပတ္တိအကျဉ်းချုပ်

အရှင်သေဋ္ဌိလ၊ ဆရာဦးလှမောင်၊ ဆရာဦးအောင်ဖေ၊ ဆရာဦးစစ်ထွန်းမှတ်ဝင်း၊ ဆရာဦးစောထွန်း၊ ဆရာဦးမောင်မောင်ကြီး စသော ဆရာများအထံ၌ ၃–နှစ်တိုင်တိုင်သင်ကြားခဲ့ပါသည်။

**ပဋိပတ်ကျင့်နည်း**

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဥက္ကလာပဘူတာအနီး ရွှေဥမင်တောရ "ဆရာတော်အရှင်ကောသလ္လ" အထံ၌ ပဋိပတ်ကျင့်နည်းကို နည်းခံသင်ယူကာ ကျင့်ကြံအားထုတ်ခဲ့ပါသည်။

ပဋိပတ်ကျင့်နည်းကို ၁၃၂၇–ခုနှစ်၊ နတ်တော်လဆန်း ၁–ရက်နေ့မှ စတင်သင်ယူအားထုတ်ခဲ့ပြီး အင်ပူမြို့နယ် လေးကြီးရွာ ရွှေဂူတောရ၊ ကောမ္ဘူးမြို့နယ် ညောင်ကုတ်ကိုင်းတောရ၊ ပေါင်မြို့နယ်သပိတ်အိုင်တောရ၊ ရေးမြို့နယ် အစင်ရွာ မွန်စိန်တောရ၊ အင်ပူမြို့နယ် ကွင်းကောက်တောင် တောကျောင်းကြီးတို့၌ လှည့်ပတ်အားထုတ်ခဲ့ပါသည်။

**တရားဟောအတတ်**

အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ပဋ္ဌာန်းဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီး

http://www.dhammadownload.com



တို့၏ အဆုံးအမဩဝါဒများ၊ တရားတော်များကို နာကြားမှတ်သားရာမှ တရားဟောတတ်၊ တရားပြတတ်ပါသည်။

**စာရေးအတတ်**

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်၊ ကျမ်းပြုအကျော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသဆရာတော်နှင့် နိုင်ငံကျော် စာရေးဆရာကြီး ဦးသော်ဇင်တို့၏ နည်းညွှန်ပြသခြင်းကြောင့် စာပေကျမ်းဂန်များ ရေးသားတတ်ပါသည်။

**ကျမ်းများပြုစုခြင်း**

'တေဒင်္ဂ–အရှင်ပညာဇောတ' ဟူသော ကလောင်အမည်ဖြင့် ဒါနဝတ္ထု၊ သီလဝတ္ထု၊ ဗုဒ္ဓ–ဓမ္မပြသနာများ–၁၊ ဘာဝနာဝတ္ထု၊ ဒေါသဖြေဖျောက်နည်း၊ ဗုဒ္ဓ–ဓမ္မပြသနာများ–၂၊ ဗုဒ္ဓ၏သက်သတ်လွတ်၊ ဗုဒ္ဓ–ဓမ္မပြသနာများ–၃၊ ရှင်လောင်းသင်ရှင်ကျင့်ဝတ်၊ ဗုဒ္ဓ–ဓမ္မပြသနာများ–၄၊ အယူဝါဒရှင်းတမ်း၊ ဗုဒ္ဓ–ဓမ္မပြသနာများ–၅ နှင့် ဗုဒ္ဓ–ဓမ္မပြသနာများ–၆တို့ကို ရေးသားပြုစုခဲ့ပါသည်။

'ဓမ္မဒူတ–အရှင်ပညာဇောတ' ဟူသော ကလောင်အမည်ဖြင့် ငြင်းခုံပွဲမှအမြတ်၊ မွေးမေ့မေတ္တာ၊ ဗုဒ္ဓ–ဓမ္မပြသနာများ–၇၊ အလှူခံတကျိုပ်လေး၊ ဗုဒ္ဓ–ဓမ္မပြသနာများ–၈၊ ဝေဒနာရှုပွားနည်း၊ ဗုဒ္ဓ–ဓမ္မပြသနာများ–၉၊ ဓမ္မာနုပဿနာ

http://www.dhammadownload.com

# အတ္ထုပ္ပတ္တိအကျဉ်းချုပ်

ရှုပွားနည်းအချုပ်၊ ဓမ္မန္တရာယ်ကာကွယ်ရေးတို့ကို ရေးသားပြုစုခဲ့ပြီး ဆက်လက်ရေးသားပြုစုဆဲဖြစ်ပါသည်။

**ဓမ္မဒူတတောရ တည်ထောင်ခြင်း**

၁၃၄၀–ခုနှစ်၊ ကဆုန်လပြည့်နေ့၌ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် တောင်စွန်းဝယ် ဓမ္မဒူတတောရကို လက်ခံတည်ထောင်ကာ ရှင်, ရဟန်း (၄၀)ကျော်တို့အား ပရိယတ်အဓိက, ပဋိပတ်တရားများကို သင်ကြားပို့ချ, ရေးပြ, ဟောပြ, ညွှန်ပြလျက်ရှိပါသည်။

**ဓမ္မဒီပရိပ်သာတည်ထောင်ခြင်း**

၁၃၄၅–ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၁၀) ရက်နေ့၌ ကျုံပျော်မြို့နယ်၊ အင်းရဲဝယ် ဓမ္မဒီပရိပ်သာ လက်ခံတည်ထောင်ကာ ရဟန်း, ရှင်, သီလရှင်, လူဒကာ–ဒကာမများအား ပဋိပတ်အဓိက, ပရိယတ်တရားများကို ဟောပြ, ညွှန်ပြ, သင်ပြ, ပို့ချရေးသားလျက်ရှိပါသည်။

**သာသနာ့တာဝန်ထမ်းဆောင်ခြင်း**

ဤသို့အားဖြင့် ဓမ္မဒူတ–အရှင်ပညာဇောတ အရှင်မြတ်သည်–

၁။ ဓမ္မဒူတတောရနှင့် ဓမ္မဒီပရိပ်သာတို့၏ ပဓာနနာယက အဖြစ်ဖြင့်လည်းကောင်း၊

၂။ ဓမ္မဒူတတောရ၏ ဂဏဝါစက–စာချအဖြစ်ဖြင့် လည်းကောင်း။

http://www.dhammadownload.com

# အတ္ထုပ္ပတ္တိအကျဉ်းချုပ်

၃။ အများအတွက် ဂန္ထကာရက ကျမ်းပြုဆရာ, စာရေးဆရာအဖြစ်ဖြင့်လည်းကောင်း၊

၄။ ဓမ္မဒူတတောရ, ဓမ္မဒီပရိပ်သာနှင့် အရပ်ရပ် အနယ်နယ် မြို့ရွာ ၁၀ရက်စခန်းများ၏ ကမ္မဋ္ဌာန်းနည်းပြ–ကမ္မဋ္ဌာနာစရိယ အဖြစ်ဖြင့်လည်းကောင်း၊

၅။ အမြို့မြို့ အနယ်နယ်သို့နယ်လှည့်–ဓမ္မကထိက အဖြစ်ဖြင့်လည်းကောင်း၊

၆။ ဘီးလင်းမြို့နယ်, ရွှေကျင်နိကာယ, မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌအဖြစ်ဖြင့်လည်းကောင်း သာသနာ့တာဝန်ကို ထမ်းဆောင်လျက် ရှိပါသည်။

http://www.dhammadownload.com

# တိုက်ဆိုင်မှု (၀၁) ခေတနာရောက်မှု

ချောင်တွေ, မြောင်တွေ, တောင်တွေဆင့်သမို့၊
ခေါင်သရေတင့် တောင်စွန်းမှာ၊
အမှောင်အထွေထွေလွှင့်ဖို့ ရောင်ထွန်းဖြာသည့်၊
တောင်ကျွန်းစက္ကဝါ နေရာထူး။
သူတော်-သူမြတ် ကိန်းဝပ်ရာဝယ်၊
အငြိမ်းခေတ်ပါ ယှက်နွယ်ကူး။
တော, တောင်, ဂနိုင် မြိုင်ချောင်ဦး၌၊
ဝမ်းသာကြည်နူး စိတ်ရွှင်ပျော်။
တောင်ကျ, ရေတံခွန် စမ်းစိမ့်နဘေးမို့၊
ချမ်းငြိမ့်အေးလို့ ပူဘေးကင်းစင်သော်။
ပညာရောင်မြတ် ထွန်းတောက်တော်မှာ၊
ညွှန်းသလောက်နော် ဘယ်မကပြီဘူ့.-
နယ်အဝဝ, ရပ်အဖုံဖုံ၊ မြန်းကြွ ဆန်-အစုန်။
တရားဟော မိုးစရှာ နည်းပြပုံသည်၊
ချီးပမကုန်အံ့သြဖွယ်ပလေး...။ ။
သြော်...တရားဟော ကျမ်းပြု, စွမ်းမှုစုံသည်၊
မွမ်းမှုမကုန် အံ့ချီးဖွယ်ပလေး...။ ။

http://www.dhammadownload.com

## အရှင်ပညာဇောတသို့ မေတ္တာလက်ဆောင်

ယမန်နှစ်က တောင်စွန်းမွေ့ဒူတတောရသို့ သွားရောက်ခဲ့စဉ်က မိမိစိတ်အတွင်း၌ တေးမှတ်သဘောပေါက်ခဲ့သည်ကို ယခုမှ အကောင်အထည်ဖော်၍ မှတ်တမ်းတင်ခွင့်ရပါသည် ဟူ၍ မွေ့ဒူတတောရနှင့် အရှင်ပညာဇောတ၏ သီတင်းသုံးရာ နေရာဌာနကို ကဗျာလင်္ကာ၏ အနှစ်သာရဖြင့် စုသင်းဖွဲ့ကြိမ် သီဆိုထားသော ရှစ်ဆယ်ပေါ် ကဗျာလေးတစ်ပုဒ်ကို သီကုံးပြီးစီး၍ ပြန်လည်ဖတ်ကြားနေဆဲဖြစ်၏။

၁၃၄၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက် နံနက် ၈ နာရီခွဲအချိန်လောက်တွင် ဒကာကလေးတစ်ယောက် ရောက်ရှိလာပြီး "ဘုန်းကြီး–ဦးအရိယဝံသရှိပါသလားဘုရား" ဟု မေးမြန်းပါသည်။

"ရှိပါတယ်၊ ရှိပါတယ်၊ ဘယ်လိုအကြောင်းကိစ္စရှိပါ လို့တုန်း" ဟု မေးသည့်အခါ "ဆရာတော် ဦးပညာဇောတက အမေးခိုင်းလို့ပါ၊ ဘုန်းကြီးရှိတယ်ဆိုလျှင် သူ ကြွလာချင်လို့ စုံစမ်းခိုင်းလိုက်တာပါ" ဟု လျှောက်သဖြင့် "အေး...အေး... ရှိတဲ့အကြောင်း ပြောလိုက်ပါကွာ"ဟု ပြန်လည်ပြောကြား လိုက်ပါသည်။

http://www.dhammadownload.com



၉ နာရီခွဲလောက်တွင် အရှင်ပညာဇောတ ကြွလာသည်။ သက်န်းရုံနှင့် ယပ်တောင်နှင့် လက်တစ်ဖက်တွင် ဖိုင်တွဲများထည့်ထားသော အိတ်ပြာပြာကြီးနှင့်–

သူကြွလာမည်ဆိုသဖြင့် မိမိသည် ကျောင်းဝိုင်းအပေါက်ဝမှ ကြိုတင်စောင့်မျှော်နေဆဲနှင့် အဆင်သင့်ပင်တည်း။

"ကြွပါ–ကြွပါ ဦးပညာဇောတ ရေ၊ လက်ထဲကအထုပ်ကြီးက ဘာတွေပါလဲ" ဟု မေးမြန်းသည့်အခါ–

"ဘုန်းကြီးရေ…တပည့်တော်ဟာ တခြားမြို့တွေမှာ တွေ့ရတဲ့ အတွေ့အကြုံတွေ၊ ပြဿနာတွေ၊ ဟောထားတဲ့ တရားဒေသနာတော်တွေကို စုပေါင်းပြီး မှတ်တမ်းတင် တရားတော်တွေကို စာအုပ်ရိုက်နှိပ်ပြီး ထုတ်ဝေခဲ့ပါတယ်။

"တပည့်တော် ဒီဟာသိတ ပရိယတ္တိစာမေးပွဲ၊ စာပြန်ပွဲမှာလည်း နှစ်စဉ်နှစ်တိုင်း တရားဒေသနာတော်တွေ ဟောပြောခဲ့ပါတယ်။ တစ်ခါမှ စာအုပ်အဖြစ်နဲ့ မရိုက်ခဲ့မိဘူး။

"အဲဒီစာဖိုင်တွဲဟာ ဒီဟာသိတ ပရိယတ္တိစာမေးပွဲ, စာပြန် ပွဲမှာ ဟောခဲ့တဲ့ တရားတော်တွေကို စာအုပ်အဖြစ်နဲ့ ထုတ်ဝေချင်လို့ အသံဖမ်းတိပ်ခွေက ကူးယူခိုင်းပြီး တပည့်တော်က စာမူအဖြစ် ပြုလုပ်ထားပါတယ်။

"အဲဒီစာမူကို အရှင်ဘုရားက အစစအရာရာ ကောင်းမွန်အောင် ပြန်လည်သုတ်သင်ကြည့်ရှုပေးပါ၊ လပြည့်နေ့

http://www.dhammadownload.com



လောက်ရလျှင် တော်ပါပြီ” ဟု ပြောဆိုလျှောက်ထားကာ ကျုံပျော်မြို့နယ် သောင်ကြီးရွာ ၁၀ ရက်စခန်းတရားပွဲသို့ ကြွသွားပါသည်။

မိမိလည်း လပြည့်နေ့လောက်ဆိုတော့ အချိန်ရသေးသည်။ လဆန်း (၆) ရက်မှာ ပုဏ္ဏခန်းသို့ဝင်ရောက်ရလျှင် အခန်းတွင်းသို့ရောက်မှ အားလပ်ချိန်ကာလအတွင်းမှာ ကြိုးကြား ကြိုးကြား အချိန်ယူ၍ ကြည့်သွားရလျှင် ပြီးနိုင်လောက်သည်ဟုခန့်မှန်း၍ ပေါ့ပေါ့ပင် လက်ခံလိုက်ပါသည်။

တကယ့်ဖြစ်ရပ်ကား ထင်သလိုဖြစ်မလာပေ။ ဖြစ်ပုံမှာ ယခုနှစ်စာမေးပွဲ ပုစ္ဆာတာဝန်များမှာ နှစ်တိုင်းနှင့်မတူ၊ ၁၀-ပါး ၁၂-ပါး တာဝန်ယူဆောင်ရွက်ရသော ကိစ္စကို ၆-ပါးတည်း တာဝန်ယူကြရသည်။

အတန်းအသီးသီးမှာလည်း သီလရှင်ဆရာကလေးများ ဝင်ရောက်ဖြေဆိုခွင့် ရရှိကြသဖြင့် ဘာသာရပ်တစ်ခုပိုလာခြင်း၊ ပထမငယ်တန်း စနစ်ဟောင်း၊ စနစ်သစ် ခွဲခြားထားသဖြင့် တစ်တန်းပိုလာခြင်းစသော အကြောင်းကြောင်းတို့ကြောင့် အရှင်ပညာဇောတစာမူကို ကြည့်ရှုဖို့မဆိုထားဘိ၊ ယူသွားသည့်အထုပ်ထဲမှပင် ထုတ်ခွင့်မရအောင် ရှိလေတော့သည်။

http://www.dhammadownload.com



သူ့စာမူကလည်း ဟင်္သာတပရိယတ္တိစာမေးပွဲ, စာပြန်ပွဲကြီးနှင့် သက်ဆိုင်သည့် အကြောင်းအရာများဖြစ်သည့်အပြင် သူကိုယ်တိုင်ကလည်း ဟင်္သာတမြို့နယ်သားဖြစ်၍ ဟင်္သာတအပေါ်မှာ သံယောဇဉ်ရှိ၏။

မှန်ပါသည်။ အရှင်ပညာဇောတသည် ဘယ်အရပ်က တရားဟောဟော, ပင့်ပင့် ဤရက်အတွင်းမှာ ဤစာမေးပွဲအတွက်' အပျက်မခံပါ။ မိမိကိုယ်တိုင်ကပင် အချို့သော ဓမ္မကထိကများအတွက် စိတ်ပျက်မိသဖြင့်–

"ဦးပညာဇောတရေ...တပည့်တော်တို့ စာမေးပွဲကြီးကတော့ ဦးပညာဇောတတို့လို ပလိပောဓနည်း ဝန်ပါတဲ့ ဓမ္မကထိကဆရာတော်များကိုသာ အားကိုးရမှာပါပဲ" ဟု ပြောထားခဲ့မိခြင်းကြောင့် ဤစာမူ၏တာဝန်ကို တစ်နည်းနည်းဖြင့် ကျေပွန်စေရမည်ဟု သန္နိဋ္ဌာန်ချမှတ်ခဲ့သည်။

အချို့သောဓမ္မကထိကများအတွက် စိတ်ပျက်မိသဖြင့်ဟု ဆိုခဲ့ခြင်းမှာ ဒေါသသင့်ဟန်ထင်ဖွယ်ရှိပါသည်။ အဖြေကား–အချို့ ဓမ္မကထိကများမှာ အပျံ့သင်စ နာမည်မရသေးခင်ကသာ ဤလိုနေရာမျိုးကို ချဉ်းကပ်၍ နေရာတောင်းတတ်ကြသည်။

တစ်စတစ်စ နာမည်ကြီးထွား ပွဲဆက်များလာကြသည့်အခါ ရှေ့မှောက်တွင်သာ မျက်နှာနာသဖြင့် 'ကြွပါမည်–

http://www.dhammadownload.com



ဟောပါမည်' ဟု တာဝန်ပေးထားကြသော်လည်း အချိန်ကျသောအခါ တော်ရုံတန်ရုံ ဓမ္မကထိကများကို အစားထိုးစေလွှတ်ခြင်း၊ ခေါင်းကိုက်၊ ခါးနာ၊ ဝေဒနာကပ်၊ ဆေးလက်မှတ်များဖြင့် အခွင့်ယူခြင်းစသော အကြောင်းပြချက်အမျိုးမျိုးတို့ဖြင့် ပျက်ကွက်ကြသဖြင့် စာမေးပွဲ, စာပြန်ပွဲ ကြီးမှူးအုပ်ချုပ်သည့် ဆရာတော်များနှင့် တာဝန်ခံများမှာ မျက်ကလဲဆန်ပျာတချာချာလည်ခဲ့ကြရသည်မှာ မရေမတွက်နိုင်ခဲ့ပြီဟုဆိုရလျှင်များသည်ဟု မဆိုသာသောကြောင့် 'အချို့သော ဓမ္မကထိကများအတွက် စိတ်ပျက်မိသဖြင့်' ဟု ဆိုခဲ့ခြင်းဖြစ်ပေသည်။

မိမိ၏တာဝန်ကား ပဋ္ဌာန အခန်းတွင်းမှ ထွက်ခဲ့ရသော်လည်း မပြီးဆုံးသေးပါ။ နာယကဆရာတော်များ အမိန့်ရှိချက်အရ အောင်ဇေကာ်ထုတ်ပြန်ရန်အတွက် အမှားအယွင်းနည်းပါး၍ မြန်ဆန်မှုရှိအောင် စီမံခန့်ခွဲရခြင်းစသော တာဝန်များကို စီစဉ်ရသေး၍ လဆန်း ၁၄ ရက်တိုင်အောင် အလုပ်ကတန်းလန်းရှိနေသေးသည်။

ထိုတာဝန်ကို လျင်မြန်စွာ ပြီးဆုံးစေ၍ လုပ်ဖော်ကိုင်ဖက်တို့၏ ကျေနပ်မှုကို အပြည့်အဝမခံယူနိုင်ပါ။ ကျောင်းသို့ အမြန်ပြန်လာပြီး တစ်ဖိုင်လျှင် ရွက်ရေ (၂၀)ရှိ စာဖိုင် (၁၀) ခုကို အလျင်အမြန် ကြည့်ရှုရသည်။

http://www.dhammadownload.com



စာဖိုင်တွေကို ကြည့်ရှုသည့်အခါ ဒေသနာတော်နှင့် မလျော်သည့် အချက်မရှိ၊ မတွေ့ပါ။ ဒေသနာတော်အတိုင်း ဟောပြောချက်များသာဖြစ်၍ ဓမ္မသာဝက ပုဂ္ဂိုလ်တို့အတွက် ဆင်ခြင်ဖွယ်၊ လိုက်နာဖွယ်များ စုံလင်စွာပါရှိသည်ကို တွေ့မြင်ဖတ်ရှုရပါသည်။

မိမိအတွက်လည်း အရှင်ပညာဇောတ၏ တစ်ညတွက်တာ ဟောတရားကို တစ်နေရာတည်းမှာပင် ချမ်းချမ်းသာသာ တဝတဖြိုးကြီး နာလိုက်ရသကဲ့သို့ ဖြစ်ခြင်းကြောင့် များစွာ ကျေနပ်မိပါသည်။

ဤမျှ ရှည်လျားသောတရားတော်ကြီးကို တစ်နေရာတည်း၌ ပြီးဆုံးအောင်နာယူဖို့ အင်မတန်ခက်ခဲပေလိမ့်မည်။ ယခုမူကား "ဒုလ္လဘ" ဟုဆိုထိုက်ရအောင် ပြီးဆုံးအောင် ကြည့်ရှုသောအားဖြင့် နာကြားလိုက်ရသည်။

ယင်းစာမူပါ ဟောတရား၏ အချက်အလက်များကို အတိုချုံး၍ သုံးသပ်ရပါလျှင်–

"တရားနာခြင်း၊ တရားအားထုတ်ခြင်း၊ စာပေသင်ကြားခြင်း၊ ရှင်, ရဟန်းပြုခြင်း စသော အမှုကိစ္စများကို ပျက်ပြားဆုတ်ယုတ်အောင်ပြုလျှင် သမ္မဒါသမထေရ်ကဲ့သို့ ကြီးမားသော မကောင်းကျိုးများ တွေ့ကြုံနိုင်၍ ယင်းအမှုကိစ္စတို့ကို ပြန့်ပွားအောင်၊ ကြီးထွား

http://www.dhammadownload.com



အောင် အားပေးဆောင်ရွက်မှုပြုလျှင် ကြီးမားသော အကျိုးတရားများ ဖြစ်ပွားစေနိုင်ပါသည်။

ဟု ပြဆိုလိုရင်းဖြစ်သည်။ ဤ ကျိုးကြီး–ကျိုးပျက် အကြောင်း နှစ်ချက်ကို အခြေခံ၍ ကျယ်ပြန့်သော ဗဟုသုတအမြောက် အမြား တွေ့ရှိနိုင်သည်ဟု စာညွှန်းအဖြစ်ဖြင့် ရေးသားလျှင် ပြည့်စုံ လုံလောက်ပြီဟုထင်ပါသည်။

သို့သော် တိုက်ဆိုင်မှုမှာ ထူးဆန်း၏။ မိမိလည်း အမှတ် မထင် တစ်ချိန်က ဓမ္မန္တရာယ်နှင့် ပတ်သက်၍ လယ်တီ ဆရာတော်ဘုရားကြီး၏ ဗောဓိပက္ခိယ ဒီပနီကို ကြည့်ရစဉ် စိတ်ထဲမှာ လေးနက်သက်ဝင်မိ၍ 'ဓမ္မန္တရာယ်' ဟူသော ခေါင်းစဉ်ကလေးတတ်ကာ စာအုပ်တစ်နေရာ၌ ကဗျာကလေး တစ်ပုဒ်ရေးစပ်ခဲ့ဖူးသည်။ ၎င်းမှာ–

"ကျမ်းဂန်၌ရှိ၊ ဝိသုဒ္ဓိကား၊ တိတိပပ၊ စကား ကျတဲ့ ထိုမျှအစဉ်၊ မသင်ဝင်တိုက်၊ မလိုက်နိုင်စွ၊ တံငါ,မုဆိုး၊ ပုဂ္ဂိုလ်မျိုးကား၊ ကြိုးကြားစွမ်းဘိ၊ ဝိသုဒ္ဓိ ဖြင့်၊ ဒိဋ္ဌိခွာချ၊ မျိုးစေ့ရဖို့၊ လေးဝတောက်ကြီး၊ သုံးသပ် နည်းကို၊ ခရီးကြုံခိုက်၊ အပြင်းလိုက်သို့၊ ထိုက်သလို နည်း၊ ဖြည်းဖြည်းချင်းသာ၊ အားထုတ်ရာသည်၊ သာသနာတွေ့ကျိုး နပ်ရန်တည်း။"

http://www.dhammadownload.com



ဤကား တစ်ချိန်က မိမိရေးစပ်ခဲ့သော ကဗျာကလေး ဖြစ်၏။ ဆရာတော်ဘုရားကြီး၏ မိန့်ခွန်းတော်ရဲ့ လိုရင်း အချက်မှာ—

"သာသနာတော်ကြီးနှင့် တွေ့ကြုံခိုက်မှာ သူ တစ်ပါး တို့၏ တရားသံကို နာခံမှတ်သားနိုင်သည့် ပသာဒပြည့်ဝ နားသောတရှိသူ၊ ရှုးသွပ်ဖောက်ပြန် စိတ်မမှန်မှု ကင်းသူတို့သည် မြတ်စွာဘုရား ဟော ကြားသည့် နာမရူပပရိစ္ဆေဒဉာဏ်စသော သင်္ခါယ ဒိဋ္ဌိတွေပြုတ်ရေး၊ ဒေသနာတော်များကို ကြားနာမှတ် သား၍ ကျင့်ကြံကြိုးကုတ် အားထုတ်ကြရမည်။"

"မရနိုင်ဟုမဆိုသာ၊ မသိနိုင်ဟု မဆိုသာ။ ဘဝက ထုံခဲ့သော ပါရမီရှင်ဖြစ်ခဲ့လျှင် တခဏအတွင်း မှာပင် ဉာဏ် အမြင် ထွင်းဖောက်၍ အရိယာပုဂ္ဂိုလ် အဖြစ်သို့ ရောက်ရှိသွားနိုင်ကြသည်။ အရှင်အင်္ဂုလိ မာလ၊ ကုဏ္ဍလကေသီထေရီ သန္တတိမဟာမတ် (…) ကုက္ကုဋမိတ္တနေသာဒဟု ဆိုသော သာဓကများ အများအပြားပင်ရှိသည်။

ကျမ်းဂန်တို့၌ သီလဝိသုဒ္ဓိ-သီလစင်ကြည်မှု၊ စိတ္တ ဝိသုဒ္ဓိ-စိတ်စင်ကြယ်မှု စသည်ဖြင့် သီလ စင်ကြယ်မှ စိတ်ဓာတ်စင်ကြယ်သည်၊ စိတ်စင်ကြယ်မှ အယူ စင်ကြယ်သည်။ အယူစင်ကြယ်မှ ယုံမှားသံသယ

http://www.dhammadownload.com



လွှန်မြောက်မှု စင်ကြယ်မည်။ ယုံမှားသံသယ လွှန်မြောက်မှုစင်ကြယ်မှ မဂ်ဟုတ်–မဟုတ် ဉာဏ်အမြင် စင်ကြယ်မည်။ မဂ် ဟုတ်–မဟုတ် ဉာဏ်အမြင် စင်ကြယ်မှ ဝိပဿနာဉာဏ် (၉)ပါးအကျင့် ဉာဏ်အမြင်စင်ကြယ်မည်။

ယင်း စင်ကြယ်မှ မဂ်ဖိုလ်ဉာဏ်အမြင်စင်ကြယ်မည်ဟူ၍ ဝိသုဒ္ဓိ ၇–ပါးအစဉ် ပြဆိုထားသော်လည်း အစဉ် အတိုင်း ကျင့်နိုင်မှမဟုတ်၊ အစဉ်ကို တိတိပပ ပြထားခြင်း မျှသာ ဖြစ်သည်။

တံငါ, မုဆိုး ပုဂ္ဂိုလ်များအား မင်းတို့ သီလဝိသုဒ္ဓိမှ မရှိတာ၊ သမထဝိပဿနာတွေကို အားထုတ်မနေပါနဲ့ကွာ၊ ရမှာ မဟုတ်ပါဘူး။ ဟောဒီမှာကြည့်ပါလား၊ ဘုရားဟောတဲ့ ဝိသုဒ္ဓိကျင့်စဉ်တွေ...”
စသည်ဖြင့် ပိတ်ပင်တားဆီးကန့်ကွက်သော စကားများကို ပြောဆိုရလျှင် “ဓမ္မန္တရာယ်” ဖြစ်ကြောင်းများကို အကျယ်ဖော်ပြပါရှိသည်။

မှန်၏။ ပုထုဇဉ်မှန်သမျှ အားလုံး အရူး၊ အနှမ်း၊ အကန်း၊ အစွေများသာဖြစ်ကြသည်။ သတိသံဝေဂရရှိလိုက်သည့်အချိန်မှာ သူတော်ကောင်းတရား ကြားနာမိလိုက်လျှင် တစ်ခါတည်း ဘဝလမ်းဆုံး ကိစ္စတုံးနိုင်ကြသည်ချည်းဖြစ်ကြသည်။

http://www.dhammadownload.com



'ခုနစ်ပါးသော ဝိသုဒ္ဓိတို့တွင် မိမိတို့စွမ်းနိုင်သော ဝိသုဒ္ဓိ ဖြင့် သက္ကာယဒိဋ္ဌိ ကွာပြုတ်ရေးကို အလေး ပေးအားထုတ် ကြိုးစားကြရမည်..."

ဟူ၍ ဖြစ်သည်။ ဤကား အလျဉ်းသင့်၍ အရှင်ပညာဇောတ ၏ တရားတော်ကို ထောက်ခံဆွေးနွေးချက်တည်း။

အစကနဦးက ခေါင်းစီးတင်ခဲ့သော 'တိုက်ဆိုင်မှု (ဝါ) စေတနာရောက်မှု' ဟူသောစကားကို ပြန်လည်ကောက်ဦးစို့။ တစ်ဦးနှင့်တစ်ဦး စေတနာမေတ္တာရောက်နေကြလျှင် တိုက် ဆိုင်မှုဟု ဆိုရလောက်အောင် အဖြစ်ကြုံရတတ်၏။

'သူ့မေတ္တာရှိမှ–ကိုယ့်မေတ္တာရှိ' ဟူသော စကား သည်လည်းကောင်း၊ 'တစ်ဦးမေတ္တာ–တစ်ဦးမှာ၊ မေတ္တာပန်း ပွင့်–ဆင်တိုင်းတင့်' ဟူသော စကားသည်လည်းကောင်း အကြောင်းမဲ့ ဖြစ်ပေါ်လာသည်မဟုတ်ဘဲ အားကြီးသော ဥပနိဿယ အကြောင်းကြောင့်သာ ဖြစ်လေသည်။

အစဦးက ရေးသားခဲ့သော ဓမ္မဒူတတောရနှင့် အရှင် ပညာဇောတ၏ ဖြစ်ရပ်, တည်ရပ်အခြေအနေကို အပိုမပါ စေပဲ၊ ကဗျာလင်္ကာတို့၏ အနှစ်သာရ ပြည့်ဝနိုင်သလောက် မှန်ကန်သော အခြင်းအရာတို့ဖြင့် ရေးသားချင်ခဲ့သည်မှာ ဘုရား ဟောသည့် ဒေသနာတော်ကိုသာ သိရှိနားလည် ထားမှုမရှိခဲ့လျှင် ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ–ဟူသော

http://www.dhammadownload.com



အဓိပတိလေးပါးတို့သည် တစ်ပြိုင်နက် တစ်ပြုံလုံးတပ်နေသည်ဟု ဆိုမိပေလိမ့်မည်။

ထိုကဗျာကလေး ရေးသားပြီးချခဆဲဆဲကလေးမှာ တိုက်တိုက်ဆိုင်ဆိုင် အရှင်ပညာဇောတ ကြွရောက်လာသဖြင့် အံ့အားသင့်နေမိ၏။ ထို့ကြောင့် တိုက်ဆိုင်မှု (၀၊) စေတနာ ရောက်မှုဟု ခေါင်းစဉ်တပ်မိခြင်းဖြစ်၏။

၁၃၄၅ ခုနှစ် ဆောင်းအကုန် နွေအကူး တပေါင်းလပြည့်ကျော် တန်ခူးလဆန်းလောက်ဆီကဖြစ်၏။ မွန်ပြည်နယ် ဘီးလင်းမြို့နယ်၊ တောင်စွန်းပရိယတ္တိ၊ ပဋိပတ္တိနှစ်မျိုးလုံး ဒွန်တွဲလျက် သံဃာတော် ၄၀–ကျော်တို့ဖြင့် သာသနာတော်အတွက် ကြိုးပမ်းဆောင်ရွက်ရှိသော ဓမ္မဒူတတောရကျောင်းတိုက်မှ ပင့်စာတစ်စောင် ရောက်ရှိလာ၏။

ပင့်စာ၏ လိုရင်းချုပ်မှာ 'ဓမ္မဒူတတောရ ကျောင်းတိုက်အတွင်း၌ ဆောက်လုပ်ပြီးစီးပြီဖြစ်သော သိမ်တိုက်ကျောင်းတော် ရေစက်ချပွဲနှင့် ဒါနဝတ္ထုအလှူခံတော်မူရန်'ဟု ဖြစ်၏။

ပင့်လျှောက်သူ သိမ်ဒါယကာများမှာ ပဲခူးမြို့မှဖြစ်၏။ မိမိနှင့်အလှူရှင်များနှင့်ကား မည်သို့မျှ ဆက်သွယ်စပ်ဟပ်မှု မရှိခဲ့။ အရှင်ပညာဇောတ၏ ညွှန်ကြားမှုကြောင့် ဖြစ်၏။

http://www.dhammadownload.com



မိမိသည် ခရီးသွားလာမှုနည်းခဲ့၍ လမ်းခရီးအတွက် စိတ်လေးပင်နေမိ၏။ သို့ရာတွင် ရန်ကုန်ကမ္ဘာအေး၌ သီတင်းသုံးနေသော သံဃမဟာနာယက ဟသ်ာတရတနာဗိမာန် ဆရာတော်၊ ရန်ကုန်မြို့ အလယ်တောရတိုက် တိုက်အုပ်ဆရာတော်၊ ဟသ်ာတမြို့ ရွှေကျောင်းဆရာတော်များပါ ပါဝင်နေသဖြင့်လည်းကောင်း၊ အရှင်ပညာဇောတသည် မိမိအောက် သိက္ခာဝါအနေအားဖြင့် အတန်ပင်ငယ်သော်လည်း သီလ, သမာဓိ, ပညာ သိက္ခာအနေအားဖြင့် များစွာလေးစားမြတ်နိုးမှု, အာရုံစိုက်မှုပြုခဲ့မိသည်ဖြစ်၍လည်းကောင်း၊ ထို့ပြင် မိမိအား များစွာပင် စေတနာမေတ္တာပွား၍ အားကိုးအားထားပြုတော်မူသော ဓမ္မဒူတတောရ၌ ကမ္မဋ္ဌာန်းဘာဝနာ ပွားများလျက် စိတ်ချမ်းသာစွာသီတင်းသုံးတော်မူသော ပဌမဟသ်ာတ မြစ်ကွေ့တိုက်၊ ဒုတိယစစ်ကိုင်းမြို့ နန်းဦးတိုက်သစ် ဆရာတော်ဘုရားကြီးအား တွေ့ဆုံဖူးမြော်ရန်လည်းကောင်း ဤအကြောင်းသုံးချက်တို့ဖြင့် ပင့်စာကို လက်ခံလိုက်၏။

ဟသ်ာတမှရန်ကုန်၊ ရန်ကုန်မှတောင်ငူသို့ မီးရထားဖြင့် ပျော်ပျော်ရွှင်ရွှင် ချမ်းချမ်းသာသာ သွားရောက်ခဲ့ပါ၏။ တောင်ငူဘူတာသို့ရောက်လျှင် အသင့်စောင့်ဆိုင်းကြိုဆိုနေသော မော်တော်ကားကို တွေ့ရှိရ၏။

http://www.dhammadownload.com



ရထားမှဆင်းလျှင် ဓမ္မဒူတတောရ သိမ်ကျောင်း ရေစက်ချအလှူသို့သွားမည့် ပုဂ္ဂိုလ်များ ကားတစ်စင်းလုံး ပြည့်လျှံသွား၏။ ရထားပေါ်တွင် ကိုယ့်အစုနှင့်ကိုယ် ပြောဆို လာခဲ့ကြ၍ တစ်စုနှင့်တစ်စု တောင်စွန်းဓမ္မဒူတတောရ ကျောင်း–သိမ်ကျောင်း ရေစက်ချအလှူသို့ သွားကြမည်ဟု စကားမျှ မစပ်မိခဲ့ကြပါ။

ထိုအထဲတွင် ရန်ကုန်မြို့ မင်္ဂလာဒုံ ရွှေဥမင်တောရမှ အရှင်ပညာဇောတ၏ ဆရာဖြစ်သူ ဆရာတော်ပါ ပါ၏။ ကားပေါ်၌ စကားမပြောကြဘဲ ကားမောင်းသွားရာသို့ စိတ်ကူး ကိုယ်စီဖြင့် လိုက်ပါကြ၏။

အချိန်ကား ၁၃၄၆ ခုနှစ်၊ ကဆုန်လဆန်း ၂–ရက် နေ့ဖြစ်၏။ မိမိတို့မရောက်မီ တစ်ရက်ကြိုတင်သောက်ကျ မိုးသည်းထန်စွာရွာသွန်းထားသဖြင့် ကားလမ်းမှာ ရွှံ့ဗွက် အနည်းငယ်ရှိ၏။

မီးရထားလမ်းမှာ တောင်စွန်းရောက်သောအခါ အရှေ့ အနောက် တန်းနေပြီဖြစ်၍ မိမိတို့ကားသည် ဘူတာမှ တောင် ဘက်သို့ မောင်းကာ အနောက်သို့ တန်းနေသည်ဟု ထင် ရသောလမ်းအတိုင်း မောင်းနှင်လာခဲ့ရာ တဖြည်းဖြည်း မြင့်တက်လာပြီး ဓမ္မဒူတတောရသို့ ရောက်လာတော့၏။

http://www.dhammadownload.com



ဓမ္မဒူတတောရကျောင်းသို့ ရောက်ပြီးနောက် အခြေအနေကို အကဲခတ်ကြည့်ရှုမိရာ တောင်စွန်းဆိုသည့်အတိုင်း ကေလာသ ဆံတော်ရှင်စေတီတော်၏ တည်ရှိရာ တောင်ကျောတန်းကြီး၏ အစွန်း မနီးမဝေး၌ တည်ရှိနေသော ဘူတာနှင့်အိမ်ခြေ ၂၀၀၀ ကျော်ခန့်ရှိသည့် မြို့မကျ, တောမကျ ရွာကြီးဖြစ်၏။

ဓမ္မဒူတတောရကျောင်းတိုက်သည် ကေလာသာတောင်တန်းကြီး၏ အရှေ့စွန်း၊ တောင်စွန်းရွာ၏ အနောက်စွန်း၌ တည်ရှိ၏။ တောင်ထိပ်အပေါ်ပိုင်း အထက်သို့ မျှော်ကြည့်လိုက်လျှင် ကျိုက်ထီးရိုးဆံတော်ရှင်ဘုရား၏ သမိုင်းဆက်တွင် ပါဝင်သော ကျိုက်ဒေးယျုံစေတီတော်ကို ဖူးမြင်နိုင်၏။

ဓမ္မဒူတတောရကျောင်းတည်ရှိရာ တောင်စွန်း၊ တောင်ကျောတစ်ခုလုံးပင် ဒူးရင်း၊ မင်းကွတ်၊ စုံကဒတ်၊ ပိန္နဲ၊ ကနစိုး၊ ကဒွတ်၊ ရေသဖန်း၊ ဝိကော်၊ ဒညင်း၊ မရမ်း၊ လက်ဖက်၊ နာနတ်၊ ရှောက်၊ သံပရာ၊ အုန်း၊ မာလကာ စသော စားသုံးဖွယ်သီးနှံတို့ဖြင့် လည်းကောင်း၊ တစ်ပြည်လုံးရှိ သံဃာတော်များ သုံးဆောင်သော ယပ်တောင်လုပ်တောင်ထန်းပင်များ၊ ဒေသအလိုက် အိမ်, ကျောင်းများ မိုးကာသော တောင်ထန်းပင်တို့ဖြင့်လည်းကောင်း သာယာစိုပြည်လှ၏။

http://www.dhammadownload.com



ဓမ္မဒူတတောရကျောင်းတည်ရှိရာ တောင်တန်းကြီးမှာ ကျောက်ခဲ၊ ကျောက်လုံးကြီးများ၊ ကျောက်ခဲအလတ်၊ အသေး များ၊ မြေသားများနှင့် ထက်ဝက်ကျော်ကျော်ခန့် ရောနှော နေသည့် သယံဇာတ တောင်တန်းကြီးဖြစ်၏။

တောင်ခါးပန်းတစ်လျှောက်မှ စိမ့်ယိုထွက်လျက်ရှိသော ချိုအေးကြည်မြသည့် ကျောက်စစ်ရေတို့ကို ပိုက်လုံးများဖြင့် သွယ်ဆက်လျက် သောက်ရေ–သုံးရေများကို ကန်အသီးသီး ဖြင့် သိုမှီးထားသည်မှာလည်း သုံးမကုန်, စွဲမကုန်ဖြစ်၏။

ဓမ္မဒူတတောရကျောင်းတိုက် တည်နေပုံမှာ ချောက် စွန်းကြီးကို ဗဟိုပြုထားလျက် တောင်ကြီးနှင့် တောင်စွယ် ကလေးများကို ကျောပေးလျက် တစ်ပါးနေ ကျောင်းဆောင် ကလေးများ၊ နှစ်ပါးနေ ကျောင်းဆောင်ကလေးများ၊ လေးပါး၊ ခြောက်ပါးနေ ကျောင်းဆောင်ကလေးများ ဆောက်လုပ် ထားသည်မှာ ကြည့်ရှု၍ ကောင်းလှ၏။

ကျောင်းဆောင်ကလေးများမှာ ကုဋီနှင့် ရေချိုးခန်းနှင့် နီးကပ်၍ သပ်ရပ်သန့်ရှင်း၏။ အရှင်ပညာဇောတ သီတင်း သုံးသည့် အထက်ထပ်–အောက်ထပ် ကုဋီနှင့် တိုက်ခံကျောင်း ဖြစ်၏။ စာရေးဆရာ၊ ကျမ်းပြုဆရာ၊ တရားဟော ဓမ္မကထိက ဖြစ်၍လားမသိပါ။ စာအုပ်များ အများအပြားရှိ၏။ စာရေးရန်

http://www.dhammadownload.com



မတ်ရပ်စားဖွဲ့ ထိုင်စားပွဲ နှစ်မျိုးရှိ၏။ အများသံဃာသုံး မြန်မာဆေးဝါး ဗီရိုလည်းရှိ၏။

အရှင်ပညာဇောတ သီတင်းသုံးကျောင်း၏ အောက်ထပ်တွင် ဆွမ်းစားကျောင်းရှိ၏။ ထိုအောက်ဘက်မှာ ဆွမ်းချက်မီးဖိုဆောင်နှင့် ညွှသည်အမျိုးသား အမျိုးသမီးများ ရေချိုးခန်းစီတန်းလျက် ရှိ၏။

အရှင်ပညာဇောတ သီတင်းသုံးသည့်ကျောင်း၏ အရှေ့ဘက်ခြမ်းကမူ စစ်ကိုင်းနန်းဦးဆရာတော်ဘုရားကြီး သီတင်းသုံးသည့် ကုဋီ၊ ရေချိုးခန်းအစုံနှင့် ကျောင်းဆောင်ကလေး ရှိ၏။

ထို၏ အထက်ဆုံးအဆင့်တွင် ပဋိပတ်သက်သက် အားထုတ်နေကြသည့် အရှင်များ၏ ကမ္မဋ္ဌာန်းကျောင်းကလေးများ၊ ဂူများရှိ၏။ သုသာန်ရှုတင်ရရန် အလောင်း ၂–လောင်းမြှုပ်ထားသည်ဟု ဆို၏။

စစ်ကိုင်း ဆရာတော်ဘုရားကြီး သီတင်းသုံးသည့် ကျောင်းအောက်ဘက်ကမူ စာချကျောင်း၊ စာသင်သားနေကျောင်း၊ ဆောက်လုပ်ပြီးစ ရေစက်ချမည့် ဘုရားဆောင်ဘုံစဉ် (၇)ထပ်နှင့် သိမ်တိုက်ကျောင်း ရှိ၏။

သိမ်ကျောင်း၏ အောက်ဘက်၌မူ တစ်တိုက်လုံး စာသင်သား သံဃာတော်တို့ နေ့ဘက် စာသင်ခန်းမနှင့် ညဘက်

http://www.dhammadownload.com



တစ်တိုက်လုံး သံဃာများ ဘုရားဝတ်ပြုရာ၊ စာပြန်ရာ ဓမ္မာရုံ ကျောင်းကြီးတစ်ဆောင်ရှိ၏။

ဓမ္မာရုံရှိ ဘုရားရှင်ကို မီးပူဇော်ထားသည်မှာ ခြောက်ထောင်ကျော်ဖိုးရှိသည်ဟုဆို၏။ ဘုရားဝတ်ပြုချိန် မီးပူဇော်ထားသည်မှာ ကြည်ညိုဖွယ်-ကြည်နူးဖွယ် ရှိလှ၏။ ကျောင်းတိုက်တစ်တိုက်လုံးကို ခြုံကြည့်လျှင် မြို့ဆိုင်ဝန်းပတ် သပ်ရပ်ခန့်ထည်မှုရှိလှ၏။

ဓမ္မဒူတတောရကျောင်းတိုက်၏ ထို အဆောက်အဦးများကို မြင်ရသဖြင့် မိမိက အရှင်ပညာဇောတအား ဤသို့ပြောမိပါ၏၊

"အရှင်ပညာဇောတ-တပည့်တော် ဒါတွေမြင်ရတော့ ဟို ဓမ္မပဒ အဋ္ဌကထာထဲက ခဒိရဝနဒါသီ ရှင်ရေဝတ ဝတ္ထုထဲက ပါဠိဂါထာလေးကို သတိရမိတယ်။ အဲဒီပါဠိအတိုင်း ဖြစ်နေတာပဲ"

"ဘုန်းကြီးရယ်၊ ဟိုက ရဟန္တာပဲဥစ္စာ၊ နှိုင်းယှဉ်ဖို့ မသင့်တော်ပါဘူးဘုရား...တဲ့"

"ဒီနေရာမှာ နည်းနည်းပြင်လိုက်ရင် အံကိုက်ပါတယ်၊ ဦးပညာဇောတရဲ့"

"ကဲ...ဘုန်းကြီးက ဘယ်လိုပြင်မှာလဲ"

"ဒါကတော့ အရဟန္တောဆိုတဲ့ နေရာကို ဖြုတ်လိုက်ရင် ချောထွက်သွားမှာပါ"

http://www.dhammadownload.com



"ကဲ...ဒါဖြင့် ပြင်ပုံကို အပြည့်အစုံ ရွတ်ပြပါဦးဘုရား"

"ဂါမေဝါ ယဒိဝါရညေ၊ နိန္နေဝါ ယဒိဝါထလေ။
ယတ္ထ ပုညဝါ ဝသန္တိ၊ တံဘူမိ ရာမဏေယျကံ။"

"ရွာဖြစ်စေ၊ တောဖြစ်စေ၊ ချိုင့်ဖြစ်စေ၊ ကုန်းဖြစ်စေ အကြင်အရပ်၌ ဘုန်းကံကြီးသူများ နေထိုင်သီတင်းသုံးကြ ၏။ ဘုန်းရှင်၊ ကံရှင်၊ သမ္ဘာရှင်တို့ ထာဝစဉ်ခိုကိုး ထိုနေရာ မျိုးသည် တစ်မျိုးတစ်သွယ် နှစ်ခြိုက်ပျော်မွေ့ဖွယ်ဖြစ်၏"

"အမယ်လေး...တပည့်တော်ကျောင်းက တော်တော် ပါ၊ ဘုန်းကြီး အချီးမွမ်းကောင်းတာနဲ့ ကောင်းသွားတာပါ"

"မဟုတ်ဘူး ဦးပညာဇောတ၊ တပည့်တော်က အရှိကို အရှိအတိုင်း ပြောတာပါ၊ ခုနက ပါဠိဂီတကို မှတ်သားရန် မြန်မာ့ဂီတသို့ ပြောင်းလဲရမူ—

ရွာတော ချိုင့်ဝှမ်း ကုန်းမို့မြေ
ဘုန်းကံရှိသူနေ၊
ထိုသူနေသည့် အရပ်များ
ပျော်မွေ့ဖွယ်လွန်ပွား...

လို့ ပြောင်းနိုင်ပါတယ်"

ထိုအခါ အရှင်ပညာဇောတက ပြုံးနေသည်။ ဘာမျှ မပြောတော့။

http://www.dhammadownload.com



ဆိုလောက်ပါပေ၏။ အသွားအလာ ခက်ခဲသည့်နေရာ၊ ကျောင်းတစ်ဆောင်စာ ရဖို့ရာ ကျောက်တောင်ဖြိုဖို့ရာ ခက်ခဲသည့် နေရာ၌ နှစ်အနည်းငယ်အတွင်းမှာ ကျောင်းတိုက်ကြီး တစ်တိုက် ဖြစ်အောင်တည်၍ ပရိယတ်၊ ပဋိပတ် နှစ်ရပ် ဒွန်တွဲလျက် ပိပိရိရိ သေသေသပ်သပ် အုပ်ချုပ်ကွပ်ကဲပြီး သာသနာပြုနေပုံကိုလည်း မိမိ၏ စိတ်နှလုံးမှာ အမြဲတစေ အမှတ်ရနေစေခဲ့ပေ၏။

မိမိတို့ကျောင်းပေါ်ရောက်ပြီး မကြာမီပင် အချက်ပေး လိုက်သည့်အခါ အသီးသီးသီတင်းသုံးရာ ဌာနများမှ သင်းပိုင် သင်္ကန်း၊ ကေသီသင်္ကန်းများကို သပ္ပာယ်စွာ ဝတ်ရုံတော် မူကြလျက် နေရာထိုင်ခင်းကလေးများကို ပခုံးကိုယ်စီ တင်ကြကာ ကြည်ညိုဖွယ် သပ္ပာယ်သော အမူအရာများ ဖြင့် အသီးသီး မိမိတို့ရှေ့မှောက်၌ နေရာထိုင်အခင်းလေး များ ဖြန့်ခင်းဝတ်ပြုနေကြသည်မှာ ရှုမငြီးဖွယ်ပင် ဖြစ်ပါ သည်။

အားလုံး သံဃာများ၊ အာဂန္တုကဝတ်များပြုပြီး၍ သက်ဆိုင်ရာ ကျောင်းများသို့ အသီးသီးပြန်ကြွသွားပြီးနောက် မိမိတို့အား နေရာအသီးသီး ချထားကြပါသည်။

နေရာချထားပုံမှာ ရွှေဥမင် ဆရာတော်နှင့် ရတနာ ဗိမာန် ဆရာတော် ၂–ပါးတို့အား တိုက်ကျောင်းအပေါ်ထပ်

http://www.dhammadownload.com



မှာလည်းကောင်း၊ ဟင်္သာတ ရွှေကျောင်းဆရာတော်နှင့် အလယ်တောရ တိုက်အုပ်ဆရာတော်၊ မိမိတို့အတွက်မူ တောင်ကမ်းပါးယံရှိ တစ်ပါးနေကျောင်းကလေး တစ်ဆောင်စီကို လည်းကောင်း ပြင်ဆင်နေရာချထားပါသည်။

အခြား သထုံမှ၊ မော်လမြိုင်မှ၊ ရန်ကုန်မှ ဆရာတော်များလည်း မိမိတို့နည်းတူပင် ၂-ပါးတစ်တွဲ လည်းကောင်း၊ တစ်ပါးစီ လည်းကောင်း၊ သင့်သလို နေရာချထားပေးပါသည်။ အသီးသီးနေရာရသောအခါ အသံမှာ တိတ်၍ လူရိပ်ပျောက်သွားပါတော့သည်။ တောထဲမှာ တစ်ပါးနေ ကျောင်းကလေး၌ တစ်ပါးတည်းနေထိုင်ရင်း အိပ်မပျော်မီ တွေးတောစဉ်းစားခန်း ဝင်နေမိသည်မှာ—

"အရှင်ပညာဇောတကတော့ ငါ့အား တောနဲ့ တောင်နဲ့ ပေးနေချေပြီ၊ တောစိတ်၊ တောင်စိတ်မွေးဖို့ အလေးအနက် သတိပေးနေပြီ ကိုယ့်အောက် ငယ်သူက သတိပေးခံရသည်မှာ ရှက်ဖွယ်လိလိဖြစ်ပေတကား၊ သတိရဖွယ် ဖြစ်ပေတကား" ဟု တွေးမဆုံးအောင်၊ ငေးမဆုံးအောင် ဖြစ်နေပါသည်။ တွေးရင်း ငေးရင်းနှင့် ဘယ်အချိန် အိပ်ပျော်သွားသည် မသိပါ။ အိပ်၍ ကောင်းလှ၏။

ယင်းသို့ဖြင့် ဓမ္မဒူတတောရ၌ ၂-ညဥ့်မျှ သီတင်းသုံး၊ အရှင်ပညာဇောတ (၁၀)ရက်စခန်း တရားပွဲဖွင့်လှစ်ရာ

http://www.dhammadownload.com



သထုံမြို့နယ် သိမ်ဆိပ်တိုက်နယ်၊ တောင်ကြားကျေးရွာ ဇောတိကာရုံကျောင်းသို့ ဒေသန္တရဗဟုသုတနှင့် ဒူးရင်းသီး ဘုန်းပေးကြွကြပါဦးဟု ပင့်၍ လိုက်ရပြန်ပါသည်။

ယင်း၌ သဒ္ဒါတရားကောင်းသော ဒကာ-ဒကာမ အပေါင်းတို့က တားသော်လည်း မိမိတို့၏ ကိစ္စအလျောက် ဒကာ-ဒကာမအပေါင်း မကျေမနပ် ဖြစ်နေစဉ်မှာပင် အရှင်ပညာဇောတအား ထားခဲ့ကြလျက် သထုံဘူတာမှတစ်ဆင့် လွန်းပြန်ရထားဖြင့် ရန်ကုန်သို့ ပြန်ခဲ့ကြပါသည်။

ထိုကဲ့သို့ ပြန်လာကြပြီးနောက် ယခု ၁၃၄၆ ခုနှစ် တပို့တွဲလဆန်း ၃ ရက်နေ့ကမှ အမှတ်တရအနေအားဖြင့် အစဦးမှာ ရေးသားခဲ့သော ရှစ်ဆယ်ပေါ်တေးထပ်ကလေး ဖြင့် အရှင်ပညာဇောတသို့ အမှတ်တရ မေတ္တာလက်ဆောင် အဖြစ် ကျေးဇူးတုံ့ပြန် စီစဉ်ဆဲ အရှင်ပညာဇောတက ဟင်္သာတမြို့နယ်၊ ဓမ္မိအောင်ချမ်းသာကျောင်း ၁၀-ရက်စခန်း အပြီး ကျုံပျော်မြို့နယ်၊ သောင်ကြီးရွာ တလုပ်ပင်ကျောင်း ၁၀-ရက်စခန်းသို့အကူး ဟင်္သာတ မိမိထံ လှည့်ဝင်အလာ တိုက်ဆိုင်မှု (ဝါ) စေတနာရောက်မှု ဖြစ်ပါကြောင်း-

သေလန္တသိ ့ နိသိန္နောယော၊
ဓမ္မဒေသကဝါစကော။
ဝိရံ ဇီဝတု သော ထေရော၊
ဓမ္မဒူတံ စ စာရယံ။

http://www.dhammadownload.com



"ယောထေရော–ပညာရောင်လင်း၊ အမှောင်ခွင်းလျက် အောင်ခြင်းအ၀၀ ပြည့်စုံလှသည့် သာသနာ့အာဇာနည် သာကီယဇာတ်၊ အကြင်–အရှင်ပညာဇောတဟူသည့် မထေရ်၏ မြတ်သည်–

သေလန္တ သိမ္ဗိ – သူတော်ဓလေ့ ပျော်မွေ့ရွှင်ဖွယ် အသွယ်သွယ်တို့ ယှက်နွယ်ပေါ်ထွန်း ကေလာသတောင် တော်အစွန်း၌–

နိသိန္နော၀–စာတုပါရိ သုဒ္ဓိစင်စွာ အဆင်တန်ဆာ တို့ဖြင့် ကောင်းစွာဆင်မြန်းလျက် ရွှင်လန်းစွာလည်း သီတင်း သုံးတော်မူတတ်ပါပေ၏–

ဓမ္မဒေသကဝါစကော–ကျမ်းဂန်ပို့ချ မြတ်ဓမ္မကို ညွှန်ပြ ဟောကြားတော်မူတတ်သည်လည်း ဖြစ်တော်မူပါပေ၏–

သောထေရာ–ပညာရောင်လင်း အမှောင်ခွင်းလျက် အောင်ခြင်း အ၀၀ ပြည့်စုံလှသည့် သာသနာ့အာဇာနည် သာကီယဇာတ် တိုအရှင်ပညာဇောတဟူသည့် မထေရ်မြတ် သည်–

ဓမ္မဒူတံစ–ဗုဒ္ဓဟောကြား မြတ်တရားကို ရပ်ခြားနယ် ပြည် အလီလီသို့ ကြွချီတုံ့ပြန် တမန်တော်များ ပေါက်ဖွား ဖို့ရာ ကောင်းစွာရည်ဆောင် တည်ထောင်ပြုလုပ် ဌာနချုပ်

http://www.dhammadownload.com



ပမာ သာယာလှပ ဓမ္မဒူတ နာမမည်တည်း တောရကျောင်း တိုက်ကြီးကိုလည်း—

စာရယံ–စာရယန္တေ လက်ရှိအခြေအနေ မလျော့စေဘဲ ဒီရေတက်တိုး ဖြိုးထက်ဖြိုးသို့ ထက်မိုးအောက်ခွင် ဝန်းကျင် ယာ–ဝဲ သိမ့်သိမ့်သဲအောင် အမြဲကြည်ဖြူ ဆောင်တော်မူလျက်—

စိရံ–အာယုကပ်သက် ဆယ်ကြိမ်ထက်ပင် မကချင်ဘဲ အစဉ်မြဲစွာ ရှည်မြင့်ကြာအောင်—

ဇီဝတု–ကိုးဆယ့်ခြောက်ဖြာ ဘေးမျိုးကွာချင် နှစ်ဖြာ နှစ်ချက် ရုပ်, နာမ်သက်တို့ စဉ်ဆက်လူလူ ရှည်တော်မူ ပါစေသတည်း။"

**ဦးအရိယဝံသ**

သာသနဓဇသိရီပဝရဓမ္မာစရိယ၊
မြို့နယ်/တိုင်း/နိုင်ငံတော်ဝိနည်းဓိုရ်
တိုက်အုပ်ဆရာတော်၊
အတွင်းပတ္တမြားကျောင်းတိုက်
လက်သမားရပ်မြောက်၊ ဟင်္သာတမြို့။

၁၃၄၆–ခုနှစ်၊ တပို့တွဲလဆုတ် ၁–ရက်။

http://www.dhammadownload.com

http://www.dhammadownload.com

# နိဒါန်း

* ရှင်တော်မြတ်ဘုရား တည်ထောင်ထားတော်မူခဲ့သော သာသနာတော်မြတ်ကြီးသည် အပြစ်ကင်း၍ သန့်ရှင်း ဖြူစင်လှပါပေ၏။
* ရှင်တော်မြတ်ဘုရားသည် လေးအသင်္ချေနှင့် ကမ္ဘာ တစ်သိန်း တိုင်တိုင် ပါရမီစာဂ စရိယများကို ကြိုးစား မယုတ် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူပြီးမှ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။
* ရှင်တော်မြတ်ဘုရားသည် ဘုရားအဖြစ်သို့ ရောက် တော်မူပြီးသည့်အခါ ဓမ္မကျေးဇူး အထူးသိမြင်တော် မူ၍ ကိုယ်တော်ရရှိတော်မူခဲ့သော ဓမ္မတို့ကို လေးဆယ့် ငါးဝါကာလပတ်လုံး အအားမနေ၊ အနားမနေဘဲ သတ္တဝါဝေနေယျတို့အား ဓမ္မတရားကို ဖြန့်ခွေဟော ကြားတော်မူခဲ့ပါသည်။

http://www.dhammadownload.com



❋ ရှင်တော်ဗုဒ္ဓသည် လေးဆယ့်ငါးဝါ ကာလပတ်လုံး ဟောကြား ဖြန့်ချွေတော်မူခဲ့ပါသော်လည်း အားရ တင်းတိမ်တော်မူခြင်းမရှိဘဲ နောင်လာနောက်သား သတ္တဝါဝေနေယျများအတွက် ဓမ္မတရားများကို ထား တော်မူခဲ့၏။

❋ ထိုဓမ္မတို့ကို သတ္တဝါတို့၏ စရိုက်အလိုက်, အကြိုက် အလိုက် လူအဖြစ်နှင့်သော်လည်းကောင်း၊ သီလရှင် အဖြစ်နှင့်သော်လည်းကောင်း၊ ရှင်, ရဟန်းအဖြစ်နှင့် သော်လည်းကောင်း ကြိုက်သလို လိုက်နာကျင့်ကြံ အားထုတ်နိုင်ပါသည်။

❋ ထိုသို့ ကျင့်ကြံကြိုးကုတ် အားထုတ်ရာ၌ အစဉ်ကိုမူ မကျော်ရပါ။ မှန်ပါသည်။ ပထမဆင့်အနေဖြင့် တရား ဓမ္မများကို နာကြားရပါမည်။ ဒုတိယအဆင့်အနေဖြင့် နာပြီးတရားများကို ဆောင်ထားရပါမည်။ တတိယဆင့် အနေဖြင့် ဆောင်ထားပြီးတရားများကို စူးစမ်းရပါမည်။ စတုတ္ထဆင့်အနေဖြင့် စူးစမ်းပြီးတရားများကို ကိုယ် တွေ့, လက်တွေ့, ဉာဏ်တွေ့ဖြစ်အောင် ကိုယ်တိုင် ကျင့်သုံး အားထုတ်ရပါမည်။

❋ ရှင်တော်မြတ်ဘုရားသည် တရားတော်ကို ဟောပြော **ကြား၍ သာသနာတော်ကို တည်ထောင်တော်မူခဲ့ပါ**

http://www.dhammadownload.com



သည်။ ရှင်, ရဟန်းများကို မွေးထုတ်၍ သာသနာတော်ကို စနစ်တကျ တည်ထောင်ထားခဲ့ပါသည်။

* ယနေ့မျက်မှောက်ခေတ် ဗုဒ္ဓမြတ်စွာတည်ထားခဲ့သော သာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ကြိုးစားနေရာ ယင်းအတွက်လည်း တရားဟော၍ စည်းရုံးရပါမည်။

* တရားဟော၍ စည်းရုံးသဖြင့် တရားသဘော သက်ဝင်လာသူများကို ရှင်, ရဟန်းဝတ်ပေးခြင်း၊ သီလရှင်ဝတ်ပေးခြင်း၊ ကောင်းစွာကျင့်စေခြင်းဖြင့် သာသနာတော်ကို အမာခံအဖြစ် တည်ထောင်ရပါမည်။

* မှန်ပါသည်။ ရှင်တော်ဗုဒ္ဓသည် ပရိနိဗ္ဗာန်စံ စံဝင်ခဲ့လေပြီ။ သာသနာတော်နှစ် ၂၅၂၇-ခုနှစ် ကျော်လွန်ပြီ ဖြစ်သော်လည်း ရှင်တော်မြတ်စွာဘုရား တည်ထောင်ထားတော်မူခဲ့သော သာသနာတော်ကြီး မျက်ဝါးထင်ထင် ရှိနေသေးသည်မှာ အမာခံဖြစ်သော ရှင်, ရဟန်းများ၏ ဆက်လက်၍ ဟောပြောမှု, ပြသမှု၊ အမာခံအဖြစ် ရှင်, ရဟန်းများကို ဆက်လက်၍ မွေးထုတ်မှုကြောင့်ပင် ဖြစ်ပါသည်။

* ရှင်တော်မြတ်ဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသည့်အခါ လူ, နတ် ဗြဟ္မာ သတ္တဝါတို့

http://www.dhammadownload.com



အတွက် ဓမ္မတရားကို ဖြန့်ဝေ ပေးသနားတော်မူပါသည်။

❋ ရှင်တော်မြတ်ဘုရား၏ အမွေသည်လည်း စင်စစ် ဓမ္မတရားပင်မဟုတ်ပါလော။ သာသနာတော်ဟူသည်ကား ဓမ္မတရားပင် မဟုတ်ပါလော။

❋ သို့ဖြစ်၍ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အမှန်တကယ် လိုလားသူတိုင်း ဓမ္မတရားကိုလိုလားရပါမည်။ အမှန်ဖြစ်သော ဓမ္မတရားကို ဟောပေးရမည်။ ပြပေးရမည်။

❋ ယင်းဓမ္မတရားတော်ကို ဟောပြောပြသပေးမှုနှင့်ပတ်သက်၍ အမှန်အကန်ဖြစ်သော ဓမ္မတရားကို ပုဂ္ဂိုလ်ရေးအရ မနာလို ဝန်တိုမှုကြောင့် အန္တရာယ်မပြုသင့်ပါ။

❋ အန္တရာယ်ပြုက ပြုသူမှာ ဓမ္မန္တရာယ်သင့်ကာ မျက်မှောက်ဘဝ၊ မျက်မှောက်ရန် တွေ့ပြီး ဤဘဝမှ သေသော် အပါယ်လေးဘုံမှ အကုသိုလ်ကံကုန်၍ ကျွတ်လွတ်လာသော် အမိုက်အဖျင်းဖြစ်ကာ တရားမရဖြစ်ပါသည်။

❋ ယခုအချိန်အခါသည် ဗုဒ္ဓသာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ကြိုးစားဆောင်ရွက်နေချိန်ဖြစ်

http://www.dhammadownload.com



သည်။ ထိုအချိန်တွင် အရှိန်အဟုန်လျော့ပါးရန် ဓမ္မန္တရာယ်ပြုခြင်းသည် အလျဉ်းပင်မဖြစ်သင့်ပါ။

❋ ယင်းသို့ မဖြစ်သင့်သည်ကို လေးလေးနက်နက် မသိသူများ သိစေရန်၊ သိပြီးသူများ ရှေးကထက်ပိုမို၍ အလေးအနက်သိရှိရန်၊ သိရှိပြီး ဓမ္မန္တရာယ်မသင့်ရန်၊ သင့်မည့်သူများအား အကာအကွယ်ပေးနိုင်ရန် ရည်ရွယ်၍ ဤဓမ္မန္တရာယ် ကာကွယ်ရေး တရားတော်ကို ဟောကြားကာ ပြန်လည်ရေးသားပါသည်။

❋ ဤစာအုပ်ကို ရေးသားပုံအခြင်းအရာမှာ မိမိသည် ဓမ္မန္တရာယ် ကာကွယ်ရေး တရားတော်ကို ·အမြို့မြို့ အနယ်နယ်၌ ဟောကြားပါသည်။ စာအုပ်အဖြစ် ရေးသားရာ၌မူ ရောဝတီတိုင်း၊ ဟင်္သာတမြို့နယ်လုံးဆိုင်ရာ သံဃာ့အဖွဲ့ကြီးမှ ကြီးမှူးကျင်းပသော (၃၇) ကြိမ်မြောက် စာပြန်ပွဲ၊ စာမေးပွဲမွေ့သဘင်၌ ဟောကြားသော တရားတော်ကို သထုံမြို့မှ ဆရာမဒေါ်မူမူသွယ် (အ–ဆ–ပြ) က တိပ်ခွေမှကူးယူပေးပြီး မိမိက လိုတိုး–ပိုလျှော့ ပြင်ဆင်ကာ မွမ်းမံရေးသားပါသည်။

❋ ဘယ်ပုံဟော၍ ဘယ်ပုံရေးသားသည်ကိုမူ စာရှုသူ လက်တွင်းသို့ စာအုပ်ရောက်နေပြီမို့ မဖော်ပြတော့ပါ။ ဖော်ပြလိုသည်မှာ မိမိရေးသောအခါ ရေးဟန်၊

http://www.dhammadownload.com



ဟောဟာန် နှစ်တန်စပ်၍ စာဖတ်သူများ မငြီးငွေ့စေရန် ရေးသားထားပါသည်။

* မြန်မာစာဖတ်ပရိသတ်များအတွက် အထူးသဖြင့် ခေတ်စာဖတ်ပရိတ်သတ်များအတွက် ရေးသားထားခြင်းဖြစ်၍ ပါဠိမပါ၊ မြန်မာသက်သက်ဖြင့်သာ ရေးသားထားပါသည်။

* မြန်မာသက်သက်ဖြင့် ရေးသားထားသည်ဆိုရာတွင် ထင်ရာမြင်ရာ၊ ရောက်တတ်ရာရာ ဟောကြားရေးသားထားသည်ဟု မထင်ပါနှင့်၊ ခုဒ္ဒကနိကာယ် ဓမ္မပဒအဋ္ဌကထာ၊ ပထမတွဲ၊ ရှစ်ခုမြောက် သဟဿဝဂ်လာ (၁၁) ခုမြောက် သပ္ပဒါသထေရ် ဝတ္ထုကို မှတည်ထား၍ ထိုထိုပါဠိ၊ အဋ္ဌကထာ၊ ဋီကာစကားတို့ကို ဆီလျော်အောင် မြန်မာပြန်၍ ရေးသားထားပါသည်။

သို့ပါ၍ ဤစာအုပ်ပါ အချက်အလက်များမှာ ဗုဒ္ဓဟောပိဋကတ်လာ အချက်အလက်များသာဖြစ်ပါသည်။ ယင်းအချက်အလက်များကို ရေးသားရာ၌ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို တစ်တပ်တစ်အားအနေ အထောက်အကူပြုရန် ရည်သန်ရေးသားပါသည်။

ဤစာအုပ်ကို ဖတ်ရှု၍ အကျိုးရပါသည်ဟုဆိုလျှင် စာရေးနိုင်ရန် စာရွက် လှူဒါန်းကြသော သံဖြူဇရပ်မြို့မှ

http://www.dhammadownload.com



ဦးစံထွန်း၊ ဒေါ်ယဉ်တင်၊ သထုံမှဒေါ်မူမူ၊ နောင်ဘိုမှ ဒေါ်သန်း၊ ကွင်းကောက်မြောက်မှ မခင်စန်းဝေနှင့် စာမူကူးပေးသူ ဒေါ်မူမူသွယ်တို့အား ကျေးဇူးတင်ပါသည်။

❋ မိမိနေနှင့်မှု စာရှုသူများ ဉာဏ်မြင်ရှင်း၍ အကျိုးရခြင်း သည်ပင်လျှင် လိုအပ်သောအကျိုးထူး ဖြစ်ပါသတည်း။

ဓမ္မဒူတ–အရှင်ပညာဇောတ
'ဓမ္မဒီပရိပ်သာ'
အင်းရဲ–ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်း၊

၁၃၄၆–ခုနှစ်၊ တပေါင်းလဆန်း ၃–ရက်။

http://www.dhammadownload.com

# ဓမ္မန္တရာယ်ကာကွယ်ရေး တရားတော်

## နမော တဿ အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### တရားအမည်

"သာသနာတော်နှစ် ၂၅၂၇–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၅–ခုနှစ်၊ တပို့တွဲလပြည့်နေ့ညတွင် ရောဝတီတိုင်း၊ ဟင်္သာတမြို့ သံဃာ့အဖွဲ့မှ ကြီးမှူးကျင်းပသော (၃၇)ကြိမ်မြောက် ပရိယတ္တိ သာသနာနုဂ္ဂဟ စာမေးပွဲ၊ စာပြန်ပွဲ ဓမ္မသဘင်၌ ဟောကြားအပ်သော **'ဓမ္မန္တရာယ်ကာကွယ်ရေး တရားတော်'** လို့ ဘုန်းကြီးတို့ ဟောမယ့်တရားတော်ကို ဒီလို နာမည်ပေးလိုက်ကြစို့"

http://www.dhammadownload.com



## ရတနာတစ်ခု

"ဘုန်းကြီးတို့ သာသနာတော်မှာ ဘုန်းကြီးတို့နှင့်တကွ လူ, နတ်, ဗြဟ္မာ, သတ္တဝါအားလုံးတို့ အမြတ်တနိုး အားကိုး တစ်ခုပြုပြီး ကိုးကွယ်ဆည်းကပ် နေကြတာ 'ဘုရားရတနာ– တရားရတနာ–သံဃာရတနာ' ရယ်လို့ ရတနာသုံးပါးရှိပါ တယ်"

"ယခုညဟောမယ့် ဓမ္မန္တရာယ် တရားတော်မှာပါတဲ့ 'ဓမ္မ' ဆိုတာဟာ အခုပြောခဲ့တဲ့ ရတနာသုံးပါးထဲမှ 'ဓမ္မ ရတနာ' တစ်ခု ဖြစ်ပါတယ်"

"အဲဒီဓမ္မရတနာကို မသိတဲ့အတွက် ဓမ္မနဲ့ပတ်သက်ပြီး ဓမ္မန္တရာယ် သင့်နေကြပါတယ်။ လူ, ရှင်, ရဟန်း တော် တော်များများဟာ ဓမ္မကို အနှောင့်အယှက်ပြုမိတဲ့အတွက် ဓမ္မန္တရာယ် သင့်နေကြပါတယ်"

"အဲဒီလို ဓမ္မကိုမသိတဲ့အတွက် ဓမ္မကိုနှောင့်ယှက် မိလို့ ဓမ္မန္တရာယ်သင့်နေသူတွေကို ဓမ္မကို အန္တရာယ်ပြုတာ ဘယ် လောက်အပြစ်ကြီးတယ်၊ ဓမ္မန္တရာယ်အပြစ်ဟာ ဘယ်လောက် ကြီးတယ်ဆိုတာ သိစေချင်လို့၊ သိပြီးရင် နောင်အခါ ရှောင် ကြဉ်နိုင်အောင်ဆိုပြီး ဟောတဲ့တရားပါ။ ရည်ရွယ်ချက်ကောင်း ကောင်းနဲ့ ဟောတဲ့တရားပါ၊ ဓမ္မန္တရာယ်ကာကွယ်ရေးတရား ကို ဟောကြရအောင်"

http://www.dhammadownload.com



## စာပြန်ပွဲ–စာမေးပွဲ

"အခု ဟသ်ာတမြို့ သံဃာ့အဖွဲ့ကြီးမှ ကြီးမှူးကျင်းပတဲ့ စာပြန်ပွဲ၊ စာမေးပွဲဆိုတာက ဘာလဲ၊ ဘုန်းကြီးတို့ဘုရားရှင် ၄၅–ဝါကာလပတ်လုံး ဟောကြားတော်မူခဲ့တဲ့ တရားဓမ္မတွေကို ပြန်တဲ့–ဖြေတဲ့ပွဲပါပဲ"

"ဘုန်းကြီးတို့ ဘုရားရှင်ရဲ့ဓမ္မက ဘယ်နှစ်မျိုးရှိလဲဆိုရင် မဂ် ၄–တန်၊ ဖိုလ် ၄–တန်၊ နိဗ္ဗာန်၊ ပရိယတ်ရယ်လို့ အားလုံး တရားဓမ္မ ၁၀–မျိုးရှိပါတယ်"

"အဲဒီ ၁၀–မျိုးမှာ မဂ် ၄–တန် ဖိုလ် ၄–တန်၊ နိဗ္ဗာန်ကို လောကုတ္တရာတရား ၉–ပါးလို့ ခေါ်ပါတယ်။ လောကုတ္တရာနယ်က ဓမ္မ ၉–ပါးပေါ့"

"အဲဒီလောကုတ္တရာနယ်က ဓမ္မ ၉–ပါးသို့ရောက်ရေး၊ ဓမ္မ ၉–ပါးကို ရရေးအတွက်တာ ဟောရ–ပြောရ–ရေးရ–ပို့ချရ–သင်ကြားရ၊ ယခုလို စာပြန်ပွဲ–စာမေးပွဲကျင်းပရတာက ပရိယတ္တိ ဓမ္မပါ။ **ဒီပရိယတ္တိဓမ္မဆိုတာက လောကီဓမ္မပါ"**

"ပြန်ပြောမယ်ဆိုရင် မဂ် ၄–တန်၊ ဖိုလ် ၄–တန်၊ နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာဓမ္မနှင့် **ပရိယတ္တိဓမ္မ ဆိုတဲ့ လောကီဓမ္မ** အားဖြင့် တရားဓမ္မ ၁၀–ပါးရှိပါတယ်"

http://www.dhammadownload.com



"ယနေ့ ဟသ်ာတမြို့ သံဃာ့အဖွဲ့ကြီးမှ ကြီးမှူးပြီးတော့ သံဃာတော်အရှင်မြတ်တွေက ဘာ့ကြောင့် စာမေးပွဲ–စာပြန်ပွဲ ကျင်းပရသလဲ"

"အဲဒီအမေးကို ဘုန်းကြီး သဘောကျဖြေရရင် ဓမ္မကို ချီးမြှောက်ချင်လို့–လို့ ဖြေပါမယ်။ မှန်ပါတယ်၊ စာမေးပွဲ– စာပြန်ပွဲဆိုတာ ဓမ္မ ၁၀–ပါးထဲမှ ပရိယတ္တိဓမ္မကို ချီးမြှောက်တဲ့ပွဲပါ"

"ပရိယတ္တိဓမ္မကို ချီးမြှောက်လျှင် လောကုတ္တရာဓမ္မကိုလည်း ချီးမြှောက်ရာရောက်ပါတယ်။ ဒါဖြင့် စာမေးပွဲ– စာပြန် ပွဲဆိုတာ မဂ်–ဖိုလ်–နိဗ္ဗာန်၊ ဓမ္မဓမ္မက္ခန်ဟု ၁၀– တန်သော ဓမ္မကို ချီးမြှောက်တဲ့ပွဲလို့ပဲ မှတ်လိုက်ပါ"

"ဘုန်ကြီးတို့က အဲဒီဓမ္မကို အန္တရာယ်ပြုနေသူတို့ အတွက် ဓမ္မန္တရာယ် အပြစ်ကြီးပုံ၊ ဘယ်လိုပြုရင် ဓမ္မန္တရာယ် ဖြစ်ပုံကို ဟောကြားရမယ့် ဓမ္မနဲ့ပတ်သက်ပြီး ဓမ္မန္တရာယ် ကာကွယ်ရေးအနေနဲ့ ဟောကြားရမယ့်တရားတော်မို့လို့ ဓမ္မန္တရာယ်ကာကွယ်ရေး တရားတော်လို့ပဲ ဘုန်းကြီးတို့ ပရိသတ် မှတ်လိုက်ပါ"

"ဓမ္မန္တရာယ်သင့်ပုံကို သက်သေသာဓကဝတ္ထုထုတ် ပြီးတော့ အခိုင်အမာ ဟောကြားပါမယ်။ မှတ်မှတ်သားသား သိသာထင်ရှားအောင် နာကြားကြပါ"

http://www.dhammadownload.com



### အအားမနေ – အနားမနေ

"ဒီဓမ္မန္တရာယ်ကာကွယ်ရေး တရားတော်ကို ဟောမယ်ဆိုတော့ကာ ဘာဖြစ်လို့ ဓမ္မရဲ့အန္တရာယ်ကို ကာကွယ်ရသလဲ၊ အဲဒါလေးကို သိဖို့လိုပါမယ်၊ ဒီဓမ္မတရားတော်တွေကို ဘုရားရှင်ကိုယ်တော်တိုင် ၄၅–ဝါကာလပတ်လုံး အအားမနေ–အနားမနေဘဲ မဟာကရုဏာတရား ရှေ့ထားပြီး ကောင်းစွာဟောကြား ဖြန့်ချိခဲ့ပါတယ်"

"ဘုရားရှင်ဟာ တရားဓမ္မတွေကို ၄၅–ဝါတိုင်တိုင် အအားမနေ–အနားမနေဘဲ ကောင်းစွာဟောကြား ညွှန်ကြား ဖြန့်ချိပြီးတော့ ကောင်းသောနိဗ္ဗာန်ဆိုတဲ့ ဓမ္မဆီသို့ ကြွသွား စံမြန်းတော်မူသွားပါပြီ"

### သုဂတဂုဏ်ထူး

"ဘုန်းကြီးတို့ ဘုရားရှင်ရဲ့ဂုဏ်တော် ၉–ပါးထဲမှာ သုဂတဂုဏ်တော်၊ သုဂတဂုဏ်ထူးဆိုတာ ရှိပါတယ်၊ ဒီဂုဏ်တော်ဟာ အချောင်သက်သက်ရတဲ့ ဂုဏ်တော်မဟုတ်ပါ"

"ကောင်းသောဓမ္မကို ၄၅–ဝါတိုင်တိုင် ဟောကြားခဲ့တဲ့အတွက် မြတ်စွာဘုရားရှင်မှာ "သုဂတဂုဏ်ထူး"ကို ရပါတယ်"

"တစ်ခါ ကောင်းသောနိဗ္ဗာန်သို့ ကြွသွားတော်မူ၊ စံမြန်းတော်မူတဲ့အတွက် သုဂတဂုဏ်ထူး ရပါတယ်"

## ဘုရားရှိခိုး

"ဒါ့ကြောင့် ဒီဓမ္မန္တရာယ်ကာကွယ်ရေးခေါ်တဲ့ တရားတော်ကို ဘုန်းကြီးတို့မဟောကြားမီ၊ ဘုန်းကြီးတို့ပရိသတ်မနာကြားမီ ဘုန်းတော် ၆-ပါးသခင် သုဂတဂုဏ်ထူးရှင် မြတ်စွာဘုရားကို သုဂတဂုဏ်ထူးဖြင့် ချီးကျူးပြီး ရှိခိုးကြည်ညိုကြရအောင်၊ ပရိသတ်အားလုံးပဲ လက်အုပ်ချီမိုးရှိခိုးပြီး အာရုံပြုကြည်ညိုနေကြပါ"

**သုခဉ္စ ဒုက္ခံ သမကာယုပေက္ခံ၊**
**နေဝိစ္ဆိ ယော ကာမ–ကာမနီတံ။**
**အသင်္ခတံ သင်္ခတ သမ္ဘဝံ ဘဝံ၊**
**ဟိတွာ ဂတော တံ သုဂတံ နမာမိ။ ။**

"**ယောသုဂတော**–သုဂတဂုဏ်ထူးဖြင့် ချီးကျူးအပ်ပါသော အကြင် ငါတို့ရဲ့ဆရာ မြတ်စွာဘုရားသည်၊ **သုခဉ္စ**–ကိုယ်, စိတ်နှစ်ဖြာ ချမ်းသာခြင်းကိုလည်း၊ **ဝါ–သုခဉ္စ**–ခုနစ်ရက်မျှ ဆိုင်းငံ့ကလျှင် လက်ရမှန်စွာ ဆိုက်ရောက်လာမည့် စကြာသေဋ္ဌနင်း မင်း၏စည်းစိမ်ချမ်းသာကိုလည်း၊ **နေဝိစ္ဆိ**–ဆံလွှာခြမ်းမျှ မျှော်မှန်းတ၍၊ တမ်းတစုံမက် နှစ်သက်မြတ်နိုးတော်မမူချေ၊ **ဒုက္ခဉ္စ**–ဒုက္ကရစရိယာ ခြောက်နှစ်ကြာအောင် ခန္ဓာတော်နွမ်း ပင်ပန်းရခြင်းဆင်းရဲကိုလည်း၊ **ဝါ–ဒုက္ခဉ္စ**–လေးအသင်္ချေသိန်းနေကမ္ဘာ၊ ရှည်မြင့်ကြာအောင် ပါရမီစာဂ

http://www.dhammadownload.com



စရိယကို ဖြည့်ရများထွေ၊ ဒုက္ခပေါင်း အသင်္ချေကိုလည်း၊ **နေဝိဿ**–ဆံလွှာခြမ်းမျှ မျှော်မှန်းတ၍ တမ်းတစုံမက် နှစ်သက်မြတ်နိုးတော်မမူချေ။ **သမတာ–ယုပေက္ခ**–မဇ္ဈိမ ပဋိပတ် အကျင့်မြတ်ဖြင့် ရအပ်မှန်စွာသော အရဟတ္တဖိုလ်နှင့်ယှဉ်တဲ့ စတုတ္ထဈာန် ဥပေက္ခာဝေဒနာကိုလည်း၊ **နေဝိဿ**–ဆံလွှာခြမ်းမျှ မျှော်မှန်းတ၍ တမ်းတစုံမက် နှစ်သက်မြတ်နိုးတော်မမူချေ။ **ကာမံ–ကာမနီတံ**–ကာမတဏှာ ဆောင်တိုင်းပါသည့်၊ သုံးရွာဘူမိ သမ္ပတ္တိချမ်းသာအမျိုးမျိုးကိုလည်း၊ **နေဝိဿ**–ဆံလွှာ ခြမ်းမျှ မျှော်မှန်းတ၍ တမ်းတစုံမက် နှစ်သက်မြတ်နိုး တော်မမူချေ။ **အကာမနီတံ**–ကာမစ္ဆန္ဒ၊ အယုတ္တိဓမ္မကို ခုတ် ဖြတ် ပယ်လှန် လက်ရောက်မှန်သည့် ဈာန်နှင့်မဂ်ဖိုလ်၊ ထိုထိုချမ်းသာ အမျိုးမျိုးကိုလည်း၊ **နေဝိဿ**–ဆံလွှာခြမ်းမျှ မျှော်မှန်းတ၍ တမ်းတ စုံမက် နှစ်သက်မြတ်နိုးတော်မမူချေ။ **အသခ်တံ–အသခ်တ သမ္ဘဝံ**–အသခ်တဓာတ် ခေါ်တွင်မှတ်သား ပညတ်နိဗ္ဗာန် ဤနှစ်တန်ကြောင့် ခံစံဆိုက်ကပ် ရောက်အပ်ရထိုက်သော၊ **ဘဝံ**–ဈာန်ချမ်းသာ၊ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ အမျိုးမျိုးကိုလည်းကောင်း၊ **အသခ်တသမ္ဘဝံ**–အဘိသခ်ရက အမည်ရသား အပရိမေယျ၊ ပုညမျိုးမှန်၊ ပျိုးခဲ့ဖန်၍ ခံစံဆိုက်ကပ် ရောက်အပ်ရထိုက်သော၊ **ဘဝံ**–လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ အမျိုးမျိုးကိုလည်း

http://www.dhammadownload.com



**ဟိတ္တာ**–ကိုယ်တော်မှတွေးဟပ်သည့် တံတွေးခွက်ကဲ့သို့ ရက်ရက်ကြီး စွန့်လွှတ်တော်မူပြီး၍၊ **ဂတော**–အနုပါဒိသေသအမတကြငှန်း နိဗ္ဗာန်နန်းသို့ ကြွမြန်းဆိုက်ရောက်တော်မူခဲ့လေပြီ၊ **တံသုဂတံ**–ထိုသို့ဆိုအပ်ခဲ့ပြီးသည့်အတိုင်း သုခ, ဒုက္ခ, ဥပေက္ခာ ဝေဒနာတို့ကိုလည်း လိုလားတော်မမူ၊ ကာမနီတချမ်းသာ, အကာမနီတချမ်းသာ, သခ်တသမ္ဘဝချမ်းသာ, အသခ်တသမ္ဘဝချမ်းသာတည်းဟူသော ချမ်းသာဟူသမျှတို့ကို ကိုယ်တော်မှ ထွေးဟပ်သည့် တံတွေးခွက်ကဲ့သို့ ရက်ရက်ကြီးစွန့်ခွာ၍ အနုပါဒိ ဘုံကြငှန်းသို့ ကြွမြန်း ဆိုက်ရောက်တော်မူသောကြောင့် သုဂတဂုဏ်ထူးဖြင့် ချီးကျူးအပ်ပြားမြတ်စွာဘုရားကို၊ **အဟံ**–သူတော်သူမြတ် လူနှင့်နတ်တို့ကျေနပ်ရန်မြော် ဘုရားတပည့်တော်သည်၊ **နမာမိ**–မင်္ဂလာစရဏ လက်ဦးစဉ်၌ ကြည်ဝကော်ရော် ပူဇော်မြတ်နိုး ကိုယ်ညွတ်လျှိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား၊ **မယံ**–ရုပ်, နာမ်နှစ်ဖြာ ဟုတ်မှန်ရာကို သူ–ငါမှည့်ခေါ် ဘုရားတပည့်တော်တို့သည်၊ **နမာမ**–ကိုယ်, နှုတ်နှလုံးသုံးပါးပျောင်းပျော့မာန်ကိုလျှော့၍ ကန်တော့မြတ်နိုး လက်အုပ်မိုး၍ ရှိခိုးဦးညွတ်ပါကုန်၏ မြတ်စွာဘုရား...။

"သာဓု–သာဓု–သာဓု"

http://www.dhammadownload.com



"ဘုန်းကြီးတို့ တရားဟောခြင်းက ဘုရားရှိခိုး ရှေ့သွားခြင်းရှိတဲ့ တရားဟောခြင်းမျိုးဖြစ်၍ ယခု ဘုရားရှိခိုးလို့ ပြီးသွားပါပြီ၊ ယခု တရားဟောဖို့ပဲပေါ့"

"ဘုန်းကြီးတို့ ဟောမယ့်တရားတော်က ဓမ္မန္တရာယ် ကာကွယ်ရေးတရားတော်ဆိုတော့ ဓမ္မန္တရာယ်သင့်ပုံကို ဝတ္ထုသာဓကနှင့် ရှေးဦးစွာ ဟောပြောရပါမယ်၊ ဓမ္မန္တရာယ်သင့်တာ ဘယ်လောက်အပြစ်ကြီးတယ်ဆိုတာ ဟောပြောရပါမယ်၊ ပြီးတော့ ဓမ္မန္တရာယ်မသင့်အောင် ကာကွယ်ရေးအနေနဲ့ ဟောရပါမယ်၊ မှတ်မှတ်သားသားနာပါ"

## သပ္ပဒါသထေရ်

"ဓမ္မန္တရာယ်သင့်ပုံကို သာဓကပြရမယ်ဆိုရင် ခုဒ္ဒကနိကာယ် ဓမ္မပဒအဋ္ဌကထာ ပထမတွဲ ရှစ်ခုမြောက် သဟဿဝဂ်လာ (၁၁) ခုမြောက် သပ္ပဒါသထေရ်ဝတ္ထုကို သာဓကပြပါမယ်"

"သပ္ပဒါသထေရ်ဟာ လွန်ခဲ့တဲ့အတိတ်ဘဝ ကဿပမြတ်စွာဘုရားရှင် သာသနာတော်တုန်းက ဓမ္မန္တရာယ်သင့်ခဲ့မိတဲ့အတွက် ယခု ဘုန်းကြီးတို့ ဘုရားရှင် သာသနာတော်လက်ထက်မှာ မကောင်းကျိုးပေးခံရပြီး ဒုက္ခအကြီးအကျယ်ရောက်ပါတယ်။

http://www.dhammadownload.com



"ဟိုတုန်းက ဓမ္မန္တရာယ်သင့်အောင် ပြုလုပ်ခဲ့တဲ့အပြစ် ဟာ မပြောပလောက်တဲ့ အပြစ်ကလေးပါ၊ အဲဒီအပြစ်ကလေး တောင်မှ ယခုဘဝမှာ ကြီးကျယ်တဲ့ဒုက္ခတွေပေးပါရင် ကြီးကြီး ကျယ်ကျယ် အပြစ်တွေလုပ်မိရင် ဘယ်လောက်ဒုက္ခတွေကြီး မလဲဆိုတာ သိစေချင်လို့ ဒီဓမ္မန္တရာယ် ကာကွယ်ရေးတရား တော်ကို ဘုန်းကြီးဟောတာပါ"

## တရားနိဒါန်း

"ကဲ...တရားနိဒါန်း ပျိုးကြရအောင်၊ 'ယောစ ဝဿသတံ ဇီဝေ' အစရှိသော ဂါထာတစ်ပုဒ်ဖြင့် တန်ဆာ ဆင်အပ်တဲ့ ဒီသပ္ပဒါသထေရ် အကြောင်းအရာဒေသနာတော် ကို ဘုန်းတော် ၆-ပါးသခင် တရားမင်းဘုရင် ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ ကိန်းအောင်းတော် မူခိုက် ဟောကြားခဲ့ပါတယ်"

## အမျိုးကောင်းသား

"ဘုန်းကြီးတို့ဘုရားရှင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိ ပြည် ဇေတဝန်ကျောင်းတော်မှာ ကိန်းအောင်းတော်မူခိုက် ခုနကပြောခဲ့တဲ့ ဓမ္မန္တရာယ်သင့်တဲ့ သပ္ပဒါသထေရ်ဟာ သာဝတ္ထိပြည်ထဲမှာနေတဲ့ အမျိုးကောင်းသား တစ်ယောက်လို့ အာရုံပြုထားပါဦး"

http://www.dhammadownload.com



## နိုးစပ်မှုအရေးကြီး

"ဘုန်းကြီးတို့ဘုရားရှင်ဟာ သာဝတ္ထိပြည်မှာ ၂၄-ဝါ တိုင်တိုင် သီတင်းသုံးဝါကပ်တော်မူပါတယ်၊ ဘုန်းကြီးတို့ ပရိသတ်ကို မှန်းမျှော်ကြည့်စမ်း၊ အာရုံပြုပြီးကြည့်စမ်းပါ၊ သာဝတ္ထိပြည်သူ-ပြည်သားတွေဟာ မြတ်စွာဘုရားရှင်နှင့် ဘယ်လောက်နိုးစပ်သလဲ၊ သံဃာတော်အရှင်မြတ်တွေနဲ့ ဘယ်လောက် နိုးစပ်သလဲ၊ ဘုရားနှင့် သံဃာနှင့် နိုးစပ်သဖြင့် တရားနှင့် ဘယ်လောက်နိုးစပ်မလဲဆိုတာ မှန်းဆနိုင်ပါတယ်"

"သာဝတ္ထိပြည်သူ-ပြည်သားတွေဟာ ဘုရား-တရား-သံဃာဆိုတဲ့ ရတနာသုံးပါးနှင့် နိုးစပ်တယ်၊ ရင်းနှီးတယ်၊ ဇေတဝန်ကျောင်းတော်မှာက တရားပွဲက နေ့ပွဲ-ညပွဲရယ်လို့ နှစ်ပွဲ-နှစ်ပွဲရှိပါတယ်"

"တရားပွဲမှာ ဘုရားရှင်ကိုယ်တော်တိုင် ဟောတာလည်း ရှိတယ်၊ ရံခါ ရှင်သာရိပုတ္တရာတို့, ရှင်မဟာမောဂ္ဂလာန်တို့, ရှင်အာနန္ဒာတို့ စတဲ့ သာဝကတွေ ဟောတဲ့အခါလည်းရှိပါတယ်"

"အဲဒီလို နေ့ပွဲ-ညပွဲရှိနေတော့ သာဝတ္ထိပြည်သူ-ပြည်သားတွေအတွက် အင်မတန်ကောင်းတဲ့ အခွင့်အခါ ကောင်းကြီးကို ရနေကြတာပေါ့၊ အခွင့်ကောင်းကြီး ရနေသည့်အားလျော်စွာ သူတို့တစ်တွေဟာ ရတဲ့အခွင့်ကောင်းကြီးကို လက်လွှတ်မခံဘဲ အသုံးပြုကြတယ်"

http://www.dhammadownload.com



## အခွင့်ကောင်းလွန်ပြစ်

"ဒီနေရာမှာ အခွင့်ကောင်းကြီးလွန်ပြစ်နှင့် မလွန်ကျိုးကို ဘုန်းကြီး နည်းနည်းရှင်းပြချင်ပါတယ်၊ ဂါထာတစ်ပုဒ်နှင့် သာဓကထုတ်ချင်ပါတယ်"

**မာ, ဝေါ ခဏံ ဝိရာဓေထ၊ ခဏာတီတာ ဟိ သောစရေ။**

**အပ္ပတ္တေ ဝါယမေယျာထ၊ ခဏော ဝေါ ပဋိပါဒိတော။**

ဘောန္တော-ရဟန်း, ရှင်, လူ မည်သူမဆို အိုလူအပေါင်း သူတော်ကောင်းတို့ ခဏံ-ဗုဒ္ဓုပ္ပါဒ ဒုလ္လဘဟု ကြုံရလင့်တောင်း အခွင့်ကောင်းကြီးကို၊ ဝိရာဓေထ-လောကီကိစ္စ အဝဝကြောင့် နေ့ညပုံသေ မချွတ်လွဲကြစေကုန်လင့်၊ ဟိယုတ္တံ-ကြောင့် ကြောင့်ကြကြ သတိရအောင် နှိုးပုံသေတိုက်တွန်းသင့်ပေ၏၊ ခဏာတီတာ-အခွင့်ကောင်းကို ကောင်းမှန်းမသိ သတိမမူ ကျော်လွန်၍ သွားသူတို့သည်၊ သောစရေ-သာသနာပ အခါ ကျလျှင် အပါယ်ဘေးတွေ့မည့်ရေးကြောင့် ပူဆွေး၍ နေကြ ကုန်၏၊ အပ္ပတ္တေ-မရအပ်ဘူး တရားအထူးတို့ကို၊ ဝါယ မေယျာထ-အခွင့်ကောင်းပဲ အားကုန်လွှဲ၍ အမြဲကြိုးစားလိုက် ကြပါကုန်လော့၊ ဝေါတုမှာကံ-သရဏဂုံ သီလစုံဖြင့် ကုံလုံ ပြည့်ဝ ခွင့်ကောင်းရ၍ ဗုဒ္ဓကိုမြင် အသင်သူတော်စဉ်တို့မှာ၊ ခဏော-ဘဝအဆက်ဆက် ကြုံဖို့ခက်သည် တစ်သက်တစ်ခါ ကြုံလာသော အခွင့်ကောင်းသည်၊ ပဋိပါဒိတော-ရှေ့ရှုမျက် မှောက် ဆိုက်ရောက်၍ နေချေပြီတကား။

http://www.dhammadownload.com



"သာဓု–သာဓု–သာဓု"

"သာဝတ္ထိ ပြည်သူ–ပြည်သားတွေမှာ အခွင့်ကောင်းကြီး ဆိုက်ရောက်နေသလို ဘုန်းကြီးတို့ ဟသ်ာတမြို့သူမြို့သား တွေမှာလည်း အခွင့်ကောင်းကြီး ဆိုက်ရောက်မနေဘူးလား"

"ဆိုက်ရောက်နေပါတယ်ဘုရား"

"ကြည့်စမ်း...၊ ပရိယတ္တိစာမေးပွဲ၊ စာပြန်ပွဲကြီး ကျင်း ပပြီး တရားသဘင်ပွဲကျင်းပနေကာ အခွင့်ကောင်းကြီးပေါ့၊ ဒီလိုအခွင့်ကောင်းကြီးမျိုး မြို့တိုင်းမှာ မရပါဘူး၊ ရွာတိုင်း ဆိုတာတော့ မပြောပါနဲ့၊ ဘယ်လိုမှမရနိုင်ပါဘူး၊ သာသနာ ထွန်းကားတဲ့ မြို့ရွာအချို့မှာသာ ရပါတယ်"

## ကုသိုလ်ပဒေသာ

"အခု ဟသ်ာတမြို့မှာ စာပြန်ပွဲ၊ စာမေးပွဲကျင်းပတော့ မြို့သူ–မြို့သားတွေမှာ အလှူမျိုးစုံ၊ ဝေယျာဝစ္စမျိုးစုံ၊ ဖူးမြင် ရတဲ့ကုသိုလ်၊ နာကြားရတဲ့ကုသိုလ်၊ ပရိယတ္တိသာသနာတော် ကို ချီးမြှောက်ရတဲ့ကုသိုလ် စသည်ဖြင့် ကုသိုလ်ပဒေသာ ပေါက်နေပါတယ်၊ လိုအပ်တဲ့ ကုသိုလ်တွေကို ကိုယ်, နှုတ်, နှလုံး သုံးပါးလုံးဖြင့် ကြိုက်သလိုဆွတ်ယူ အသုံးချဖို့ပဲလို တော့တယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



"ဘုန်းကြီးတို့ ဟသ်ာတမြို့သူ–မြို့သားတွေလဲ သာဝတ္ထိ ပြည်သူ–ပြည်သားတွေကို အတုယူပြီး ကြိုးစားရင် သူတို့လို မဖြစ်ဘူးလား–ဖြစ်မှာလား"

"ဖြစ်မှာပါဘုရား"

"အေး. . .ဖြစ်အောင်ကြိုးစားပါ၊ ဘုရားရှင်ပွင့်လာတာ ဟာ အဓိကအားဖြင့် တရားဟောဖို့ပါ၊ တရားဟောပြီး သတ္တဝါတွေကို ကယ်တင်ဖို့ပါ၊ ယခုဟသ်ာတမြို့မှာ စာပြန်ပွဲ၊ စာမေးပွဲကျင်းပပြီးတော့ တရားပွဲကျင်းပတယ်ဆိုတာဟာလည်း မြို့သူ–မြို့သားတွေကို ကယ်တင်ဖို့ပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"တရားနာတယ်ဆိုတာ ဟောတဲ့ဘုန်းကြီးအတွက် နာတာလား၊ ကိုယ့်အတွက် နာတာလား"

"ကိုယ့်အတွက် နာတာပါဘုရား"

"ဘုရားရှင် တရားဟောတာ ဘုရားရှင်အတွက်လား၊ သတ္တဝါတွေအတွက်လား"

"သတ္တဝါတွေအတွက်ပါဘုရား"

"ယခု ဘုန်းကြီးတို့ တရားဟောတာကလည်း ဟသ်ာတ မြို့သူ–မြို့သားတွေအတွက်ပါ"

## သိဖို့–ကျင့်ဖို့

"တရားနာတယ်ဆိုတာ သိဖို့ပါ၊ သိရင်ပြီးရောလားဆို တော့ သိရုံနဲ့ မပြီးသေးပါဘူး၊ တရားသိမှ တရားရှိသို့

http://www.dhammadownload.com



ရောက်ရေးအတွက် တရားသိမှ တရားရှိရေးအတွက် ကျင့်ရပါဦးမယ်"

"ယခု တရားပွဲကျင်းပတာဟာ ဘုန်းကြီးတို့ပရိသတ်အတွက် တရားသိဖြစ်ဖို့ ကျင်းပတာပါ၊ ဘုန်းကြီးတို့ပရိသတ်၊ သိဖို့ရန် နှလုံးသွင်းပြီး ကြိုးစားနာပါ၊ စာပြန်ပွဲ-စာမေးပွဲ တရားဟာ တခြားမှာ ဟောတဲ့ တရားတွေထက် အထူးအလေးပေးပြီး ဟောရပါတယ်"

"ဘာဖြစ်လို့လဲဆိုတော့ မြို့နယ် တစ်ခုလုံးမှာရှိတဲ့ စာတတ်-ပေတတ် ဆရာတော်တွေ စုဝေးရောက်ရှိနေတဲ့ နေရာဖြစ်တယ်၊ ပရိယတ္တိအဓိကနေရာဖြစ်တယ်၊ ပရိယတ္တိအဓိကနေရာဖြစ်တယ်ဆိုတဲ့ အချက်တွေကြောင့်ပါ"

"အဲဒါကြောင့် သိဖို့ရာ၊ အသိမှန်ဖို့ရာ ကြိုးစားပြီးတော့ နာကြားပါ၊ အခွင့်ကောင်းကြီးကို လက်မလွတ်ပါစေနဲ့၊ သိပြီးရင်လည်း ရှိဖို့ရာကျင့်ကြံကြိုးကုတ် အားထုတ်ကြပါ၊ အဲဒီလို အားထုတ်ရင် ဘုန်းကြီးတို့ ဟင်္သာတမြို့ဟာ သာဝတ္ထိပြည်နဲ့ တစ်သားတည်းတူမှာပါ"

"သာဝတ္ထိပြည်၊ ကဲ...သာဝတ္ထိပြည်ကို တစေ့တစောင်း ပြန်ပြောင်းပြီးတော့ ကြည့်ကြရအောင်ပါ၊ သာဝတ္ထိပြည်သူ-ပြည်သားတွေဟာ တရားပွဲကို ကြိုးစားပြီးနာကြားပါတယ်၊ တရားနာပြီးရင်လည်း မိမိတို့အိမ်မှာ လျော်တဲ့အလုပ်အကိုင်

http://www.dhammadownload.com



အသွားအလာ အနေအထိုင်တွေနဲ့ သူတို့တစ်တွေ တရားဓမ္မ ကျင့်ကြံကြိုးကုတ်အားထုတ်ကြပါတယ်"

"အဲဒီလို ကျင့်ကြံကြိုးကုတ်အားထုတ်တော့ သူတို့ တစ်တွေ ဘယ်လောက်အကျင့်စခန်း ပေါက်ရောက်သလဲဆိုရင် သောတာပန်, သကဒါဂါမ်, အရိယာတွေဟာ သာမန်ပုထုဇဉ် တွေထက် များပါတယ်၊ ရှင်းရှင်းပြောရရင် အရိယာပုဂ္ဂိုလ် တွေက ပုထုဇဉ်ပုဂ္ဂိုလ်တွေထက် များပါတယ်"

"အဲဒီအချိန်တုန်းက သာဝတ္ထိပြည်မှာ အခု ဘုန်းကြီးတို့ မြန်မာပြည်မှာလို တရားရိပ်သာရယ်လို့ မရှိသေးပါဘူး၊ ဆယ် ရက်စခန်းတွေလည်း မရှိသေးပါဘူး"

"ဇေတဝန်ကျောင်းတော်မှာ တရားပွဲက နေ့တစ်ပွဲ, ညတစ်ပွဲရယ်လို့ နှစ်ပွဲရှိရာ နေ့အားတဲ့ပုဂ္ဂိုလ်တွေက နေ့ပိုင်း ဟောတဲ့တရားပွဲသွားပြီး တရားနာကြပါတယ်၊ နာပြီးရင် တရားပွဲမှာပဲ တရားတော်တွေကို မထားခဲ့ဘဲ အိမ်ကို အပါ ယူဆောင်ခဲ့ပါတယ်"

"အိမ်သို့ အပါယူဆောင်ခဲ့ပြီး လုပ်ရင်း၊ ကိုင်ရင်း၊ ရောင်းရင်း၊ ဝယ်ရင်း၊ ထွန်ရင်း၊ ယက်ရင်း၊ ချက်,ပြုတ်ရင်း၊ ဖွပ်လျှော်ရင်း၊ စားသောက်ရင်း လျော်လျောက်ပတ်သလို၊ အခွင့်ရ, ရသလို ကျင့်ကြံကြိုးကုတ် အားထုတ်ကြပါတယ်"

"ညပိုင်းမှာအားတဲ့ ပုဂ္ဂိုလ်တွေကလည်း ညပိုင်းမှာ ဟောတဲ့ တရားပွဲကိုသွားပြီး နာယူကြပါတယ်၊ နာယူပြီး

http://www.dhammadownload.com



သိသမျှကို အတတ်နိုင်ဆုံး တရားရှိဖြစ်အောင် ကျင့်ကြံကြိုးကုတ်အား ထုတ်ကြလို့ အရိယာပုဂ္ဂိုလ်တွေက ပုထုဇဉ်ပုဂ္ဂိုလ်တွေထက် များပါတယ်"

## ကျင့်လို့ဖြစ်တာ

"သာဝတ္ထိပြည်သူတွေ ဘာဖြစ်လို့ အရိယာတွေအဖြစ်များလဲ၊ တရားနာရုံသက်သက်နဲ့ ဖြစ်တာလားဆိုတော့ မဟုတ်ပါဘူး၊ တရားနာပြီး တရားသိတာ တရားရှိဖြစ်အောင် ကြိုးစားပြီး ကျင့်ကြံကြိုးကုတ်အားထုတ်လို့ ဖြစ်တာပါ၊ အလိုလိုဖြစ်တာမဟုတ်ပါဘူး"

"ဘုန်းကြီးတို့ ဟသ်ာတမြို့သူ-မြို့သားတွေလည်း အဲဒီ သာဝတ္ထိ ပြည်သားတွေကို အတုယူပြီး တရားလည်းနာ၊ ကျင့်လည်း ကျင့်မယ်ဆိုရင် သူတို့လို မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်ပါတယ်ဘုရား"

"အင်း...ဖြစ်လား၊ မဖြစ်လားတော့ မပြောတတ်ပါ၊ ဒီလောက်ကြီးကျယ်တဲ့ မြို့နယ်လုံးကျွတ် စာပြန်ပွဲ, စာမေးပွဲကြီးနဲ့ စာမယ်ဆိုရင် တရားပွဲမှာ လူနည်းတာကတော့ အမှန်ပါပဲ"

## ရှေးဘုန်းရှေးကံရှိလို့

"ဘုန်းကြီးတို့ပရိသတ်၊ တရားနာတယ်ဆိုတာ မင်္ဂလာတစ်ပါးပါ၊ ဘာဖြစ်လို့ တရားနာနိုင်လဲဆိုရင် ရှေးဘုန်း-ရှေး

http://www.dhammadownload.com



ကံရှိလို့ပါ၊ စာပြန်ပွဲ, စာမေးပွဲကြီးမှာ တရားနာပရိသတ် နည်းတယ်ဆိုရင် ဘုန်းကြီးတို့ဟသ်ာတမြို့မှာ ရှေးဘုန်း– ရှေးကံရှိသူ နည်းပါသေးတယ်လို့ ဖော်ပြရာရောက်နေပါတယ်၊ အဲဒါကတော့ မကောင်းတဲ့လက္ခဏာပါ"

"အေး...တရားမှန်ကို နာနိုင်, အားထုတ်နိုင်တယ် ဆိုတာ ရှေးဘုန်း–ရှေးကံရှိမှနော်၊ တရားများကို နာတာ, အားထုတ်တာက ရှေးဘုန်း–ရှေးကံမပါခဲ့လို့၊ အမှားနဲ့အမှန် မတူပါဘူး၊ သတိမမူ ဂူမမြင်၊ သတိမူတော့ မြူကိုမြင်ဆိုတာ လို သတိပြုကြည့်ပါ"

## သာဝကကြီးတွေ

"ရှေးဘုန်း–ရှေးကံရှိမှ တရားမှန်တွေကို နာယူအား ထုတ်နိုင်ပုံကို သာဓကပြုရရင် ဘုန်းကြီးတို့ ဘုရားရှင်ရဲ့ သာသနာတော်မှာ နေလို, လလိုထင်ရှားတဲ့ အဂ္ဂသာဝက၊ မဟာသာဝကကြီးတွေရဲ့ အတ္ထုပ္ပတ္တိကို သတိပြုပြီးရှုကြည့်ပါ"

"ကြည့်တော့ ဘာတွေ့မလဲဆိုရင် ဒီအမျိုးကောင်းသား သည် ရှေးဘုရားရှင်လက်ထက်တော်အခါတွေတုန်းကလဲပဲ ကြီးကျယ်တဲ့ အဓိကာရကုသိုလ်တွေ၊ နိဗ္ဗာန်ရည်မှန်းပြီး ဘဝ များစွာမှာ အခါများစွာသော ကုသိုလ်တွေပြုခဲ့လို့ ယခု အမျိုးကောင်းသားဖြစ်၊ တရားနာ သဒ္ဓါဖြစ်၊ ရဟန်းဖြစ်၊ ရဟန္တာဖြစ် စသည်တွေ တွေ့နိုင်ပါတယ်"

http://www.dhammadownload.com



## နည်းတူပါပဲ

"သပ္ပဒါသထေရ်အကြောင်း ပြန်စကြစို့၊ ဒီသပ္ပဒါသထေရ် အလောင်းတော် အမျိုးကောင်းသားလည်းပဲ ရှေးရှေးဘုရားရှင်များစွာ လက်ထက်တော်အခါတွေတုန်းက အင်မတန်ကြီးကျယ်တဲ့ အဓိကာရ ကုသိုလ်ကြီးတွေပြုခဲ့တယ်"

"ထိုထိုဘဝများစွာတို့မှာလည်းပဲ နိဗ္ဗာန်ကိုရည်မှန်းပြီး အမျိုးမျိုးသော ကုသိုလ်ကောင်းမှုတွေပြုခဲ့တာကတစ်ချက်လို့၊ အဲဒီအချက် နှစ်ချက်ကြောင့် အခု ဘုန်းကြီးတို့ဘုရားရှင်ပွင့်တော်မူတဲ့အခါမှာ ဘုရားရှင် သီတင်းသုံးတော်မူတဲ့ နေပြည်တော်မှာ လာပြီးတော့ အမျိုးကောင်းသားဖြစ်တယ်၊ ရှေးရှေးသာဝကကြီးတွေနည်းတူပါပဲနော်"

"မှန်ပါဘုရား"

## ရှေးကုသိုလ်ကံပါခဲ့

"ဘုန်းကြီးတို့ပရိသတ် စဉ်းစားကြည့်ပါ၊ ဘုရားရှင်ပွင့်တော်မူတဲ့အခါလည်းဖြစ်၊ ဘုရားရှင်သီတင်းသုံးတော်မူတဲ့နေပြည်တော်မှာလည်းဖြစ်၊ အခုလို ဘုရားရှင်နဲ့နီးစပ်တဲ့ အမျိုးကောင်းသား-အမျိုးကောင်းသမီး ဖြစ်တယ်ဆိုတာ ရှေးကုသိုလ် ကံမပါဘဲနဲ့ ဖြစ်ပါ့မလား"

"မဖြစ်ပါဘုရား"

http://www.dhammadownload.com



"ယခု တရားပွဲလာပြီး တရားနာကြတဲ့ အမျိုးကောင်းသား–အမျိုးကောင်းသမီးတွေလည်းပဲ တရားပွဲလာပြီး တရားနာနိုင် တယ်ဆိုကတည်းက ရှေးကုသိုလ်ကံ မပါဘူးလား၊ ပါလား"

"ပါပါတယ်ဘုရား"

"အနည်းအများသာ ကွာရမယ်၊ ရှေးကုသိုလ်ကံ မပါဘဲနဲ့ တရားပွဲကို လာလို့မရပါဘူး...၊ တရားပွဲကိုလည်း စဉ်းစားကြည့်ပါဦး၊ တရားပွဲကလည်း နေရာတကာတိုင်း ဖြစ်ရဲ့လား"

"မဖြစ်ပါဘုရား"

"ပဋိရူပဒေသဆိုတဲ့ သင့်တင့်လျောက်ပတ်တဲ့ အရပ်ဒေသမှာသာ တရားပွဲဖြစ်ပါတယ်၊ ပဋိရူပဒေသ မဟုတ်တဲ့ အရပ်ဒေသတွေမှာ မဖြစ်ပါဘူး"

"အခု ဘုန်းကြီးတို့ဟင်္သာတမြို့သူ–မြို့သားတွေဟာ ပဋိရူပဒေသဆိုတဲ့ ဟင်္သာတမြို့မှာ လူဖြစ်ရတယ်ဆိုကတည်းက ရှေးကုသိုလ်ကံ ပါခဲ့ပြီဆိုတာ တထစ်ချမှတ်လိုက်ပါ"

"ရှေးကုသိုလ်ကံရှိလို့ ဘုရားဖူးနိုင်တဲ့ ပဋိရူပဒေသမှာ ဖြစ်ပါတယ်၊ တရားနာနိုင်ရာ ပဋိရူပဒေသမှာ ဖြစ်ပါတယ်၊ အဲဒီ အခွင့်ကောင်း ၂–ခုကို ရဖို့ဟာ မလွယ်ပါဘူး၊ ဒါကြောင့် ရထားတဲ့အခွင့်ကောင်းကြီး လက်မလွှတ်မခံပါနဲ့"

http://www.dhammadownload.com



"ယခု သပ္ပဒါသထေရ် အလောင်းတော် အမျိုးကောင်းသားဟာ ရှေးကုသိုလ်ကံ ပါလာခဲ့တယ်၊ ရှေးရှေးဘုရားရှင်တွေလက်ထက်တော် အခါတွေတုန်းက နိဗ္ဗာန်ရည်မှန်းပြီး ပြုခဲ့တဲ့ကုသိုလ်အကြီး–အသေးတွေ အများကြီးရှိတဲ့အတွက် အဲဒီကုသိုလ်တွေက အထောက်အပံ့ပေးလို့ အဲဒီကုသိုလ်တွေရဲ့ အထောက်အပံ့ကြောင့် ဘုရားဖူးနိုင်တဲ့၊ တရားနာနိုင်တဲ့ ဒေသမှာ လူဖြစ်ပါတယ်"

## ရှေးကုသိုလ်ကံနှိုးဆော်

"ဘုရားဖူးနိုင်တဲ့၊ တရားနာနိုင်တဲ့ဒေသမှာ လူဖြစ်ပေမယ့် လူတိုင်း ဘုရားဖူးနိုင်လား၊ တရားနာနိုင်လားဆိုတော့ မဖူးနိုင်၊ မနာနိုင်ပါဘူး၊ ရှေးကုသိုလ်ကံ နှိုးဆော်တိုက်တွန်းမှု ရမှ ဘုရားဖူးနိုင်၊ တရားနာနိုင်ပါတယ်"

"ယခု ဘုန်းကြီးတို့ ပရိသတ်တွေ ဒီတရားပွဲကြီး လာကြတာ ဘယ်သူက နှိုးဆော်လို့ လာကြတာလဲ၊ ဆွဲသူက ဆွဲ၊ တွန်းသူကတွန်းလို့ လာကြတာလား၊ ဘယ်သူက ဆွဲခေါ် တွန်းပို့လို့လာတာလဲ၊ ရှေးကုသိုလ်ကံက ဆွဲခေါ်တွန်းပို့လို့ ရောက်လာတာနော်"

"မှန်ပါဘုရား"

"မဟုတ်ရင် မလာနိုင်, မနာနိုင်, အားမထုတ်နိုင်ပါဘူး၊ ရှေးကုသိုလ်ကံမရှိရင် သူများက ဆွဲခေါ်လည်းကပ်နေမှာပဲ…၊

http://www.dhammadownload.com



သူများက တွန်းပို့လို့ရှိရင်လည်း နောက်ပြန်ဆုတ်မှာပဲ၊ လာကို မလာဘူး၊ ဆွဲချင်သလောက်ဆွဲ၊ တွန်းချင်သလောက်တွန်း၊ လာကို မလာဘူး”

## နှိုးဆော်လို့

“အခု သပ္ပဒါသထေရ်အလောင်းတော် အမျိုးကောင်းသားကိုကြည့်ပါ၊ သူဟာ ဘုရားရှင်ပွင့်ချိန်မှာ ဘုရားရှင် အများဆုံး သီတင်းသုံးတဲ့ သာဝတ္ထိပြည်မှာ ဖြစ်တယ်ဆိုကတည်းက သူ့မှာ ရှေးကုသိုလ်ကံ ရှိပါတယ်၊ အဲဒီလို ရှေးကုသိုလ်ကံရှိလို့ ဘုရားရှင် ပွင့်တဲ့အချိန်၊ ဘုရားရှင်သီတင်းသုံးတဲ့ ပဋိရူပဒေသမှာဖြစ်ပြီး ရှေးကုသိုလ်ကံ–

> “အမောင်…သင် ဘုရားဖူးဖို့သွားပါလား၊ ဘုရားရှင်ပွင့်ဖို့ဆိုတာ အင်မတန်ခဲယဉ်းပါတယ်၊ ပွင့်ဖို့ ခဲယဉ်းတော့ ဖူးဖို့လည်းခဲယဉ်းပါတယ်၊ အခွင့်ရခိုက် သွားဖူးပါ”
>
> “အမောင်…သင် တရားနာဖို့သွားပါလား၊ ဘုရားရှင်ပွင့်ဖို့ဆိုတာ အင်မတန်ခဲယဉ်းပါတယ်၊ အခွင့်ရခိုက် သွားပြီး တရားနာပါ…”

လို့ နှိုးဆော်တယ်၊ အဲဒီလို နှိုးဆော်လို့ သပ္ပဒါသထေရ်အလောင်းတော် တရားနာရအောင်ရောက်လာတာပါ၊ တရားနာဖို့ရာ ခဲယဉ်းပုံကို ဆိုကြည့်ပါ–

http://www.dhammadownload.com



### ◈ တရားဒေသနာ၊ နာဖို့ရာ၊ လွန်စွာ ခဲယဉ်းသည်။

"ဘာဖြစ်လို့ တရားနာဖို့ရာခဲယဉ်းလည်း မေးရင် ဘုရားရှင်ပွင့်မှ တရားပေါ်တာမို့ တရားနာဖို့ ခဲယဉ်းပါတယ်၊ အခု ဘုန်းကြီးတို့ မြန်မာပြည်ကို သတိပြုကြည့်ပါ၊ တရားနာရတဲ့ နေရာဟာ ကွက်ကွက်ကလေးပါ၊ မနာရတဲ့ နေရာဟာ အများကြီးပါပဲ"

"ဘုရားဖူးဖို့ဆိုတာလည်း ခဲယဉ်းပါတယ်၊ သာမန်ခဲယဉ်းတာမဟုတ်ပါ၊ အင်မတန်ခဲယဉ်းပါတယ်၊ ဘုရားဆိုတာ ပွင့်ချင်တိုင်း ပွင့်တာမှမဟုတ်တာဘဲ၊ ပါရမီပြည့်လို့ ပါရမီပြည့်မှ ပွင့်ရတာပဲ၊ ဘုရားဖြစ်ဖို့ရာ ဘုရားနှင့်ပတ်သက်တဲ့ အလုပ်တွေ လုပ်ရတယ်နော်၊ မလုပ်ဘဲနဲ့ မဖြစ်နိုင်ပါဘူး"

### ဘုရားပွင့်ဖို့ ခဲယဉ်း

"ဘုန်းကြီးတို့ ဂေါတမဘုရားရှင်ဟာ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှ ပွင့်ရပါတယ်၊ တချို့ဘုရားရှင်တွေကျတော့ကာ ရှစ်အသင်္ချေနဲ့ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှ ပွင့်ရပါတယ်၊ အချို့ဘုရားရှင်တွေကျတော့ တစ်ဆယ့်ခြောက်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှ ပွင့်ရပါတယ်"

"ကမ္ဘာတွေကတော့ ရှိပါတယ်၊ ကမ္ဘာများစွာလွန်မှ ဘုရားရှင်တစ်ဆူပဲပွင့်တယ်၊ ပွင့်ပြီးလည်းမကြာပါဘူး၊ ပရိနိဗ္ဗာန်စံသွားတာပဲ၊ တစ်ကမ္ဘာလုံး မတည်နေပါဘူး၊ ပွင့်တဲ့ကမ္ဘာမှာ

http://www.dhammadownload.com



လည်း ကမ္ဘာပတ်လုံး မတည်နေဘူး၊ ပွင့်တဲ့ကမ္ဘာလည်း ခဲယဉ်းတယ်၊ ပွင့်တဲ့ဘုရားရှင်လည်း ခဲယဉ်းတယ်၊ ဒါကြောင့် ဆိုကြည့်ပါ–

◆ **ဘုရားမြတ်စွာ၊ ပွင့်ဖို့ရာ၊ လွန်စွာ ခဲယဉ်းသည်။**

## တရားဟောဖို့ပွင့်တာ

"ပွင့်ထွန်း ပေါ်ပေါက်ဖို့ရာ အင်မတန်မှ ခဲယဉ်းတဲ့ အတွက် ဘုရားရှင် ပွင့်လာတယ်ဆိုတော့ သပ္ပဒါသထေရ် အလောင်းတော် အမျိုးကောင်းသားဟာ–

"အင်း...ဘုရားရှင် ပွင့်ဖို့ဆိုတာ အင်မတန် ခဲယဉ်းတယ်၊ ဖူးမြင်ဖို့လည်း ခဲယဉ်းတယ်၊ ဘုရားရှင် ပွင့်တုန်း သွားပြီးဖူးဦးမှ၊ တရားနာဦးမှပဲ"

လို့ အကြံဖြစ်ပြီး ဘုရားဖူး–တရားနာလာပါတယ်၊ ဘုန်းကြီးတို့ ပရိသတ် ဒီနေရာမှာ သတိထားဖို့က "ဘုရားဖူး"လို့ သာမန် ဆိုတော့ ဘုန်းကြီးတို့ ဘုရားရှင်ဟာ အဖူးမြော်ခံရုံသက်သက် ပွင့်လာတာလား"

"မဟုတ်ပါဘုရား"

"ဒါဖြင့် အလှူတော်မှန် အပူဇော်ခံရုံသက်သက်အတွက် ပွင့်လာတာလား"

"မဟုတ်ပါဘုရား"

http://www.dhammadownload.com



"ဘုရားပွင့်လာတာဟာ အဓိအားဖြင့် သတ္တဝါတွေကို တရားရေအေး အမြိုက်ဆေး တိုက်ကျွေးပြီး နိဗ္ဗာန်ပို့ဖို့ပွင့်လာတာနော်..."

"မှန်ပါဘုရား"

## ရှုံးတယ်

"ဘုရားရှင်ပွင့်ထွန်းပေါ်ပေါက်တဲ့အခါ ဘုရားရှင်ကို မဖူးမြော်ရင်လည်း ကိုယ့်အတွက်ရှုံးပါတယ်၊ ဒါဖြင့် ဖူးရုံသက်သက်ပါ၊ ဖူးပြီးတော့ ပြန်လာတယ်၊ တရားမနာရင်ကော မရှုံးဘူးလား၊ ရှုံးပါတယ်၊ မရှုံးအောင် တရားနာရမယ်နော်"

"မှန်ပါဘုရား"

"ဒါဖြင့် ဘုရားလည်းဖူးပြီတဲ့၊ တရားလည်း နာပြီတဲ့၊ တရားအားမထုတ်ရင်ကော မရှုံးဘူးလားဆိုတော့ ရှုံးတာပါပဲ၊ ဘုန်းကြီးတို့ပရိသတ်မှာ အရှုံးတွေမများကြပါစေနဲ့၊ ကုန်ဆိုရင် တစ်ခုရှုံးတောင် ခံမှာမဟုတ်ဘူးနော်–အများရှုံးဆိုရင်တော့ ဘယ်တော့မှ မခံပါဘူး–ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး...ဘုရားရှင် ပွင့်တာဟာ အဖူးမြော်ခံရုံသက်သက်အတွက် ပွင့်တာမဟုတ်ပါဘူး၊ တရားဟောဖို့ပွင့်တာပါ၊ အဲဒီတရားတွေကို နာပြီးကျင့်ကြလျှင် နိဗ္ဗာန်ရစေတော့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပွင့်တာပါ"

http://www.dhammadownload.com



"အဲဒီလို ဘုရားရှင်ပွင့်တဲ့အခါမှာ သပ္ပဒါသထေရ် အလောင်းတော်ဖြစ်တဲ့ အမျိုးကောင်းသားဟာ ရှေးက ဘုရား အဆူဆူတို့ရဲ့ လက်ထက်မှာ ကုသိုလ်အမျိုးမျိုးပြုပြီးလာခဲ့ တော့ အဲဒီကုသိုလ်တရားတွေက—

"အမောင်...ဘုရားရှင်ပွင့်ဖို့ရာ အင်မတန်ခဲယဉ်း ပါတယ်၊ ဘုရားသွားဖူးပါချေ၊ ဘုရတားဖူးရုံနဲ့ ကျေနပ် မနေနဲ့ဦး...၊ တရားတော်လည်း နာခဲ့ဦး၊ ဘုရားရှင်ပွင့် ထွန်းပေါ်ပေါက်တာ အဖူးမြော်ခံရုံသက်သက်အတွက် ပွင့်ထွန်းပေါ်ပေါက်တာ မဟုတ်ဘူး၊ အပူဇော်ခံ၊ အလှူ တော်ခံရုံသက်သက်အတွက် ပွင့်ထွန်းပေါ်ပေါက်လာ တာမဟုတ်ဘူး၊ တရားဒေသနာဟောပြီး သတ္တဝါတွေကို ကယ်ချွတ်ဖို့ ပွင့်ထွန်းပေါ်ပေါက်လာတာ..."

လို့ တိုက်တွန်းနှိုးဆော်လိုက်တဲ့အတွက် ဘုရားရှင်ထံတော်သို့ ရောက်လာကာ ဘုရားဖူး တရားနာပါတယ်"

"ဘုန်းကြီးတို့ ပရိသတ်တွေက အခုလို တရားတော် တွေကို အလွယ်တကူ နာရ-ကြားရတော့ ဘုရားကျေးဇူး၊ တရားကျေးဇူး၊ သံဃာ့ကျေးဇူးတွေ မသိကြဘူးနော်၊ အေး... တရားမနာရတော့မှ သိမှာ"

ယမမင်းကြီးတောင့်တချက်

"ပြောပြဦးမယ်၊ ဘုန်းကြီးတို့ မဇ္ဈိမနိကာယ် ဥပရိ ပဏ္ဏာသ ပါဠိတော်မှာ ဒေဝဒူတသုတ္တန်ဆိုတာ ရှိပါတယ်၊

http://www.dhammadownload.com



အဲဒီဒေဝဒူတသုတ္တန်မှာ ယမမင်းကြီးက ငရဲပြည်မှ ငရဲသား တွေကို စစ်ဆေးပြီး အပြစ်ရှိ ပေး၊ အပြစ်မရှိရင် လွှတ်ရတယ်၊ အဲဒါ ယမမင်းကြီးရဲ့ အလုပ်ပဲ"

"ယမမင်းကြီးမှာ နေ့စဉ်နေ့တိုင်း အကုသိုလ်များပြား အပြစ်ကြီးမားတဲ့ ငရဲသားတွေနဲ့ပဲ တွေ့နေရ, ဆက်ဆံနေရ, အပြစ်ပေးနေရ ဆင်းရဲကြီးစွာနဲ့ အမယ်လေး...၊အဘလေး...၊ အမေကယ်ပါ၊ အဘကယ်ပါ၊ ဘုရားကယ်ပါနှင့် တမ်းတဟစ် အော် ငိုကြွေးပြီး ဒုက္ခခံနေရသူတွေပဲ တွေ့မြင်နေရတော့ သံဝေဂဖြစ်လာတယ်"

"သံဝေဂဖြစ်လာတော့ သူ့စိတ်ထဲမှာ တောင့်တချက် ဖြစ်ပေါ်လာတယ်၊ ဒီတောင့်တချက်ဟာ သိပ်ကောင်းပါတယ်၊ ဘယ်လို တောင့်တချက်လဲဆိုတော့—

'ငါသည် ဟောဒီ ငရဲဘုံဌာန ငရဲလောကမှ လွတ်ပြီးတော့ လူ့ပြည်ဌာန လူ့လောကမှာ လူဖြစ် ရပါမူကား ကောင်းလေစွ'

တဲ့၊ အဲဒါ ယမမင်းကြီးရဲ့ ပထမတောင့်တချက်ပါ၊ ဘုန်းကြီး တို့ ပရိသတ် လူဖြစ်နေရတုန်းကတော့ လူဖြစ်ရကျိုးကြီးတာ မသိသေးဘူးနော်၊ လူ့ပြည်လွန်မြောက် ငရဲဘုံရောက်ခါမှ လူဖြစ်ရကျိုးကြီးမှန်း သိတယ်၊ သိတော့ လွန်နေပြီ၊ ပြီးတော့ ယမမင်းကြီးက တောင့်တပြန်တယ်—

http://www.dhammadownload.com



'ငါ လူ့ပြည်ဌာန လူ့လောကမှာ၊ လူဖြစ်နေတဲ့
အချိန်အခါမှာ လူ့လောကမှာ ဘုရားရှင်ပွင့်ထွန်းပေါ်
ပေါက်လာမှုကား ကောင်းလေစွ'

တဲ့၊ အဲဒါက ယမမင်းကြီးရဲ့ ဒုတိယတောင့်တချက်ပါ၊ ဘုန်းကြီးတို့ပရိသတ် စဉ်းစားကြည့်ပါ၊ ကိုယ် လူဖြစ်တဲ့အချိန်မှာ ဘုရားရှင် မပွင့်ရင် လူဖြစ်ရကျိုး နပ်ပါ့မလား"

"မနပ်ပါဘုရား"

"အေး...၊ အဲဒါကိုသိလို့ ယမမင်းကြီးက သူ လူဖြစ်တဲ့ အချိန်အခါမှာ ဘုရားရှင် ပွင့်ဖို့ရာ တောင့်တတာပါ၊ လူ့ အဖြစ်ဟာလည်း ခဲယဉ်းပါတယ်၊ ကဲ...လိုက်ဆိုကြည့်စမ်းပါ—

◆ **လူဖြစ်ဖို့ရာ၊ လောကမှာ၊ လွန်စွာခဲယဉ်းသည်။**

"အခု ငရဲပြည်ရောက်နေတဲ့ ယမမင်းကြီးက ငရဲပြည် ရောက်ခါမှ လူ့တန်ဖိုးကိုသိပြီး လူဖြစ်ရပါမူကား ကောင်းပေစွလို့ လူမဖြစ်ရတော့မှ လူဖြစ်ရတဲ့ တန်ဖိုး သိတယ်နော်"

"လူဖြစ်ပြီး ဘုရားရှင် မပွင့်ပြန်လည်း လူဖြစ်ရကျိုးမနပ် သေးဘူး၊ ဒါကြောင့် ယမမင်းကြီးက ဘယ်လိုဆက်ပြီး တောင့်တလဲဆိုတော့— 'ငါ လူဖြစ်တဲ့အချိန်အခါမှာ ဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်လာတာနဲ့ ကြုံကြိုက်ပါမူ ကောင်းလေစွ'တဲ့"

"ငါ လူဖြစ်ချိန်မှာ ဘုရားရှင်ပွင့်ရင် သိပ်ကောင်းမှာ ပဲလို့ **တောင့်တပါတယ်**၊ နောက်တစ်မျိုး တောင့်တတာက—

http://www.dhammadownload.com



'ငါ လူဖြစ်ချိန် ဘုရားပွင့်တဲ့အခါ၊ အဲဒီ ဘုရားရှင်ထံတော်ပါးသို့ ဆည်းကပ်ခစားသွားရောက်ရပါမူကား ကောင်းလေစွ' တဲ့—

"အေး...၊ လူဖြစ်တယ်၊ ဘုရားရှင်ပွင့်တယ်၊ ဘုရားရှင်ထံပါး အရောက်မသွားတဲ့လူတွေ အများကြီးမရှိဘူးလား"

"ရှိပါတယ်ဘုရား"

"ယမမင်းကြီးရဲ့ တောင့်တချက်ဟာ မဆုံးသေးပါဘူး၊ ဘုရားရှင်ထံပါး ဆည်းကပ်ခစား အရောက်သွားရုံလောက်နဲ့ ပြီးပြီလား၊ ဘုရားဖူးသွား၊ ဘုရားဆည်းကပ်သွားရုံနဲ့ အကျိုးကျေးဇူးက ပြီးရောလား၊ မပြီးသေးပါဘူး"

"ဘုရားဖူး၊ ဘုရားဆည်းကပ်တော့ သာမန်ကုသိုလ်ဖြစ်ပြီး နတ်ပြည်လောက်တော့ ရောက်မှာပေါ့၊ သံသရာဝဋ်ရဲ့ ကျွတ်လွတ်ရာနိဗ္ဗာန်ကို ရောက်မှာလား၊ မရောက်သေးပါဘူး၊ အဲဒါကြောင့် ယမမင်းကြီးက ဆက်ပြီးတောင့်တပြန်တယ်—

'ငါ လူဖြစ်တဲ့အခါ ဘုရားရှင်ပွင့်၊ ပွင့်တဲ့ဘုရားရှင်ထံ သွားပြီး ဆည်းကပ်တဲ့အခါ အဲဒီဘုရားရှင်က ငါ့ကို တရားဟောပေးပါမူကား ကောင်းလေစွ' တဲ့—

"သိပ်ကောင်းတဲ့ တောင့်တချက်ပဲ...၊ ဆည်းကပ်တဲ့ ဘုရားရှင်က သူ့ကို တရားဟောစေချင်တယ်၊ ဘုန်းကြီးတို့ ပရိသတ်တွေလည်း တရားဟောစေချင်လို့ လာပြီး စာပြန်ပွဲကြီးမှာ တရားနာကြတာပေါ့..."

http://www.dhammadownload.com



"ဘုရားမှန်း–ဘာမှန်းမသိသူတွေ၊ တရားနာရမှန်း–ဘာမှန်းမသိသူတွေက ဘုရားနားမှာ ပွဲတခြိမ့်ခြိမ့် သွင်းနေကြတယ်နော်"

"ဘုရားရှင်တိုင်းဟာ ပွဲလမ်းသဘင်တွေရဲ့ အပြစ်တွေကို ပြခဲ့ပါတယ်၊ နစ္စ, ဂီတ သိက္ခာပုဒ်နဲ့ တားမြစ်ခဲ့ပါတယ်၊ ဘုန်းကြီးတို့ပရိသတ် ဘုရားရှင်အလိုတော်ကျဖြစ်အောင် ကြိုးစားပါနော်၊ ဒါမှ သာသနာပြုရာရောက်မှာ၊ တရားဟောရင် ထွက်မပြေးချင်နဲ့..."

'အခုကြည့်လေ၊ တရားမနာရခါမှ တရားနာရတဲ့ကျေးဇူးသိပြီး ဘုရားရှင်က တရားဟောရင်ကောင်းမှာပဲတဲ့၊ နောက်တစ်ခု တောင့်တချက်ရှိသေးတယ်၊ ကောင်းလွန်းလို့ ပြောနေတာပါ–

'ဘုရားရှင်က တရားဟောတဲ့အခါ အဲဒီတရားတော်ကို ငါသိရပါမူ ကောင်းလေစွ' တဲ့–

"ကဲ...ဘုန်းကြီးတို့ပရိသတ် ယမမင်းကြီး ဘာဖြစ်ချင်တာလဲ၊ တရားသိရင် ကောင်းမှာပဲတဲ့၊ တရားနာပြီး တရားသိမှ အကျိုးကျေးဇူးရှိတာနော်၊ မသိရင် အကျိုးကျေးဇူးသိပ်မများသေးဘူး"

## ရပ်ပြစ်သင့်မှသိ

"လူတွေဟာ အများအားဖြင့် အကျိုးရှိတဲ့ဒေသမှာ နေရပေမယ့် အမှတ်မဲ့နေတော့ အကျိုးကျေးဇူးကြီးမှန်း

http://www.dhammadownload.com



မသိကြဘူး၊ အဲ...မရောက်သင့် မရောက်ထိုက်တဲ့ ရပ်ပြစ်သင့်တဲ့ အခု ငရဲဘုံလို ဒေသမျိုးရောက်သွားတော့မှ အပြစ်ကင်းတဲ့၊ အကျိုးရှိတဲ့ဒေသရဲ့ တန်ဖိုးကိုသိပါတယ်"

"ရပ်ပြစ်ရှစ်ပါး သင့်တော့မှ ဘုန်းကြီးတို့ပရိသတ်တွေ ဘုရားဖူးရတာ ဘယ်လောက်အကျိုးကျေးဇူးရှိတယ်၊ ဘုရားမဖူးရတာ ဘယ်လောက်အပြစ်ကြီးတယ်ဆိုတာ သိပါတယ်"

"တရားတော်နာကြားရတာ ဘယ်လောက်အကျိုးကျေးဇူးရှိတယ်၊ တရားတော် မနာရတာ ဘယ်လောက်ဆုတ်ယုတ်တယ်ဆိုတာ အဲဒီအပါယ်ဘုံရောက်တော့မှ သိတယ်နော်...၊ သိတော့လည်း လွန်သွားပြီ"

"လူ့အဖြစ်ဆုံးရှုံးပြီ၊ အပါယ်သို့ လုံးလုံးကျမှ လူဖြစ်ရတဲ့ အကျိုးကျေးဇူးသိတာ၊ ဘုန်းကြီးတို့ပရိသတ်ဟာ လူဖြစ်တဲ့ အခိုက် လူ့ဘဝကို အကျိုးရှိရှိအသုံးချကြပါ၊ လွန်မှ နောင်တရလို့ ကျေးဇူးမများပါဘူး"

## ဘယ်သူဆွဲခေါ်လို့လဲ

"အေး...၊သပ္ပဒါသထေရ်အလောင်းတော်ဖြစ်တဲ့ အမျိုးကောင်းသား မင်းယောက်ျားဟာ ရှေးကုသိုလ်ကံကြောင့် သာဝတ္ထိပြည်မှာ လူဖြစ်ပြီး ရှေးကုသိုလ်ကံ နှိုးဆော်လို့၊ ဆွဲခေါ်လို့ တရားပွဲသို့ရောက်လာပါတယ်"

http://www.dhammadownload.com



"ဘုန်းကြီးတို့ ပရိသတ်လည်း ဘယ်ရောက်လာလဲ...၊ တရားပွဲရောက်လာတယ်၊ ဘယ်သူ ဆွဲခေါ်လို့ ရောက်လာတာလဲ၊ ရှေးကုသိုလ်ကံ ဆွဲခေါ်လို့ ရောက်လာကြတာပါ"

စဉ်းစားပြီ

"တရားပွဲရောက်လာလို့ တရားနာတဲ့အခါ ရှေးကုသိုလ်ကံအားကောင်းတော့ တရားတော်ရဲ့ အတိမ်အနက် သဘောသဘာဝတွေကို နာကြားရင်းနဲ့ သိပါတယ်၊ သဘောပေါက်ပါတယ်၊ သဘောပေါက်တော့ အမျိုးကောင်းသားဟာ တရားနာရင်း စဉ်းစားပါတယ်—

'ဘုရားရှင် ဟောကြားတဲ့ တရားသဘောတွေကို ငါသိတယ်၊ ဘုရားရှင်၏ တရားတော်တွေသည် နက်နဲတယ်၊ မြင်နိုင်ခဲတယ်၊ သိနိုင်ခဲတယ်၊ သိမ်မွေ့တယ်၊ နူးညံ့တယ်၊ မြတ်တယ်၊ ပညာရှိတို့သာသိနိုင်တယ်၊ ကြံစည်စဉ်းစားတွေးတောရုံနဲ့ ရနိုင်တဲ့ တရားမျိုးမဟုတ်ဘူး၊ ကိုယ်တိုင်ကိုယ်ကျ အားထုတ်ယူမှ ရနိုင်တဲ့တရားမျိုးဖြစ်တယ်'

'အိမ်ရာတည်ထောင် လူတို့ဘောင်သည် ကျပ်တည်းတယ်၊ ကျဉ်းမြောင်းတယ်၊ ကိလေသာတည်းဟူသော မြူမှုန်တွေကျရောက်ရာဌာနဖြစ်တယ်၊ ရှင်, ရဟန်းအဖြစ်ဆိုတာ လွင်တီးခေါင်နှင့် တူတယ်'

http://www.dhammadownload.com



'ငါသည် ဆံ, မုတ်ဆိတ်, ကျင်စွယ်ကို ပယ်ရှား၍ ဖန်ရည်စွန်းသော အဝတ်သင်္ကန်းတို့ကို ဝတ်ရုံ ဆင်မြန်းကာ လူ့ဘောင်ကိုခွာရှောင်ပြီး ရဟန်းပြုကာ တရားအားထုတ်ရပါမူကား ကောင်းလေစွ'

လို့ တွေးတောကြံစည်ပါတယ်၊ စဉ်းစားပါတယ်၊ တရားနာရင်းနဲ့ စဉ်းစားတာနော်၊ ဘုန်းကြီးတို့ပရိသတ်တွေလည်း တရားနာရင်း စဉ်းစားပါတယ်၊ ဘယ်လိုစဉ်းစားလဲဆိုတာ ဘုန်းကြီးသိပါတယ်"

"ဒီတရားက ဘယ်တော့ပြီးမလဲ၊ တရားနာပြီး တရားပွဲပြီးရင် အိမ်သို့ ဘယ်အချိန်ရောက်အောင်ပြန်မလဲ၊ အိမ်ပြန်နောက်ကျရင်တော့ အခက်ပဲလို့ စဉ်းစားကြတယ်မဟုတ်လား၊ တရားကလဲ ရှည်လိုက်တာ မဆုံးနိုင်ဘူးလို့လဲ ပါသေးလား မသိဘူး"

## နှစ်ချက်ပဲပါတယ်

"အေး...ဘုန်းကြီးတို့ပရိသတ် တရားနာတယ်ဆိုတာ တရားတော်ရဲ့ အနက်အဓိပ္ပာယ်ကဘာလဲ၊ ဒီတရားတော်ထဲမှာ တို့ရှောင်ကြဉ်ရမှာက ဘာလဲ၊ တို့လိုက်နာရမှာက ဘာလဲ၊ ဒီလိုက်နာရမယ့်တရားတော်တွေကို တို့အတွင်းသန္တာန်မှာ လုံးဝတည်တံ့အောင် ဘယ်လိုလုပ်ရပါ့မလဲ၊ ရှောင်ကြဉ်ရမယ့်တရားတွေကို တို့သန္တာန်မှာ လုံးဝပြောင်စင်သွားအောင်

http://www.dhammadownload.com



ဘယ်လိုလုပ်ရပါ့မလဲလို့ တရားနာစဉ်မှာ ဒီလိုစဉ်းစားတွေးတောမှုမျိုးဖြစ်ရမှာပါ၊ ဒီလို စဉ်းစား တွေးတောမှုမျိုးဟာ ကောင်းပါတယ်၊ အဲဒါ တရားတော်နာတဲ့ ပုဂ္ဂိုလ်ပဲပေါ့"

"ဘုန်းကြီးတို့ တရားဟောတဲ့ပုဂ္ဂိုလ်က ဘယ်လောက်ပဲ သုံး, လေးနာရီကြာအောင်ဟော–ဟော အဲဒီတရားတွေကို အကျဉ်းချုပ်လိုက်ရင် ရှောင်ကြဉ်ဖို့ကို နည်းလမ်းပြပြီး ရှောင်ကြဉ်ရန် တိုက်တွန်းတယ်၊ နောက်တစ်ခုက ဒီတရားတွေကို ဘယ်လိုလိုက်နာကျင့်ကြံကြိုးကုတ်အားထုတ်ပါလို့ လိုက်နာကျင့်ကြံကြိုးကုတ်အားထုတ်ဖို့ရာ တိုက်တွန်းပါတယ်"

"ရှင်းရှင်းပြောရရင် ရှောင်ဖို့ရာတားမြစ်တိုက်တွန်းချက်နှင့် လိုက်နာဖို့ရာ တိုက်တွန်းချက်လို့ နှစ်ချက်ပဲပါပါတယ်၊ ဒီနှစ်ချက်အပြင် ဘာမှ မပါပါဘူး"

## အားထုတ်မယ်

"အခုဒီမှာ သပ္ပဒါသထေရ်အလောင်းတော် အမျိုးကောင်းသားဟာ တရားနာရင်း သဒ္ဓါဖြစ်ပါတယ်၊ သဒ္ဓါဖြစ်ပြီး စဉ်းစားတယ်၊ စဉ်းစားပြီး–

'ငါသည် အိမ်ရာတည်ထောင် လူတို့ဘောင်ကို ခွာရှောင်ပြီး အိမ်ရာမထောင်ရဟန်းဘောင်မှာ ရဟန်းဝတ်နဲ့ တရားဓမ္မကျင့်ကြံကြိုးကုတ်အားထုတ်တော့မယ်'

လို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်၊ ဘုန်းကြီးတို့ပရိသတ် စဉ်းစားကြည့်ပါ၊ ဒီဆုံးဖြတ်ချက်ဟာ လွယ်ပါ့မလား၊ သာမည

http://www.dhammadownload.com



လူတွေ မဆုံးဖြတ်နိုင်ပါဘူး၊ တစ်ထိုင်တည်း ဆုံးဖြတ်တာ နော်၊ ဘယ်သူ့ကိုမှ တိုင်ပင်တာမဟုတ်ဘူး၊ တိုင်ပင်နေရင်လည်း ဖြစ်မှာမဟုတ်ပါဘူး"

ရဟန်းဘဝခဲယဉ်း

"ဘုန်းကြီးတို့ပရိသတ် ရခဲလှတဲ့လူ့ဘဝမှ တစ်ဖန် ရခဲလှတဲ့ ရဟန်းဘဝ တက်လှမ်းဖို့ရာ ခဲယဉ်းလား၊ မခဲယဉ်း ဘူးလား စဉ်းစားကြည့်ပါ၊ အလွန်တရာမှ ခဲယဉ်းပါတယ်...၊ ဒုလ္လဘတရား ငါးပါးထဲမှာ ရဟန်းဖြစ်ဖို့ရာ ခဲယဉ်းတယ်ဆိုတဲ့ ဒုလ္လဘတစ်ပါး ပါတယ်၊ ဆိုကြည့်စမ်းပါ—

◆ **ရှင်, ရဟန်းဟာ၊ ဖြစ်ဖို့ရာ၊ လွန်စွာခဲယဉ်းသည်။**

"လူဖြစ်ဖို့ ခဲယဉ်းတယ်၊ အဲဒီ ခဲယဉ်းလှတဲ့ လူ့ဘဝ ရဟန်းဘဝရဖို့ရာ ပိုပြီးခဲယဉ်းတယ်၊ အခု မြန်မာပြည်မှာ လူဦးရေ သန်းပေါင်းသုံးဆယ်ကျော်ရှိတယ်၊ ရဟန်းက တစ်သိန်း လောက်ပဲရှိတယ်..."

"ရှင်, ရဟန်းဖြစ်ဖို့ရာ အမျိုးသမီးနဲ့ အမျိုးသား နှစ်မျိုးမှာ ဘယ်သူက အခွင့်ကြုံလဲ၊ ရနိုင်လဲ၊ အမျိုးသားတွေက အခွင့်ကြုံတယ်၊ ရနိုင်တယ်"

"အမျိုးသမီးတွေက အခွင့်မကြုံဘူး၊ မရနိုင်ဘူး၊ အမျိုးသမီးတွေအဖို့ ရှုံးပြီပေါ့၊ ရှင်, ရဟန်းပြုခွင့်မရဘူး၊ ရှုံးတယ်၊ ရှုံးပေမယ့် အမျိုးသမီးတွေက ရှုံးမှန်းသိလို့လား၊ မသိပါဘူး၊ အပြုံးမပျက်ပါဘူး၊ အလှပြင်မပျက်ပါဘူး"

http://www.dhammadownload.com



"ပြန်ပြောပါဦးမယ်...၊ ဘုရားပွင့်ဖို့ရာခဲယဉ်းတယ်...၊ အခု ဘုရားပွင့်တာကြုံတဲ့နေရာမှာ ယောက်ျားမိန်းမ တန်းတူ အခွင့်အရေးရပါတယ်"

"လူဖြစ်ဖို့ရာ ခဲယဉ်းတယ်ဆိုတာနဲ့ ပတ်သက်လို့လည်း တန်းတူလူဖြစ်လို့ တန်းတူအခွင့်အရေးပါပဲ၊ ယောက်ျားလည်းလူ၊ မိန်းမလည်းလူဆိုတော့ တန်းတူအခွင့်အရေးပေါ့"

"တရားဒေသနာနာဖို့ရာ လွန်စွာခဲယဉ်းသည်-ဆိုတဲ့ ခဲယဉ်းမှုနဲ့ပတ်သက်လို့လဲ အခု ယောက်ျား-မိန်းမ တန်းတူ နာရလို့ မရှုံးပါဘူး၊ တန်းတူ အခွင့်အရေးရပါတယ်"

"အဲ...တရားအတူတူနာပြီး ရဟန်းပြုချင်တဲ့ သဒ္ဓါ တရားပေါ်လာတော့ 'ရှင်, ရဟန်းဟာဖြစ်ဖို့ရာ၊ လွန်စွာခဲယဉ်း သည်' ဆိုတဲ့အတိုင်း ယောက်ျားနဲ့မိန်းမ နှစ်ဦးသားမှာ ဘယ်သူ ရှင်, ရဟန်းဖြစ်ခွင့်ရှိလဲ၊ အမျိုးသားတွေသာ ဖြစ်ခွင့်ရှိပါတယ်၊ အမျိုးသမီးတွေ ရှင်, ရဟန်းဖြစ်ခွင့်မရှိလို့ ရှုံးပြီပေါ့"

## စိတ်ဖြစ်ကာမျှ အကျိုးရ

"ကုသိုလ်စိတ် သာမန်ကလေးတောင် ဖြစ်ကာမျှနဲ့ အကျိုးရပါရင် အခု အင်မတန်ရခဲလှတဲ့ ရှင်, ရဟန်းအဖြစ် ရယူချင်တဲ့ သဒ္ဓါစိတ်ကလေး ဖြစ်လာတာဆိုရင် အင်မတန် အကျိုးကြီးမှာပေါ့နော်၊ ကိုယ်ကိုယ်တိုင် ဖြစ်တဲ့စိတ် မပြောပါနဲ့

http://www.dhammadownload.com



သူများတွေကျင့်တာကို ကြည်ညိုသဒ္ဓါဖြစ်တာ အကျိုးကြီးပုံကို နားထောင်ကြည့်ပါ—

◆ **တေသု စိတ္တပ္ပသာဒေပိ ဒုက္ခတော ပရိမောစယေ။ ပဂေဝါနုကိရိယာ တေသံ, မဇ္ဈသေ အနုဓမ္မတာ။**

**တေသု**—ထိုပါရမီဆယ်ပါး, အပြားသုံးဆယ်တို့ကို ဖြည့်ဆည်းပူးတော်မူကြကုန်သော အလောင်းတော်တို့၌။ **စိတ္တပ္ပသာဒေပိ**—ဖြည့်ဆည်းပူးနိုင်လေစွ, ဖြည့်ဆည်းပူးနိုင်လေစွဟု စိတ်က ကြည်ညိုခြင်းသည်ပင်လျှင်၊ **ဒုက္ခတော**—သံသရာဝဋ် ဆင်းရဲထဲမှ၊ **ပရိမောစယေ**—ကောင်းစွာမသွေ လွန်မြောက် စေနိုင်တော့၏။ **မဇ္ဈသေ**—ထိုအလောင်းတို့ ကျင့်တဲ့, ဖြစ်တဲ့ ပါရမီဆယ်ပါး အပြားသုံးဆယ်ဟုဆိုအပ်သော တရားတော် အား၊ **အနုဓမ္မတော**—တိုတရားတော်အား လျော်တဲ့တရား အနေအားဖြင့်၊ **တေသံ**—ထိုရှေးရှေးက ဘုရားရဟန္တာဖြစ်၍ သွားကြကုန်သော အလောင်းတော်တို့၏၊ **အနုကိရိယာ**— ကိုယ်က ဒါနစတဲ့ ပါရမီတော်တို့ကို ပြုလုပ်ဆည်းပူးခြင်းသည်၊ **ပဂေဝ**—အဘယ်မှာလျှင် ဆိုဖွယ်ရာစကား ရှိနိုင်ပါတော့အံ့ နည်း"

"သာဓု–သာဓု–သာဓု"

"အေး...ကုသိုလ်ပြုချင်စိတ် ဖြစ်ကာမတ္တနဲ့ အကျိုး ရှိတယ်ဆိုတာ မှတ်ထားပါနော်...၊ သူများ ကုသိုလ်ပြုနိုင်စွမ်း

http://www.dhammadownload.com



ရှိတာ ဝမ်းသာတာလည်း အကျိုးရှိတယ်ဆိုတာလည်း မှတ်ထားပါ။ ဒီနေရာမှာ မှတ်ဖို့ ဆောင်ဖို့ရာ ဆိုကြည့်စမ်းပါ—

- **ကုသိုလ်ပြုမည်၊ စိတ်ကရည်၊ ကြံစည်ကျိုးရှိသည်။**
- **သူများပြုရာ၊ ကုသိုလ်မှာ၊ ဝမ်းသာကျိုးရှိသည်။**

ဓမ္မန္တရာယ်

"အဲဒီသဘောကို နားမလည်ရင် ဘယ်လိုဖြစ်တတ်လဲ၊ ကုသိုလ်ပြုချင်စိတ် ဖြစ်သူက တိုင်ပင်တဲ့သဘောနဲ့ ပြောရင် အကြီးအကျယ်ကန့်ကွက်တဲ့သဘောနဲ့—

'အမယ်–အမယ်…မတူမတန် ရာရာစစ နင်က စိတ်ကူးစိတ်သန်းနဲ့ သွားပြီး မကြံလိုက်ပါနဲ့၊ ဒီလို အလုပ်မျိုးဆိုတာ ပါရမီရှင်တွေမှဖြစ်တာ၊ သာမန်လူတွေ ဖြစ်တာမဟုတ်ဘူး'

လို့ အဲဒီလို တားဆီး ကန့်ကွက် နှောင့်ယှက်လိုက်ရင် ပုညန္တရာယ်, ဓမ္မန္တရာယ်သင့်ပါတယ်"

"ဒါကြောင့် သူများတွေကိုရင်ဝတ်ချင်ပါတယ်၊ ရဟန်းဝတ်ချင်ပါတယ်၊ သီလရှင်ဝတ်ချင်ပါတယ်၊ တရားအားထုတ်ချင်ပါတယ် စသည်ဖြင့် ကုသိုလ်ရေးနဲ့ပတ်သက်ပြီး ပြောလာလျှင်—

'နင်နဲ့တူလား, တန်လား, မတူမတန်ဘဲနဲ့ နင် စိတ်မကူးနဲ့၊ ဖြစ်လည်းဖြစ်နိုင်တာမဟုတ်ဘဲနဲ့၊ ကတုံး

http://www.dhammadownload.com



အဖတ်တင်နေလိမ့်မယ်၊ တော်–တော်ကြာ ဟိုမရောက်, ဒီမရောက်နဲ့'

စသည်ဖြင့် ပြောကြားပိတ်ပင်တားဆီးတတ်ပါတယ်၊ မတား ကောင်းပါဘူး၊ ပုညန္တရာယ်, ဓမ္မန္တရာယ် သင့်တတ်ပါတယ်"

**ခုနစ်အသချေ၊ ကိုးအသချေ၊ လေးအသချေ**

"ဘုန်းကြီးတို့ပရိသတ် ကြားဖူးကြပါလိမ့်မယ်၊ ဆရာ တော်, သံဃာတော်တွေ တော်တော်များများ ဟောတတ်ကြ ပါတယ်၊ ဘုရားဖြစ်ဖို့ရာ, ဘုရားဆုပန်ဖို့ရာ 'ငါသည် ဘုရား အဖြစ်နဲ့ နိဗ္ဗာန်ဝင်မယ်၊ ဘုရားဆုပန်မယ်' ကြံစည်စိတ်ကူး နေတာကပဲ ခုနစ်အသချေတဲ့၊ အဲဒါ ကြံစည်ရုံကလေးနော်၊ နှုတ်က မထွက်သေးဘူး"

"အေး...အဲဒါကို သဘောမပေါက်တော့ ယခုစိတ်ကူး ရုံမျှမက နှုတ်ကထွက်ပြောနေတာ၊ အဲဒါ မသိတဲ့သူတွေက အသိလုပ်ပြီး 'ရာရာစစ စိတ်မကူးသင့်တာ မကူးပါနဲ့'စသည် ဖြင့် မပြောသင့်ပါဘူး"

"ဘုရားဖြစ်ဖို့ရာ, ဘုရားဆုပန်ဖို့ရာ ကြံစည်စိတ်ကူး တာက ခုနစ်အသချေတဲ့၊ ကြံစည်စိတ်ကူးပြီး ဘုရားဖြစ်အောင် ကြိုးစားမယ်၊ ဘုရားဆုပန်မယ်လို့ ဆုံးဖြတ်ချက်ချပြီး နှုတ်က ပြောလည်းပြောတယ်၊ နှုတ်နဲ့လည်း ဆုပန်တယ်၊ အဲဒါက ကိုးအသချေတဲ့"

http://www.dhammadownload.com



"အချို့လူထဲမှာ ဘုရားဆုပန်တဲ့လူတွေ တော်တော်များများ တွေ့ရပါတယ်၊ နှုတ်ကထွက်ပြီးတော့ ဆုပန်ကြပါတယ်၊ အဲဒီလို ဘုရားဆုပန်တာကိုလည်း 'နင်လိုလူက ဘုရား ဖြစ်မှာလား၊ နင်သာဘုရားဖြစ်လို့ရှိရင် နင့်ထံမှာ ငါ တရားမနာ ဘူး' စသည်ဖြင့် အချို့က ပြောတတ်ကြပါတယ်"

"ဘုန်းကြီးတို့ပရိသတ် အဲဒီလို ဘုရားဆုပန်တာမျိုးကို တွေ့ရင်လည်း မပိတ်ပင် မတားဆီးမကဲ့ရဲ့ပါနဲ့၊ ဘုရားဆုပန်ဖို့ရာ လွယ်သလား၊ မလွယ်ပါဘူး၊ စိတ်ကူးတောင် ခုနစ်အသင်္ချေ တဲ့..."

"ဘုရားရှင်ဖြစ်ဖို့ ဘုရားဆုပန်တာ နှုတ်ထွက်ပြီးပန်တာက ကိုးအသင်္ချေတဲ့၊ နောက်တစ်ခါ ကိုယ်ရော၊ နှုတ်ရော ဘုရားဖြစ်ဖို့ရာ ကျင့်ကြံကြိုးကုတ် အားထုတ်တာက လေး အသင်္ချေတဲ့"

"ကုသိုလ်ရေးမှာ တကယ် အလုပ်လက်တွေ့ဆိုတာ မပြောပါနဲ့၊ ကြံစည်စိတ်ကူးဖို့ရာပင် မလွယ်ဘူးဆိုတဲ့ သာဓက ပဲနော်၊ ကြံစည်နိုင်ဦး၊ နှုတ်ထွက်ပြောဖို့ရာ မလွယ်ကူပါဘူး၊ နှုတ်ထွက်ပြောဦး၊ တကယ် အကောင်အထည်ဖော်ပြီး အလုပ်၊ လုပ်ဖို့ ခဲယဉ်းပါတယ်နော်"

"မှန်ပါတယ်ဘုရား"

"နှုတ်က ထုတ်ပြောပြီဆိုတော့ ပြောသူအဖို့မှာ စိတ်ကူး အဆင့်လွန်လာပြီဆိုတော့ အတော်ရင့်လာပါပြီ၊ အပြောကနေ

http://www.dhammadownload.com



အကောင်အထည်ဖော်တဲ့အဆင့် ရောက်ဖို့ရှိပါတော့တယ်၊ အဲဒါကို သွားပြီး ပိတ်ပင်တားဆီး အကန့်အကွက် အနှောင့်အယှက်ပြုလုပ်ရင် ဓမ္မကို အန္တရာယ်လုပ်လို့ ဓမ္မန္တရာယ် သင့်တယ်လို့ မှတ်ပါ"

## ပရိသတ်နှစ်မျိုး

"ဘုန်းကြီးတို့ သပ္ပဒါသထေရ်အလောင်းတော် အမျိုးကောင်းသားကတော့ တရားနာရင်း သဒ္ဓါဖြစ်၊ ရဟန်းပြုဖို့ စိတ်ကူးဆုံးဖြတ်ချက်ချတယ်၊ ရဟန်းဖြစ်အောင်လုပ်မယ်၊ ရဟန်းဝတ်နဲ့ တရားအားထုတ်မယ်လို့ ဆုံးဖြတ်ချက်ချက်လိုက်တယ်၊ သူများတွေ ထုတ်ပြောချိန်တောင် မထားတော့ဘူး"

"တရားပွဲကြီးပြီးသွားပြီ၊ တရားပွဲပြီးသွားတဲ့အခါ အများပရိသတ်တွေက ကိုယ့်အိမ်ဘက်သို့ ခြေဦးလှည့်ပြီး အိမ်အမြန်ပြန်ရောက်ဖို့ရာ ခပ်သုတ်သုတ် ပြန်ကြပါတယ်"

"သူတို့စိတ်ကူးက အိမ်ပြန်ဖို့ပဲ စိတ်ကူးရှိတာ၊ တခြားစိတ်ကူးမှ မရှိတာ၊ အဲဒီတော့ အိမ်ကိုပဲ ခပ်သုတ်သုတ်ပြန်ရတာပေါ့"

"အဲဒီ သပ္ပဒါသထေရ်အလောင်းတော် အမျိုးကောင်းသားကတော့ အများနဲ့မတူပါဘူး၊ အများပရိသတ်ကို ကျောပေးပြီး ဘုရားရှင်ထံ သွားပါတယ်"

http://www.dhammadownload.com



"ဘုန်းကြီးတို့ပရိသတ် ကျောချင်းကပ်ပြီးပြေးရင် တဖြည်း ဖြည်း နီးလာလား, ဝေးသွားလား၊ ဝေးသွားတယ်နော်"

"မှန်ပါဘုရား"

"အေး...အမျိုးကောင်းသားက ပရိသတ်ကို ကျော ပေးပြီး ဘုရားရှင်ထံ မျက်နှာမူသွားတယ်၊ အများပရိသတ်က ဘုရားရှင်ကို ကျောပေးပြီး အိမ်ကို မျက်နှာမူသွားတယ်"

"အခု ဘုန်းကြီးတို့ ဟသာတပရိသတ်လည်း နှစ်မျိုးဖြစ် မလား, တစ်မျိုးတည်းဖြစ်မှာလား၊ ဘုန်းကြီးကတော့ တစ်မျိုး တည်းဖြစ်မယ်လို့ အတတ်ပြောမယ်"

"ဘာဖြစ်လို့ ပြောနိုင်လည်းဆိုရင် တရားပွဲပြီးရင် ဘုန်းကြီးဘက် မျက်နှာမူလာပြီး...အရှင်ဘုရား...၊ တပည့် တော်ကို သီလရှင်ဝတ်ပေးပါဘုရား၊ ရဟန်းခံပေးပါဘုရားလို့ လျှောက် ထားမယ့်သူရှိမှာ မဟုတ်လို့ပါ"

"ဟိုမှာတော့ နှစ်မျိုးဖြစ်ပါတယ်၊ အမျိုးကောင်းသား ဟာ ဘုရားဘက်မျက်နှာမူသွားပါတယ်၊ ပရိသတ်က အိမ်သို့ မျက်နှာမူသွားတယ်၊ အိမ်မျက်နှာမူသွားတဲ့ ပရိသတ်တွေ အိမ်မရောက်မီ မြတ်စွာဘုရားဆီ မျက်နှာမူသွားတဲ့ အမျိုး ကောင်းသားက ဘုရားရှင်ထံမှောက်ရောက်ပြီး ရှိခိုးဦးချပြီး လျှောက်ထားပါတယ်—

http://www.dhammadownload.com



'မြတ်စွာဘုရား...၊ ဘုရားတပည့်တော်သည် အကြောင်းအခြင်းအရာအားဖြင့် ဘုရားရှင်ဟောကြား မြတ်တရားကို သိပါတယ်ဘုရား'

'မြတ်စွာဘုရား...ဘုရားရှင်ဟောကြား မြတ်တရားကို အိမ်ရာတည်ထောင် လူ့ဘောင်မှာနေပြီး ကျင့်ကြံကြိုးကုတ် အားထုတ်လို့တော့ဖြင့် အလျှင်အမြန် ပြည့်ပြည့်စုံစုံ ဖြူဖြူစင်စင် ပွင့်သစ်စ ခရုသင်းအတူ ရယူကျင့်ကြံဖို့ရာ မလွယ်ကူဘူးလို့ သိပါတယ်ဘုရား'

'တပည့်တော်တို့ အိမ်ရာတည်ထောင် လူ့ဘောင်ဆိုတာ သား, သမီး, သား, မယား, စတဲ့အနှောင်အဖွဲ့တွေနဲ့ ကျပ်တည်းကျဉ်းမြောင်းလှပါတယ်ဘုရား'

'ရှင်, ရဟန်းဘဝဆိုတာ အနှောင်အဖွဲ့ လွတ်ကင်းသဖြင့် လွင်တီးခေါင်နှင့် တူလှပါတယ်ဘုရား၊ ကိလေသာမြူမှုန်တွေလည်း ဝေးပါတယ်ဘုရား'

'ဒါ့ကြောင့် ဘုရားတပည့်တော်သည် အိမ်ရာတည်ထောင် လူတို့ဘောင်ကို ခွာရှောင်ပြီး အိမ်ရာမထောင် ရဟန်းဘောင်မှာ ရဟန်းဘဝနှင့် ကျင့်ကြံကြိုးကုတ် အားထုတ်ချင်ပါတယ်ဘုရား၊ မြတ်စွာဘုရားတပည့်တော်ကို ရှင်ပြုပေးတော်မူပါဘုရား၊ ရဟန်းပြုပေးတော်မူပါဘုရား'

http://www.dhammadownload.com



လို့ လျှောက်ထားပါတယ်၊ ဘုရားရှင်လည်း သူ့ရဲ့ ရဟန္တာဖြစ်မယ့် အထောက်အပံ့ ဥပနိဿယကို မြင်တော်မူ၍ အလွယ်တကူပဲ တစပဥ္စက ကမ္မဋ္ဌာန်းပေးပြီး ရှင်, ရဟန်းပြုပေးလိုက်ပါတယ်"

## ရောက်ချင်တဲ့စိတ်

"အမျိုးကောင်းသားဟာ လူ့ဘဝမှ ရဟန်းဘဝသို့ ရောက်သွားပြီး ခဲယဉ်းလှပါတယ်ဆိုတဲ့ ဘဝကြီးကို ဘုရားရှင်ရဲ့ ချီးမြှောက်ချက်ကြောင့် ရောက်သွားပြီ...၊ အဲဒါ ဘာဖြစ်လို့ ရောက်လဲဆိုရင် ရောက်ချင်တဲ့စိတ်ကြောင့် ရောက်တာပါ"

"အဲဒီရောက်ချင်တဲ့စိတ်ဖြစ်အောင် ရှေးကုသိုလ်ကံက နှိုးဆော်တာပါ...၊ တရားပွဲသွားအောင်လည်း ရှေးကုသိုလ်ကံက နှိုးဆော်တာပါ၊ တရားနာပြီးတော့ ရဟန်းပြုချင်စိတ်ပေါ်အောင်လည်း ရှေးကုသိုလ်ကံက နှိုးဆော်ပါတယ်"

## အလုပ်နှစ်မျိုး

"ဘုန်းကြီးတို့ ဘုရားရှင်သာသနာတော်မှာ လုပ်ရမယ့် အလုပ်က နှစ်မျိုးပဲရှိပါတယ်...၊ လူ့ဘောင်ဌာန လူ့လောကမှာလို ကိစ္စတွေ မများပါဘူး၊ အဲဒီနှစ်မျိုးကလည်း တကယ်ကြိုးစားလုပ်ရင် တကယ်ပြီးနိုင်တဲ့အလုပ်တွေပါ၊ မပြီးနိုင်တဲ့ အလုပ်တွေမဟုတ်ပါဘူး"

http://www.dhammadownload.com



"လူ့ဘောင်မှာ အလုပ်တွေလည်းများတယ်၊ ပြီးလည်း မပြီးနိုင်ဘူး၊ အဲဒီအလုပ်တွေပြီးမှ တရားအားထုတ်မယ်ဆိုရင်လည်း အားမထုတ်ပါဘူးဆိုတာနဲ့ အတူတူလို ဖြစ်နေပြီ၊ သေတောင် မပြီးတဲ့အလုပ်တွေပါ"

"သာသနာတော်မှာ ရှင်တွေ, ရဟန်းတော်တွေ ကြိုးစားလုပ်ရမယ့် အလုပ်နှစ်ခုက ပရိယတ်အလုပ်နှင့် ပဋိပတ်အလုပ်လို့ နှစ်မျိုးပဲရှိပါတယ်"

"ပရိယတ်ဆိုတာ စာသင်, စာချ, တရားဟော, တရားနာတဲ့ အလုပ်မျိုးတွေပေါ့၊ ပဋိပတ်ဆိုတာ သီလအကျင့်, ဓုတင်အကျင့်, ဝိပဿနာအကျင့်, သမာဓိ–ပညာအကျင့်တွေပေါ့။ ရဟန်းဘဝရောက်ပြီးတော့ ဦးစွာပထမ သင်စရာတွေကိုသင်ပါတယ်၊ သင်ပြီးတော့ ကျင့်စရာတွေကို ကျင့်ကြံကြိုးကုတ်အားထုတ်ပါတယ်"

## မပျော်မွေ့ပြီ

"အဲ. . .ကျင့်ကြံကြိုးကုတ်အားထုတ်လို့ ရက်များမကြာမီမှာပဲ သာသနာတော်မှာ မပျော်မွေ့တော့ပါဘူး၊ ငြီးငွေ့လာပါတယ်၊ လျောင်း, ထိုင်, ရပ်, သွား လေးပါးဣရိယာပုထ်မှာ ဘယ်ဣရိယာပုထ်နဲ့မှ မပျော်တော့ပါ"

"ထိုင်အားထုတ်လည်း မပျော်ပါ၊ စင်္ကြံလျှောက်အားထုတ်လည်းမပျော်ပါ၊ လျောင်းအားထုတ်လည်းမပျော်ပါ၊

http://www.dhammadownload.com



ရပ်အားထုတ်လည်း မပျော်ပါ၊ ပရိသတ်ထဲလည်း မပျော်ပါ၊ သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်မှာလည်း မပျော်ပါ၊ တောထဲ–တောင်ထဲလည်း မပျော်ပါ၊ သာသနာတော်မှာ ရဟန်းဘဝနဲ့ ဘယ်လိုမှမပျော် ဖြစ်နေပါတယ်…"

"အဲဒီလို သာသနာတော်မှာ မပျော်တော့ လူထွက်ပါလား၊ လူဝတ်လဲပါလားဆိုတော့လည်း သူက လူမထွက်နိုင်၊ လူဝတ်မလဲနိုင်ပါ၊ လူမထွက်နိုင်ဘဲ ဘယ်လိုစဉ်းစားလဲဆိုတော့–

'ငါလို သူတစ်ပါးမတိုက်တွန်းရဘဲ ငါ့သဒ္ဓါတရားနဲ့ငါ သာသနာတော်တွင်းသို့ ဝင်ရောက်လာတဲ့ အမျိုးကောင်းသားဟာ မြင့်မြတ်လှတဲ့, ရခဲလှတဲ့ ရဟန်းဘဝကိုစွန့်ခွာကာ လူထွက်ခြင်းငှာ, လူဝတ်လဲခြင်းငှာ မသင့်လျော် မလျောက်ပတ်ဘူး'

'ငါလို…ငါ့သဒ္ဓါတရားနဲ့ငါ သာသနာတော်တွင်းဝင်ရောက်လာတဲ့ အမျိုးကောင်းသားဟာ မြင့်မြတ်တဲ့ ရဟန်းဘဝကို စွန့်ခွာပြီး လူထွက်ခြင်း, လူဝတ်လဲခြင်းထက် မြင့်မြတ်တဲ့ ရဟန်းဘဝနဲ့ပဲ သေရခြင်းက မြတ်ပါသေးတယ်…'

'လူထွက်ပြီး လူ့အဖြစ်နဲ့ ကိလေသာမြူမှုန်တောထဲမှာ အညစ်နွှမ်းမခံဘူး၊ ရဟန်းဘဝနဲ့ပဲ သေရတာ မြတ်ပါတယ်'

http://www.dhammadownload.com



လို့ ကြံစည်စဉ်းစားပြီး သူ့ရဲ့သေကြောင်းပဲ ကြံစည်စဉ်းစားကာ လှည့်လည်နေပါတယ်၊ အဲဒါ အကုသိုလ်ဝင်တာပဲလို့ အရှင်မြတ်ဟာ မသိပါဘူး"

"စဉ်းစားကြည့်လေ...၊ သေချင်စရာအကြောင်း ကြီး, ငယ် ဘာတစ်ခုမျှမရှိဘဲနဲ့ သေချင်တယ်ဆိုတာ အကြောင်းမဲ့ သက်သက် မဟုတ်နိုင်ပါဘူး"

## မသေတတ်ဖြစ်နေတယ်

"ဒီ သပ္ပဒါသထေရ်ကလည်း သာမည ရဟန်းမှ မဟုတ်ဘဲ၊ ဒီဘဝမှာ ကေန်ရဟန္တာဖြစ်မယ့် ပစ္ဆိမဘဝိကသားပဲဟာ၊ ရဟန္တာမဖြစ်ဘဲနဲ့ ဘယ်သေလို့ရမလဲ၊ ရဟန္တာဖြစ်ပြီးမှ သေရမှာ"

"ဘုန်းကြီးတို့ပရိသတ် မှတ်ထားပါ၊ ပစ္ဆိမဘဝိကသား ဆိုတာ ဒီဘဝဟာ နောက်ဆုံးဘဝပါ၊ နောက်တစ်ခါ ဘဝ မဖြစ်ရတော့ပါ၊ ဒီနောက်ဆုံးဘဝမှာ ရဟန္တာဖြစ်ရမယ့်ပုဂ္ဂိုလ် ပါ"

"ဒါကြောင့်လားမသိဘူး၊ သူ့မှာ မသေတတ်ဖြစ်နေ တယ်၊ တကယ်တော့ သေတယ်ဆိုတာ ဘာခက်လဲ၊ ကြိုးဆွဲချသေမလား၊ ရေတွင်းထဲခုန်ချသေမလား၊ နှာခေါင်း ပိတ်ပြီး အသက်အောင့်သေမလား၊ အဆိပ်သောက်သေမလား၊ သေစရာတွေ အများကြီးပဲ၊ သေနည်းတွေ အများကြီးပဲ"

http://www.dhammadownload.com



"ဒါပေမယ့် သူ မသေတတ်ဘူး၊ သူ့ကိုယ်သူ ဘယ်လို သေရမလဲဆိုတာ မကြံစည်တတ်ဖြစ်နေတယ်၊ သာသနာတော်မှာလည်း မပျော်ဘူး၊ သေရာသေကြောင်း ကြံစည်ရင်လည်း မရဘူး၊ မတွေ့ဘူးဖြစ်နေတယ်"

"ဘာဖြစ်လို့ သေကြောင်းကြံပါရက်နဲ့ အထမမြောက် မအောင်မြင်လဲလို့မေးရင် သူ့ကုသိုလ်က တားထားလို့ပဲ ပြောရမှာပါ၊ ဟုတ်တယ်လေ...၊ သူ့ကုသိုလ်က သေချင်တဲ့ အကုသိုလ်ကံ အထမမြောက်အောင် တားထားနိုင်တယ်၊ မသေအောင် တားမြစ်ထောက်ပံ့နိုင်တဲ့အတွက် မသေတာလို့ ပြောရပါ့မယ်"

## သေခါနီးသိက္ခာချ

"အချို့ရှိပါတယ်၊ ဘုန်းတို့တော့ အနီးကပ်မတွေ့သေးပါဘူး၊ ကြားဖူးတော့ကြားဖူးပါတယ်၊ တိတိကျကျ ကြားဖူးပါတယ်၊ အချို့ဆရာတော်များ သေခါနီးမှာ သိက္ခာချတယ်တဲ့၊ အဲဒါဟာ အတော်မကောင်းတာပဲ"

"သီလနှင့်သာ၊ သေသာသေလည်း၊ သေရာမရောက်၊ ဝမ်းသာမြောက်လော့-တဲ့၊ ဘယ်လောက်အားရစရာကောင်းလဲ၊ တစ်သက်လုံး သိက္ခာတွေ ထိန်းသိမ်းစောင့်ရှောက်လာပြီး သေခါနီးကျမှ သိက္ခာချလိုက်တော့ ရှုံးတာပေါ့"

http://www.dhammadownload.com



"သီလနဲ့မသေရဘဲ၊ သီလမပါ သိက္ခာမရှိ သေရမယ် ဆိုတော့ ရှုံးတာပေါ့၊ အခု သပ္ပဒါသထေရ်ကတော့ သာသနာ တော်မှာလည်း မပျော်ဘူး၊ လူလည်းမထွက်နိုင်ဘူး၊ ရဟန်း ဘဝနဲ့ သီလ, သိက္ခာရှိရှိနဲ့ အသေခံမယ်...သေမယ်တဲ့"

## မြွေကိုက်ခံသေမယ်

"အဲဒီလိုနဲ့ နေ့ရက်တွေများစွာ ကုန်ခဲ့ပြီပေါ့၊ သေချာတာ ကလည်း မပျောက်သေးဘဲ သေချင်ဆဲပဲ ရှိသေးတယ်၊ တစ်နေ့... စောစော ဆွမ်းစားပြီးတဲ့ရဟန်းတော်တွေဟာ ကျောင်းသို့သွား၍ ဇေတဝန်ကျောင်းတော်ရဲ့ မီးတင်းကုတ်ထဲ မီးဖိုချောင်ထဲမှာ မြွေဟောက်တစ်ကောင်ကိုတွေ့မြင်ကြတယ်"

"အဲဒီမြွေဟောက်ကို ရဟန်းတော်သုံးလေးပါးဝိုင်းပြီး ညှပ်နဲ့ညှပ်တဲ့ကိုယ်တော်ကညှပ်၊ တုတ်နဲ့ဖိတဲ့ကိုယ်တော်က ဖိပြီး ဖမ်းမိတော့ အိုးထဲထည့်တယ်၊ အဖုံးပိတ်တယ်"

"အေး...ရဟန်းတော် သုံး,လေးပါး အဲဒီမြွေထည့် ထားတဲ့ အိုးကိုယူပြီး ကျောင်းဝိုင်းအပြင်ဘက် လွှတ်ရာ, ကျွတ်ရာမှာ သွားလွှတ်မယ်ဆိုပြီး ကျောင်းပြင်ဘက် ရှေးရှု သွားကြပါတယ်၊ လမ်းမှာ သပ္ပဒါသထေရ် သေချင်တဲ့ကိုယ် တော်နဲ့ တွေ့ကြပါတယ်"

"အဲဒီလိုတွေ့တဲ့အခါ သပ္ပဒါသထေရ်က 'ငါ့ရှင်တို့ အဲဒါ ဘာလဲ' လို့ မေးပါတယ်၊ ''ဘယ်သွားကြမလဲ' လို့

http://www.dhammadownload.com



မေးပါတယ်၊ မေးတော့ ကိုယ်တော်တွေက 'ငါ့ရှင်...၊ ဒါဟာ မြွေဟောက်ပဲ၊ အဲဒီမြွေဟောက် သွားလွှတ်မလို့'လို့ ပြောလိုက်ပါတယ်"

"အဲဒီလိုပြောတဲ့အခါ သပ္ပဒါသထေရ်ဟာ 'အတော်ပဲ၊ ငါကလည်း သေချင်နေတယ်၊ ငါ့ကိုယ်ငါ ဒီမြွေနဲ့အကိုက်ခံပြီး သေတော့မယ်'လို့ ကြံစည်စိတ်ကူးပါတယ်"

"အဲဒီလိုစိတ်ကူးပြီး 'ငါ့ရှင်တို့ အဲဒီမြွေကို ငါ့ရှင်တို့ သွားမလွှတ်နဲ့၊ တပည့်တော်ပဲ သွားလွှတ်မယ်၊ တပည့်တော်ပဲ ပေးပါ' လို့ ပြောပြောဆိုဆိုပဲ အဲဒီရဟန်းတော်တို့ရဲ့လက်မှ မြွေထည့်ထားတဲ့အိုးကို ယူပါတယ်"

"မြွေလွှတ်မယ့်ကိုယ်တော်တွေကလည်း သူ အဟုတ် အမှန် လွှတ်မယ်ထင်ပြီး 'ရော့ကိုယ်တော်' ဆိုပြီး အလွယ် တကူနဲ့ပဲ မြွေထည့်ထားတဲ့အိုးကို ပေးလိုက်ပါတယ်"

"သပ္ပဒါသထေရ်ဟာ အဲဒီမြွေထည့်ထားတဲ့အိုးကို အသာ ထမ်းပြီး ဇေတဝန်ကျောင်းဝိုင်းအပြင်ဘက်သို့ သွားပါတယ်၊ ဟိုကိုယ်တော်တွေကတော့ သူ သွားလွှတ်မယ်ထင်ကြမှာပေါ့"

"သူကတော့ မလွှတ်ဘူး၊ ကျောင်းဝိုင်းအပြင်ဘက် တောအုပ်ကလေး တစ်ခုသို့လည်းရောက်ရော တောစပ်မှာ အိုးကိုချတယ်၊ ချပြီးတော့ လက်တစ်ဖက်ဝင်သာရုံမျှ အဖုံးကို ဖွင့်ပြီး မြွေအား မိမိကိုယ်ကိုကိုက်စေပါတယ်၊ မြွေကမကိုက် ချင်ပါဘူး...၊ မကိုက်ပါဘူး"

http://www.dhammadownload.com



"မြွေမကိုက်လို့စိတ်ပျက်ပြီး ကိုက်အောင်ဆိုတဲ့သဘောနဲ့ အိုးထဲလက်နှိုက်ပြီး ထိုမှ–ဤမှ မွှေနှောက်ပါတယ်၊ မြွေကလည်း ကိုက်ဖို့နေနေသာသာ တုတ်တုတ်မျှ မလှုပ်ပါဘူး၊ ခေါင်းကို အခွေထဲထည့်ပြီး ခွေနေတယ်"

"ဒါနဲ့ အိုးအဖုံးကို ဖွင့်ပါတယ်၊ ဖွင့်ပြီး မြွေကို ဆိတ်ဆွ အခွေကို ဖြေ၊ ပါးစပ်ဖြဲ ပါးစပ်ထဲ လက်ညှိုးထည့်လည်း မြွေက မကိုက်ဘူး"

"ကိုယ်တော်မှာ မြွေမကိုက်လို့ စိတ်ပျက်နေပါတယ်၊ ဘယ့်နှယ်လဲ၊ ဟိုကိုယ်တော်တွေပြောလိုက်တာကတော့ မြွေဟောက်တဲ့၊ အခု ငါ အကြိမ်ကြိမ် မွှေနှောက်တော့လဲ မကိုက်၊ ပါးစပ်ထဲ လက်ထည့်တော့လည်း မကိုက်"

"တန်တော့...တန်တော့ 'ဒီမြွေဟာ မြွေဟောက်မဟုတ်တန်ရာ၊ ရေမြွေလား, လင်းမြွေလားမသိ' လို့ စဉ်းစားပြီး စိတ်ပျက်ပျက်နဲ့ မြွေကို အိုးတွင်းမှထုတ်ခဲ လွှတ်ပြီး ကျောင်းဝိုင်းထဲ ပြန်လာပါတယ်"

## မြွေဟောက်ပါ

"အဲဒီလိုပြန်လာတဲ့အခါ ခုနက မြွေဖမ်းပြီး လွှတ်ရန်သွားတဲ့၊ သူ့ကို မြွေထည့်ထားတဲ့ရေအိုးပေးလိုက်တဲ့ ကိုယ်တော်တွေနဲ့ တွေ့တဲ့အခါ ကိုယ်တော်တွေက သူ့ကို 'ဘယ့်

http://www.dhammadownload.com



နယ်လဲ ငါ့ရှင်၊ သင်သည် မြွေလွှတ်ပြီးပြီလား' လို့ မေးပါတယ်"

"အဲဒီလိုမေးတဲ့အခါ သပ္ပဒါသထေရ်က 'ငါ့ရှင်တို့က မြွေဟောက်လို့ ပြောတယ်၊ မြွေဟောက်လည်း မဟုတ်ဘဲနဲ့'လို့ ပြန်ပြောတယ်"

"ဒီတော့ မြွေလွှတ်တဲ့ကိုယ်တော်တွေက 'မြွေဟောက်ပါ ငါ့ရှင်' လို့ ပြောတော့ 'အမယ်လေး၊ ငါ့ရှင်တို့ကသာ မြွေဟောက်လို့ ပြောနေတာ၊ တပည့်တော်က အဲဒီမြွေအကိုက်ခံသေရအောင်ဆိုပြီး ငါ့ရှင်တို့ဆီက မြွေထည့်ထားတဲ့အိုးကို တောင်းယူပြီး ကျောင်းဝိုင်းအပြင်ရောက်တော့ မြွေအိုးချ၊ အဖုံးဖွင့်၊ လက်နဲ့နှိုက်၊ မွှေနှောက်၊ ဆိတ်ဆွနဲ့ အမျိုးမျိုးလုပ်တယ်၊ မြွေက မကိုက်ပါဘူး၊ မကိုက်တာနဲ့ အိုးအဖုံးဖွင့်ပြီး ကြည့်တော့ ခွေနေတာနဲ့ အခွေကိုဖြေပြီး ပါးစပ်ဖြဲကာ ပါးစပ်ထဲ လက်ထည့်လည်း မကိုက်ပါဘူး...' လို့ ပြောတော့ ဟိုကိုယ်တော်တွေ မျက်လုံးပြူးကုန်တယ်၊ အံ့အားသင့်ကြတယ်၊ ဆိတ်ဆိတ်နေကြတယ်"

"ဟိုကိုယ်တော်တွေက 'အရှင်ဘုရားရယ်၊ မကိုက်လို့သာမကိုက်ရတာ အဲဒီမြွေဟာ မြွေဟောက်ပါ၊ တပည့်တော်တို့ သုံး, လေးပါး အတော်ကြိုးစားပြီးဝိုင်းဖမ်းရပါတယ်၊ ခဲရာခဲဆစ်ကို ဖမ်းရပါတယ်၊ ပါးပျဉ်းတထောင်ထောင်နဲ့' လို့

http://www.dhammadownload.com



ပြောတော့ သပ္ပဒါသထေရ်က 'ပါးပျဉ်းသာထောင်တယ်၊ ကိုက်လည်း မကိုက်ပါလား' ဆိုတော့ ဟိုကိုယ်တော်တွေ တိတ်သွားတယ်နော်"

"မှန်ပါဘုရား"

"သူကလက်တွေ့ကိုး၊ ဟိုကိုယ်တော်တွေလည်း သူတို့ဟာနဲ့သူတို့ လက်တွေ့ပါပဲ၊ မြွေမကိုက်လို့ သေချင်ရက်နဲ့ မသေရလို့ စိတ်ညစ်နေတဲ့ကိုယ်တော်ဟာ ဒီကိုယ်တော်ပဲ"

## သေစရာဓား

"အဲဒီလိုနဲ့ သာသနာတော်မှာလည်း မပျော်၊ လူလည်း မထွက်ချင်ဘဲနှင့် သေစရာနည်းလမ်းရှာရင်းနဲ့ နေလာခဲ့ရာ တစ်နေ့တော့ သေစရာလက်နက် တွေ့ပြန်တယ်၊ ဘာလဲ ဆိုတော့ သင်ဓုန်းဓားပေါ့"

"ရှေးက ကိုယ်တော်တွေမှာ ခေါင်းရိတ်တဲ့သင်ဓုန်းဓား ကိုယ်စီမရှိဘူးနဲ့တူတယ်၊ တစ်နေ့ ဆတ္တာသည်တစ်ယောက် သင်ဓုန်းဓားနှစ်ချောင်း၊ သုံးချောင်းယူလာပြီး ကျောင်းတိုက်ထဲရှိ ကိုယ်တော်တွေကို ခေါင်းရိတ်ပေးနေတယ်"

"ပိုနေတဲ့ ခေါင်းရိတ်ဓားကို မြေကြီးတစ်နေရာမှာ ခေတ္တချထားပြီး ဓားတစ်ချောင်းနဲ့ ကိုယ်တော်တွေရဲ့ခေါင်းကို ရိတ်ပေးနေတယ်"

http://www.dhammadownload.com



"အဲ...သေချင်နေတဲ့ သပ္ပဒါသထေရ်က အဲဒီအနီး ရောက်လာပြီး သင်ဓုန်းဓားတွေ့တော့ 'ဒီသင်ဓုန်းဓားဖြင့် လည်ပင်းဖြတ်၍သေအံ့၊ ငါ့မှာ သေဖို့ရာ လက်နက်ရပြီ'လို့ နှလုံးသွင်းပြီး ဆတ္တာသည်ချထားတဲ့ ခေါင်းရိတ်ဓားကို အမှတ် တမဲ့ယူပြီး ကျောင်းဝိုင်းအပြင်ဘက် ထွက်သွားပါတယ်"

## သီလဆင်ခြင်

"ကျောင်းဝိုင်းအပြင်ဘက် လူလစ်တဲ့တောစပ်တစ်နေရာ ရောက်တော့ သစ်ပင်တစ်ပင်ကိုမှီပြီး မတ်တပ်ရပ်ကာ လည်ပင်း မော့ပြီး သင်ဓုန်းဓားသွားကို လည်မျိုနဲ့ ချိန်ထားပါတယ်"

"ယည်ပင်းကို ဓားနဲ့လှီးပြီး သေမယ်လို့ဆိုပြီး လည် ပင်းကို ဓားနဲ့လှီးဖို့ ချိန်ထားပြီးပြီနော်၊ အချိန်အများထဲမှာ သေခါနီးအချိန်အခါဟာ အရေးအကြီးဆုံးပါ"

"အဲဒါကို သတိထားမိတော့၊ သတိရတော့ ဓားနဲ့လှီးမယ့် ဆဲဆဲမှာ မလှီးသေးဘဲနဲ့ 'ငါစောင့်ထိန်းခဲ့တဲ့ ရဟန်းသီလဟာ ညှိုးသလား၊ နွမ်းသလား၊ ကျိုးသလား၊ ပေါက်သလား၊ ပြောက်သလား၊ ကျားသလား၊ စင်ကြယ်သလား' ဆိုပြီး ဆင်ခြင်ကြည့်ပါတယ်"

**အဟော မေ ဝတ သီလံ တေ, အခဏ္ဍံ အဆိဒ္ဒံ ဟာဝေ။**
**အသဗလံ အကမ္မာသံ, ဗုဇိဿံ အပရာမသံ။**
**ပသဇ္ဇ သဗ္ဗဝိညူဟိ, သမာဓိသံဝတ္တနကံ။**

http://www.dhammadownload.com



မေ–အများမဆန် တရားမှန်ကို အားသန်ကျင့်လို ဤငါ့ ကိုယ်၏၊ **သီလံ**–ထိန်းသိမ်းစောင့်စည်း သီလတည်း ဟူသော အကျင့် ကြီးသည်၊ **ဟော–အဟောဝတ**–အားရစဖွယ် **ဟယ်**...ဟုတ်လှပေ စွတကား၊ **ဟာဝေ**–စင်စစ်ကေန် အမှန်အားဖြင့်၊ **အခဏ္ဍံ**–အဝတ်အနား ပြတ်သည့်လားသို့ အနားမြိတ်စပ် အကျိုးအပြတ်လည်း မရှိပါတကား၊ **အဆိဒ္ဒံ**–အဝတ်အလယ်ပေါက်သည့်နှယ်သို့ အလယ်သိက္ခာ အရာရာ တွင် အပေါက်လည်း မထင်ပါတကား၊ **အသဗလံ**–နွားကြောင်, နွားကျား ပုံအလားသို့ အများဆက်လျက် အကျားအကွက် လည်း မရှိပါတကား၊ **အကမ္မာသံ**–ဝါစိပြောက်နွား၊ ပုံအလား သို့ ကြိုးကြားပေါက်အင် အပြောက်လည်းမထင်ပါတကား၊ **ဘုဇိဿံ**–လောကီချမ်းသာ မမှန်းပါသဖြင့် တဏှာ၏ကျွန် တာဝန်မဲ့ကင်း သန့်ရှင်းလေစွတကား၊ **အပရာမဿံ–**တစ်စုံ တစ်ရာ ပြစ်အနာကို ဖွေရှာသုံးသပ် မစွပ်စွဲအပ်လေစွတကား၊ **သဗ္ဗဝိညူပဟိ**–အဘိဇ္ဈာကင်း ကြွသာရှင်း၍ ကောင်းခြင်းလိုလား ပညာရှိအများတို့သည်၊ **ပသတ္ထံ**–နည်းလမ်းအလိုက် ချီးမွမ်း ထိုက်သည်ဖြစ်၍၊ **သမာဓိသံဝတ္တနကံ**–ဈာန်, မဂ်, ဖိုလ်ရှိ သမာဓိကို ထိမိစေရန် အခြေခံဖို့ ကေန် ကောင်းမြတ်လေစွ တကား”

“သာဓု–သာဓု–သာဓု”

http://www.dhammadownload.com



"အေး...ရဟန်းတော်ဟာ သူ့သီလကို ပဋ္ဌင်းဖြစ်ရာ အခါမှစ၍ ယခုအချိန်အထိ ဆင်ခြင်ကြည့်သည့်ရှိသော် အညစ်အကြေးကင်းသော ကောင်းကင်အလယ်က လပြည့်ဝန်းပမာ ကောင်းစွာပွတ်အပ်, သွေးအပ်တဲ့ ပတ္တမြားနှစ်တုံး ပမာ အညစ်အကြေးကင်းသန့်ရှင်းစင်ကြယ်တာကို တွေ့မြင်ရပါတယ်"

"ဘုန်းကြီးတို့ပရိသတ်တွေ အများကတစ်စု, အနည်းက တစ်စုလို့ လူနှစ်စု မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အေး...အခုရဟန်းတော်က 'ငါဟာ အများမဆန် တရားမှန်ကို အားသန်ကျင့်ကြံကြိုးကုတ်အားထုတ်လို့ရတဲ့ ပုဂ္ဂိုလ်တဲ့၊ ဟုတ်တယ်လေ၊ သူ ရဟန်းဝတ်တာဟာ အပျော် အပါးအတွက်ဝတ်တာလား၊ တရားကျင့်ကြံကြိုးကုတ်အား ထုတ်ဖို့ဝတ်တာလား"

"တရားကျင့်ဖို့ ဝတ်တာပါဘုရား"

"ရည်ရွယ်ချက်ပျောက်မသွားပါစေနဲ့၊ အခု ဘုန်းကြီးတို့ ပရိသတ်တွေ တရားလာနာတာ အပျော်အပါးအတွက် လာနာ တာလား၊ တရားတွေကိုသိပြီး လိုက်နာကျင့်ကြံ ကြိုးကုတ် အားထုတ်ဖို့ လာတာလား"

"သိပြီး လိုက်နာကျင့်ဖို့ လာတာပါဘုရား"

http://www.dhammadownload.com



"အခု ယုဉ်ကြည့်၊ တရားသိတဲ့ပုဂ္ဂိုလ်နဲ့ မသိတဲ့ပုဂ္ဂိုလ် ဘယ်သူက များသလဲ"

"မသိတဲ့ပုဂ္ဂိုလ်က များပါတယ်ဘုရား"

"တရားနာတဲ့ပုဂ္ဂိုလ်နဲ့ မနာတဲ့ပုဂ္ဂိုလ် ဘယ်သူက များသလဲ"

"မနာတဲ့ပုဂ္ဂိုလ်က များပါတယ်ဘုရား"

"ဒါဖြင့် တရားနာလာတဲ့ ပုဂ္ဂိုလ်တွေလည်း အများ မဆန်တဲ့ ပုဂ္ဂိုလ်တွေပဲပေါ့နော်"

"မှန်ပါတယ်ဘုရား"

"အခု တရားပွဲလာတော့ နာရုံတွင်မဟုတ်ဘဲနဲ့ သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလလည်း စောင့်ကြတယ်၊ အဲဒီလို သီလစောင့်ထိန်းဖို့ရာကလည်း မခဲယဉ်းဘူးလား"

"ခဲယဉ်းပါတယ်ဘုရား"

"လူတိုင်း သီလပြည့်စုံရဲ့လား"

"မပြည့်စုံပါဘုရား"

"အေး...အခု ဘုန်းကြီးတို့ ပရိသတ်မှာ တရားပွဲလာပြီး တရားနာတဲ့အတွက် ဓမ္မသာဝနကုသိုလ် ဖြစ်သွားပြီ၊ တရား နာတဲ့ကုသိုလ် ဖြစ်သွားပြီ"

"ဒီတရားပွဲကြီးက ပရိယတ္တိစာပြန်ပွဲ, စာမေးပွဲကြီးကို အကြောင်းပြုပြီးကျင်းပတဲ့ တရားပွဲဖြစ်တော့ တရားပွဲရောက် တယ်ဆိုရင်ပဲ စာပြန်ပွဲကြီးကျင်းပနေတယ်၊ သာသနာ့ရေ

http://www.dhammadownload.com



သောက်မြစ်ဖြစ်တဲ့ ဒီစာမေးပွဲကြီးမှာ တို့ တတ်နိုင်သလောက် လှူဒါန်းမယ်ဆိုပြီး လှူဒါန်းကြတော့ ဒါနကုသိုလ် ဖြစ်မသွားဘူးလား"

"ဖြစ်သွားပါတယ်ဘုရား"

"အဲဒါလည်း အများမဆန်လို့ ဖြစ်တာပါ၊ လှူဒါန်းတာက ဒါနကုသိုလ်၊ ဆောက်တည်ရတာက သီလကုသိုလ်၊ တရားတော်ကို နာကြားမှတ်သား ပွားများအားထုတ်ရတာက ဘာဝနာကုသိုလ်ရယ်လို့ ဘုန်းကြီးကို့ပရိသတ်မှာ ဒီနေ့ည ကုသိုလ်သုံးမျိုး ရမနေဘူးလား"

"ရနေပါတယ်ဘုရား"

"အဲဒီ ဒါန, သီလ, ဘာဝနာ ကုသိုလ်သုံးမျိုး ဘာဖြစ်လို့ ရနေကြတာလဲ၊ ပြန်ပြီးစစ်ကြည့်ပါ၊ အများမဆန်လို့ ရတာပါ၊ အများနေသလိုနေရင် ဒီကုသိုလ်တွေ မရပါဘူး"

"ကြည့်လေ၊ ဒီအချိန်မှာ မြို့တွင်းလှည့်ပတ်ကြည့်ပါ၊ အများနေနေတဲ့ အိမ်တိုင်း, အိမ်တိုင်းမှာ အားနေတဲ့ပုဂ္ဂိုလ်တွေ အများကြီး မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အေး...သူတို့မှာ အများဆန်တဲ့အတွက် ဘာကုသိုလ်မှ မရဘဲ အကုသိုလ်တွေသာ အဖြစ်များနေပါတယ်၊ အခု အများမဆန်တဲ့ဘုန်းကြီးတို့ပရိသတ်မှာ ဒါန, သီလ, ဘာဝနာ ကုသိုလ်တွေဖြစ်ပြီး အကျိုးမကြီးဘူးလား"

http://www.dhammadownload.com



"ကြီးပါတယ်ဘုရား"

"အခု သပ္ပဒါသထေရ်ဟာ အများမဆန်ဘဲ ရဟန်းဝတ် လိုက်တယ်၊ အများမဆန်တဲ့အတွက် သူ့မှာ ရဟန်းသီလတွေ ဖြစ်ပါတယ်၊ သူ့သီလကလည်းစင်ကြယ်လွန်းလို့ သူ အားရ ကျေနပ်နေပါတယ်၊ စင်ကြယ်တာကို ပြန်ပြီးဆင်ခြင်ကြည့်လို့ သိတာပါ၊ သိတော့ အားရဝမ်းသာပါတယ်"

"အခု ဘုန်းကြီးတို့ပရိသတ်လည်း တရားမနာမီ သီလ ယူထားပါတယ်၊ အဲဒီသီလဟာ အခုအချိန်မှာ ညှိုးတာ, နွမ်းတာ, ကျိုးတာ, ပေါက်တာ, ပြောက်တာ, ကျားတာ ရှိသေးလား"

"မရှိသေးပါဘုရား"

"အေး...အဲဒီ ဆောက်တည်ထားတဲ့ သီလ ဖြူဖြူ စင်စင်နဲ့ အခုအနေတရားနာရင်းသေသွားရင်တော့ နတ်ရွာ သုဂတိမှာ သွားဖြစ်ဖို့ သေချာပါတယ်၊ ဒိပြင်ကုသိုလ် ဘာမှ မပါချင်နေ၊ ဒီသီလကုသိုလ် တစ်ခုတည်းနဲ့ နတ်ပြည်မှာ မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်ပါတယ်ဘုရား"

"အေး...သီလဟာ သိပ်ကျေးဇူးများပါတယ်၊ အေး... အဲဒါကြောင့် **စဉ်းစားကြည့်စမ်း**၊ သပ္ပဒါသထေရ်ဟာ လည် ပင်း **ဓားနဲ့လှီးမယ့်ဆဲဆဲမှာ သီလကို** ဆင်ခြင်ကြည့်တော့

http://www.dhammadownload.com



တွေ့ပြီ၊ 'ငါ့သီလဟာ မညှိုးနွမ်းပါလား၊ အကျိုးအပြတ် မရှိပါလား' လို့ တွေ့တဲ့အတွက်လည်း သိပ်ဝမ်းသာနေပါတယ်"

"အခု ဘုန်းကြီးတို့ပရိသတ်တွေလည်း တရားနာခါနီးမှ ယူထားတဲ့ ကိုယ့်သီလကို ကိုယ်ပြန်ပြီး ဆင်ခြင်ကြည့်ရင် ညှိုးတာ, နွမ်းတာ၊ ကျိုး, ပြတ်, ပေါက်, ပြောက်, ကျားတာ တွေ့မလား...၊ ဖြူစင်တာတွေ့မလား"

"ဖြူစင်တာတွေ့မှာပါဘုရား"

နိဗ္ဗာန်ရည်မှန်း

"အင်း...ဖြူစင်တာပေါ့၊ ခုနကကလေးမှ စောင့်ထိန်းတာပဲဟာ၊ ပြီးတော့ အဲဒီသီလကလည်း လောကီစည်းစိမ်ချမ်းသာတွေကို ရည်မှန်းတောင့်တပြီး စောင့်ထိန်းတဲ့ သီလလား...၊ နိဗ္ဗာန်ကို ရည်မှန်းပြီး စောင့်ထိန်းတဲ့သီလလား"

"နိဗ္ဗာန်ကိုရည်မှန်းပြီး စောင့်ထိန်းတဲ့သီလပါဘုရား"

"အေး...နိဗ္ဗာန်ကို ရည်မှန်းနိုင်ဖို့ ဘုန်းကြီးတို့ သီလပေးတဲ့အခါမှာကတည်းက 'အရှင်ဘုရား...၊ ဘုရားတပည့်တော်သည် နိဗ္ဗာန်ကို လိုလားတောင့်တပါ၍' လို့ နိဗ္ဗာန်ကို မှန်းပြီး သီလပေးခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒါ ဘာ့ကြောင့်ပေးရလဲဆိုရင် လောကီစည်းစိမ်ချမ်းသာတွေမှန်းပြီး စောင့်ရင် တဏှာ့ကျွန်ဖြစ်မှာ စိုးလို့ပါ"

http://www.dhammadownload.com



### တော်လှန်ရေးသီလ

"သီလက နှစ်မျိုးရှိပါတယ်၊ လူချမ်းသာ, နတ်ချမ်းသာ, လောကီစည်းစိမ်ချမ်းသာတွေ ရည်မှန်းတောင့်တပြီး စောင့်ထိန်းရင် အဲဒီသီလဟာ တဏှာ့ကျွန်သီလပါ၊ နိဗ္ဗာန်ကို ရည်မှန်းတောင့်တပြီး စောင့်ထိန်းရင် အဲဒီသီလဟာ တဏှာကို တော်လှန်တဲ့ တော်လှန်ရေးသီလပါ"

"သပ္ပဒါသထေရ်ရဲ့ သီလကလည်း လောကီစည်းစိမ် ချမ်းသာကို မမှန်းတဲ့အတွက် တဏှာကို တော်လှန်တဲ့ တော်လှန်ရေးသီလဆိုတော့ အင်မတန် အားရဝမ်းသာစရာ ကောင်းတဲ့အတွက် အားရဝမ်းသာနေပါတယ်"

"အင်မတန် ဖြူစင်တဲ့သူ့သီလကို တစ်စုံတစ်ရာ အပြစ် အနာအဆာ ရှာဖွေလို့ မတွေ့ပါဘူး၊ အခု ဘုန်းကြီးတို့ပရိသတ်ရဲ့ သီလလည်း တစ်စုံတစ်ရာအပြစ်များ တွေ့မလားလို့ရှာကြည့် ပါ...၊ တွေ့မလား"

"မတွေ့ပါဘုရား"

"ဘယ်တွေ့မလဲ၊ ရိုရိုသေသေ လေးလေးစားစားနဲ့ ထိုင်ပြီး တရားနာနေတဲ့အခါ မိမိတို့ရဲ့ ကာယကံ, ဝစီကံ, မနောကံဆိုတဲ့ ကံသုံးပါးဟာ လုံခြုံနေတာပဲ"

### ပညာရှိချီးမွမ်း

"ဘုန်းကြီးတို့ပရိသတ် ဘယ်သူကဲ့ရဲ့-ကဲ့ရဲ့ ပညာရှိ ချီးမွမ်းခံရဖို့ အရေးကြီးပါတယ်၊ ပညာရှိဆိုတာ သူတစ်ပါး

http://www.dhammadownload.com



ပစ္စည်းကို မတရားမလိုချင်ပါဘူး၊ သူတစ်ပါး ကိုယ့်ထက်သာတာလည်း မနာလိုမရှိပါဘူး၊ သူတစ်ပါးကောင်းကျိုးကို လိုလားပါတယ်၊ သူတစ်ဖက်သားရဲ့ ကိုယ်, စိတ်နှစ်ဖြာ ကျန်းမာချမ်းသာရေးကို အလိုရှိပါတယ်၊ လိုလားပါတယ်"

"အခု သပ္ပဒါသထေရ်ရဲ့ သီလဟာ အဘိဇ္ဈာကင်း, မနာလိုက္ကသာရင်းတဲ့...ကောင်းခြင်း လိုလားတဲ့တကယ့်ပညာရှိတွေ ချီးမွမ်းထိုက်တဲ့ သီလပါ"

"လူမိုက်တစ်သောင်း ချီးမွမ်းရှောင်းပေည်း ယူကောင်းဟစ်ယောက် ပြစ်တင်ကြောက်လော့-တဲ့၊ လောကမှာ လူတော်တွေ ပေါ်ပေမယ့် လူကောင်းကတော့ ရှားပါတယ်၊ အေး... လူကောင်းပညာရှိ၊ သို့မဟုတ် ပညာရှိလူကောင်းတွေ ချီးမွမ်းခံရဖို့အရေးကြီးပါတယ်၊ ပညာရှိတွေ အကဲ့ရဲ့ခံရမှာလည်း ကြောက်ဖို့ ကောင်းပါတယ်"

"ပညာရှိသူတော်ကောင်းတွေဟာ စိစစ်ပြီးမှ ချီးမွမ်းတာဖြစ်တော့ ချီးမွမ်းခဲပါတယ်၊ ကဲ့ရဲ့ခဲပါတယ်၊ ပညာမဲ့လူမိုက်တွေကတော့ ကဲ့ရဲ့လွယ်-ချီးမွမ်းလွယ်ပါတယ်"

"လူမိုက်ချီးမွမ်း၊ ဂုဏ်နာနွမ်း၏-တဲ့ ပညာမဲ့လူမိုက်ချီးမွမ်းတာကို မလိုလားပါနဲ့၊ ပညာမဲ့ လူမိုက်ဟာ သူမလိုရင်မလိုသလို ကဲ့ရဲ့မှာ၊ လိုရင်လည်း လိုသလိုပဲ၊ ဟုတ်-ဟုတ်၊

http://www.dhammadownload.com



မဟုတ်, မဟုတ် ချီးမွမ်းတယ်၊ မချီးမွမ်းသင့်တာ ချီးမွမ်းတော့ ဂုဏ်နာနွမ်းတာပေါ့"

"ဒီလောကမှာ ဘုန်းကြီးတို့ ဘုရားရှင်လောက် အပြစ်ကင်းစင်တဲ့ပုဂ္ဂိုလ်များ ရှိရဲ့လား၊ မရှိပါဘူး၊ အဲဒီ ဘုရားရှင်ကိုတောင် ပညာမရှိတဲ့ ပုဂ္ဂိုလ်တွေက ကဲ့ရဲ့ကြပါတယ်"

"အေး...အရေးကြီးတာက လူသူတော်ကောင်း၊ နတ်သူတော်ကောင်းတွေ ကျေနပ်ဖို့, ချီးမွမ်းခံရဖို့ပဲ အရေးကြီးပါတယ်"

"ဘုန်းကြီးတို့ ခေတ်ပညာသင်တုန်းက (Thirty Burmese Tales) ဆိုတဲ့ စာအုပ်ထဲမှာ ဖတ်ရတယ်၊ ဘုရင်ကြီးတစ်ပါးကို လူဆိုး, သူခိုးတွေကိုချုန်ထား နိုင်ငံရှိတဲ့လူအားလုံးက ကြည်ညိုတယ်တဲ့၊ သိပ်ပြည့်စုံတဲ့ အဓိပ္ပာယ်ပါပဲ၊ ဘုန်းကြီးတို့ပရိသတ် စဉ်းစားကြည့်ပါ၊ လူဆိုးတွေဟာ မင်းကောင်းလေ မကြည်ညိုလေပါ"

"အေး...လူထဲမှာလည်း ဒီလိုပါပဲ၊ လူကောင်းလေ မကောင်းတဲ့လူတွေက မကျေနပ်လေပဲ၊ လူကောင်း, သူကောင်းကို သူတော်သူမြတ် လူနှင့်နတ်တို့ပဲ ကျေနပ်ပါတယ်...၊ နှစ်သက်ပါတယ်...၊ အားပေးပါတယ်၊ ဒါ့ကြောင့် ဘုန်းကြီးက ဘုရားရှိခိုးတဲ့အခါ 'အဟံ–သူတော်–သူမြတ်၊ လူနှင့်နတ်တို့ ကျေနပ်ရန်မြော်၊ ဘုရားတပည့်တော်သည်' လို့ ဆိုပါတယ်၊

http://www.dhammadownload.com



ဟုတ်တယ်လေ၊ လူသူတော်ကောင်းတွေ, နတ်သူတော်ကောင်းတွေ ကျေနပ်ဖို့ပဲ အရေးကြီးပါတယ်"

## သီလအရေးကြီး

"အခု ဒီမှာလည်း သပ္ပဒါသထေရ်က သူ့သီလကို သူ ပြန်ပြီးဆင်ခြင်တဲ့အခါ သူ့သီလက ဈာန်, မဂ်, ဖိုလ်ထိ သမာဓိကို ထိမိစေရန် အခြေခံတဲ့၊ အင်မတန်ဖြူစင်ကောင်းမြတ်တဲ့ သီလဖြစ်နေတာကို တွေ့မြင်ရပါတယ်"

"ဒီနေရာမှာ သီလအရေးကြီးပုံ၊ သီလဖြူစင်လို့ရှိရင် သီလကို အခြေခံပြီး တရားအားထုတ်လို့ရှိရင် အလွယ်တကူ ရနိုင်ပုံကို ဟောကြရအောင်၊ ကဲ...ဘုန်းကြီးတို့ပရိသတ် မဂ်, ဖိုလ်ရဖို့ အရေးကြီးလား, သီလဖြူစင်ဖို့အရေးကြီးလား ဆိုရင် သီလဖြူစင်ဖို့ အရေးကြီးတယ်လို့မှတ်ထားပါ၊ ကဲ... အရေးကြီးပုံ သိရအောင် ဆိုကြည့်စမ်းပါ—

◆ **သီလရှိလျှင်၊ နှလုံးတွင်၊ သာရွှင်ရလေသည်။**

တဲ့၊ ဒါ သီလံ အဝိပ္ပဋိသာရော' ဆိုတဲ့ ပါဠိတော်ကို အများနားလည်အောင် လင်္ကာစီထားတာပါ၊ ကဲ...ဘုန်းကြီးတို့ ပရိသတ်တွေ စိတ်နှလုံး ရွှင်လန်းတဲ့လူ, မရွှင်လန်းတဲ့လူ ရယ်လို့ လူနှစ်စုခွဲလိုက်ရင် တစ်စုစုထဲမှာ မပါဘူးလား၊ ပါမလား"

"ပါပါတယ်ဘုရား"

http://www.dhammadownload.com



"အေး...နှလုံးသာရွှင်တဲ့ ပုဂ္ဂိုလ်နဲ့ မသာရွှင်တဲ့ပုဂ္ဂိုလ် ဘယ်သူက များမယ်ထင်သလဲ"

"နှလုံးမသာရွှင်တဲ့ ပုဂ္ဂိုလ်က များပါမယ်ဘုရား"

"နှလုံးသာရွှင်တာနဲ့ နှလုံးမသာရွှင်တာ ဘယ်ဟာက ကောင်းလဲ"

"နှလုံးသာရွှင်တာက ကောင်းပါတယ်ဘုရား"

"ကဲ...ဒါဖြင့် နှလုံးသာရွှင်တာ ကောင်းပါတယ်ဆိုပြီး နှလုံးသာရွှင်ချင်တိုင်း သာရွှင်လို့ရပါ့မလား"

"မရပါဘုရား"

"သီလရှိမှ, သီလနဲ့ပြည့်စုံမှ နှလုံးသာရွှင်တယ်၊ သီလ မရှိ, သီလမပြည့်စုံရင် နှလုံးမသာရွှင်ပါ"

"သီလဆိုတာ အဓိကအားဖြင့် ကိုယ်–နှုတ်တို့မှာ အပြစ်ကင်းအောင် စောင့်ထိန်းရတဲ့အလုပ်ပါ၊ သီလရှိတယ် ဆိုတာ ကိုယ်မှာလည်း အပြစ်ကင်းရမယ်၊ နှုတ်မှာလည်း အပြစ်ကင်းရမယ်၊ ကိုယ်–နှုတ် အပြစ်ကင်းရင် သီလရှိတယ်လို့ ခေါ်ပါတယ်"

"ဘုန်းကြီးတို့ပရိသတ် ငါးပါးသီလကို သတိပြုကြည့်ရှု ပါ၊ သူ့အသက်သတ်ခြင်းမှ ရှောင်ရှားတယ်၊ သူ့ဥစ္စာ ခိုးယူ ခြင်းမှ ရှောင်ရှားတယ်၊ သူ့အိမ်ရာကို မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ရှားတယ်၊ အရက်သေစာ သောက်ခြင်းမှ

http://www.dhammadownload.com



ရှောင်ရှားတယ်၊ ကိုယ်မှာ အပြစ်ကင်းတယ်၊ သီလပြည့်စုံတယ်ပေါ့”

“မမြင်တာကို မမြင်ဘူး၊ မကြားတာကို မကြားဘူး၊ မသိတာကို မသိဘူး၊ မဟုတ်တာကို မဟုတ်ဘူးလို့ အမှန်ပြောမယ်၊ လိမ်ညာမပြောဘူးဆိုရင် နှုတ်မှာ အပြစ်မရှိဘူး၊ သီလပြည့်စုံတယ်ပေါ့”

“အေး...သီလမှာ ကိုယ်–နှုတ် လွန်ကျူးမှုမပါဘဲ ကိုယ်–နှုတ်မှာ အပြစ်ကင်းစင်ရင် သီလပြည့်စုံပါပြီ”

“ကိုယ်–နှုတ်မှာ အပြစ်ကင်းပြီး သီလပြည့်စုံလာရင် စိတ်နှလုံးသာရွှင်လာမယ်၊ စိတ်နှလုံးသာရွှင်မှုဟာ အရေးတကာ့အရေးထဲမှာ အကြီးဆုံးသော အရေးပါ”

“ကိုယ်ချမ်းသာတာထက် စိတ်ချမ်းသာမှုက ပိုပြီးတော့ အရေးကြီးပါတယ်၊ အခုတော့ ဘုန်းကြီးတို့ပရိသတ်တွေက စိတ်ချမ်းသာမှုထက် ကိုယ်ချမ်းသာမှုကို အရေးတကြီး ကြိုးစားနေကြတယ်၊ ဘယ်ဟာက အရေးကြီးလဲ၊ ဘယ်ဟာ ပိုကြိုးစားရမလဲ ခွဲခြားမသိကြတဲ့အတွက် ခက်နေကြပါတယ်”

“တစ်နေ့...တစ်နေ့ လိုက်ရှာနေကြတဲ့ ပစ္စည်းပစ္စယတွေဟာ ကိုယ်ချမ်းသာရေးလား၊ စိတ်ချမ်းသာရေးလား”

“ကိုယ်ချမ်းသာရေးပါဘုရား”

http://www.dhammadownload.com



"အေး...ကိုယ်ချမ်းသာရေးအတွက် လိုက်ရှာနေတာနော်၊ စိတ်ချမ်းသာရေး မပါဘူး၊ စိတ်ချမ်းသာရေး မပါတော့ ပစ္စည်းတော့ရပါတယ်၊ စိတ်မချမ်းသာလို့ ရတဲ့ပစ္စည်းတွေကို မိမိတို့ ကောင်းကောင်းမခံစားနိုင်ဘူး၊ စိတ်ဆင်းရဲနေကြတယ်၊ စိတ်ဆင်းရဲတော့ ကိုယ်လည်းဆင်းရဲရတယ်၊ လူနဲ့ရောဂါ အပြည့်ဖြစ်နေကြတယ်"

"အရေးကြီးတာက စိတ်ချမ်းသာမှုက အရေးကြီးပါတယ်၊ အခု မြို့ရွာတွေထဲမှာ လိုက်ပြီးတော့ စာရင်းကောက်ကြည့်ပါ၊ ကိုယ်ချမ်းသာပြီး စိတ်မချမ်းသာတဲ့လူတွေ တပြုံကြီး မရဘူးလား၊ ရမှာလား"

"ရမှာပါဘုရား"

## သတ်သေသူတွေ

"ပစ္စည်းပစ္စယ ကြွယ်ကြွယ်ဝဝ ချမ်းချမ်းသာသာကြီးနဲ့ ကိုယ့်ကိုယ်ကို သတ်သေသူတွေ၊ အဆိပ်သောက်သေသူတွေ၊ သေနတ်နဲ့ ပစ်သတ်သေသူတွေ၊ ကြိုးဆွဲချသေသူတွေ၊ ရေတွင်းထဲခုန်ချသေသူတွေ မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"ရှိတယ်...၊ အများကြီးရှိပါတယ်၊ သူတို့မှာ ပစ္စည်းပစ္စယကြွယ်ဝချမ်းသာလို့ ကိုယ်ချမ်းသာမှု မရှိဘူးလား"

"ရှိပါတယ်ဘုရား"

http://www.dhammadownload.com



"ကိုယ်ချမ်းသာမှု ရှိပါတယ်၊ ဒါပေမယ့် စိတ်ချမ်းသာမှု မရှိတော့ ရှိတဲ့ပစ္စည်းတွေဟာ ကိုယ်ချမ်းသာရေးသာပေးနိုင်တဲ့ ပစ္စည်းတွေဟာ အဆိပ်သဖွယ် ဖြစ်နေပါတယ်၊ စိတ်နှလုံး သာရွှင်မှု မရပါဘူး၊ စိတ်နှလုံး သာရွှင်မှု မရှိလို့ ကိုယ့်ကိုယ်ကို သတ်သေတာနော်"

"မှန်ပါဘုရား"

"အဲဒီ ကိုယ့်ကိုယ်ကို သတ်သေတဲ့လူတွေဟာ လူဆင်းရဲတွေ မဟုတ်ပါဘူး...၊ တကယ့် လူချမ်းသာတွေပါ၊ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးပါဆိုတဲ့ အမေရိကန်ပြည်မှာ သန်းကြွယ်သူဌေးကြီးတွေ တစ်နှစ်–တစ်နှစ် ကိုယ့်ကိုယ်ကို သတ်သေကြတာ ထောင်ဂဏန်းအထိ ရှိပါတယ်လို့ မဂ္ဂဇင်းတွေထဲမှာ ဘုန်းကြီးတို့ ဖတ်ဖူးပါတယ်"

"အေး...အဓိကအားဖြင့် ပြောရရင်တော့ ကိုယ့်ကိုယ်ကို သတ်သေသူတွေဟာ အများအားဖြင့် ပစ္စည်းချမ်းသာသော သူတွေပါ၊ ကိုယ်ချမ်းသာမှုရှိသူတွေ၊ စိတ်နှလုံးမသာရွှင်တဲ့အတွက် သတ်သေကြတာပါ"

"ဘာဖြစ်လို့ စိတ်နှလုံးမသာရွှင်လဲ၊ သီလမရှိလို့ပါ၊ သီလမရှိတဲ့အတွက် နှလုံးမသာရွှင်ပါဘူး၊ မပျော်မွေ့ပါဘူး၊ စိတ်မချမ်းသာပါဘူး"

http://www.dhammadownload.com



"ဘယ်လောက်ပဲ ဖဲမွေ့ရာ, ကမ္ဗလာကော်ဇောတွေနဲ့ ပန်ကာတွေ, အဖျော်အဖြေတွေနဲ့ ဝတ်ကောင်းစားလှတွေနဲ့၊ တိုက်တာ မော်တော်ကားတွေနဲ့၊ ပြည့်ပြည့်စုံစုံ အစားအသောက်တွေနဲ့၊ ကိုယ်ချမ်းသာမှု အပြည့်အဝရှိပေမယ့် စိတ်မချမ်းသာရင်၊ စိတ်ချမ်းသာမှု, နှလုံးသာရွှင်မှုမရှိရင် အဲဒီပစ္စည်းတွေဟာ အလကားပါပဲ"

"ဟုတ်တယ်လေ၊ စိတ်မချမ်းသာရင် ဘယ်လောက်ပဲ ပစ္စည်းရှိရှိ၊ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ အိပ်မပျော်, စားမဝင် ဖြစ်နေတော့ ရှိသမျှ ပစ္စည်းတွေဟာ သူ့အတွက် ဘာအသုံးတည့်သေးလဲ"

"အသုံးမတည့်တော့ပါဘုရား"

"ဒီပစ္စည်းတွေ ရှာတုန်းက ချမ်းချမ်းသာသာစားသုံးဖို့၊ ဝတ်ဆင်ဖို့ပဲ၊ စိတ်မချမ်းသာတော့ မစားနိုင်, မဝတ်နိုင် တမှိုင်မှိုင်နဲ့ ရှိတဲ့ပစ္စည်းတွေ ဘာအသုံးကျသေးလဲ၊ ရှိထားပြီးတော့ ဘာအသုံးမျှ မကျတော့ဘူး"

## ဝမ်းမြောက်မှု

"အေး...စိတ်နှလုံး သာရွှင်မှုဟာ သိပ်အရေးကြီးပါတယ်၊ အဲဒီ စိတ်နှလုံးသာရွှင်ဖို့က ဘာရှိရမလဲဆိုရင် သီလရှိရမယ်၊ သီလပြည့်စုံရမယ်၊ ဘုန်းကြီးတို့ပရိသတ်ကို တရားအစဉ်တက်ပုံ ပြောပြပါမယ်၊ သီလရှိရင် စိတ်နှလုံးသာရွှင်

http://www.dhammadownload.com



တယ်၊ စိတ်နှလုံးသာရွှင်ရင် ဝမ်းမြောက်မှု 'ပါမောဇ္ဇ' ဖြစ်တယ်၊ ကဲ...ဆိုကြည့်စမ်းပါ–

◆ **နှလုံးသာရွှင်၊ ရှိလေလျှင်၊ ကြည်လင်ဝမ်းမြောက် သည်။**

အဲဒါ 'အဝိပ္ပဋိသာရော ပါမောဇ္ဇံ' ဆိုတဲ့ ပါဠိတော်ကို ဘုန်းကြီးတို့ ပရိတ်သတ် မှတ်မိအောင် လင်္ကာစီထားတာပါ၊ နှလုံးသာရွှင်တော့ ကြည်လင်ဝမ်းမြောက်ရတယ်နော်"

"မှန်ပါဘုရား"

"ကဲ...ဘုန်းကြီးတို့ပရိသတ်ကို မေးမယ်၊ ကြိုက်သလို ဖြေပါ၊ အမှန်အတိုင်း စိတ်ထဲရှိတဲ့အတိုင်း ဖြေပါ၊ ဘုန်းကြီးတို့ ပရိသတ်တွေ ဝမ်းနည်းပက်လက် နေချင်လား၊ ကြည်ကြည် လင်လင်,· ရွှင်ရွှင်ပျပျ, ဝမ်းမြောက်ဝမ်းသာနေချင်လား"

"ဝမ်းမြောက်ဝမ်းသာ နေချင်ပါတယ်ဘုရား"

"ဘုန်းကြီးတို့ မြန်မာစကားဟာ အားကြီးအဓိပ္ပာယ် ရှိတယ်၊ 'ဝမ်းမြောက်တယ်' ဆိုတဲ့စကားကို စဉ်းစားပြီး မိမိတို့ဝမ်းမြောက်စဉ် မိမိတို့ရဲ့ဝမ်းဗိုက်ကို သတိထားကြည့်ပါ၊ ဝမ်းဗိုက်ကလေးဟာ မြောက်မြောက်သွားတာ တွေ့ရမယ်၊ ဝမ်းမြောက်တဲ့အခါ မိမိရဲ့ဝမ်းဗိုက်ဟာ ဖိုလှိုက်, ဖိုလှိုက်ဖြစ်ပြီး မြောက်–မြောက်တက်သွားပါတယ်"

http://www.dhammadownload.com



"အေး...ဝမ်းနည်းတယ်ဆိုတော့ ဘယ်လိုလဲ၊ မိမိတို့ရဲ့ ဝမ်းဗိုက်က ရှုံ့ရှုံ့သွားတယ်ပေါ့၊ ရှုံ့တယ်ဆိုတော့ ဝမ်းနည်း သွားတာပေါ့၊ ကြည့်လေ ဝမ်းနည်းပက်လက်ဖြစ်နေတယ်ဆိုရင် လူဟာ ခွေပြီး၊ ရှုံ့ပြီး ပက်လက်ကလေး မလှုပ်မရှားနိုင်ဖြစ် နေတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဝမ်းမြောက်တယ်ဆိုတော့ လူက ဘယ်လိုဖြစ်နေလဲ၊ ထိုးထိုးထောင်ထောင်နဲ့ ဖြစ်မနေဘူးလား"

"ဖြစ်နေပါတယ်ဘုရား"

"အေး...ဝမ်းမြောက် ဝမ်းသာတယ်ဆိုတာ သိပ် အဓိပ္ပာယ်ရှိတယ်၊ ဝမ်းဟာ မြောက်နေတယ်၊ နေကောင်း၊ ထိုင်သာရှိတယ်၊ သိပ်ကောင်းတယ်၊ ကောင်းတဲ့အတွက် အမြဲတမ်းပဲ ဝမ်းမြောက်နေချင်ပါတယ်ဆိုပြီး နေချင်တိုင်း နေလို့ရမှာလား၊ မရပါဘူး"

"အစဉ်ကိုပြန်ကြည့်ပါ၊ နှလုံးသာရွှင်မှုရှိမှဝမ်းမြောက် ဝမ်းသာဖြစ်နိုင်တယ်၊ ဒါဖြင့် နှလုံးသာရွှင်မှုကလည်း နှလုံး သာရွှင်ချင်တိုင်း သာရွှင်လို့ရတာလားဆိုတော့၊ မရပါ၊ သီလ ရှိမှ, သီလနဲ့ပြည့်စုံမှ နှလုံးသာရွှင်ပါတယ်၊ ဒါဖြင့် သီလရှိဖို့ အရေးမကြီးဘူးလား"

"အရေးကြီးပါတယ်ဘုရား"

http://www.dhammadownload.com



## နှစ်သက်မှုပီတိ

"အေး...၊ သီလအရေးကြီးတယ်၊ သီလရှိမှ, သီလပြည့်စုံမှ နှလုံးသာရွှင်မယ်၊ နှလုံးသာရွှင်မှ ကြည်လင်ဝမ်းမြောက်မယ်၊ ကြည်လင်ဝမ်းမြောက်တော့ ဘာအကျိုးကျေးဇူးရှိလဲ၊ သိရအောင် ဆိုကြည့်စမ်းပါ—

◆ **ဝမ်းမြောက်ကြည်လင်၊ ရှိလေလျှင်၊ အစဉ် နှစ်သက်သည်။**

အဲဒါ 'ပါမောဇ္ဇပီတိ' ဆိုတဲ့ပါဠိတော်ကို ဘုန်းကြီးတို့ပရိသတ် မှတ်မိအောင် လင်္ကာစီထားတာပါ၊ ဝမ်းမြောက်ကြည်လင်တော့ နှစ်သက်မှုပီတိ ဖြစ်ပါတယ်"

"အခု သပ္ပဒါသထေရ်ဟာ သူ့လည်ပင်းသူ ဓားနဲ့လှီးသတ်မယ့် အချိန်ပိုင်းကလေးမှာ သူစောင့်ထိန်းထားတဲ့ သူ့သီလကို သူပြန်ပြီး ဆင်ခြင်ကြည့်ပါတယ်"

"အဲဒီလို သီလကို ပြန်ပြီးဆင်ခြင်ကြည့်တဲ့အခါ သူ့သီလ ညှိုးတာ—နွမ်းတာ မတွေ့ရပါ၊ ပွတ်သစ်စ ခရုသင်းအတူ ဖြူစင်ဝင်းပနေတာကို တွေ့ရတဲ့အတွက် နှစ်သက်မှုပီတိ ဖြစ်ပါတယ်"

"ပီတိဖြစ်တဲ့အခါ ကိုယ်တွေ—စိတ်တွေ တိုးပွားစေကာ အလွန်တရာ နှစ်သက်စေပါတယ်၊ အဲဒီပီတိက ဘယ်နှစ်မျိုး

http://www.dhammadownload.com



ရှိလဲဆိုရင် ငါးမျိုးရှိပါတယ်၊ အဲဒီ ငါးမျိုးကို လင်္ကာနဲ့ပဲရွတ်ပြပါ့မယ်...၊ ချမပေးတော့ပါဘူး၊ မှတ်ထားပါ—

၁။ ကြက်သီးမွေးညင်း၊ ရွှင်စေခြင်းဟု၊ နည်းမင်းဖြစ်ဘိ၊ ထိုပီတိမှာ၊ ခုဒ္ဒိကာတည့်—

၂။ မကြာ ဖြစ်–ပျက်၊ လျှပ်စစ်ထွက်သို့၊ ဆက်ဆက်ခဏ၊ ဖြစ်တုံကလျှင်၊ ခဏိကာတွင်၏—

၃။ မြစ်ပြင်လှိုင်းလုံး၊ အိကာဖုံးသို့၊ ကိုယ်လုံးသက်ကျ၊ ဖြစ်ပြီးမှလျှင်၊ ကွယ်ပလေဘိ၊ ဩက္ကန္တိ မှတ်--

၄။ တစ်ကဲမောက်၊ ကိုယ်လုံးမြောက်အောင်၊ ပင့်မြှောက်နိုင်ပေ၊ ပီတိတွေမှာ၊ ဥဗ္ဗေဂါတဲ့—

၅။ ကဲသာဆင့်ပေါင်း၊ ချိန်ခါညှောင်းအောင်၊ ဆီလောင်းဝါဂွမ်း၊ ပမာလွှမ်းလျှက်၊ လန်းဆန်းစိမ့်စိမ့်၊ ကိုယ်လုံးဖိမ့်မျှ၊ ဆိမ့်အိမ့်သည်မှာ၊ ဖရဏာသည်၊ ငါးဖြာပီတိ သဘောတည်း—

တဲ့၊ တရားနာစဉ်၊ တရားအားထုတ်စဉ် အနည်းငယ် ကြက်သီးမွေးညင်းထတာ ပီတိပါ၊ ခုဒ္ဒိကာပီတိပေါ့၊ မကြာခဏလည်း ကြက်သီးမွေးညင်းထတယ်, တစ်ကိုယ်လုံး အနှံ့လည်း ကြက်သီးမွေးညင်းထတယ်ဆိုရင် **ခဏိကာပီတိပေါ့**"

http://www.dhammadownload.com



"အထူးသဖြင့် တရားအားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်တွေမှာ လှိုင်းစီးနေရသလိုပါပဲ၊ ဘုရားဆိုတာ ခဏ-ခဏ ပြောသံကြားရပါတယ်၊ အဲဒါ 'မြစ်ပြင်လှိုင်းလုံး၊ အိကာဖုံးသို့၊ ကိုယ်လုံးသက်ကျ၊ ဖြစ်ပြီးမှလျှင်၊ ကွယ်ပလေဘိ၊ ဩက္ကန္တိမှတ်' ဆိုတဲ့အတိုင်း ဩက္ကန္တိကာ ပီတိပေါ့"

"တချို့ တရားအားထုတ်တဲ့ ယောဂီတွေက ဘာပြောလဲ၊ 'အရှင်ဘုရား၊ ဘုရားတပည့်တော်ကိုယ်ဟာ ကြမ်းပြင်နဲ့ မထိသလိုပဲ ဘုရား၊ အပေါ်မြောက်နေတယ်ဘုရား၊ ဘာနဲ့မှ မထိဘဲ ကောင်းကင်မှာ မြောက်နေသလိုပါပဲဘုရား' လို့ အတော်များများ ပြောကြပါတယ်၊ အဲဒါဟာ 'တစိကဲမောက်၊ ကိုယ်လုံးမြောက်အောင်၊ ပင့်မြှောက်နိုင်ပေ၊ ပီတိတွေမှာ၊ ဥဗ္ဗေဂါ' ဆိုတဲ့အတိုင်း ဥဗ္ဗေဂါပီတိပေါ့"

"အချို့ ယောဂီတွေက ဘာပြောလဲ၊ 'အရှင်ဘုရား...၊ ဘုရားတပည့်တော်တို့ ခြေဆုံး, ခေါင်းဆုံး လန်းဆန်းဆိမ့်အိမ့် နှစ်သိမ့်ချမ်းသာနေပါတယ်ဘုရား'လို့ လျှောက်ကြပါတယ်"

"အဲဒါဟာ 'ဆီလောင်းဝါဂွမ်း၊ ပမာလွှမ်းလျက်၊ လန်းဆန်းစိမ့်စိမ့်၊ ကိုယ်လုံးဖိမ့်မျှ၊ ဆိမ့်အိမ့်သည်မှာ၊ ဖရဏာ' ဆိုတဲ့အတိုင်း ဖရဏာပီတိပါ"

ကဲ...ဘုန်းကြီးတို့ပရိသတ်တွေ ပီတိငါးမျိုးသိသွားပြီ နော်၊ အခု သပ္ပဒါသထေရ်ဟာ သူ့လည်ပင်းကိုသူ ဓားနဲ့

http://www.dhammadownload.com



လှီးမယ့်ဆဲဆဲမှာ သီလကိုဆင်ခြင်လို့ သီလဖြူစင်မှုအကြောင်း ပြုပြီး ပီတိဖြစ်တယ်"

"ပီတိဖြစ်တယ်ဆိုကတည်းက သူ့မှာ ဘယ်လောက် နေထိုင်ကောင်းမလဲဆိုတာ စဉ်းစားသာကြည့်ပါ...၊ တရား အားထုတ်တဲ့ယောဂီတွေမှာ ဒီပီတိအဆင့်ရောက်လာရင် ချမ်းသာလာပြီ၊ တရားနဲ့ပျော်လာပြီ၊ တရားအားထုတ်ရမှာ မကြောက်တော့ဘူး"

"အခု သပ္ပဒါသထေရ်က တရားအားထုတ်လို့ ပီတိ ဖြစ်တာမဟုတ်ပါဘူး၊ သူ့လည်ပင်းကိုသူ ဓားနဲ့လှီးမယ်ဆိုပြီး လည်ပင်းပေါ် ဓားတင်ထားရင်းနဲ့ သူ့သီလကို ပြန်ဆင်ခြင် ကြည့်ရာမှ သီလဖြူစင်မှု အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ ပီတိပါ"

"တရားအားထုတ်တဲ့ ယောဂီတွေဟာ ပီတိဖြစ်ရင် တရားနှင့် ပျော်သလို၊ သပ္ပဒါသထေရ်လည်း သေဖို့ရာမေ့ပြီး ပျော်သွားပါတယ်၊. ပျော်တာပေါ့၊ သူ့မှာ တစ်ကိုယ်လုံး ခြေဆုံး, ခေါင်းဆုံး ပျံ့နှံ့ပြီး ပီတိဖြစ်နေတာ"

## ငြိမ်းချမ်းမှုပဿဒ္ဓိ

"အရှင်သပ္ပဒါသထေရ်ဟာ ပီတိကိုခွာပြီး ဝိပဿနာ ဘာဝနာပွားများ အားထုတ်လိုက်တဲ့အခါ အဲဒီခဏမှာပဲ

http://www.dhammadownload.com



ပဋိသမ္ဘိဒါ လေးပါးတို့နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်သွား ပါတယ်"

"ဘုန်းကြီးတို့ ဒီနေရာမှာ ပီတိကနေ ရှေ့ကို တရားအစဉ် တက်ပုံလေးကို ပြောချင်ပါသေးတယ်၊ အဲဒါပြောပြီးမှ သူ ပီတိခွာပြီး တရားအားထုတ်ပုံကို ပြန်ပြောကြတာပေါ့၊ နှစ် သက်မှုပီတိ ဖြစ်လာပြီဆိုရင် ရှေ့ဘာဆက်ဖြစ်လဲဆိုတာ သိရအောင် ကဲ...ဆိုကြည့်စမ်းပါ—

◆ **နှစ်သက်ရွှင်လန်း၊ ကိုယ်ငြိမ်းချမ်း၊ ငြိမ်းချမ်း စိတ်ရှိသည်–**

တဲ့၊ ဟိုက နှစ်သက်မှုပီတိလည်းဖြစ်ကရော ရှေ့ဆက်ပြီး ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိခေါ်တဲ့ ကိုယ်, စိတ် ငြိမ်းချမ်းမှု တွေ ဖြစ်လာပါတယ်၊ ကိုယ်, စိတ်တွေ ပေါ့ပါးလာပါတယ်၊ လေးလံထိုင်းမှိုင်းမှုတွေ မရှိတော့ပါ၊ သွက်သွက်လက်လက် ရှိလာပါတယ်၊ အိပ်ချင်ငိုက်မျည်းမှုတွေ ကင်းလာပါတယ်"

"ကိုယ်, စိတ်တွေ နူးညံ့ပျော့ပျောင်းလာပါတယ်၊ ဘယ်လောက် နူးညံ့သလဲဆိုရင် ခြေလိုက်မယ်ဆိုရင်တောင် မှိုလေးကို ခြေရသလို ခြေလို့ရမလောက် လက်တစ်ဆုပ်စာ လောက်သာ ရှိတော့မလောက် နူးညံ့လာပါတယ်"

"ကုသိုလ်ကောင်းမှု၌ ပျော်မွေ့လာပါတယ်၊ အပြစ်တွေ ကို ကြောက်ပြီး ရိုးသားဖြောင့်မတ်လာပါတယ်၊ အဲဒီအခြေ

http://www.dhammadownload.com



အနေမှာ အဲဒီယောဂီကို ဘယ်သူက ဘာပြောပြော ခံနိုင်ရည် ရှိလာတယ်၊ အပြစ်ရှိရင်လည်း ဝန်ခံနိုင်လာတယ်၊ ဝန်ခံရဲလာ တယ်၊ ဟုတ်ပါတယ်၊ မှန်ပါတယ်၊ မဟုတ်တာတွေ့ရင် ပြော ဆိုပါ၊ တားမြစ်ပါလို့ ဖိတ်ကြားနိုင်လာတယ်"

"တရားအားထုတ်တိုင်း–အားထုတ်တိုင်း ကိုယ်တွေ ပေါ့ပါးပြီး တင်ပါးနဲ့ကြမ်းပြင်နဲ့ ထိမှန်းမသိဘဲ လေထဲမှာ လည်း ဝါဂွမ်းလေးမြောက်နေသလို ဖြစ်နေတယ်ဆိုတာ ပဿဒ္ဓိသဘောပါ"

"အချို့ယောဂီတွေမှာ အဲဒီလောက်ဖြစ်တာကိုပဲ မက်တွေ့, ဖိုလ်တွေထင်ပြီး ကျေနပ်နေတတ်ကြပါတယ်၊ အမှန်က ပဿဒ္ဓိမျှသာ ရှိပါသေးတယ်၊ မဂ်, ဖိုလ် မဟုတ်သေးပါဘူး၊ မဂ်, ဖိုလ်နဲ့ ဝေးပါသေးတယ်"

## ချမ်းသာမှုသုခ

"အဲဒီလို ပေါ့ပါးပြီး နာကျင်မှု, ကိုက်ခဲမှု, ညောင်းညာမှု စတဲ့ ကာယိကဒုက္ခတွေ မရှိတဲ့အခါ အချိန်ကြာကြာမလှုပ်ဘဲနဲ့ ငြိမ်ငြိမ်သက်သက် အားထုတ်နိုင်လာတော့ အဲဒီ ငြိမ်းချမ်းမှုမှ အစဦးတက်ပြီး ချမ်းသာမှုသုခ ဖြစ်လာပါတယ်၊ ဖြစ်လာပုံကို ဆိုကြည့်စမ်းပါဦး–

- **ကိုယ်စိတ်နှစ်ဖြာ၊ ငြိမ်းချမ်းလာ၊ ချမ်းသာရလေ သည်။**

http://www.dhammadownload.com



တဲ့၊ အေး...ကိုယ်, စိတ်နှစ်ဖြာ ငြိမ်းချမ်းပေါ့ပါးမှုကြောင့်၊ ယောဂီပုဂ္ဂိုလ်ရဲ့ ကိုယ်ရော-စိတ်ပါ, အတွင်းရော-အပြင်ပါ ခြေဆုံးခေါင်းဆုံး လောကီမှာ မိမိတို့ခံစားနေရတဲ့ ချမ်းသာတွေနဲ့မတူ ထူးခြားတဲ့ ချမ်းသာကို ခံစားရပါတယ်"

"အစဉ်တက်ပုံကို ပြန်ပြောပါဦးမယ်၊ အဲဒီ ကိုယ်, စိတ်နှစ်ဖြာ ချမ်းသာမှုကို ဘယ်သူက ကျေးဇူးပြုလဲဆိုက ကိုယ်, စိတ် ငြိမ်းချမ်းမှု ပဿဒ္ဓိက ကျေးဇူးပြုတယ်"

"အဲဒီ ကိုယ်, စိတ်ငြိမ်းချမ်းမှု ပဿဒ္ဓိကို ဘယ်သူက ကျေးဇူးပြုလဲဆိုရင် နှစ်သက်မှု ပီတိက ကျေးဇူးပြုပါတယ်"

"အဲဒီနှစ်သက်မှုပီတိကို ဘယ်သူက ကျေးဇူးပြုလဲဆိုရင် ဝမ်းမြောက်မှု ပါမောဇ္ဇက ကျေးဇူးပြုပါတယ်"

"အဲဒီဝမ်းမြောက်မှု ပါမောဇ္ဇကို ဘယ်သူကကျေးဇူးပြုလဲဆိုရင် နှလုံးသာရွှင်မှု အဝိပ္ပဋိသာရက ကျေးဇူးပြုပါတယ်"

အဲဒီနှလုံးသာရွှင်မှု အဝိပ္ပဋိသာရကို ဘယ်သူက ကျေးဇူးပြုလဲဆိုရင် ကိုယ်, နှုတ်စောင့်စည်းမှုသီလက ကျေးဇူးပြုပါတယ်"

## တည်ကြည်မှု သမာဓိ

"သီလ အရေးကြီးပါတယ်၊ သာသနာအနေနဲ့ ပြောရရင် သီလသာသနာ, သမာဓိသာသနာ, ပညာသာသနာလို့ သုံးရပ်သာသနာမှာ သီလအခြေခံပါတယ်၊ အခု သပ္ပဒါသထေရ်ဟာ

http://www.dhammadownload.com



သူ့ရဲ့ သာသနာ့အခြေခံ သီလအုတ်မြစ် ကောင်းပုံ, ခိုင်ခံ့ပုံကို မြင်တွေ့ရပြီး ဝမ်းမြောက်တာမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး...အစဉ်တက်ပုံကို ဆက်ပြောကြရအောင်ပါ၊ သီလရှိတော့ နှလုံးသာရွှင်၊ နှလုံးသာရွှင်တော့ ဝမ်းမြောက်၊ ဝမ်းမြောက်တော့ နှစ်သက်၊ နှစ်သက်တော့ ငြိမ်းချမ်း၊ ငြိမ်းချမ်းတော့ ချမ်းသာတယ်၊ ကဲ...ဆိုကြည့်စမ်းပါဦး၊ ချမ်းသာတော့ ဘာဖြစ်လဲ–

- **ကိုယ်စိတ်နှစ်လီ၊ ချမ်းသာညီ၊ တည်ကြည်ရလေသည်။**

တဲ့၊ အဲဒီအချက်ကို သေသေချာချာ မှတ်သားနာပါ၊ တရားအားထုတ်တဲ့အခါ ကိုယ်, စိတ်နှစ်ဖြာချမ်းသာမှ တည်ကြည်မှုသမာဓိဖြစ်မှာပါ၊ သမာဓိဖြစ်ဖို့ဟာ ကိုယ်, စိတ်နှစ်ဖြာချမ်းသာမှုပေါ် မူတည်ပါတယ်၊ ကိုယ်, စိတ်နှစ်ဖြာ မချမ်းသာဘဲနဲ့ ဘယ်တော့မှ သမာဓိမဖြစ်ပါ"

"ဒါ့ကြောင့် ဘုန်းကြီးတို့ တရားပြတဲ့အခါ ယောဂီတွေကို ချမ်းချမ်းသာသာထိုင်ပါ၊ အထိုင်ကြာလာတဲ့အခါ ဖြစ်တတ်တဲ့ အောက်ပိုင်းခန္ဓာကိုယ်က နာကျင်ကိုက်ခဲမှုများဖြစ်လာရင် သည်းခံနိုင်သလောက် သည်းခံပါ၊ သည်းမခံနိုင်ရင် ဣရိယာပုထ်ကို ပြောင်းပါ, ပြင်ပါ, လှည့်ပါ၊ ကြိုက်သလို ပြောင်းပါ, ပြင်ပါ, လှည့်ပါလို့ ပြောပေးတာ"

http://www.dhammadownload.com



"အဲဒီလိုပြောင်း-ပြင်ဆဲမှာ ဖြစ်ပေါ်နေတဲ့ နာကျင်ကိုက်ခဲမှုဆိုတဲ့ ရုပ်ဖောက်ပြန်မှုကို သတိပြုပြီး 'ရုပ်-ရုပ်' ဟု ရှုပွားရင်းနဲ့ ပြောင်းပါဟု ပြောပေးပါတယ်၊ ပြောင်းခွင့်ပေးပါတယ်"

"ပြောင်း-ပြင်လို့ ပြီးသွားရင် မိမိတို့ရှုနေကျဖြစ်တဲ့ မူလကမ္မဋ္ဌာန်းဖြစ်တဲ့ နှာခေါင်းမှာ လေဝင်လို့, ထွက်လို့ တိုးတိုးသွားတဲ့ တိုးသဘောကို ပြန်ရှုပါ၊ သို့မဟုတ် လေဝင်, လေထွက်လို့ အေးသွားတဲ့သဘော, ပူသွားတဲ့သဘောကို ပြန်ရှုပါလို့ ပြောပေးပါတယ်"

"ဘာဖြစ်လို့ အဲဒီလိုပြောပေးလဲဆိုရင် ယောဂီတို့မှာ ကိုယ်မချမ်းသာရင် စိတ်မချမ်းသာပါဘူး၊ စိတ်မချမ်းသာရင် သမာဓိမဖြစ်ပါဘူး၊ သမာဓိမဖြစ်ရင်လည်း သိစရာတွေကို ဘယ်သိ တော့မလဲ"

"သမာဓိ သုခပဒဋ္ဌာနံ-တဲ့၊ သမာဓိရဲ့ နီးစွာသော အကြောင်းဟာ ကိုယ်, စိတ်နှစ်ဖြာ ချမ်းသာမှုသုခပါ၊ ကိုယ်, စိတ်နှစ်ဖြာ ချမ်းသာမှ သမာဓိဖြစ်ပါတယ်၊ သမာဓိဖြစ်မှ ရုပ်, နာမ်, ဓမ္မ သင်္ခါရတို့ရဲ့ သဘောကို သိမှာပေါ့"

## အပြစ်အကျိုး

"ဘုန်းကြီးတို့ရဲ့ ဒီခန္ဓာကိုယ်ကြီးက ဣရိယာပုထ်လေးပါးစက်ရှိတဲ့ ခန္ဓာကိုယ်ကြီးပါ၊ ဣရိယာပုထ်တစ်ပါးပါး

http://www.dhammadownload.com



စက်ပျက်သွားရင် အရှည်မခံ မတည်တံ့နိုင်တော့ပါ၊ ပျက်စီးတော့မှာပါ"

"အထိုင်ကြာ၊ အရပ်ကြာ၊ လျှောင်းတာကြာ၊ စင်္ကြံလျှောက်ကြာရင်၊ ဣရိယာပုထ် တစ်ခုတည်းကို အကြာကြီးအသုံးချရင်၊ လက်တွေ၊ ခြေတွေကို အကွေးကြာရင်၊ အဆန့်ကြာရင် ခဏတိုင်း–ခဏတိုင်း ဒုက္ခဝေဒနာတွေဖြစ်ပါတယ်"

"အဲဒီလို ကိုယ်ဆင်းရဲမှု ဒုက္ခဝေဒနာဖြစ်လာရင် စိတ်တည်ကြည်မှု၊ သမာဓိမရတော့ပါ၊ တည်ကြည်မှုသမာဓိမရရင် ကိုယ်ရှုနေတဲ့ကမ္မဋ္ဌာန်းတရား ပျက်သွားရော၊ တရားအထူးလည်းမရတော့ဘူးလို့ အပြစ်လေးချက်ပြထားပါတယ်"

"ကဲ...တရားအားထုတ်တာဟာ တရားအထူးရဖို့မဟုတ်လား။ အခု ဣရိယာပုထ် ပြင်သင့်တဲ့အချိန်မှာ မပြင်၊ မပြောင်းဘဲနဲ့ ပေအားထုတ်တာနဲ့ တရားအထူးမရဘူးဆိုတော့ မနစ်နာဘူးလား"

"နစ်နာပါတယ်ဘုရား"

"အေး...ဣရိယာပုထ် တစ်ခုတည်းကို အကြာကြီးအသုံးမပြုဘဲ ပြောင်းချိန်တန်ပြောင်းပေးမယ်...၊ ပြင်ချိန်တန်ပြင်ပေးမယ်၊ လှည့်ချိန်တန် လှည့်ပေးမယ်ဆိုရင် အားထုတ်

http://www.dhammadownload.com



ခါစ ယောဂီတွေမှာ ဒုက္ခဝေဒနာ ပြင်းထန်စွာ မခံစားရ တော့ဘူး”

“အဲဒီလို ဒုက္ခဝေဒနာ ပြင်းထန်စွာ မခံစားရတော့ တည်ကြည်မှု သမာဓိမြန်မြန်ရပါတယ်၊ ရှုပွားအားထုတ်နေတဲ့ ကမ္မဋ္ဌာန်းမပျက်ပါဘူး၊ အရှု-အပွားမပျက်တော့ ကမ္မဋ္ဌာန်း တရား တိုးပွားကာ တရားအထူးရပါတယ်လို့ အကျိုးထူးတရား လေးပါးပြထားပါတယ်”

“အဲဒါကြောင့် တရားအားထုတ်ခါစ ယောဂီတွေဟာ ပြောင်းချိန်တန်ရင် ပြောင်းပေးရပါတယ်...၊ ပြင်ချိန်တန်ရင် ပြင်ပေးရပါတယ်...၊ အဲဒီလို ပြောင်း-ပြင်ပေးရင် အကျိုးထူး လေးချက်ရပါတယ်၊ မပြောင်း, မပြင်ဘဲ ပေတေအားထုတ်ရင် အပြစ်လေးချက်ဖြစ်တယ်ဆိုတာ သေသေချာချာမှတ်ထားပါ”

## ဒုက္ခနှင့် တရားမရ

“အဲဒီစကားကို ခိုင်လုံစွာ ထောက်ခံတဲ့ ဘုရားရှင် ဟောတဲ့ ဟို...‘သစ္စသံယုတ် သတ္တိသတသုတ္တန်’ မှာ အဆို အမိန့်ရှိပါသေးတယ်၊ အဲဒီပါဠိတော်က ပိုရှင်းပါတယ်၊ မြန်မာ လိုပြောပြပါ့မယ်—

“ရဟန်းတော်များ အိုချစ်သားတို့...၊ ကိုယ် ဆင်းရဲမှု ဒုက္ခနှင့်တကွ, စိတ်ဆင်းရဲမှု ဒေါမနဿနှင့်

http://www.dhammadownload.com



တက္ကွ အားထုတ်လို့တော့ အရိယသစ္စာတရား လေးပါး
ကို ထိုးထွင်းသိမယ်လို့ ငါဘုရား မဟောဘူး"

"ရဟန်းတော်များ အိုချစ်သားတို့...၊ စင်စစ်
သော်ကား ကိုယ်ချမ်းသာမှုသုခနှင့်တက္ကွသာလျှင်, စိတ်
ချမ်းသာမှု သောမနဿနှင့် တက္ကွသာလျှင် အားထုတ်
မှသာ အရိယသစ္စာတရားလေးပါးကို ထိုးထွင်းသိမယ်
လို့ ငါဘုရား ဟောတယ်"

လို့ ဟောကြားထားချက်ရှိပါတယ်၊ အဲဒီ ပါဠိတော်နှင့် ခုနက ပြောခဲ့တဲ့ သီလက္ခန် အဋ္ဌကထာရဲ့ မိန့်ဆိုချက်ဟာ တစ်သား တည်း တစ်ထပ်တည်းပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး...ဘုရားရှင်ဟောကြား မြတ်တရားတော်တွေ ဟာ တစ်ခုနှင့်တစ်ခု ကွင်းဆက်တွေပါ၊ ကြောင်း–ကျိုး စပ်ပါတယ်၊ ပြီးတော့ ဘုရားရှင်ဟာ သမာဓိရဖို့အတွက် သီးခြား ဟောထားတာတွေလည်း အများကြီးရှိပါတယ်–

'ရဟန်းတော်များ အိုချစ်သားတို့၊ တည်ကြည်မှု
သမာဓိကို ပွားကြကုန်လော့၊ တည်ကြည်မှုသမာဓိဖြစ်
သည့်ရှိသော် ရုပ်, နာမ်, ဓမ္မ သင်္ခါရတို့ရဲ့ သဘော,
သဘာဝကို ဟုတ်တိုင်းမှန်စွာ သိလိမ့်မယ်...'

လို့ ဟောထားပါတယ်၊ အဲဒီနည်းတူ ဟောကြားချက်တွေ

http://www.dhammadownload.com



လည်း အများကြီး ရှိပါသေးတယ်၊ အေး...၊ ဘုရားရှင် ဟောကြား မြွက်တရားတွေဟာ တစ်နေရာစီ, တစ်ဌာနစီမှာ ဟောကြား ထားပေမယ့် တစ်ခုနှင့်တစ်ခု ကွင်းဆက်လို့ မှတ်ပါနော်"

"မှန်ပါဘုရား"

## ဟုတ်မှန်ဉာဏ်ရ

"အေး...ငြိမ်းချမ်းမှု မရက ချမ်းသာသုခမရပါ၊ ချမ်းသာ သုခ မဖြစ်ပါ၊ ချမ်းသာသုခမဖြစ်က သမာဓိ ဘယ်လိုမှမဖြစ် ပါ၊ တည်ကြည်မှု သမာဓိမဖြစ်ဘဲနဲ့–မရဘဲနဲ့ ရုပ်, နာမ်, ဓမ္မ သင်္ခါရတို့ရဲ့ သဘော, သဘာဝကို ဟုတ်တိုင်းမှန်စွာ သိနိုင်တဲ့ ယထာဘူတဉာဏ်ကို ဘယ်လိုမှ မရနိုင်ပါ"

"ဘုရားရှင်က အဲဒီ ယထာဘူတဉာဏ်ရရေးအတွက် တည်ကြည်မှုသမာဓိကို ပွားလော့၊ တည်ကြည်မှုသမာဓိရသည် ရှိသော် ဖြစ်သည့်ရှိသော် ယထာဘူတဉာဏ်ရမယ်လို့ ဟောပါ တယ်...၊ ဆိုကြည့်စမ်းပါ–

◆ **တည်ကြည်လေက၊ ဟုတ်မှန်စွာ၊ ဉာဏ်ရမြင်မှန်သည်။**

တဲ့၊ တည်ကြည်မှုသမာဓိကိုရမှပဲ ဒါကရုပ်ပဲ, ဒါကနာမ်ပဲ, ဒါက အဖြစ်ပဲ, ဒါက အပျက်ပဲ၊ ဒါက အကြောင်းပဲ, ဒါက အကျိုးပဲလို့ ရုပ်, နာမ်, ဓမ္မ သင်္ခါရတို့ရဲ့ သဘော,

http://www.dhammadownload.com



သဘာဝကို ဟုတ်တိုင်းမှန်စွာ ရှင်းလင်းစွာမြင်တဲ့ယထာဘူတ ဉာဏ်ရမှာပါ"

"အေး...အထူးအားဖြင့် ဆိုချင်တာက ယထာဘူတ ဉာဏ်မြင်ရဖို့ဟာ အရေးကြီးပါတယ်၊ ဘုရားရှင်ကိုယ်တိုင် ယထာဘူတဉာဏ်မြင် ရဖို့ရာ ဆရာရှာရမယ်လို့ အကြိမ်ကြိမ် ဟောကြား မှာကြားခဲ့ပါတယ်"

"ယထာဘူတဉာဏ် ရဖို့ရာ ဆရာကောင်း, သမား ကောင်း သိပ်လိုပါတယ်၊ အဲဒီ ယထာဘူတဉာဏ်ရဖို့ရာက တည်ကြည်မှု သမာဓိရဖို့ရာ အရေးကြီးပါတယ်"

"အဲဒီတည်ကြည်မှုသမာဓိကလည်း ကိုယ်, စိတ်နှစ်ဖြာ မချမ်းသာဘဲနဲ့ မဖြစ်ပါဘူး၊ မရပါဘူး"

"ကိုယ်, စိတ်နှစ်ဖြာ ချမ်းသာမှုကလည်း ကိုယ်, စိတ် နှစ်ဖြာ မငြိမ်းချမ်းဘဲနဲ့ မဖြစ်ပါဘူး"

"ကိုယ်, စိတ်နှစ်ဖြာ ငြိမ်းချမ်းမှုကလည်း အစဉ် နှစ်သက်မှု ပီတိမရှိဘဲနဲ့ မရနိုင်ပါ၊ မဖြစ်နိုင်ပါဘူး"

"နှစ်သက်မှု ပီတိကလည်း ဝမ်းမြောက်ကြည်လင်မှု ပါမောဇ္ဇ မရှိဘဲနဲ့ မဖြစ်နိုင်ပါဘူး"

"ဝမ်းမြောက်ကြည်လင်မှု ပါမောဇ္ဇကလည်း နှလုံး သာရွှင်မှု အဝိပ္ပဋိသာရ မရှိဘဲနဲ့ မရနိုင်ပါဘူး"

"နှလုံးသာရွှင်မှု အဝိပ္ပဋိသာရကလည်း သီလမရှိဘဲနဲ့ မဖြစ်နိုင်ပါ၊ မရနိုင်ပါဘူး"

http://www.dhammadownload.com



## နိဗ္ဗိန္ဒာဉာဏ်

"ကဲ...ဘုန်းကြီးတို့ပရိသတ်၊ သီလပဲ ပြန်ပြီးတော့ အခြေခံပြန်ပါတယ်၊ သီလ အရေးကြီးပါတယ်၊ သီလကို အခြေခံသွားလိုက်တာ ယခု ဘယ်ဉာဏ်ရောက်သွားပြီလဲ ဆိုတော့ ယထာဘူတဉာဏ်နော်"

"မှန်ပါဘုရား"

"ဒါဖြင့် ယထာဘူတဉာဏ်ဆိုတဲ့ ဟုတ်မှန်စွာသိတဲ့ဉာဏ် ရရုံနဲ့ ပြီးရောလား၊ မပြီးသေးပါဘုရား၊ အရေးကြီးတာသာ ပြောပါတယ်၊ အဲဒီဉာဏ်ရတော့ အဟုတ်မှန်စွာ သိရမြင်ရတဲ့ ရုပ်, နာမ်, ဓမ္မ သင်္ခါရတွေကို ဒီဉာဏ်နဲ့ဆက်ပြီး ရှုရပါမယ်၊ ပွားရပါမယ်"

"အဲဒီလို ဆက်လက်ရှုပွား အားထုတ်တော့ အပျက်တွေ, ဘေးတွေ, သေမင်းတွေ, ကြောက်မက်ဖွယ်တွေ မြင်လာပြီး အားကိုးစရာမရှိပါကလား၊ ခက်ပါပေ့လား၊ ဘယ့်နှယ်လုပ်ရ ပါမလဲလို့ မရွှင်မလန်းဖြစ်ပြီး ရုပ်, နာမ် ဓမ္မအပေါ်မှာ စိတ် ကုန်ခန်းပြီး မချမ်းမမြေ့ ငြီးငွေ့တဲ့ဉာဏ်ရပါမယ်၊ ဆိုကြည့် စမ်းပါ—

◆ **ဟုတ်မှန်ဉာဏ်ရ၊ သင်္ခါရ၊ ဉာဏ်က ငြီးငွေ့ပြီ။**

တဲ့၊ ဟုတ်မှန်ဉာဏ်က နိဗ္ဗိန္ဒာဉာဏ်, ငြီးငွေ့ဉာဏ်ကို ကျေးဇူး ပြုပါတယ်၊ ဥပမာအလွယ်ပြောရရင် အိမ်တစ်အိမ်မှာ ဇနီး မောင်နှံနှစ်ယောက် အတူနေပါတယ်"

http://www.dhammadownload.com



"တစ်ယောက်သဘောတစ်ယောက် အတွင်းသိ၊ အစင်းသိ မသိခင်ကတော့ ချစ်လို့–ခင်လို့ ခွဲမရခွာမရ၊ မခွဲချင်–မခွာချင်ပါပဲ၊ ဟော...အတော်ကြာကြာ ပေါင်းမိတော့ တစ်ယောက်အကြောင်း တစ်ယောက် သိလာ–မြင်လာတယ်၊ အပြစ်တွေ တွေ့လာ–မြင်လာပြီ၊ အဲဒီအခါ တစ်ယောက်ကို တစ်ယောက် ငြီးငွေ့လာပြီ"

"ဟင်း...ငါက လူကောင်း–သူကောင်းမှတ်လို့ အားကိုး တစ်ခုပြုပြီး ပေါင်းသင်းပါတယ်၊ အားကိုးစရာလည်း မဟုတ်ပါ လား၊ အားကိုးလွဲပါပေါ့လား၊ ဘယ်တော့များ သူနဲ့ ခွာရပါ့ မလဲ စသည်ဖြင့် ဖြစ်သလိုပါပဲ"

"ယောဂီပုဂ္ဂိုလ်လည်း ရုပ်, နာမ်, ဓမ္မ သင်္ခါရတရား တွေအပေါ် ကိုးရာမမြင်တော့ ငြီးငွေ့အားသန်ပြီး စိတ်ပူပန်ကာ လျှင်မြန်စွာ ရုပ်, နာမ်, ဓမ္မ သင်္ခါရဘေးဆိုးကြီးမှ လွန်ရန် ကြိုးစားပါတော့တယ်"

"ဘာဖြစ်လို့ ကြိုးစားလည်းဆိုရင် ငြီးငွေ့မှုနိဗ္ဗိန္ဒာဉာဏ် ကြောင့်ပါ၊ တကယ် ငြီးငွေ့ရင် တကယ်လွတ်ကြောင်းရှာပါ တယ်၊ အဲဒီနိဗ္ဗိန္ဒာဉာဏ်ရဖို့က ယထာဘူတဉာဏ်ရဖို့ အရေး ကြီးတယ်နော်" "မှန်ပါဘုရား"

"အေး...ယထာဘူတဉာဏ်ရတော့ ငြီးငွေ့မှု နိဗ္ဗိန္ဒာ ဉာဏ် ရပါတယ်၊ ငြီးငွေ့မှု နိဗ္ဗိန္ဒာဉာဏ်ရတော့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ရပြီလားဆိုတော့ မရသေးပါဘူး"

http://www.dhammadownload.com



"မဂ်, ဖိုလ်, နိဗ္ဗာန်နဲ့တော့ နီးလာပြီနော်၊ ခုနက ပြောခဲ့တဲ့ ဇနီးမောင်နှံဥပမာအတိုင်းပဲပေါ့၊ တစ်ယောက်အပေါ် တစ်ယောက်အပြစ်တွေ အကုန်လည်းမြင်ရော 'နင်နေရစ် တော့- ငါတော့သွားတော့မယ်'ဆိုပြီး စွန့်ပြီးတော့ သွားနိုင် တယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

## လွှတ်မြောက်ဉာဏ်

"အေး...ဒီမှာလဲ ဒီအတိုင်းပါပဲ၊ ရုပ်, နာမ်, ဓမ္မ သင်္ခါရတွေအပေါ် အမြင်မှန် ယထာဘူတဉာဏ်ရတော့ ငြီးငွေ့မှု နိဗ္ဗိန္ဒဉာဏ်ရလာပါတယ်၊ ငြီးငွေ့တော့ လွတ်ချင် စိတ်, ကျွတ်ချင်စိတ်နဲ့ ထပ်ခါ-ထပ်ခါ ရှုပါတယ်"

"ရှုပါတယ်၊ လွတ်မှုလွတ်ရန် အမြင်သန်ပြီး ရုပ်, နာမ်, ဓမ္မသင်္ခါရအပေါ် မတွယ်တာမတပ်မက်တော့ပါ၊ တွယ်တာတပ်မက်မှု တဏှာချုပ်ခါ မဂ်ဉာဏ်ရပါတယ်"

"ဘာဖြစ်လို့ တပ်မက်မှုတဏှာချုပ်ခါ ရုပ်, နာမ်, ဓမ္မ သင်္ခါရတွေကို စွန့်နိုင်သလဲ, လွှတ်နိုင်သလဲဆိုရင် ငြီးငွေ့မှု ဉာဏ်အမြင်သန်လာလို့ပါ"

"အေး...၊ ကြည့်လေ၊ ရုပ်, နာမ်, ဓမ္မသင်္ခါရတွေ အပေါ် ယထာဘူတဉာဏ်နဲ့ အမှန်မမြင်ခင်၊ ရုပ်, နာမ်, ဓမ္မ သင်္ခါရအပေါ် နိဗ္ဗိန္ဒဉာဏ်နဲ့ အပြစ် မမြင်ခင်တုန်းကတော့

http://www.dhammadownload.com



'ငါ့ကိုယ် ငါ့ဟာ, ငါ့ဥစ္စာ' နဲ့ တတွယ်တာတာ, တပြုပြင်ပြင်, ခင်မင်စွဲလမ်းနေတယ်"

"ရုပ်, နာမ်, ဓမ္မ သင်္ခါရတွေအပေါ် အမှန်မြင်လာပြီး ငြီးငွေ့ အလွန် ငြီးငွေ့လာတော့ 'တော်ပြီ–တန်ပြီ–မလိုချင်တော့ပြီ' ဆိုတဲ့ စိတ်ဖြစ်ခါ တပ်မက်မှုတဏှာကို စွန့်လိုက်ပြီနော်၊ အဲဒီတဏှာကို စွန့်နိုင်၊ ပယ်နိုင် တဏှာချုပ်သွားပြီဆိုတော့ လွတ်မြောက်မှု မဂ်ပေါ့၊ ကဲ...ဆိုကြည့်စမ်းပါ–

◆ **ငြီးငွေ့ ပြင်းထန်၊ လွတ်မြောက်ဉာဏ်၊ အမှန်ရလေသည်။**

တဲ့၊ ငြီးငွေ့မှုပြင်းထန်လာတော့၊ လွတ်ချင်တဲ့စိတ်နဲ့ ကြိုးစားအားထုတ်တော့ လွတ်မြောက်မှုဆိုတဲ့ မဂ်ဉာဏ်ရသွားပြီ"

"မဂ်ဉာဏ်ရသွားတယ်ဆိုတာ ရုပ်, နာမ်, ဓမ္မသင်္ခါရအပေါ်မှာ ကိလေသာတွေ လွတ်သွားပြီ၊ ကိလေသာတွေကို မဂ်ဉာဏ်နဲ့ စွန့်လွှတ်လိုက်ပြီ၊ ရုပ်, နာမ်, ဓမ္မသင်္ခါရကတော့ ကျန်ခဲ့ပါတယ်၊ သူ့အပေါ်မှာ စွဲလမ်းမှုကို စွန့်လွှတ်လိုက်ပါပြီ၊ စွဲလမ်းမှုမရှိတော့ပါ"

## လွတ်မြောက်သိဉာဏ်

"ရုပ်, နာမ်, ဓမ္မသင်္ခါရတွေက ရှိမြဲတိုင်းရှိနေပါတယ်၊ ဖြစ်–ပျက်ကလည်း ဆက်ပြီးတော့ ဖြစ်ပျက်အနေပဲရှိပါတယ်၊ အေး...သူတို့အပေါ် အမြင်မမှန်ခင်၊ မငြီးငွေ့ခင်က စွဲလမ်း

http://www.dhammadownload.com



နေတဲ့ စွဲလမ်းမှု ကိလေသာတွေ လွတ်သွားပြီ၊ လွတ်သွားပြီ ဆိုတော့ မဂ်ပေါ်လာပါတယ်၊ မဂ်ဉာဏ်ရပါတယ်"

"ဒီမဂ်ဉာဏ်က သောတာပတ္တိမဂ်ဉာဏ် ဦးစွာပေါ်ရပါတယ်၊ သူပေါ်တော့ သူနဲ့သက်ဆိုင်ရာ ကိလေသာတွေမှ လွတ်သွားပြီပေါ့..."

"သောတာပန်ဆိုတော့ သောတာပန်နဲ့ဆိုင်တဲ့ ကိလေသာတွေကို စွန့်လွှတ်လိုက်ပါတယ်၊ စွန့်တဲ့အတွက် လွတ်သွားပါတယ်၊ အဲဒီလို လွတ်သွားတာကို လွတ်သွားပါလားလို့ လွတ်သွားမှန်းသိတဲ့ဉာဏ် ဖြစ်ပေါ်လာပါတယ်၊ အဲဒီဉာဏ်ကို ပစ္စဝေက္ခဏာဉာဏ်လို့လည်း ခေါ်ပါတယ်၊ ကဲ–ဆိုကြည့်စမ်းပါဦး–

◆ **လွတ်မြောက်လေက၊ လွတ်မြောက်ရ၊ သိရဉာဏ်ရသည်။**

မိမိရဲ့စိတ်မှာ ကိလေသာမှ လွတ်မြောက်သွားတာကို လွတ်မြောက်သွားပါလားလို့ သိတဲ့ဉာဏ်ပေါ့၊ ပါဠိလိုတော့ ဝိမုတ္တိဉာဏဒဿနလို့ ခေါ်ပါတယ်"

### တရားအစဉ်တက်ပုံ

"ကဲ–အဲဒီ တရားတက်ပုံ အစဉ်အတိုင်း အားထုတ်မယ်ဆိုရင် ပင်ပန်းစရာရှိသေးလား၊ မရှိပါဘူး၊ ရုပ်ပျက်–ဆင်းပျက် ဖြစ်ဦးမလား၊ မဖြစ်တော့ပါဘူး၊ လဲကွဲဦးမလား၊ မလွဲကွဲပါဘူး"

http://www.dhammadownload.com



"ကဲ...တရားအစဉ်တက်ပုံကို အစကနေပြီး ပြန်ပြောကြပါစို့၊ သီလရှိလျှင် ဘာဖြစ်မလဲ၊ နှလုံးသာရွှင်ပါတယ်၊ နှလုံးသာရွှင်တော့ ကြည်လင်ဝမ်းမြောက်ပါတယ်"

"ဝမ်းမြောက်ကြည်လင်တော့ အစဉ် နှစ်သက်ပါတယ်၊ နှစ်သက်ရွှင်လန်းတော့ ကိုယ်, စိတ် ငြိမ်းချမ်းပါတယ်"

"ကိုယ်စိတ်, နှစ်ဖြာငြိမ်းချမ်းတော့ ကိုယ်စိတ်, နှစ်ဖြာချမ်းသာပါတယ်"

"ကိုယ်စိတ်, နှစ်ဖြာချမ်းသာတော့ တည်ကြည်မှုသမာဓိရပါတယ်၊ တည်ကြည်မှု သမာဓိရတော့ ဟုတ်တိုင်းမှန်စွာသိတဲ့ ယထာဘူတဉာဏ်ရပါတယ်"

"ယထာဘူတဉာဏ်ရတော့ ဆက်ရှုတဲ့အခါ ယထာဘူတဉာဏ် အမြင်သန်လာပြီး ရုပ်, နာမ်, ဓမ္မသင်္ခါရအပေါ် ငြီးငွေ့တဲ့ နိဗ္ဗိန္ဒဉာဏ် ရပါတယ်"

"လွတ်မြောက်မှု ဝိမုတ္တိဉာဏ်ရတော့ အဲဒီလွတ်မြောက်မှုကို လွတ်မြောက်ပါလား...၊ လွတ်မြောက်သွားပြီလို့ သိတဲ့ဉာဏ် ဝိမုတ္တိဉာဏဒဿနကို ရပါတယ်၊ ကျေးဇူးအလွန်မှများပါတယ်"

## တရားအစဉ်

"တရားအစဉ်တက်ပုံမှာ အင်မတန်ချမ်းသာပါတယ်၊ ကဲ...ဒါဖြင့် သပ္ပဒါသထေရ် ဘယ်လိုရဟန္တာဖြစ်သွားလဲဆိုတာ ပြန်ပြီးတော့ အစဖော်ကာ ပြောကြပါစို့နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"သပ္ပဒါသထေရ်ဟာ သင်ဓုန်းဓားနှင့် လည်မျိုကိုလှီးမယ့် ဆဲဆဲမှာ ပဋ္ဌင်းဖြစ်သောအခါမှစ၍ မိမိရဲ့သီလကို ဆင်ခြင်တဲ့အခါ အညစ်အကြေးကင်းစင်တဲ့ လပြည့်ဝန်းကဲ့သို့ ကောင်းစွာ သွေးအပ်, ပွတ်အပ်သော ပတ္တမြားနှစ်အတုံးကဲ့သို့ အညစ်အကြေးမရှိတာကို မြင်ပါတယ်"

"အဲဒီအခါမှာ သီလကို ရှုဆင်ခြင်သော သပ္ပဒါသထေရ်ရဲ့ တစ်ကိုယ်လုံး ပျံ့နှံ့ကာ နှစ်သက်မှုပီတိဖြစ်ပါတယ်။ အဲဒီ ပီတိအကြောင်းကို ဘုန်းကြီးတို့ ပြောခဲ့ပြီးပါပြီ"

"ကမ္မဋ္ဌာန်းတရားကို နားလည်အောင်, အားထုတ်တတ်အောင် သင်ထားပြီးဖြစ်တဲ့ သပ္ပဒါသထေရ်ဟာ ဖြစ်ပေါ်လာတဲ့ ပီတိကို ခွာပြီး ဝိပဿနာပွားရာ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာဖြစ်သွားပါတယ်"

## ပီတိကိုခွာပုံ

"ပီတိကိုခွာတယ်ဆိုတာ 'ဟဲ့-ပီတိ နင်သွားတော့၊ ငါ့ကိုယ်မှာ မနေနဲ့, မဖြစ်နဲ့' လို့ ခွာချရတာမျိုးမဟုတ်ပါ၊ ဒီလို ခွာချလို့လည်း မရပါ"

"ဖြစ်ပေါ်နေတဲ့ပီတိကို နှလုံးမသွင်းဘဲ ခွာပါတယ်၊ ပီတိကို နှလုံးမသွင်းဘဲ ဘာကို နှလုံးသွင်းလဲ...၊ ဝိပဿနာပွားတယ်ဆိုကတည်းက ဝိပဿနာရဲ့ အာရုံက ရုပ်, နာမ်

http://www.dhammadownload.com



ဖြစ်တော့ ရှုပွားအားထုတ်နေကျဖြစ်တဲ့ အရှုခံ ရုပ်အာရုံ နှစ်မျိုးတွင် ထင်ရှားရာ တစ်မျိုးမျိုးကို အရှုခံအဖြစ်ထားပြီး ရှုပွားအားထုတ်ပါတယ်"

ကိုယ်နှင့်စပ်သမျှ ရုပ်

"ဝိပဿနာရဲ့အာရုံက ရုပ်, နာမ်ဖြစ်တော့ ရုပ်, နာမ်ကို အလွယ်တကူသိအောင် နားလည်အောင် ပြောပြပါမယ်၊ မှတ်မှတ်သားသား သိထင်ရှားအောင် နာကြားပါ၊ ကဲ...လင်္ကာတစ်ပုဒ် ဆိုကြည့်ပါ—

◆ **ကိုယ်နှင့်စပ်သမျှ၊ ရုပ်မှတ်ကြ၊ ရှုပ်ပါ့ရုပ်ဟုသာ။**

ဘုန်းကြီးတို့ပရိသတ်၊ ကိုယ်နှင့်ရုပ်၊ ကိုယ်နှင့်ခန္ဓာ ကွဲဖို့တော့ သိပ်လိုပါတယ်၊ သိပ်အရေးကြီးပါတယ်၊ ကိုယ်ဆိုတာက ခြေဆုံး–ခေါင်းဆုံး ထိုးထိုးထောင်ထောင် တစ်ကောင်လုံးကို ကိုယ်လို့ခေါ်ပါတယ်"

"ကိုယ်ဆိုတာ သဏ္ဌာန်ဒြပ်ရှိပါတယ်၊ အမာခံ အစိုင်အခဲ၊ အဝိုင်း–အပြား၊ အတို–အရှည် ရှိပါတယ်၊ ခန္ဓာဆိုတာက အမာခံ အစိုင်အခဲ၊ အဝိုင်း–အပြား၊ အတို–အရှည် သဏ္ဌာန် ဒြပ် မရှိပါ။ သဘောတရားမျှသာ ဖြစ်ပါတယ်"

"ကိုယ်ဆိုတာက အခေါ်ရှိပါ၊ ပညတ်ပါ၊ ရုပ်, နာမ်, ခန္ဓာက တကယ်အရှိ ပရမတ်ပါ၊ မရှိတာကို မရှိတဲ့အတိုင်း သိအောင်ကြိုးပမ်းနိုင်ရင် ရုပ်, နာမ် အရှိနှစ်မျိုးသာကျန်ပါ တော့မယ်"

http://www.dhammadownload.com



"ဝိပဿနာ ရှုပွားအားထုတ်တယ်ဆိုတာ အဆန်းအပြား ရှာတာမဟုတ်ပါ၊ အဆန်းအပြား တစ်မျိုးတစ်ဖုံလုပ်ရတာလည်း မဟုတ်ပါ၊ ထင်ရှားရှိနေတဲ့, ဖြစ်နေတဲ့ ရုပ်, နာမ်တရားကို ထင်ရှားရှိနေတဲ့အတိုင်း အရှိကို အရှိအတိုင်း၊ ရှိနေတဲ့အတိုင်း သိအောင်, မြင်အောင် သတိထားပြီး ရှုပွားရတာပါ"

"ဒါကြောင့် မရှိပညတ်နှင့် အရှိပရမတ်ကို ကွဲပြားအောင် ကြည့်ပါ၊ ရှုပါ၊ ဘုန်းကြီးတို့ပရိသတ်ရဲ့ မရှိပညတ်ကိုယ်ပေါ်မှာ တိုးတယ်၊ ထိတယ်၊ ပူတယ်၊ အေးတယ်၊ လှုပ်တယ်၊ ရွေ့တယ်၊ တင်းတယ်၊ တောင့်တယ်၊ နာတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ခဲတယ်၊ အောင့်အင်းတယ်၊ မူးဝေတယ်၊ အော်ဂလီဆန်တယ်၊ ယားယံတယ်၊ ချေဆတ်တယ် စသည့် သဘောတရားတွေ ဖြစ်တတ်ပါတယ်"

"အဲဒီသဘောတရားတွေဟာ ကိုယ်နှင့်စပ်ပြီး ကိုယ်ပေါ်မှာ အထင်အရှားရှိ, အဟုတ်ရှိနေတဲ့ သဘောတရားတွေပါ၊ ရုပ်တရားတွေပါ၊ ဝေဒနာတွေ မဟုတ်ပါ"

"ကိုယ်နှင့်စပ်ပြီး ကိုယ်ပေါ်မှာ ပေါ်လာတဲ့ တိုးသဘော၊ ထိသဘော၊ ပူသဘော၊ အေးသဘော စသည်တို့ဟာ ရုပ်နော်...၊ ခေါင်းတို့, နှာခေါင်းတို့ စသည်တို့က အခေါ်ရှိ ပညတ်တွေနော်၊ ကိုယ်နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အခု ဘုန်းကြီးတို့ပရိသတ်ကို ရှုပွားနည်း အချုပ်မျှ ပြောပြပါမယ်၊ အခုထိုင်ပြီး တရားနာနေကြတော့ အသက်မရှူဘဲနာလား, အသက်ရှူရင်းနာလား"

"အသက်ရှူရင်း နာနေပါတယ်ဘုရား"

"အသက်ရှူရင်းနာနေရင် အသက်ရှူတဲ့အခါ သတိထားပါ၊ ရှုသွင်းလိုက်ရင် နှာခေါင်းတစ်နေရာကို လေက တိုး–တိုးဝင်မသွားဘူးလား"

"တိုး–တိုးဝင်သွားပါတယ်ဘုရား"

"ထွက်တော့ကော တိုး–တိုး မထွက်ဘူးလား"

"တိုး–တိုးထွက်ပါတယ်ဘုရား"

"အေး...အဝင်ပဲ တိုး–တိုး၊ အထွက်ပဲ တိုး–တိုး၊ တိုးတဲ့အခိုက် အဲဒီ တိုးသဘောဟာ ရုပ်ဖြစ်လို့ 'ရုပ်' လို့ ရှုပါ၊ အချို့ယောဂီတွေက တိုးတယ်လို့ မသိဘဲ ဝင်တဲ့–ထွက်တဲ့အခိုက်မှာ ထိတယ်လို့ သိပါတယ်၊ ထိတယ်လို့ သိရင်လဲ အဲဒီထိတဲ့အခိုက် အဲဒီထိတဲ့သဘောကို 'ရုပ်' လို့ ရှုရပါမယ်"

"အချို့ယောဂီတွေက ဝင်တဲ့–ထွက်တဲ့အခိုက် လေဝင်ရင် တိုးတယ်–ထိတယ်လို့မသိဘဲ အေးတယ်လို့ သိပါတယ်၊ လေထွက်ရင်လည်း တိုးတယ်–ထိတယ်လို့ မသိဘဲ ပူတယ်လို့

http://www.dhammadownload.com



သိပါတယ်။ အဲဒီလို အေးတယ်, ပူတယ်သိရင်လည်း အဲဒီ ပူတာ, အေးတာဟာ ရုပ်ဖြစ်လို့ ‘ရုပ်’ လို့ ရှုပါ”

“အတိုချုပ်ပြောရရင် ကိုယ်နှင့်စပ်ပြီး ကိုယ်ပေါ်မှာ ဖြစ်နေသမျှ နာမည်တပ်ချင်သလိုတပ်ပါ၊ အားလုံး ရုပ်တွေချည်းဖြစ်၍ နာမည်အမျိုးမျိုးတပ်ပြီး မရှုဘဲ ‘ရုပ်’ လို့ပဲ ရှုပွားပါ”

## စိတ်နှင့်စပ်သမျှ နာမ်

“ဒီကိုယ်မှာ ရုပ်နှင့် နာမ် နှစ်မျိုးပဲရှိပါတယ်၊ ရုပ်ရှုပုံကို အချုပ်မျှပြောပြီး နာမ်ရှုပုံ အချုပ်ကို ပြောကြရအောင်ပါ၊ ဆိုကြည့်စမ်းပါ—

◆ **စိတ်နှင့်စပ်သမျှ၊ နာမ်မှတ်ကြ၊ ရှုပုံနာမ်ဟုသာ။**

စိတ်နှင့်စပ်ပြီး ဟိုကြံ–ဒီကြံ၊ ဟိုတွေး–ဒီတွေး၊ ဟိုသိ–ဒီသိ၊ ထွေထွေထူးထူးသိတဲ့ အသိတရားဟာ နာမ်ပါ၊ ဒါ့ကြောင့် စိတ်နှင့်ကြံစည် တွေးတောသမျှ နာမ်လို့ရှုပါ”

“အချုပ်ပြန်ပြောပါမယ်၊ ကိုယ်နှင့်စပ်ပြီး ကိုယ်ပေါ်မှာ ပေါ်နေသမျှ နာမပညတ်အနေနဲ့ အမည်တပ်ချင်သလိုတပ်ပါ၊ ပရမတ်အနေနှင့် ချုပ်လိုက်ရင် ‘ရုပ်’ လို့ တစ်မျိုးပဲထွက်လာပါတယ်၊ ဒါ့ကြောင့် အမည်ပညတ်တွေနောက် လျှောက်လိုက်ပြီး အမျိုးမျိုး မရှုနိုင်းဘဲ ပရမတ်ရုပ်, နောက်သို့လိုက်ကာ ‘ရုပ်’ လို့ တိုကျဉ်းလိုရင်းပဲ ရှုပါ”

http://www.dhammadownload.com



"စိတ်နှင့်အမျှ သိမြင်၊ ကြားသိ၊ နံ့သိ စသည်ဖြင့် နာမပညတ်အနေနဲ့ အမည်တပ်ချင်သလိုတပ်ပါ၊ ပညတ်တွေ များနေပေမယ့် ပရမတ်အနေနဲ့ ချုပ်လိုက်ရင် 'နာမ်' တစ်မျိုးပဲ ထွက်လာပါတယ်။ ဒါကြောင့် အမည်ပညတ်တွေနောက် ရောက်လိုက်ပြီး အမျိုးမျိုးမရှုခိုင်းဘဲ ပရမတ်နာမ်နောက်သို့ လိုက်ခါ 'နာမ်' လို့ တို–ကျဉ်း လိုရင်းပဲရှုပါ၊ ဆိုကြည့်စမ်းပါ–

◆ ရုပ်တွင်မှည့်အပ် ပညတ်မည်ဟာ၊
သူမပါလဲ ပွဲမစည်ရှာ၊
ပညတ်မည်ဖြုတ် ဒြပ်ရုပ်ဟာ၊
လူမသုံး လုံးလုံးပစ်ရရှာ။

◆ အမည်ပညတ် နှစ်ရပ် ရုပ်, နာမ်၊
ပညတ်ကွယ်ပ ကျန်ရ ရုပ်,နာမ်၊
ရုပ်, နာမ်ကျန်က သိရအမှန်၊
အသိမှန် အမြန်ရောက်နိဗ္ဗာန်။

ဘုန်းကြီးတို့ ပရိသတ် ရှိနေတဲ့အတိုင်း၊ ဖြစ်နေတဲ့အတိုင်း သိသောဉာဏ်ကို ယထာဘူတဉာဏ်လို့ ခေါ်ပါတယ်၊ ဖွယ်ဖွယ် ရာရာကို သိခြင်း၊ အမျိုးမျိုးသိခြင်းကို ပညတ်သိလို့ ခေါ်ပါ တယ်"

"အားထုတ်ရမှာက ပညတ်သိမှသည် ပရမတ်သိသို့ ရောက်အောင် အားထုတ်ရမှာဖြစ်၍ အမည်ပညတ်တွေဖြုတ်ခါ ပရမတ် ရုပ်, ပရမတ်နာမ်သို့ ရောက်အောင် 'ရုပ်ရုပ်–နာမ်

http://www.dhammadownload.com



နာမ်' လို့ တိုကျဉ်းနှင့် လိုရင်းနှစ်မျိုးပဲ ရှုပွားပါ၊ အလျင်အမြန် ရနိုင်တဲ့နည်းပါ"

"ရှုပွားတဲ့အခါ ထွက်လေ-ဝင်လေကို ရုပ်အနေ ရှုပွားလိုသော် ထွက်လေ-ဝင်လေ နှစ်မျိုးတို့အပေါ်မှာ မရှုပွားဘဲ...၊ အဲဒီလေနှစ်မျိုးတို့ အသုံးပြုရာ နှာခေါင်းဖုအတွင်းမှာဖြစ်စေ၊ ပါးစပ်ရှိ အာခေါင်နှင့် နှုတ်ခမ်းမှာဖြစ်စေ ဝင်ခိုက်, ထွက်ခိုက် တိုးသဘော, ထိသဘောအပေါ်တွင် မိမိအသိဥာဏ် ထင်ရှားရာကိုသာသတိကပ်ကာ တိုးတိုင်း-ထိတိုင်း ရုပ်-ရုပ်ဟုရှုပါ"

"သို့မဟုတ် ဝင်ခိုက်-ထွက်ခိုက် အေးသဘော, ပူသဘောအပေါ်တွင် အသိဥာဏ် ထင်ရှားရာကိုသာ သတိကပ်ကာ အေးတိုင်း ပူတိုင်း ရုပ်-ရုပ်ဟု ရှုပါ"

"အဲဒီလိုရှုပွားတဲ့အခါ ရှုပွားတဲ့စိတ်နှင့် အရှုခံအာရုံ နှစ်မျိုးကို သိရပါမယ်"

"အရှုခံအာရုံနှင့် ရှုပွားတဲ့စိတ် တည့်တည့်မတ်မတ်နေအောင် ရှုပွားရပါမယ်"

"အရှုခံအာရုံမှ ရှုပွားတဲ့စိတ် အပြင်ထွက်မသွားအောင် အမြဲသတိပြုပြီး ရှုပွားနေရပါမယ်"

"ရှုပွားနေတဲ့အခါ အရှုခံအာရုံမှတစ်ပါး အခြား ဘာတစ်ခုမျှ မစဉ်းစားပါနဲ့၊ ဘာအာရုံမျှ ဝင်မလာပါစေနဲ့"

"အရှုခံ ကမ္မဋ္ဌာန်းအာရုံတည်းဟူသော ချည်တိုင်မှာ နှောင်ကြိုးနဲ့တူတဲ့ မိမိရဲ့ စိတ်ရိုင်းကို ကြိုးနှင့်တူတဲ့ သတိတရား

http://www.dhammadownload.com



ဖြင့် တင်းတင်းကျပ်ကျပ်ချည်ပြီး ဆုံးမသောအား ရှုပွားရပါမယ်"

"မိမိရဲ့ မျက်စိ, နား, နှာ, လျှာ, ကိုယ်–ဆိုတဲ့ အပေါက်ငါးပေါက်ကို ပိတ်ပြီး မနောဆိုတဲ့ စိတ်ပေါက်ကနေ၍ ဖွတ်နဲ့တူတဲ့ အရှုခံအာရုံဖြစ်တဲ့ တိုးသဘော၊ ထိသဘော၊ အေးသဘော၊ ပူသဘော စသည်တို့မှ ထင်ရှားရာ အာရုံကို ချောင်းဖမ်းသောအားဖြင့် ရှုပွားရမယ်၊ စောင့်ကြည့်သောအားဖြင့် ရှုပွားရမယ်"

## ဉာဏ်ဓားနှင့်လှီး

သပ္ပဒါသထေရ်ဟာ ရဟန်းဝတ်ပြီးကတည်းက ဘုရားရှင်ထံမှာ စနစ်တကျ တရားအားထုတ်နည်း သင်ယူထားပြီး ဖြစ်လို့ အားထုတ်နေဆဲဖြစ်တဲ့အတွက် ယခုပြောပြတဲ့အတိုင်း စနစ်တကျ အားထုတ်လိုက်ရာ တစ်ခဏအတွင်းမှာ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်သွားတာပါ..."

"ရဟန္တာဖြစ်သွားတော့ သင်ဓုန်းဓားကို ယူလာပြီး ကျောင်းဝိုင်းထဲ ပြန်ကြွလာပါတယ်၊ ဘာဖြစ်လို့ ဓားနှင့်မလှီးဘဲ ပြန်ကြွလာသလဲ?၊ မသေရဲလို့လား?၊ မဟုတ်ပါ"

"သေချာတာက ပုထုဇဉ် ဘဝတုန်းက အကုသိုလ်ကံ နှိပ်စက်လို့ အကုသိုလ်ကံရဲ့ အကျိုးကြောင့် သေချင်တာပါ၊ ယခု ရဟန္တာဖြစ်သွားပြီဆိုတော့ အဲဒီ သေချင်အောင် နှိပ်စက်တဲ့ အကုသိုလ်ကံက ကုန်သွားပြီ"

http://www.dhammadownload.com



"သာသနာတော်မှာ မပျော်ဘူးဆိုတာလည်း ကိလေသာရှိတဲ့ ကိလေသာထူပြောတဲ့ ပုဂ္ဂိုလ်တွေသာ မပျော်တာပါ၊ အခု သပ္ပဒါသထေရ်ဟာ သာသနာ တော်မှာ မပျော်အောင် နှိပ်စက်တဲ့ ကိလေသာတွေ ကုန်သွားပြီဖြစ်လို့ သာသနာတော်မှာ ပျော်သွားပါပြီ"

"အဲဒီလို ပျော်သွားပြီဖြစ်လို့ သူ့လည်ပင်းသူ ဓားနှင့်မလှီးတော့ဘဲ ကျောင်းဝိုင်းထဲ ပြန်လာပြီး ဓားကိုလည်း သူ့နေရာသူ ပြန်ထားလိုက်ပါတယ်"

"သူဓားယူသွားတာ တွေ့မြင်လိုက်တဲ့ရဟန်းတော်တွေက ဓားပြန်လာထားတော့ 'ဘယ့်နှယ်လဲ ငါ့ရှင်၊ ဓားကိုင်ပြီးတော့ အပြင်ထွက်သွား၊ ခေါင်းမရိတ်, ဘာမရိတ်ဘဲနဲ့ ဘယ်သွားပြီး ဘာလုပ်ပြန်လာတာလဲ'လို့ မေးကြပါတယ်"

"အဲဒီလိုမေးတဲ့အခါ သပ္ပဒါသထေရ်က 'ငါ့ရှင်တို့...၊ တပည့်တော်သွားတုန်းကတော့ ဒီသင်ဓုန်းဓားနဲ့ လည်မျိုကို လှီးဖြတ်ပြီး သေမလို့ဆိုပြီး သွားပါတယ်'လို့ ပြောပြပါတယ်"

"အဲဒီလိုပြောတဲ့အခါ ရဟန်းတော်တွေက 'နို့...ငါ့ရှင် ဘာဖြစ်လို့ မလှီးလဲ၊ ဘာကြောင့်မသေလဲ'လို့ မေးကြပါတယ်"

"အဲဒီလိုမေးတော့ သပ္ပဒါသထေရ်က 'ငါ့ရှင်တို့... ယခုအခါမှာတော့ တပည့်တော်ဟာ ဓားလက်နက်ကို ကိုင်ဆောင်ကာ ကိုယ့်ကိုယ်ကို လှီးသတ်ဖို့ မထိုက်တော့တဲ့သဘော

http://www.dhammadownload.com



ဖြစ်သွားပါပြီ၊ ဒါ့ကြောင့် မလှီးသတ်တော့ဘဲ ဓားပြန်လာထား ပါတယ်—

မှန်ပါတယ်အရှင်ဘုရားတို့၊ တပည့်တော်ဟာ သွား တုန်းက ဒီခေါင်းရိတ်တဲ့ သင်ဓုန်းဓားနဲ့ တပည့်တော်ရဲ့ လည်ပင်းကို တပည့်တော်လှီးသတ်မလို့ သွားတာပါ၊ ပကတိ ဓားနဲ့ မလှီးဖြစ်ဘဲ ဉာဏ်တည်းဟူသော သင်ဓုန်းဓားနှင့် အလုံးစုံသော ကိလေသာတွေကို ဖြတ်လိုက်တာ ပြတ်သွား ပြီးဖြစ်တဲ့အတွက် ပကတိသင်ဓုန်းဓားနဲ့ မဖြတ်ပဲ ပြန်လာခဲ့ ပါတယ်'လို့ ပြောပြပါတယ်"

"အဲဒီလိုပြောတာကို ဘုန်းကြီးတို့ပရိသတ်တော့ နား လည်လား, မလည်လားမသိပါ၊ မေးတဲ့ရဟန်းတော်တွေက တော့ နားလည်သွားပါတယ်"

"ဘယ်လိုနားလည်သွားလဲဆိုတော့ 'အင်း...ဒီကိုယ် တော် ဉာဏ်ဓားနဲ့လှီးလို့ ကိလေသာတွေပြတ်သွားပြီ၊ ကုန် သွားပြီ၊ဆိုတော့ ဒါ–ငါ ရဟန္တာဖြစ်သွားပြီလို့ ဝန်ခံပြောကြား တာပဲ'လို့ နားလည်သွားပါတယ်"

"ဘုန်းကြီးတို့သာသနာတော်မှာ ရဟန္တာမဟုတ်ဘဲ ရဟန္တာလို့ ဝန်ခံရင် အင်မတန်အပြစ်ကြီးပါတယ်၊ ရဟန်းဟာ ပါရာဇိကကျသွားပါမို့၊ လူဖြစ်သွားပါပြီ"

http://www.dhammadownload.com



## ဘုရားရှင်အားလျှောက်ထား

"တာဝန်သိသူမှာ တာဝန်ရှိပါတယ်၊ တာဝန်သိလို့ တာဝန်ကျေအောင် ထမ်းဆောင်နေသူမှာလည်း တာဝန်တွေပိ ပါတယ်။ ယခု ရဟန်းတော်တွေဟာ တာဝန်သိ သာသနာ့ ဝန်ထမ်း ရဟန်းတော်တွေပါ"

"စိတ်ကောင်း, စေတနာကောင်းရှိကြတဲ့ ဝန်ထမ်း ကောင်းတွေပါ။ ဒါ့ကြောင့် သူတို့ဟာ တာဝန်မဲ့မနေဘဲ၊ အင်း...ဒီကိုယ်တော် ရဟန္တာမဟုတ်ဘဲနဲ့ ရဟန္တာလို့ ဝန်ခံ ရင်တော့ အပြစ်အင်မတန်ကြီးမယ်ဆိုပြီး သပ္ပဒါသထေရ်ကို ဘုရားရှင်ထံ ခေါ်သွားကြပါတယ်"

"ခေါ်သွားပြီး ဘုရားရှင်ထံမှောက် ရောက်တဲ့အခါ အရှိအသေအလေးအမြတ် ရှိခိုးထိုင်ပြီး 'မြတ်စွာဘုရား... ဒီရဟန်းတော်သည် မဟုတ်ဘဲနဲ့၊ ရဟန္တာမဖြစ်ဘဲနဲ့ သူ့ ကိုယ်သူ ရဟန္တာလို့ ဝန်ခံပါတယ်ဘုရား' လျှောက်ကြတယ်"

"အဲဒီလိုလျှောက်ထားတော့ ဘယ်လိုများ ပြောဆိုဝန်ခံ သလဲလို့မေးတဲ့အခါ 'မြတ်စွာဘုရား...ဒီရဟန်းတော်ဟာ သူ့ကိုယ်သူ ပကတိသင်ဝုန်းခားနဲ့ လိုးသတ်မလို့သွားတာ ပကတိသင်ဝုန်းခားနဲ့ မလိုးသတ်ပဲ ဉာဏ်သင်ဝုန်းခားနဲ့ လှီးဖြတ်လိုက်တာ ကိလေသာတွေ အကုန်ပြတ်သွားလို့ ပကတိခားနဲ့ မလိုးသတ်တော့ဘဲ ပြန်လာခဲ့တယ်လို့ ဝန်ခံ ပါတယ်ဘုရား' လို့ လျှောက်ထားကြပါတယ်"

http://www.dhammadownload.com



## ကိုယ့်ကိုယ်ကိုသေတ်

"ဘုန်းကြီးတို့ပရိသတ် သေသေချာချာ နာပါနော်၊ ဒီနေရာဟာ အင်မတန်အရေးကြီးပါတယ်၊ ရဟန်းတော်တွေက ဘုရားရှင်ကို အဲဒီလိုလျှောက်ထားအခါ ဘုရားရှင်က ရဟန်းတော်တွေကို–

"ရဟန်းတော်များ အိုချစ်သားတို့...၊ အာသဝေါ ကုန်ခန်းတဲ့ ရဟန္တာတို့မည်သည် မိမိလက်ဖြင့် မိမိ ကိုယ်ကို ရုပ်, နာမ်နှစ်တွေ ဇီဝိတိန္ဒြေမှ မချကုန်၊ ချရိုးထုံးစံမရှိကုန်၊ ကိုယ့်ကိုယ်ကို ကိုယ့်လက်နဲ့ သတ် သေရိုးထုံးစံ မရှိကုန်"

လို့ မိန့်ကြားလိုက်ပါတယ်၊ အဲဒီလိုပြောလိုက်တာ, မိန့်ကြား လိုက်တာဟာ ဒီရဟန်းတော်ဟာ ရဟန္တာပဲ, ရဟန္တာဖြစ် သွားပြီ၊ ရဟန္တာဖြစ်သွားလို့ သူ့ကိုယ်သူ သူ့လက်နဲ့သတ်မသေ တာပဲလို့ ပြောတာနဲ့ အတူတူပါပဲ"

"သွားလျှောက်ထားတဲ့ ရဟန်းတော်တွေဟာ ပညာရှိ ရဟန်းတော်တွေပဲ၊ ဘုရားရှင်အဲဒီလိုမိန့်ကြားလိုက်တယ်ဆို ရင်ပဲ သူတို့လည်း 'ဩော်...သပ္ပဒါသထေရ်ဟာ ရဟန္တာတဲ့၊ ဒါ့ကြောင့် သူ့ကိုယ်သူ ပကတိဓားနဲ့ လှီးမသတ်တာတဲ့'လို့ သိသွားပါတယ်"

http://www.dhammadownload.com



## မေးလျှောက်ကြတယ်

"အဲဒီလိုသိသွားတဲ့အခါ သွားပြီးတော့ လျှောက်ကြား တဲ့ ရဟန်းတော်တွေက မြတ်စွာဘုရားကို သူတို့သိချင်တာ တွေ၊ သပ္ပဒါသထေရ်နဲ့ ပတ်သက်တဲ့ ပြဿနာတွေကို မေးလျှောက်ကြပါတယ်–

'မြတ်စွာဘုရား...ရှင်တော်မြတ်ဘုရားတို့သည် ဒီသပ္ပဒါသထေရ်ကို အာသဝေါကုန်ခန်း ရဟန္တာလို့ မိန့်တော်မူကြပါတယ်'

'မြတ်စွာဘုရား... ဒီသပ္ပဒါသထေရ်ဟာ ဒီလောက်ရဟန္တာဖြစ်မယ့် အထောက်အပံ့ ဥပနိဿ ရည်း အားကြီးတဲ့, ပြည့်စုံတဲ့ပုဂ္ဂိုလ်ဖြစ်ပါလျက်သားနဲ့ အဘယ့်ကြောင့် သာသနာတော်မှာ မပျော်မမွေ့ ငြီးငွေ့ပါသလဲ ဘုရား'

'မြတ်စွာဘုရား...အရဟတ္တဖိုလ်ရဲ့ အားကြီး သောအကြောင်း အထောက်အပံ့ရှိတဲ့ ဒီသပ္ပဒါသထေရ် အား အဘယ့်ကြောင့် မြွေမကိုက်ပါသလဲဘုရား'

လို့ သူတို့သိချင်တဲ့ ပြဿနာတွေကို မေးလျှောက်ကြပါတယ်၊ ဘုန်းကြီးတို့ပရိသတ်မှတ်ထားပါ၊ ဘယ်နေရာမဆို အမြဲသတိ ရှိကြပါ"

http://www.dhammadownload.com



"အခုကြည့်၊ ရဟန်းတော်တွေဟာ သတိရှိပါတယ်၊ မျက်စိကိုဖွင့်၊ နားကိုစွင့်ထားကြပါတယ်၊ ဒီသပ္ပဒါသထေရ် သေချင်လို့ မြွေကိုက်ခံ သေမယ်ဆိုပြီး မြွေလွှတ်တဲ့ ရဟန်းတော်တွေဆီက မြွေအိုးကိုယူသွားပြီး သူ့ကိုယ်သူ မြွေကိုက်ခံတာ မှတ်မိပါသေးရဲ့လား"

"မှတ်မိပါတယ်ဘုရား"

"အေး...ဘုန်းကြီးတို့ပရိသတ်၊ ရှေ့နောက်စပ်ပါစေ၊ ဟိုရဟန်းတော်တွေက အချိန်ကြာခဲ့ပြီဖြစ်သော အဲဒီပြဿနာပါ မှတ်မှတ်သားသားရှိပါတယ်၊ အမှတ်သညာတရှိတယ်၊ အမှတ်တမဲ့မနေဘူး၊ သိချင်ကြတယ်၊ စူးစမ်းကြတယ်၊ စူးစမ်းသည့်အားလျော်စွာ သိချင်လို့မေးကြတဲ့အခါ–

'ရဟန်းတော်များ အိုချစ်သားတို့...၊ သူ့ကို မကိုက်တဲ့အဲဒီမြွေဟာ ဒီရဟန်းရဲ့ ဒီဘဝမှပြန်ရေတွက်သော် လွန်ခဲ့တဲ့ သုံးဘဝက သူ့ကျွန်ဖြစ်ခဲ့ဖူးတယ်'

'အဲဒီလို ကျွန်ဖြစ်ခဲ့တဲ့မြွေဟာ မိမိရဲ့ အရှင်သခင်ရဲ့ ခန္ဓာကိုယ်ကို ရိုသေလေးစားတဲ့အနေနဲ့ မကိုက်ဝံ့လို့ မကိုက်တာ၊ မြွေက အဆိပ်မရှိတဲ့မြွေ၊ မကိုက်တတ်တဲ့ မြွေမဟုတ်လို့ မကိုက်တာမဟုတ်"

လို့ မိန့်ကြားပါတယ်၊ ကဲ...ဘုန်းကြီးတို့ပရိသတ်လည်း ရဟန်းတော် မြွေကိုက်ခံသေချင်လို့မြွေကိုက်ခံတာ ဘာ့ကြောင့် မြွေမကိုက်လဲဆိုတာ သိပြီလား"

http://www.dhammadownload.com



"သိပါပြီဘုရား"

"အေး...ဟိုရဟန်းတော်တွေလည်း သိသွားပါပြီ၊ အဲဒီနေ့ကစပြီး အဲဒီရဟန်းတော်ကို မြွေက သူ့ကျွန်ဖြစ်ခဲ့ဖူးလို့ မကိုက်တာပဲဆိုပြီး 'သပ္ပဒါသထေရ်' လို့ အမည်နာမ ခေါ်ကြပါတယ်"

"သပ္ပ" ဆိုတာက "မြွေ" ပါ၊ "ဒါသ" ဆိုတာက "ကျွန်" ပါ၊ 'မြွေကျွန်' လို့ အဓိပ္ပာယ်ရှိပါတယ်၊ ဗြုန်းခနဲ ဆိုရင် ကိုယ်တော်ကပဲ မြွေရဲ့ကျွန်လိုလိုဖြစ်နေပါတယ်၊ အမှန်မှာ ကိုယ်တော်ရဲ့ကျွန်က မြွေပါ၊ ကိုယ်တော်က မြွေရဲ့ ကျွန်မဟုတ်ပါ"

## ချစ်ခင်ကြောင်း

"ဘုန်းကြီးက ဒီအကြောင်းကိုသိရတော့ စဉ်းစားကြည့်တယ်၊ 'အင်း...ဒီမြွေဟာ ဟိုလွန်ခဲ့တဲ့ သုံးဘဝက ဒီအရှင်မြတ်ရဲ့ ကျွန်ဖြစ်ခဲ့ဖူးလို့ဆိုတော့ အရှင်သခင်ဖြစ်ခဲ့ဖူးတဲ့ ဒီရဟန်းတော် အရှင်မြတ်ဟာ သူ့ကျွန်ဖြစ်ခဲ့ဖူးတဲ့ မြွေအပေါ်မှာ တော်တော်လေး ကောင်းခဲ့ဟန်တူပါတယ်'လို့ စဉ်းစားမိပါ တယ်"

"ဟုတ်တယ်လေ...၊ ဆိုးတဲ့ အရှင်သခင်တွေလည်း ရှိတာပဲဟာ၊ အဲဒီလို ဆိုးတဲ့အရှင်သခင်မျိုးသာဆိုရင်တော့ ကိုယ်ကလည်း မြွေဖြစ်နေမှ အငြိုးထားပြီး ကိုက်လိုက်မှာပေါ့၊

http://www.dhammadownload.com



အခု မကိုက်ဘူးဆိုတော့ အရှင်သခင်ကောင်းမှို့ မကိုက်တာ မဖြစ် နိုင်ဘူးလား"

"ဖြစ်နိုင်ပါတယ်ဘုရား"

"ပြီးတော့ ဘုန်းကြီးတို့ပရိသတ် စဉ်းစားကြည့်စမ်းပါဦး၊ စဉ်းစားစရာသိပ်ကောင်းပါတယ်၊ မိမိတို့မှာ သံသရာထဲလည် နေရတာ ဘဝတွေရှည်ကြာပြီး ဘဝတွေဖုံးလွှမ်းသွားတော့ ကိုယ့်ဖြစ်ထွေထွေ မသိကြရတော့ပါ"

"တကယ်လို့သာသိရရင် ဘယ်လောက်သံဝေဂရစရာ ဖြစ်မလဲမသိဘူး၊ အခုကြည့် ရဟန်းတော်က ဟို...နောက် သုံးဘဝတုန်းက လူ, သူဌေးပေါ့၊ ဒီခွေးကလည်း ဟို နောက် သုံးဘဝလောက်တုန်းက လူ, ကျွန်ပေါ့"

"ဟို...အရှင်သခင်လူက ဒီဘက်ဘဝမှာ လူပဲ ဖြစ်တယ်၊ လူမှတစ်ဆင့် ရဟန်းဖြစ်တယ်၊ ကျွန်ဖြစ်တဲ့လူက အခု ဒီဘက်ဘဝမှာ ခွေးဖြစ်တယ်၊ လူ့ဘဝကနေ အဟိတ် တိရိစ္ဆာန်ဘဝ ရောက်သွားပါတယ်"

"ဒါဟာ ကျွန်ဘဝတုန်းက စိတ်ကောင်း, နှလုံးကောင်းနဲ့ လူစိတ်မထားဘဲ တိရိစ္ဆာန်စိတ်ထားလို့ တိရိစ္ဆာန်ဖြစ်တာပဲလို့ သာ မှတ်ပါ၊ ဟုတ်တယ်လေ...၊ လူဟာ လူစိတ်ထားရင် ဘယ်တော့မှ အပါယ်မကျနိုင်၊ တိရစ္ဆာန်မဖြစ်နိုင်ပါ၊ ဟိုအရှင် သခင်ကတော့ လူစိတ်ထားတော့ လူဖြစ်လာပါတယ်"

http://www.dhammadownload.com



"ဆိုချင်တော့ အခုဘဝမှာ အရှင်သခင်ရဟန်းနဲ့ ကျွန်မြွေနဲ့ သွားဆုံပါတယ်၊ ဒီမြွေဟာ အခြား ရဟန်းတွေ ဖမ်းတုန်းက ပါးပျဉ်းတထောင်ထောင်နဲ့၊ ကိုက်မယ် ခဲမယ်နဲ့ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အခု အရှင်သခင်ရဟန်းက မြွေကိုက်ခံသေချင်လို့ ကိုက်ပါဆိုတော့ ဘယ်မှာကိုက်တော့လဲ၊ အရှင်သခင်ရဟန်းက မြွေကို ငါ့ကျွန်လို့မသိပါ၊ မြွေကတော့ ဒီရဟန်းတော်ဟာ ငါ့ အရှင်သခင်ဖြစ်ခဲ့ဖူးတဲ့ ရဟန်းတော်လို့ သိတယ်နော်"

"မှန်ပါဘုရား"

"အေး...ဒါ့ကြောင့် ဘုန်းကြီးတို့ ပရိသတ်တွေ တိရစ္ဆာန်တွေကို အထင်မသေးပါနဲ့၊ သူတို့ စကားမပြောတတ်လို့သာ နော်၊ သူတို့မှာ အသိရှိပါတယ်၊ အလိမ္မာရှိပါတယ်၊ သူတို့ ပြုခဲ့တဲ့ အကုသိုလ်ကံအရသာ သူတို့ တိရိစ္ဆာန်ဖြစ်နေရတာပါ"

"တစ်ခါတလေ ဘုန်းကြီးတို့ပရိသတ်တွေ ကြုံဖူးရင် ကြုံဖူးကြမှာပေါ့၊ မိမိတို့နှင့်တစ်ခါမှ မသိဖူး, မမြင်ဖူး, မတွေ့ဖူးတဲ့ တိရိစ္ဆာန်တွေနဲ့ မိမိတို့နဲ့ ဆုံမိတဲ့အခါ, တွေ့မြင်မိတဲ့အခါ တွေ့တွေ့ချင်း မြင်မြင်ချင်း, ခင်တာ–မင်တာ မရှိဘူးလား"

http://www.dhammadownload.com



"ရှိပါတယ်ဘုရား"

"ရှိတယ်နော်၊ အေး...အဲဒါ နောက်နောက်ဘယ်ဘဝ တွေတုန်းက မိမိနဲ့ ဘယ်လိုတော်ခဲ့လဲ မသိဘူးနော်၊ မတော်ခဲ့ရင်လည်း မိတ်ဆွေသင်္ဂဟအနေ ရင်းနှီးစွာ အတူနေ ဖြစ်ခဲ့မှာတော့ သေချာပါတယ်၊ ဒါ့ကြောင့် ခင်တာပါ"

"အေး...အဲဒါကို ထောက်ရင် ဘုန်းကြီးတို့ပရိသတ် တွေ အခုဘဝမှာ နီးနီးစပ်စပ် ပေါင်းသင်းတွေ့ဆုံကြိုကြိုက် နေကြရသူတွေဟာ နောက်ဘဝတွေက အကြောင်းမကင်း ခဲ့ဘူး၊ အကြောင်းအထောက်အပံ့ နီးစပ်ခဲ့တယ်လို့ မမှန်းဆ နိုင်ဘူးလား"

"မှန်းဆနိုင်ပါတယ်ဘုရား"

"အေး...အဲဒါကြောင့် မိမိတို့အိမ်မှာ မွေးထားတဲ့ တိရစ္ဆာန်တွေကို သိပ်ပြီးတော့ ရိုက်ပုတ်ညှင်းဆဲ နှိပ်စက်မှု မပြုကြနဲ့နော်၊ မိမိတို့နှင့် ဘဝနီးစပ် ဆွေမျိုးသားချင်း မိတ် ဆွေသင်္ဂဟ စသည်အနေ ဖြစ်ခဲ့ကြလို့ အခုတစ်ခါ ဒီမှာ လာဖြစ်နေကြတာပါ၊ မညှဉ်းဆဲ မနှိပ်စက်ပါနဲ့"

"သူတို့ကတော့ မိမိတို့ကိုသိပါတယ်၊ တို့နှင့် ရှေးဘဝက ဘာတော်ခဲ့တယ်ဆိုတာ သိပါတယ်၊ မိမိတို့ကသာ မသိတာပါ၊ ဒီသဘောတရားတွေဟာ အတော်ပဲဆန်းကြယ်ပါတယ်"

http://www.dhammadownload.com



"လူလူချင်းလည်း လူတွေအများကြီးရှိတဲ့အထဲမှာ တွေ့တွေ့ချင်း မြင်မြင်ချင်း ချစ်ခင်ကြင်နာတဲ့ပုဂ္ဂိုလ်တွေ မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အချို့များ မချစ်ခင်, မကြင်နာဘဲ မြင်မြင်ချင်း, တွေ့တွေ့ချင်း အမြင်ကပ်, မုန်းတဲ့ပုဂ္ဂိုလ်တွေလည်း ရှိတယ် မဟုတ်လား"

"ရှိပါတယ်ဘုရား"

"အဲဒါလည်း ရေးအကြောင်းပေါ့၊ ရေးက မတည့်ခဲ့တဲ့ အပြစ်ဒေါသ အဆက်ပါလာတော့ အခုဘဝမှာလည်း ဘာမှ မဖြစ်သေးဘဲ, မပတ်သက်သေးဘဲနဲ့ မြင်မြင်ချင်း, တွေ့တွေ့ချင်း မုန်းတာပါ"

"ဒါဖြင့် ဘုန်းကြီးတို့ပရိသတ် မှတ်ထားရမှာက ရေးအကြောင်း ခုအကျိုးလို့ ကြောင်း–ကျိုးမကင်းပုံ, ကြောင်း–ကျိုး ဆက်စပ်ပုံကို သဘောပေါက်ပါနော်"

"မှန်ပါဘုရား"

"ချစ်ခင်ခြင်း အကြောင်းနှင့် ပတ်သက်ပြီး ဘုန်းကြီးတို့ပရိသတ်လည်း ကြားဖူးနေတဲ့ ဂါထာတစ်ပုဒ် ရွတ်ပြပါမယ်—

◆ **ပုဗ္ဗေ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေန ဝါ။**
**ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ။**

http://www.dhammadownload.com



**ဥပွလံဝါ**–ပန်းအဖြာဖြာ၊ စခန်းသာလျက်၊ စမ်းဇာလာ ဖြိုးဖြိုး၊ လွှမ်းကာမိုးသည့်၊ ပန်းကြာမျိုးသည်လည်းကောင်း။

**အညံဝါ**– ပန်းပြင်တပါး၊ စမ်းတွင်ပွား၍၊ ရင့်ထွား မောက်ဖြိုး၊ ဟင်းညှံ့ကတောက်မျိုး သည်လည်းကောင်း။

**ဥဒကေ**– အပူဘေးဘယ၊ မြေးမခဖို့၊ အေးမြ ကြည်လင်၊ ရေစင်ရေကောင်း၌၊

**ဇာယမာနံ**– တင့်တင့်ငွါးငွါး၊ စွင့်စွင့်ကားလျက်၊ ပွင့်ပွား ပေါ်ပေါက်လာသည်ရှိသော်။

**ဒွိဟိကာရကော ဟိ**–ပန်းအထွေထွေ၊ လျှမ်းလျှမ်းဝေ သို့၊ စမ်းရေညွှန်ပြောင်း၊ နှစ်ပါးသော အကြောင်းတို့ကြောင့်။

**ဇာယတေယထာ**– မြရောင်သန်းလျက်၊ စမ်းအထက်က၊ လျှမ်းတက်ဝေဝေ၊ ဖြစ်ပေါ်လာလေ သကဲ့သို့။

**ဧဝံ**– ပမာနှိုင်းယူ၊ ထို့အတူ။

**တံပေမံ**– မေတ္တာအစစ်၊ ပြစ်ခွါလုစ်၍၊ အဖြစ်မှာ ဆန်း၊ တိုအချစ်ကြာပန်းသည်။

**ဇာယမာနံ**– တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၌၊ မြူးကာကွန့် လျက်၊ လွန့်ကာတက်သည်ရှိသော်။

http://www.dhammadownload.com



**ပုဗ္ဗေ သန္နိဝါသေနဝါ–** ကွာမဝေးလှ၊ ရှေးဘဝက၊ တကွအတူ၊ ကြည်ဖြူပေါင်းသင်း၊ နေထိုင်ခဲ့ခြင်း ကြောင့် လည်းကောင်း။

**ပစ္စုပ္ပန္နဟိတေနဝါ–** အမှုလက်ရောက်၊ ခုမျက်မှောက်၌၊ တစ်ယောက်မညိုး၊ တစ်ယောက်ကျိုးကို သည်ပိုး ရွက်ဆောင်ကြခြင်းကြောင့် လည်းကောင်း။

**ဇာယတေ–** ချစ်ခင်သူနှစ်ရပ်ကြား၌၊ ထပ်မနားတင့် ဆန်း၍၊ အပွင့်ကြီး ပွင့်လန်းရလေတော့ သတည်း။

"သာဓု–သာဓု–သာဓု"

"ဒီဂါထာကို အဓိပ္ပာယ်မရှင်းတော့ပါဘူး၊ အပေါ်က ရှင်းခဲ့တာနဲ့ အတူတူပါပဲ၊ ဝတ္ထုအကြောင်း သက်သေသာဓက တွေ ထုတ်မယ်ဆိုရင်လည်း အများကြီးပါပဲ၊ အဲဒါ ထားလိုက် ပါတော့"

## သာသနာတော်၌ မပျော်မွေ့ကြောင်း

"ကဲ...အခုဆိုရင် ရဟန်းတော်တွေကမေးတဲ့အမေးမှာ သပ္ပဒါသထေရ်ကို မွေ့မကိုက်ခြင်းအကြောင်းရင်းကို ရှင်းပြ ပြီးပါပြီ၊ အခု ဆက်လက်ပြီး သူသည် သူ့ဘာသာ သူ့သဒ္ဓါ တရားနဲ့ သာသနာတော်ဘောင်သို့ ဝင်ရောက်ပါရက်ကနဲ့

http://www.dhammadownload.com



ဘာ့ကြောင့် သာသနာတော်မှာ မပျော်သလဲဆိုတဲ့အကြောင်းကို ရှင်းကြရအောင်နော်"

"မှန်ပါဘုရား"

"ရဟန်တော်များ အိုချစ်သားတို့...၊ ဒီရဟန်းတော်ဟာ ယခုအခါ သာသနာတော်မှာ ဘာ့ကြောင့်မပျော်သလဲဆိုတော့ အတိတ်ရှေးခါကပ်ကမ္ဘာ ဟိုကဿပဘုရားရှင်လက်ထက်တော် အခါက ဒီသပ္ပဒါသ ရဟန်းတော်ဟာ ကဿပဘုရားရှင် သာသနာတော်မှာ ရဟန်းဖြစ်ခဲ့တယ်"

"သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးအကျင့်တရားနဲ့ ပြည့်စုံတဲ့ ရဟန်းတော်တစ်ပါးပင်ဖြစ်တယ်၊ အဲဒီ သာသနာတော်မှာပဲ အမျိုးကောင်းသား မင်းယောက်ျားတစ်ယောက်လည်း ကဿပဘုရားရှင်တရားတော် နာကြားပြီး သံဝေဂတရား ဖြစ်ပွားကာ ကဿပဘုရားရှင် သာသနာတော်မှာ ရဟန်းပြုခဲ့တယ်"

"အဲဒီ ရဟန်းတော်နှင့် ဒီသပ္ပဒါသ ရဟန်းတော်တို့ဟာ သူငယ်ချင်းဖြစ်ကြတယ်၊ တစ်ပါးနှင့်တစ်ပါး ရင်းရင်းနှီးနှီးချစ်ခင်ခင် ကြင်ကြင်နာနာ ဖြစ်ခဲ့ကြတယ်"

"နောက်အခါမှာ အဲဒီ သပ္ပဒါသရဟန်းတော်ရဲ့ သူငယ်ချင်းဖြစ်တဲ့ ရဟန်းတော်ဟာ လူထွက်ချင်ပါတယ်၊ သာသနာတော်မှာ မပျော်မမွေ့ဖြစ်တယ်၊ အဲဒီအကြောင်းကို သူငယ်

http://www.dhammadownload.com



ချင်းဖြစ်တဲ့ သပ္ပဒါသ ရဟန်းတော်ကို 'သူငယ်ချင်း...ငါတော့ သာသနာတော်မှာ မပျော်မမွေ့ပါ၊ လူထွက်ချင်တယ်'လို့ ပြောပြပါတယ်၊ အဲဒီလိုပြောတဲ့အခါ သူ့သူငယ်ချင်းရဲ့ ကောင်းကျိုးကိုလိုလားတဲ့ သပ္ပဒါသရဟန်းတော်က—

'သူငယ်ချင်း...လူမထွက်ချင်ပါနဲ့၊ လူ့ဘောင်ဌာန လူ့လောကဆိုတာ ကျပ်တည်းတယ်, ကျဉ်းမြောင်းတယ်, ကိလေသာတည်းဟူသော မြူမှုန်တွေရဲ့ ကျရာဌာန ဖြစ်တယ်'

'ကုသိုလ်ပြုချင်စိတ် ဖြစ်ပေါ်လို့ ကုသိုလ်ပြုလုပ်ဖို့ရာ ကြိုးစားသော်လည်း အခွင့်သာခဲ, အခွင့်ရခဲပါတယ်'

'အေး...သူငယ်ချင်း၊ ကုသိုလ်ပြုလုပ်ခွင့်ရလို့ ကုသိုလ်ပြုလုပ်ရပြန်ပါသော်လည်း တို့ရဟန်းဘဝမှာလို မြင့်မြတ်တဲ့ကုသိုလ်တွေ မပြုလုပ်နိုင်ပါဘူး၊ အညံ့စားကုသိုလ်တွေပဲ ဖြစ်ပါတယ်၊ ကုသိုလ်အရနည်းပါတယ်၊ ကုသိုလ်အဖြစ် နည်းပါတယ်'

'ဒါနကုသိုလ်ကို ချိန်ထိုးကြည့်ပါသူငယ်ချင်း၊ တို့က အမြတ်ဆုံးဖြစ်တဲ့ ဓမ္မဒါနတရားအလှူ, အမတဒါနအမြိုက်နိဗ္ဗာန်အလှူကို ပေးလှူနိုင်ပါတယ်'

http://www.dhammadownload.com



'အဲဒီ ဓမ္မဒါနတရားအလှူ, အမတဒါနအမြိုက်နိဗ္ဗာန်အလှူဆိုတာ တိုက်ရိုက် နိဗ္ဗာန်ကိုပေးစွမ်းနိုင်တဲ့အလှူပဲ'

'ဓမ္မဒါနတရားအလှူဟာ နိဗ္ဗာန်တိုက်ရိုက်မရောက်သေးသော်လည်း လူ့ဘောင်ဌာန လူ့လောကမှာ မယဉ်ကျေးတဲ့သူဘဝမှ ယဉ်ကျေးတဲ့သူဘဝရောက်အောင် ပေးစွမ်းနိုင်တဲ့ အလှူပါ၊ မျက်မှောက်ချမ်းသာပေးစွမ်းနိုင်တဲ့ အလှူပဲ၊ သိပ်အကျိုးကြီးတယ်'

'လူ့ဘောင်ဌာန လူ့လောကကလူတွေ လှူဒါန်းရတာက ပစ္စယဒါန–ပစ္စည်းအလှူပဲလှူနိုင်တယ်၊ ပစ္စည်းအလှူထက် တရားအလှူက အဆပေါင်းများစွာသာလွန်မြင့်မြတ်ပါတယ်'

'သီလပိုင်းကို ကြည့်ပါဦး၊ လူ့ဘောင်ဌာန လူ့လောကမှာ ငါးပါးသီလလုံဖို့တောင် အင်မတန်ခဲယဉ်းပါတယ်၊ ငါးပါးသီလလုံတယ်ဆိုတဲ့လူဟာ အင်မတန်ရှားပါတယ်၊ ငါးပါးသီလလောက်မှ မလုံရင်လည်း အပါယ်နဲ့ နီးပါတယ်'

'ရှစ်ပါးသီလဆိုတာတော့ လူ့ဘဝကလူတွေဟာ တစ်နှစ်မှာ (၁၅)ဥပုသ်၊ (၁၆)ဥပုသ်ရတဲ့လူဟာ အတော်ရှားပါတယ်'

http://www.dhammadownload.com



'ရဟန်းဘောင်မှာဆိုရင် အကျဉ်းအားဖြင့် (၂၂၇) သွယ်၊ အကျယ်အားဖြင့် ကုဋေကိုးထောင်ကျော်သော သိက္ခာပုဒ်တွေ စောင့်ထိန်းနေရတော့ သီလကုသိုလ်ကြီးဟာ အင်မတန်ကြီးကျယ်ပါတယ်၊ လူတွေရဲ့ သီလဟာ ရဟန်းတော်တွေရဲ့ သီလ အစွန်းထွက်တောင် မရှိပါဘူး'

'ဟုတ်ပါတယ်သူငယ်ချင်း...၊ လူတွေမှာ ငါးပါးသီလမှ အနိုင်နိုင်မဟုတ်လား၊ ရှစ်ပါးသီလ-ဝါတွင်း ဥပုသ်တိုင်းရတဲ့လူဟာ တစ်ရာ တစ်ယောက်ရှားပါတယ်၊ ဝါတွင်းရတယ်ထားပါဦး၊ ဝါကျွတ်ရင် ရှစ်ပါးသီလ မရကြတော့ပါဘူး'

'လူ့ဘဝမှာကြည့်စမ်းပါ၊ ဘယ်လောက်ပဲပစ္စည်းတွေချမ်းသာချမ်းသာ၊ သီလမချမ်းသာပါဘူး၊ ပစ္စည်းချမ်းသာလေ သီလမရှိလေ များပါတယ်၊ ပစ္စည်းရရှိရေးအတွက်, ပစ္စည်းချမ်းသာရေးအတွက် သီလအပျက်ခံပြီး ကြိုးစားနေကြရတာပါ၊ ရဟန်းဘဝမှာ အမြတ်စားသီလတွေ ရာနှုန်းပြည့်ရပါတယ်'

'သူငယ်ချင်း...လူ့ဘဝမှာ ဘာဝနာပိုင်းကလည်း မလွယ်ပါဘူး၊ ဘုရားရှိခိုးတဲ့ဘာဝနာ, ပုတီးစိပ်တဲ့ ဘာဝနာလောက် မြဲတဲ့လူတောင် အတော်ရှားပါတယ်'

http://www.dhammadownload.com



'ဆယ်ရက်ပဲ, တစ်လပဲ, တစ်နှစ်ပဲ တရားအားထုတ်မယ်ဆိုတဲ့လူကတော့ တစ်ရာတစ်ယောက်, တစ်ထောင်တစ်ယောက် ဆိုသလို ရှားပါတယ်၊ ရဟန်းဘဝမှာဆိုရင် အမြတ်စား ဘာဝနာတရားတွေကို အချိန်ပြည့်အားထုတ်နိုင်ပါတယ်၊ အားထုတ်ခွင့်ရှိပါတယ်'

လို့ လူ့ဘဝနဲ့ ရဟန်းဘဝကွာခြားပုံကိုရှင်းပြပြီး လူမထွက်ဖို့ တားပါတယ်၊ ကဲ...သူပြောတဲ့ စကားတွေဟာ မမှန်ဘူးလား'

"မှန်ပါတယ်ဘုရား"

"မှန်ရင် ခေါင်းတုံးရိတ်ကြလေ"

"မနိုင်သေးပါဘုရား"

"အင်း...လူ့ဘဝဆိုတာ ဒါနလည်းမလွယ်ပါ၊ သီလလည်းမလွယ်ပါ၊ ဘာဝနာဆိုတာတော့ မပြောပါနဲ့တော့၊ အတော့်ကိုမလွယ်ပါ၊ ဘုန်းကြီးတို့ပရိသတ်တွေ မလွယ်တဲ့ဘဝမှာ နေရတာကို သတိရှိပါ"

"လူ့ဘဝမှာ ပစ္စည်းမရှိလွန်းအားကြီးရင်လည်း ဒါန–သီလ–ဘာဝနာဖြစ်ဖို့မလွယ်ပါ၊ သူက မရှိလို့ မလွယ်ပါ၊ ပစ္စည်းရှိလွန်းအားကြီးရင်လည်း မလွယ်ပါ၊ သူက မအားလို့ မလွယ်တာပါ၊ အလယ်အလတ်လူက လွယ်တတ်ပါသေးတယ်"

http://www.dhammadownload.com



"ဒီတော့ လူ့ဘ၀မှာ မရှိလည်းခက်တယ်၊ ရှိလည်း ခက်တယ်၊ မရှိတောင့်တ, ရှိကြောင့်ကြ ဒုက္ခနဲ့ အင်မတန် ကျပ်တည်း ကျဉ်းမြောင်းတဲ့ ဘ၀ပါ"

"အဲဒီသဘောတွေကိုသိတဲ့ သပ္ပဒါသထေရ် အလောင်း ဖြစ်တဲ့ ရဟန်းတော်က လူထွက်ချင်တဲ့ သူငယ်ချင်းရဟန်း တော်ကို ဟောပြ, ပြောပြတော့ လူထွက်ချင်တဲ့ ရဟန်းတော်က သဘောပေါက်သွားပြီး လူထွက်ချင်စိတ်ပျောက်သွား, သာသနာ တော်မှာ ပျော်သွားပါတယ်"

"နောက်...တော်တော်ကြာတော့ လူထွက်ချင်စိတ် ဖြစ်လာပြန်ရော၊ ဒီစိတ်ဟာ အတော်ဆိုးတယ်နော်၊ အစောင့် အရှောက်အင်မတန်ခက်တဲ့စိတ်ပါ၊ လူထွက်ချင်တော့ 'သူငယ် ချင်း-ငါတော့ သာသနာတော်မှာ မပျော်မွေ့ဘူး၊ လူထွက်ချင် ပြန်ပြီ'လို့ ပြောဆိုပြန်တယ်"

အဲဒီလိုပြောတော့ သူ့သူငယ်ချင်းရဲ့ ကောင်းကျိုးကို လိုလားတဲ့ သပ္ပဒါသထေရ်ဟာ သာသနာတော်ရဲ့ရခဲတဲ့ သာသနာတော်ဖြစ်ပုံကိုပြပြီး၊ လူမထွက်ဖို့ ပြန်ပြောတယ်-

"သူငယ်ချင်း...၊ လူမထွက်ချင်ပါနဲ့၊ ဒီသာသနာ တော်ဆိုတာ ရတနာသာသနာပါ၊ ၀ဋ်ဆင်းရဲမှထွက် မြောက်ရာ နိယျာနိကသာသနာပါ၊ ကမ္ဘာများစွာ ကုဋေကုဋာ ကုန်ဆုံးပါမှ တစ်ခါတစ်ရံရနိုင်တဲ့ သာသနာ ပါ"

http://www.dhammadownload.com



"သာသနာတော်နဲ့ မိမိတို့နဲ့ဆုံပေမယ့် အခုလို မြင့်မြတ်တဲ့ ရဟန်းဘဝဆိုတာ အင်မဟန်ရဖို့ရာခဲယဉ်းပါတယ်"

"လူ့ဘဝဆိုတာကတော့ ကမ္ဘာတိုင်း, ကမ္ဘာတိုင်း ရနိုင်ပါတယ်၊ ဘဝများစွာ ရနိုင်ပါတယ်၊ ရဖို့ရာအင်မတန်လွယ်ပါတယ်၊ တကယ်ဆိုရင် လွယ်တဲ့ဘဝကနေ ရခဲတယ်ဆိုတဲ့ဘဝကိုသာ တက်လှမ်းယူရမှာပါ၊ သူငယ်ချင်းမှာ ဘယ့်နှယ့်ကြောင့် ခဲယဉ်းတဲ့ဘဝကနေ လွယ်ကူတဲ့ ဘဝကို စိတ်ကူးရလဲ"

လို့ ပြောပြနားချတော့ လူထွက်ချင်တဲ့ရဟန်းတော်ဟာ 'ဟုတ်သားပဲလေ' လို့ သဘောပေါက်ပြီး လူထွက်ချင်စိတ်ပျောက်ကာ သာသနာတော်မှာ ပျော်မွေ့သွားပြန်တယ်"

"အဲဒီလိုနဲ့နေရင်း...အတော်ကြာတော့ သာသနာတော်မှာ ငြီးငွေ့လာပြန်ရော၊ သွားပြောပြန်ရော၊ ဟိုကလည်း တားပြန်ရော၊ နေပြန်ရောပေါ့"

"နောက်တော့ လူထွက်ချင်စိတ်က သိပ်ပြင်းပြလာတယ်၊ အင်း...ငါ လူထွက်ချင်လို့ သူငယ်ချင်းကိုတိုင်ပင်တယ်၊ သူက လူမထွက်ရန်တားတယ်၊ လူထွက်ဖို့ရန် သုံးလေးကြိမ်ကြိမ်သော်လည်း မအောင်မြင်ဘူး"

http://www.dhammadownload.com



"အင်း...တော်ပြီ...တော်ပြီ၊ ဒီတစ်ခါတော့ ထွက်ကို ထွက်တော့မယ်၊ ငါ သူငယ်ချင်းကို မပြောတော့ဘူး၊ သူ့ ပြောရင်လည်း သူက လူမထွက်ဖို့ တားဦးမှာပဲ၊ ငါ့ဘာသာငါ လူထွက်တော့မယ်၊ လူထွက်ပြီးမှ ပြောတော့မယ်"

"ငါ လူထွက်လို့ရှိရင် ငါ့ရဲ့သင်္ကန်း, စောင်, ခြင်ထောင်, အိပ်ရာခင်းစသည်တို့ကို ငါ့သူငယ်ချင်းအား လှူခဲ့မယ်၊ ဒီအတိုင်း လှူခဲ့ရင် မကောင်းဘူး၊ ဖွပ်လျှော်ပြီး သန့်သန့်ရှင်းရှင်း စင်စင်ကြယ်ကြယ် လှူခဲ့မယ်လို့ နှလုံးသွင်းပြီး သူ့ပရိက္ခရာ တွေကို ထုံးအိုင်တစ်ခုမှာ ထိုင်ဖွပ်နေပါတယ်"

"သပ္ပဒါသထေရ်အလောင်းကလည်း သူ့သူငယ်ချင်းကို တွေ့ချင်တာနဲ့ လိုက်ရှာတော့ အဲဒီသင်္ကန်းဖွပ်လျှော်နေတဲ့ နေရာမှာပဲ သွားပြီးတွေ့ပါတယ်၊ တွေ့တဲ့အခါ ဖွပ်လျှော်နေတဲ့ ပရိက္ခရာတွေကများတော့ သူက မေးပါတယ်"

"သူငယ်ချင်း...ပစ္စည်းတွေတယ်ပေါ်များပါလား၊ ဖွပ်လျှော်နေတာ အများကြီးပါလား၊ ဘယ်လို အကြောင်းထူး ရှိလို့ ဒီလောက်တောင် တစ်ပုံတခေါင်းကြီး စုပြုံပြီးဖွပ်လျှော် နေပါသလဲလို့ မေးပါတယ်၊ အဲဒီလိုမေးတဲ့အခါ သပ္ပဒါသ ထေရ်အလောင်းကို သူငယ်ချင်းရဟန်းက–

"သူငယ်ချင်း...မဖုံးကွယ်ဘဲ အမှန်ပဲပြောပါ တော့မယ်၊ ငါ–လူထွက်ချင်တာကြာပါပြီ၊ သူငယ်ချင်း

http://www.dhammadownload.com



အသိပါပဲ၊ သူငယ်ချင်းကို လာတိုင်ပင်ပြောကြားတိုင်း လူမထွက်ဖို့ တားတားနေတော့ မထွက်ဖြစ်ခဲ့ပါဘူး"

"ဒီတစ်ခါတော့ တော်တော်ပဲ လူထွက်ချင်နေပါတယ်၊ အဲဒါ ထွက်ချင်တဲ့အကြောင်းကို သူငယ်ချင်းကို လာပြောပြနေရင် သူငယ်ချင်းက လူမထွက်ဖို့ အမျိုးမျိုး ဟောပြနားချနေရင် ငါ လူထွက်ဖြစ်မှာ မဟုတ်တော့ဘူး၊ ဒီတစ်ခါတော့ ငါ မပြောတော့ဘူး၊ လူထွက်ပြီးမှ ပြောတော့မယ်"

"ငါထွက်တဲ့အခါမှာ ငါ့မှာရှိတဲ့ ဒီပစ္စည်းပရိက္ခရာတွေကို သူငယ်ချင်းအား လှူခဲ့မယ်လို့ ဒီအတိုင်းလှူခဲ့ရင် ညစ်ပတ်နေလို့ မကောင်းဘူး၊ သန့်သန့်ရှင်းရှင်းစင်စင် ကြယ်ကြယ် ဖွပ်လျှော်ပြီးမှ လှူမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ငါ-ဖွပ်လျှော်နေတယ်"

လို့ အမှန်အတိုင်းပဲ ပြန်ဖြေကြားပါတယ်။ အဲဒီအဖြေစကားကို ကြားတော့ အမြဲတမ်းပဲလူထွက်ချင်တဲ့သူငယ်ချင်းရဲ့ အကျိုးကို လိုလားတဲ့ လူမထွက်ဖို့ရာ တရားဟောနေကျဖြစ်တဲ့ သပ္ပဒါသထေရ်အလောင်းက စိတ်ပြောင်းသွားပါတယ်"

"ဘာဖြစ်လို့ စိတ်ပြောင်းသွားတာလဲဆိုတော့ သူ ဖွပ်လျှော်နေတဲ့၊ များပြားလှတဲ့ ပရိက္ခရာတွေကိုမြင်လို့ လိုချင်တဲ့ လောဘစိတ်ဖြစ်ပြီး စိတ်ပြောင်းသွားတာပါ။ ဘုန်းကြီးတို့

http://www.dhammadownload.com



ပရိသတ်၊ လောဘတရားဟာ အင်မတန်ကြောက်စရာကောင်း ပါတယ်။ ဆိုကြည့်စမ်းပါ–

◆ **လူတို့နေရာ၊ ဤကမ္ဘာ၊ တဏှာအုပ်စိုးသည်။**

"ဘုန်းကြီးတို့ပရိသတ်တွေ နေထိုင်တဲ့ ဒီကမ္ဘာလောက ကြီးကို တဏှာဆိုတဲ့လောဘက အုပ်စိုးနေတာ၊ ဘုန်းကြီးတို့ ပရိသတ်တွေက တဏှာ, လောဘရဲ့ အုပ်ချုပ်မှုအောက်မှာ နေရတဲ့သူတွေပါ။ သူ့အောက်မှာနေရတော့ သူခိုင်းတာမလုပ် ရဘူးလား"

"လုပ်ရမှာပါဘုရား"

"အေး...လုပ်ရမယ်၊ မလုပ်လို့မဖြစ်ဘူး၊ သူက ကိုယ့်ရဲ့ အရှင်သခင်ပဲဟာ၊ သူက ခိုင်းသမျှ အကုန်လုပ်ရမှာ၊ မလုပ် လို့ဖြစ်ကိုမဖြစ်ဘူး၊ ဆိုကြည့်စမ်းပါ၊ ဘုန်းကြီးတို့ ပရိသတ် ယခု လုပ်ကိုင်နေရတာ ဘယ်သူခိုင်းလို့ လုပ်နေရတာလဲဆိုတာ သိအောင်–

◆ **တဏှာစေရာ၊ မနေသာ၊ ဖွေရှာလုပ်ရသည်။**

"ကဲ...မိမိတို့လုပ်ငန်းတွေ လက်စမသတ်အောင် ခိုင်း နေတဲ့ အခိုင်းသမားဖြစ်တဲ့ တဏှာကိုတွေ့ပြီလား၊ မအား အောင်အကွက်စေ့စေ့ခိုင်းတတ်တဲ့တဏှာ သိပ်ချီးမွမ်းစရာ ကောင်းတယ်"

http://www.dhammadownload.com



"သာမန် သူလိုကိုယ်လိုလူဆိုတာ မပြောထားပါနဲ့၊ အခု သီလ, သမာဓိ, ပညာ, သိက္ခာ အကျင့်တရားနဲ့ ပြည့်စုံပါတယ်ဆိုတဲ့ ရဟန်းတောင် သူကနိုင်းတယ်"

"ဘယ်လိုနိုင်းလဲ?။ ဟိုမှာ သူ့သူငယ်ချင်းက လူထွက်ရင် လူ့မယ်ဆိုပြီး သူ့ပစ္စည်းတွေ ဖွပ်လျှော်နေပြီ၊ လူ ထွက်မှာလည်း သူ့သဘောအလျောက် သူထွက်မှာ သေချာနေပြီ၊ သူ လူထွက်ရင်လည်း ဒီပစ္စည်းတွေ သူရမှာသေချာနေပြီ၊ အဲဒါ အသာလေးငြိမ်နေလိုက်ရင်ပြီးပြီ၊ ငြိမ်နေလိုက်ပါလား၊ အင်း... သူ့လောဘက သူ့ကို တိုက်တွန်းလို့ ငြိမ်မနေနိုင်ဘဲ ဘယ်လို စိတ်ကူးလဲ—

"အင်း...ငါ့သူငယ်ချင်း သာသနာတော်ဘောင်မှာ နေတာ, မနေတာ ငါနှင့်ဘာမဆိုင်ဘူး၊ သူ သာသနာတော်မှာ ပျော်တာ, မပျော်တာလည်း ငါနှင့် ဘာမှမဆိုင်ဘူး၊ သူ လူထွက်တာ, မထွက်တာ ငါနှင့် ဘာမှမဆိုင်ဘူး၊ ငါ့မှာ အကျိုးထူးလည်းမဖြစ်ဘူး၊ အကျိုး စီးပွားလည်း မပျက်ဘူး"

"သူ သာသနာတော်မှာမပျော်လို့ လူထွက်သွားရင် ငါ ဒီပစ္စည်းတွေရမယ်၊ သူပျော်နေရင် ငါ ဒီပစ္စည်းတွေမရဘူး၊ အဲဒါကြောင့် သူ သာသနာတော်မှ အမြန်လူထွက်အောင် ငါတရားဟောမယ်"

http://www.dhammadownload.com



လို့ အကြံအစည်ဖြစ်တယ်၊ စိတ်ကူးတယ်၊ ကဲ...ကြည့်စမ်း၊ ဘုန်းကြီးတို့ပရိသတ်၊ လောဘတဏှာတရားဟာ ဘယ်လောက် ကြောက်စရာကောင်းသလဲ၊ အကြောင်းလည်းမသိ၊ အကျိုးလည်းမသိ၊ လောဘဖြစ်လာရင် သတ္တဝါတွေမှာ အမိုက်မှောင်ကျတော့တာပဲ"

"အခု ဒီသပ္ပဒါသထေရ်ရဲ့ အပြောတွေက ပကတိအပြောမဟုတ်တော့ဘူး၊ လောဘစိတ်နဲ့ပြောတဲ့ ဖောက်ပြန်တဲ့အပြောတွေပါ၊ လောဘလွှမ်းမိုးခံလာရရင် ဖောက်ပြန်ရေးသမားဖြစ်သွားပြီ၊ ပကတိဖြူစင်တဲ့စိတ် ပျောက်သွားပြီး လောဘလွှမ်းမိုးခံရတဲ့ ဖောက်ပြန်တဲ့စိတ် ဖြစ်သွားပြီ"

"အခု ကြံတဲ့အကြံဟာ လောဘကကြံခိုင်းတဲ့ အကြံပါ၊ လောဘကခိုင်းတဲ့အတိုင်း ကြံစည်ရတယ်၊ ပြီးတော့အဲဒီအကြံအစည်အတိုင်း ပြောရတယ်၊ လုပ်ရတယ်၊ လောဘဟာ အင်မတန်အာဏာကြီးပါတယ်၊ အခု သပ္ပဒါသထေရ်ဟာ ဘယ်လိုပြောမလဲ နားထောင်ကြည့်ပါ—

> "အေး...သူငယ်ချင်း၊ လူထွက်တာ ကောင်းတယ်၊ ငါတို့မှာ ဒီရဟန်းဘဝနဲ့ အသက်ရှင်နေရခြင်းကြောင့် ဘာအကျိုးရှိမလဲ၊ ဘာအကျိုးမှမရှိဘူး"
>
> "တို့...ရဟန်းဘောင်မှာ နှုတ်ခမ်းမပါတဲ့ ဒီခွက်မည်းကြီးကို လက်စွဲပြီး သူတစ်ပါးတွေ အိမ်စဉ်

http://www.dhammadownload.com



လျှောက်ပြီး ဆွမ်းရပ်ရတယ်၊ လှည့်လည်ရတယ်၊ အင်မတန်အောက်တန်းနောက်တန်းကျတယ်၊ လောင်းချင်မှန်းမသိ, မလောင်းချင်မှန်းမသိ လှည့်နေရတယ်"

"ပူလည်း လှည့်လည်ရတာပဲ၊ အေးလည်း လှည့်လည်ရတာပဲ၊ ပြီးတော့ ရလာတဲ့ဆွမ်းတွေကလည်း အပူရော, အအေးရော, အကြွမ်းရော, အနုရော, ကောင်းတာရော, မကောင်းတာပါ ရောနှောနေတာပဲ"

"အပူလိုချင်ပါတယ်၊ ရတော့ အအေးရတယ်၊ အအေးလိုချင်တယ် အပူရတယ်၊ အစပ်လိုချင်တယ် အချဉ်ရတယ်၊ အချင်လိုချင်တယ်အငန်ရတယ်၊ လိုချင်တာကတစ်မျိုး ရတာကတစ်ဖုံနဲ့ ဘာတစ်ခုမှ အဆင်မပြေပါဘူး"

"ဝတ်ရတာလည်း အကောင်းမဟုတ်ဘူး၊ စပ်ဖာပြီး ဝတ်ရတယ်၊ တစ်ခါလာလည်း ဒီအရောင်၊ တစ်ခါလာလည်း ဒီအရောင်ပဲ"

"အိပ်ရတော့လည်း ကြမ်းပြင်ပေါ်မှာအိပ်ရတယ်၊ ဖျာကြမ်းအခင်းကလေးနဲ့ ကျောကနာပါတယ်၊ ကြမ်းပိုးကလည်း ကိုက်သေးတယ်၊ အဖော်မရှိ တစ်ကိုယ်တည်း တစ်ယောက်တည်း အိပ်ရတယ်၊ ဘာတစ်ခုမှမကောင်းပါဘူး သူငယ်ချင်းရာ"

http://www.dhammadownload.com



"လူထွက်တာပဲ ကောင်းတယ် သူငယ်ချင်း၊ လူ့ဘဝမှာဆိုရင် အစားဆိုရင်လည်း ကိုယ်ကြိုက်တာကို ကြိုက်တဲ့အချိန်, စားချင်တဲ့အချိန်မှာ ချက်စားလို့ရတယ်၊ ဝယ်စားလို့ရတယ်၊ အချဉ်, အချို, အစပ်, အငန်, အခါး, အဖန် ကြိုက်သလိုရပါတယ်၊ ဘယ်သူ့မျက်နှာမှ ကြည့်စရာမလိုပါဘူး"

"အဝတ်ကလည်း ကိုယ်ကြိုက်တဲ့ အရောင် အဆင်းကို ကိုယ်ကြိုက်သလိုချုပ်ပြီး ကိုယ်ဝတ်ချင်သလို ဝတ်လို့ရတယ်၊ အရောင်အမျိုးမျိုး ဝတ်လို့ရတယ်"

"အိပ်ရတော့လည်း အဖော်အလျော်နဲ့၊ စကား တပြောပြောနဲ့ ဘယ်လောက်ဟန်ကျလဲ၊ သား-သမီး တွေနဲ့ အခြွေအရံတွေနဲ့၊ ဇနီးမယား, သမီး-သားတွေကို လက်တွဲလက်ဆွဲပြီး ကျောင်းကန်ဘုရားသွားရတာ ဘယ် လောက်ပျော်စရာကောင်းလဲ၊ ဘယ်လောက်ကျက်သရေ ရှိလဲ၊ ဒါ့ကြောင့် လူထွက်တာပဲ ကောင်းတယ်..."

လို့ မဟုတ်လုပ်ကြံသဘောနဲ့ လူ့ဘဝရဲ့ ဂုဏ်ကျေးဇူးအမျိုးမျိုး တွေ ပြောတယ်၊ ရဟန်းဘဝရဲ့ အပြစ်တွေပြောတယ်၊ အဲဒါ ပကတိစိတ်နဲ့ပြောတာမဟုတ်ပါ၊ လောဘစိတ်နဲ့ပြောတာပါ၊ ဘယ်လောက်ကြောက်စရာကောင်းတဲ့ လောဘလဲ"

http://www.dhammadownload.com



"အဲဒီလို အပြောအဆို ဖောက်လွဲဖောက်ပြန် ပြောသံကြားတော့ လူထွက်ချင်တဲ့ရဟန်းတော်က စဉ်းစားပြီပေါ့၊ အပြောင်းအလွဲက သိပ်မြန်တာကိုး၊ စဉ်းစားရမှာပေါ့၊ ဘယ်လိုစဉ်းစားလဲ၊ ဘုန်းကြီးတို့ပရိသတ် သတိထားပါ၊ သူများပြောတိုင်း အရမ်းမယုံနဲ့၊ စဉ်းစားယုံပါ၊ မစဉ်းစားဘဲယုံရင် လွဲမှားတတ်ပါတယ်—

"ဘယ့်နှယ်လဲငါ့သူငယ်ချင်း...ရှေးကအပြောနဲ့မတူ ပြောင်းပြန်ပြောပါလား၊ ရှေးက ရဟန်းဘဝဂုဏ်ကျေးဇူးတွေ ပြောတယ်၊ လူ့ဘဝအပြစ်တွေပြောတယ်၊ ဘယ်လိုဖြစ်တာလဲ၊ အခုအခါမှာတော့ လူ့ဘဝ ဂုဏ်ကျေးဇူးတွေပြောတယ်၊ ရဟန်း ဘဝအပြစ်တွေပြောတယ်"

"တန်တော့...တန်တော့...အကြောင်းရင်းစဉ်းစားရင်တော့ သူဟာ ငါ ယခုဖွပ်လျှော်နေတဲ့ ရဟန်းပရိက္ခရာတွေ မြင်တွေ့ပြီး လောဘဖြစ်လို့ ဒီလိုပြောတာနဲ့ တူတယ်၊ တော်ပြီ...ငါ့ပစ္စည်းတွေ ဒီလောက်လောဘကြီးတဲ့သူ့ကို မပေးတော့ဘူး"

လို့ ဖွပ်လျှော်နေရင်း ဆုံးဖြတ်ချက်ချပါတယ်၊ ဘုန်းကြီးတို့ပရိသတ် လောဘဟာ ဘယ်လောက်ကြောက်စရာကောင်းသလဲ ကြည့်စမ်း၊ လောဘကြီးတော့ အရနည်းတယ်ဆိုတာ

http://www.dhammadownload.com



လည်း မမှန်ဘူးလား၊ လောဘကြီးတဲ့ရဟန်း မရတော့ဘူး မဟုတ်လား"

"မှန်ပါဘုရား"

"အေး...လူထွက်ချင်တဲ့ ရဟန်းတော်က အမှား-အမှန်, အကောင်း-အဆိုး, အကြောင်း-အကျိုး ဝေဖန်ပိုင်းခြားသိပြီး သူ့စိတ်ကိုသူ ဆုံးမပါတယ်၊ ဆုံးမလို့ရတော့ လူမထွက်ဖြစ်တော့ဘဲ ရဟန်းဘဝနဲ့ပဲ ပျော်မွေ့သွားပါတယ်"

## လူမထွက်ဖြစ်ကြောင်း

"ဘုန်းကြီးတို့ပရိသတ် သတိထားပြီး ပြန်စဉ်းစားပါ၊ သပ္ပဒါသထေရ်ဟာ ရဟန္တာမဖြစ်ခင်က ရဟန်းဘဝမှာ မပျော်ပါ၊ လူလည်းမထွက်ချင်ပါ၊ ရဟန်းဘဝနဲ့ပဲ အသေခံမယ်ဆိုပြီး သေဖို့နည်းလမ်း မတွေ့ပါဘူး"

"အေး...ဘာဖြစ်လို့ သာသနာတော်မှာ မပျော်လည်းဆိုတာ အခု အဖြေပေါ်ပြီနော်၊ ကဿပဘုရားရှင်လက်ထက်တော်အခါက သူငယ်ချင်းအဖော်ရဟန်း လူထွက်ချင်တာကို ထွက်အောင် ရဟန်းဘဝအပြစ်, လူ့ဘဝအကျိုးတွေပြောပြီး သာသနာတော်မှာ ငြီးငွေ့အောင် လုပ်ခဲ့တဲ့အကုသိုလ်ကံကြောင့် ယခုဘဝ ရဟန်းဖြစ်တဲ့အခါမှာ ရဟန်းဘဝမှာ မပျော်ဘဲ ငြီးငွေ့စိတ်ပျက်တာပါ၊ အကြောင်းမဲ့ မဟုတ်ပါ"

http://www.dhammadownload.com



"ဘုန်းကြီးတို့ပရိသတ် 'ပြုကအသစ်၊ ဖြစ်ကအဟောင်း' ဆိုတာကို သတိထားပါ၊ သူ လူမထွက်ဖြစ်တာက ဟို... သူပြားယောင်းခဲ့တဲ့ရဟန်း လူမထွက်ဖြစ်တဲ့အတွက် မထွက် ဖြစ်တာပါ"

## ဘာရားရကြောင်း

"အေး...သူဟာ အဲဒီကဿပဘုရားရှင်သာသနာတော် တုန်းက အနှစ်, နှစ်သောင်းတိုင်တိုင် ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့ပါတယ်၊ မဂ်, ဖိုလ်, နိဗ္ဗာန် မရခဲ့ပါ၊ ဘာ့ကြောင့် မရလည်းဆိုရင် ဓမ္မန္တရာယ်ပြုခဲ့လို့, လို့ပဲ ဆိုရမှာပဲနော်"

"မှန်ပါဘုရား"

"အေး...ဘုရားရှင်လက်ထက်တော်အခါကြီးမှာ နည်း နည်းပါးပါး ကျင့်ခဲ့တာမဟုတ်ပါ၊ အနှစ်, နှစ်သောင်းကျင့်ခဲ့ ပါတယ်၊ အကျင့်မကောင်းမဟုတ်ပါ၊ အကျင့်ကောင်းခဲ့ပါတယ်၊ ပေါ့ပေါ့ဆဆ ကျင့်ခဲ့တာမဟုတ်ပါဘူး"

"ကဲ...အခု ဘုန်းကြီးတို့ပရိသတ် အနှစ် ဘယ်နှစ် သောင်း ကျင့်ကြံကြိုးကုတ်အားထုတ်ပြီးပြီလဲ၊ တစ်သောင်း လား"

"မကျင့်ရသေးပါဘုရား"

"တစ်သောင်းမကျင့်ရသေးရင် တစ်ထောင်ကျင့်ပြီးပြီ လား"

http://www.dhammadownload.com



"မကျင့်ရသေးပါဘုရား"

"ဒါဖြင့် ငါးရာကျင့်ပြီးပြီလား၊ တစ်ရာကျင့်ပြီးပြီလား၊ နှစ်ငါးဆယ်ကျင့်ပြီးပြီလား စသည်ဖြင့် လျှောက်ပြီးမေးရင် လည်း မကျင့်ရသေးပါဘုရားပဲ ဖြေမှာပဲလား"

"မှန်ပါဘုရား"

"အင်း...တော်ပါတော့၊ ဒါဖြင့် မမေးတော့ပါဘူး၊ မေးလည်း မောရုံပဲရှိမှာပဲ၊ ဟိုမှာ သပ္ပဒါသထေရ်အလောင်း တော် ရဟန်းတော်ပဲ အနှစ်, နှစ်သောင်း ကျင့်ကြံကြိုးကုတ် အားထုတ်တာ ရဟန္တာမဖြစ်ဘူးနော်"

"မှန်ပါဘုရား"

"ဘုန်းကြီးတို့ ပရိသပ်က ဘယ်နှစ်သောင်းအားထုတ် လို့ မရတာနဲ့ ညည်းညူနေကြတာလဲ၊ အမယ်လေး...တချို့ များ သုံးလေးရက်ပဲ အားထုတ်ရသေးတယ်၊ စိတ်ကုန်ပါ တယ်တဲ့၊ တချို့လည်း ဆယ်ရက်လောက်ပဲ အားထုတ်ရတယ်၊ နောက်ဆို လန့်ပြီတဲ့"

"ဘုန်းကြီးတို့ပရိသတ် စီးပွားရေး–ကြီးပွားရေး လုပ်ငန်း တွေမှာ သုံး, လေးရက်, ဆယ်ရက်,မပြောပါနဲ့၊ တစ်နှစ် လုပ်လို့ မဖြစ်တော့ကော စိတ်ကုန်ပါတယ်ဆိုပြီး ရပ်ထားတာ ရှိသေးလား"

"မရှိပါဘုရား"

http://www.dhammadownload.com



"အေး...လိုချင်တဲ့ဆန္ဒက သိပ်ကြွာနေပါတယ်၊ ဖြစ်ချင်တဲ့ ဆန္ဒကသိပ်ကြွာနေပါတယ်၊ ဘုန်းကြီးတို့ပရိသတ်တွေက စီးပွားရေး-ကြီးပွားရေးအရာမှာတော့ အဓိပတိတပ်ပြီး ရှာနေကြတယ်၊ တရားရှာတော့ ဝတ်ကျေဝတ်ကုန်လောက်ပဲ ရှာတယ်...၊ အရှာချင်းတူလား"

"မတူပါဘုရား"

"အေး...အဲဒါကြောင့် တရားမရတာပါ၊ တရားရှာတဲ့အခါမှာလည်း အဓိပတိတပ်ပြီးတော့ရှာပါ၊ ရပါတယ်၊ အဓိပတိဆိုတာ ကြီးကြီးကဲကဲ မယိမ်းမယိုင် မလှုပ်မရှား မြဲမြဲခိုင်ခိုင်ကြွတဲ့ သဘောတရားမျိုးကို ခေါ်ပါတယ်၊ အဓိပတိလေးပါးရှိပါတယ်၊ ကဲ...ဆိုကြည့်စမ်းပါ-

◆ **ဆန္ဒကဲမို့ ငါသို့သသူ၊ ပြုမူဆောင်ရာ၊ အဖြာဖြာသည်၊ ဘယ်မှာမပြီး ရှိအံ့နည်း။**

ဘုန်းကြီးတို့ပရိသတ် ကြားဖူးပါတယ်၊ လိုလျှင်ကြံဆ နည်းလမ်းရဆိုတဲ့ စကားပုံရှိတယ်၊ အမှန်တကယ်သာ လိုချင်ပါစေ၊ ရရာ,ရကြောင်း နည်းလမ်းကောင်းကို ရှာမှာသေချာတယ်၊ နည်းလမ်းရှာလို့တွေ့ရင်လည်း ရအောင်လုပ်မှာသေချာပါတယ်၊ အဲဒါကြောင့် အရာဝတ္ထုတစ်ခုခုကို ရဖို့ရာ လိုချင်မှုကြီးကဲဖို့ အရေးကြီးပါတယ်၊ ကဲ-နောက်တစ်ခု ဆိုကြည့်စမ်းပါဦး-

http://www.dhammadownload.com



◆ ဝီရိယကဲမို့ ငါသို့သသူ၊ ပြုမူဆောင်ရာ၊ အဖြာဖြာသည်၊ ဘယ်မှာမပြီး ရှိအံ့နည်း။

ဘုန်းကြီးတို့ပရိသတ်တွေ အခု တရားရှာတဲ့ ဝီရိယဟာ စီးပွားရေး–ကြီးပွားရေးရှာတဲ့ ဝီရိယကို မှီပါရဲ့လားမေးရင် ဘယ်လိုဖြေမလဲ"

"မမှီပါဘုရား"

"ဒါဖြင့် တပည့်တော်တို့ တရားအားထုတ်ပါတယ်၊ ဘာ့ကြောင့် မရပါသလဲဘုရားလို့ မေးရင် အဖြေပေါ်ပြီလား"

"ပေါ်ပါပြီဘုရား"

"လိုချင်မှုကြီးကဲတဲ့နောက်က ရအောင်လုပ်တဲ့ ဝီရိယကလည်း ကြီးကဲရပါတယ်၊ မရ, ရအောင်လုပ်မယ်၊ မရမနေလုပ်မယ်ဆိုတဲ့ ဝီရိယရှိရပါမယ်၊ အဲဒီလို ဝီရိယနဲ့လုပ်ရင် မရဘူးလား, ရမှာလား"

"ရမှာပါဘုရား"

"အေး...ဒါဖြင့် တရားရချင်ရင် တရားရအောင် အားထုတ်တဲ့ လုံ့လဝီရိယကြီးပါစေ၊ တရားမရရင် ဝီရိယကို ချမထားပါနဲ့၊ ကဲ...အဓိပတိတစ်ပါးကို ဆိုကြည့်ပါဦး–

◆ စိတ်ဓာတ်ကဲမို့၊ ငါသို့သသူ၊ ပြုမူဆောင်ရာ၊ အဖြာဖြာသည်၊ ဘယ်မှာမပြီး ရှိအံ့နည်း။

http://www.dhammadownload.com



ဘုန်းကြီးတို့ပရိသတ်၊ စိတ်ဓာတ်ဟာ အလွန်တရာအရေးကြီး ပါတယ်၊ စိတ်ဓာတ်ကျသွားရင် ဘာမျှလုပ်လို့မဖြစ်တော့ပါဘူး၊ တရားရချင်ပါတယ်ဆိုရင် သွား, ရပ်, ထိုင်, လျောင်း ဣရိယာပုထ်လေးပါးလုံးမှာ တရားလိုချင်တဲ့စိတ်နဲ့ ကြိုးစား အားထုတ်နေရပါမယ်”

“သွားလည်း တရားရချင်တဲ့စိတ်၊ စားလည်း တရား ရချင်တဲ့စိတ်၊ အိပ်လည်း တရားရချင်တဲ့စိတ်၊ ထိုင်လည်း တရားရချင်တဲ့စိတ်ရယ်လို့ တရားရချင်တဲ့စိတ်ကို ကြီးကြီး ကဲကဲ ထားရင်လည်း တရားရနိုင်ပါတယ်၊ ကဲ–အဝိပတိတစ်ပါး ကို ဆိုကြည့်စမ်းပါဦး–

◆ **ပညာကဲမို့ ငါသို့သသူ၊ ပြုမှုဆောင်ရာ၊ အဖြာဖြာ သည့်၊ ဘယ်မှာမပြီး ရှိအံ့နည်း။**

တရားရရေးမှာ ဉာဏ်ပညာ အရေးကြီးပါတယ်၊ ဉာဏ်ပညာ ကြီးကြီးမားမား ရှိထားပါလျှင် တရားရနိုင်ပါတယ်၊ ဒီဉာဏ် ပညာဆိုတာ တိဟိတ်ပဋိသန္ဓေပညာ၊ အချိန်ကာလကိုနားလည် တဲ့ပညာ၊ ရှုပွားအားထုတ်တဲ့ ဝိပဿနာပညာတို့ဟာ အင် မတန် အရေးကြီးပါတယ်၊ အဲဒီပညာတို့ဟာ ကြိုးစားအားထုတ် ပါမှလည်း ပေါ်ထွက်လာမယ့်ပညာတွေပါ၊ ကြိုးစားအားထုတ် တော့လည်း သူတို့ပါမှလို့ သူ့နေရာနှင့်သူ သိပါ”

http://www.dhammadownload.com



## ဓမ္မန္တရာယ်သင့်သူ

"ဟို...သပ္ပဒါသထေရ်အလောင်းတော်ဟာ အဲဒီ အဓိပတိတရားလေးပါး လက်ကိုင်ထားပြီးတော့ ကဿပဘုရား ရှင် လက်ထက်က အနှစ်. နှစ်သောင်းအားထုတ်ခဲ့ပါတယ်၊ ဘာဖြစ်လို့ ရဟန္တာမဖြစ်လဲ၊ ဓမ္မန္တရာယ်သင့်လို့ မဖြစ်တာပါ"

"သူဟာ အကျင့်ကောင်းတယ်၊ ကြိုးစားအားထုတ် တယ်၊ အဲဒီကဿပဘုရားရှင်လက်ထက်တော်အခါမှာ အနှစ်, နှစ်သောင်းသာ ကုန်လွန်သွားတယ်...၊ တရားမရဘဲ ရဟန်း ဘဝနဲ့ပဲ စုတေခဲ့ပါတယ်"

အဲဒီဘဝကနေ စုတေခဲ့တော့ သူ့ပြည်, နတ်ပြည် စုချည်ဆန်ချည်နဲ့ သံသရာကျင်လည်ခဲ့ရာ ဘုန်းကြီးတို့ ဂေါတမ ဘုရားရှင် လက်ထက်တော်မှာ လူလာဖြစ်ပါတယ်"

"ဘုရားရှင် သာသနာတော်တွင်းမှာ လူလာဖြစ်တယ် ဆိုတာ ရှေးကုသိုလ်မပါဘဲနဲ့ မဖြစ်ပါဘူး၊ ရှေးကုသိုလ်ပါလို့ ဖြစ်တာပါ"

"လူဖြစ်ပြန်တော့လည်း ဘုရားရှင်အများဆုံး သီတင်းသုံး တော်မူရာ သာဝတ္ထိပြည် ပဋိရူပဒေသမှာ လူလာဖြစ်ပါတယ်၊ အဲဒီလို ပဋိရူပဒေသမှာ လူဖြစ်တာဟာလည်း ရှေးကုသိုလ်ကံ ကြောင့် ဖြစ်တာပါ"

http://www.dhammadownload.com



"လူဖြစ်ရုံလောက် ကုသိုလ်ကံပါတဲ့လူက ပဋိရူပဒေသ မှာ မဖြစ်ဘဲ ဟိုတောချုံအုံကြားမှာ ဖြစ်ပါတယ်၊ ဘုရားမကြွ ရာ, ဘုရားတပည့်သား ရဟန်းတော်ကောင်းများ မကြွရာ ပစ္စန္တရစ်အရပ်မှာ ဖြစ်ပါတယ်"

"အခု သပ္ပဒါသထေရ်မှာ လူဖြစ်အောင်စွမ်းဆောင် နိုင်တဲ့ ရှေးကုသိုလ်၊ ပဋိရူပဒေသမှာ ဖြစ်ဖို့ရာ စွမ်းဆောင် နိုင်တဲ့ ရှေးကုသိုလ်တွေပါခဲ့တဲ့အတွက် ပဋိရူပဒေသဖြစ်သော သာဝတ္ထိပြည်မှာ လူဖြစ်ပါတယ်"

"ပဋိရူပဒေသမှာ လူဖြစ်တော့ ပဋိရူပဒေသမှာ ပွင့်ထွန်း ပေါ်ပေါက်တော်မူတဲ့ ဘုရားရှင်နဲ့ ပေါင်းဆုံရခွင့်ရှိတာပေါ့၊ ပေါင်းဆုံရခွင့်ရှိပေမယ့် ပေါင်းဆုံနိုင်တဲ့ ရှေးကုသိုလ်မပါရင် လည်း ပေါင်းဆုံလို့မရပါ"

"အခု ဟသ်ာတမြို့ထဲမှာ လူတွေအများကြီးရှိပါတယ်၊ တရားနာနိုင်တဲ့ ဒီစာပြန်ပွဲ, စာမေးပွဲကြီးသို့ လာနိုင်တဲ့ ရှေး ကုသိုလ်မပါတဲ့လူတွေလာနိုင်လား"

"မလာနိုင်ပါဘုရား"

"ရှေးကုသိုလ်မရှိလို့ မလာနိုင်၊ မလာနိုင်တော့ အခု ကုသိုလ်မရ၊ အခု ကုသိုလ်မရတော့ နောင်အခါ ပဋိရူပဒေသ မှာ လူမဖြစ်၊ ဆည်းကပ်သင့်သူ လူတော်ကောင်း, မဆည်း ကပ်၊ တရားမနာဆိုတော့ မရှိုးဘူးလား"

http://www.dhammadownload.com



"ရှိုးပါတယ်ဘုရား"

"အခုသပ္ပဒါသထေရ်ဟာ ရှေးကုသိုလ်ကံနှိုးဆော်လို့ တရားပွဲသွားပြီး တရားနာပါတယ်၊ တရားနာတဲ့အခါ ရှေးကုသိုလ်ကံနှိုးဆော်လို့ ရဟန်းခံချင်စိတ် ဖြစ်လာပါတယ်၊ အေး...ကောင်းတဲ့အလုပ်, လုပ်ချင်တယ်ဆိုတာ လွယ်ကူတာ မဟုတ်ပါဘူး၊ ရှေးကုသိုလ်ပါခဲ့လို့ ဖြစ်တာပါ"

"တော်တော့် ကုသိုလ်ကံနဲ့ သီလရှင်ဝတ်ချင်စိတ်, ရဟန်းခံချင်စိတ် မပေါက်ပါဘူး၊ အဲဒါ သူတစ်ပါးတွေမှာ ရှေးကုသိုလ်ကံအလျောက် ပေါ်ပေါက်လာတဲ့ စိတ်ဓာတ် ကောင်းကလေးတွေကို အားမပေးချင်နေပါ၊ မဖျက်ဆီးပါနဲ့"

"သပ္ပဒါသထေရ်ဟာ ရဟန်းခံချင်စိတ်ပေါက်ပြီး ရဟန်း ခံသွားပြီ၊ ရဟန်းခံပြီးတော့ ပရိယတ်စာပေတွေ ကြိုးစားအား ထုတ်သင်ယူပါတယ်၊ ပဋိပတ် တရားတော်တွေလည်း ကြိုးစား ပြီးတော့ ကျင့်ကြံကြိုးကုတ် အားထုတ်ပါတယ်"

"အေး...သူဟာ ရှေးကုသိုလ်ကံကြောင့် ပဋိရူပဒေသ မှာဖြစ်၊ ဘုရားရှင်နဲ့တွေ့၊ ဆည်းကပ်၊ တရားနာ၊ ရဟန်း ဖြစ်ခဲ့တယ်၊ ရှေးကုသိုလ်တွေ အားမကောင်းခဲ့ဘူးလား"

"အားကောင်းခဲ့ပါတယ်ဘုရား"

"ရှေးကုသိုလ်ခံကောင်းခဲ့သလို၊ ရှေးအကုသိုလ်ကံ ကလည်း ပါလာခဲ့တော့ ရဟန်းဝတ်လို့ မကြာမီပဲ သူဟာ သာသနာတော် မှာ မပျော်မွေ့ ဖြစ်လာပါတယ်"

http://www.dhammadownload.com



"ဘာဖြစ်လို့ သာသနာတော်မှာ မပျော်မမွေ့ဖြစ်လာလဲ၊ ရဟန်းခံတုန်းက သူ့စိတ်နှင့်သူ ရဟန်းခံခဲ့တာမဟုတ်လား၊ အခု ရဟန်းဖြစ်ပြီးမှ ဘာဖြစ်လို့ မပျော်တာလဲ၊ အကြောင်းမဲ့ မပျော်တာမဟုတ်ပါ"

"ဟို...ကဿပဘုရားရှင် လက်ထက်တော်အခါက လူထွက်ချင်နေတဲ့ သူ့သူငယ်ချင်း ရဟန်းတော်ကို လူထွက်အောင်ဆိုပြီး ရဟန်းဘဝအပြစ်တွေပြော၊ လူ့ဘဝအကျိုးကျေးဇူးတွေပြောပြီး လူထွက်အောင် ဖြားယောင်းခဲ့တဲ့ ဓမ္မန္တရာယ် အကုသိုလ်ကံက ဒီဘဝမှာလာပြီး အကျိုးပေးလို့ သာသနာတော်မှာ မပျော်တာပါနော်"

"မှန်ပါဘုရား"

## ပုညန္တရာယ်နှင့်ဓမ္မန္တရာယ်

ဘုန်းကြီးတို့ ယခုဟောနေတဲ့တရားတော်က 'ဓမ္မန္တရာယ် ကာကွယ်ရေး တရားတော်'ပါ၊ ဒီနေရာမှာ ပုညန္တရာယ်နှင့် ဓမ္မန္တရာယ်ကို ဘုန်းကြီးတို့ ပရိသတ်အား ရှင်းပြပါမယ်၊ မှတ်မှတ်သားသား သိထင်ရှားအောင် နာကြားပါ"

"ဘုန်းကြီးတို့ပရိသတ်တွေလုပ်နေတဲ့ ကုသိုလ်တွေကို အကျဉ်းချုံးလိုက်...၊ ဒါန, သီလ, သမထ, ဝိပဿနာ ရယ်လို့ လေးမျိုးပဲရှိပါတယ်"

http://www.dhammadownload.com



"အဲဒီလေးမျိုးကို နိုင်ငံကျော်, ကမ္ဘာကျော်ဖြစ်တော်မူသော ကျေးရူးရှင် လယ်တီဆရာတော်ဘုရားကြီးက ပုညနှင့်ဓမ္မရယ်လို့ နှစ်မျိုးခွဲပြပါတယ်"

"ဘယ်လိုခွဲလဲဆိုတော့ ဒါနကုသိုလ်ကို ပုညလို့ခေါ်ပါတယ်၊ သီလကုသိုလ်, သမာဓိကုသိုလ်(သို့မဟုတ်) သမထကုသိုလ်, ဝိပဿနာကုသိုလ် (သို့မဟုတ်) ပညာကုသိုလ်ကို ဓမ္မလို့ ခေါ်ပါတယ်၊ မှတ်မိလား"

"မှတ်မိပါဟယ်ဘုရား"

"အေး...ဒါဖြင့် ပုညန္တရာယ်, ဓမ္မန္တရာယ်ခွဲကြစို့၊ ဒါနကုသိုလ်ပြုလုပ်တာကို မပြုလုပ်ဖြစ်အောင်၊ ပြုလုပ်နေရင်လည်း စိတ်ပျက်ပြီး ဆက်လက်မလုပ်အောင် တားမြစ်ရင် ဘာအန္တရာယ်သင့်လဲဆိုရင် 'ပုညန္တရာယ်' သင့်ပါတယ်၊ ကဲ-မှတ်မိအောင် လင်္ကာတစ်ပုဒ် ဆိုကြည့်စမ်းပါ—

◆ **ဒါနပုည၊ တားမြစ်က၊ ပုညအန္တရာယ်။**

ဒါနဆိုတာ လှူဒါန်းပေးကမ်းစွန့်ကြဲတာပါ၊ ပုညဆိုတာနဲ့ ကုသိုလ်ဆိုတာနဲ့ အတူတူပါပဲ၊ ဒါနပုညဆိုတာနဲ့ ဒါနကုသိုလ်ဆိုတာနဲ့ အတူတူပါပဲ၊ ပုညအန္တရာယ်ဆိုတာက လင်္ကာမို့လို့ ကာရန်ယူထားတာပါ၊ ပုညအန္တရာယ်နဲ့ ပုညန္တရာယ် အတူတူပါ"

http://www.dhammadownload.com



"ဘုန်းကြီးတို့ သဒ္ဒါနည်းနဲ့ပြောရင် ပုဒ်ဖြတ်ထားတာနဲ့ ပုဒ်စပ်ထားတာပဲ ကွာပါတယ်၊ သဘောသွားခြင်း အတူတူပါပဲ"

"ဒါနကုသိုလ်တွေက အမျိုးမျိုးရှိပါတယ်၊ ဆွမ်းဒါန, သင်္ကန်းဒါန, ကျောင်းဒါန, ဆေးဒါန, အဆင်းဒါန, အသံဒါန, အနံ့ဒါန, အရသာဒါန, အတွေ့ဒါန, သဘောတရားဒါန စသည်ဖြင့် အမျိုးမျိုးရှိတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ပုဂ္ဂိုလ်, သတ္တဝါတွေကလည်း အမျိုးမျိုးဆိုတော့...၊ အဲဒီဒါနအမျိုးမျိုးတွေထဲမှ ကိုယ်နှစ်သက်ရာရွေးပြီး လှူဒါန်းကြတာမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီလို လှူဒါန်းလို့ ဒါနကုသိုလ်ကောင်းမှုဖြစ်သွားရင် အဲဒီဒါနကုသိုလ်ကောင်းမှုက ဒါနကုသိုလ်ရှင်ကို ဖြစ်လေရာရာ သံသရာမှာ စားရေး, ဝတ်ရေး, နေထိုင်ရေးဆိုတဲ့ ဘုန်းကြီးတို့ ပရိသတ်မှာ အရေးကြီးနေတဲ့ အရေးသုံးပါးကို ဖြေရှင်းပေးမယ်၊ အဲဒီအရေးသုံးပါးအတွက် မပူပင်ရရင် စိတ်ချမ်းသာ-ကိုယ်ချမ်းသာ ရှိမယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒါနကြောင့် ပစ္စည်းပစ္စယ ကြွယ်ဝချမ်းသာမှာ၊ ဒါနပြုသူကို တားမြစ်တော့ ပုညန္တရာယ်သင့်တယ်။ အဲဒီဒါနပြုနေ

http://www.dhammadownload.com



သူကို ရှုတ်ချကဲ့ရဲ့လည်း ပုညန္တရာယ်သင့်ပါတယ်၊ ဆိုကြည့်စမ်းပါ—

◆ **ပြုသူရှုတ်ချ၊ ကဲ့ရဲ့က၊ ပုညအန္တရာယ်။**

ဒါနပြုလုပ်မယ့်သူကို မပြုလုပ်ဖြစ်အောင် အမျိုးမျိုးအပြစ်ပြပြီး ကဲ့ရဲ့ရှုတ်ချရင်၊ ဒါနပြုနေဆဲ, ပြုပြီးသူကို မပြုဖြစ်အောင်, နောက်ထပ်မပြုအောင်, ကဲ့ရဲ့ရှုတ်ချရင် ပုညန္တရာယ်သင့်ပါတယ်"

"ဘုန်းကြီးတို့ လှူဒါန်း ပေးကမ်း စွန့်ကြတယ်ဆိုတာဟာ ကောင်းတဲ့အလုပ်ပါ၊ စိတ်ကောင်း, နှလုံးကောင်းရှိသူတို့ရဲ့ အလုပ်ပါ၊ သူတော်ကောင်းတို့ရဲ့ အလုပ်ပါ၊ အဲဒီကောင်းတဲ့ အလုပ်ကို တားမြစ်တဲ့လူဟာ လူကောင်းလား"

"မဟုတ်ပါဘုရား"

"ကောင်းတဲ့အလုပ်ကို ကဲ့ရဲ့ရှုတ်ချတဲ့လူဟာ လူကောင်းလား"

"မဟုတ်ပါဘုရား"

"အေး...ဘုန်းကြီးတို့ပရိသတ် တူသောအကျိုးပေးတယ်ဆိုတာ ကြားဖူးကြပါတယ်၊ ကောင်းကျိုးချမ်းသာရရှိရေးအတွက် သူများ ဒါနကုသိုလ်ပြုတာကို အနှောင့်အယှက် အကန့်အကွက် အတားအဆီး ပြုတဲ့အတွက် ဒါနပြုမယ့်သူ မပြုတော့၊ သူ့မှာ အကျိုးမယုတ်ဘူးလား"

http://www.dhammadownload.com



"ဟုတ်ပါတယ်ဘုရား"

"အေး...ဒါနပြုသူကို တားမြစ်ရှုတ်ချ ကဲ့ရဲ့တဲ့အတွက် မပြုဖြစ်တော့၊ ဟိုသူမှာ အကျိုးမရသလို သူ့လည်း အဲဒီအကျိုး တွေ နောင်အခါ မရတော့ဘူး၊ အန္တရာယ်ပြုတဲ့အတွက် မိမိ မှာလည်း အန္တရာယ်သင့်တယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"တူသောအကျိုးပေးတာပေါ့...၊ ဘုန်းကြီးတို့ပရိသတ် ကိုယ်မလှူချင်ရင် မလှူဘဲနေနိုင်ပါတယ်၊ ကုသိုလ်မရရုံပဲရှိမယ်၊ သူများလှူတာကို သွားပြီးတော့ မပိတ်ပင်, မတားဆီးပါနဲ့...၊ မနှောင့်ယှက် မကန့်ကွက် မတားဆီးပါနဲ့၊ အပြစ်မပြောပါနဲ့"

"အေး...ကိုယ်လည်းမလှူချင်၊ မလှူနိုင်၊ သူများလှူတာ ကို မလှူချင်အောင်, လှူပြီးသား စိတ်ပျက်အောင်, နောက်တစ်ခါ မလှူချင်အောင် ပိတ်ပင်တားဆီး ကန့်ကွက် နှောင့်ယှက်ရင်၊ လှူဒါန်းနေတဲ့ပုဂ္ဂိုလ်တွေ စိတ်ပျက်သွားအောင်, သဒ္ဓါတရား ပျက်ပြားသွားအောင်, လျော့ပါးသွားအောင် ပြောဆိုရင်–ပြု လုပ်ရင် ဘာအန္တရာယ်သင့်လဲ"

"ပုညန္တရာယ် သင့်ပါတယ်ဘုရား"

"ကောင်းတဲ့အလုပ်ဆိုတာ မလုပ်တဲ့လူကိုတောင်မှ လုပ်အောင်တိုက်တွန်းရမှာပါ၊ လုပ်နေတဲ့လူကို အန္တရာယ် မပြုကောင်းပါဘူး၊ အန္တရာယ်ပြုလို့ ပုညန္တရာယ်သင့်ရင်

http://www.dhammadownload.com



ဘယ်လောက် အပြစ်ကြီးလဲဆိုတာ သိရအောင် ဆိုကြည့်စမ်းပါ—

◆ **ပုညန္တရာယ်၊ သင့်သူမယ်၊ နောင်ဝယ် တန်ခိုးကင်း၊ မွဲတေခြင်း၊ ပူပြင်းအတိ၊ ဆင်းရဲမယ်။**

အေး...တန်ခိုးဆိုတာ ရာထူး၊ ဂုဏ်ထူး၊ ပစ္စည်း၊ ပညာ သူတစ်ပါးထက်သာတယ်၊ သြဇာရှိတယ်၊ ပြုတိုင်းဖြစ်တယ်၊ ပြောတိုင်းပြီးတယ်၊ ကြံတိုင်းမြောက်တယ်ဆိုတာတွေကို တန်ခိုးကြီးတယ်၊ တန်ခိုးရှိတယ် ခေါ်ပါတယ်"

"အခု ပုညန္တရာယ်သင့်သူမှာ နောင်အခါမှာ တန်ခိုးကင်းမယ်၊ တန်ခိုးမရှိဘူး၊ တန်ခိုးမကြီးဘူး၊ ဆင်းရဲမယ်၊ မွဲမယ်၊ အင်မတိအင်မတန် ပူပန်ဆင်းရဲမယ်"

"ဒါနကုသိုလ်ရဲ့အကျိုးက တိုက်ရိုက်အားဖြင့် ပစ္စည်းပရိဘောဂ ချမ်းသာကြွယ်ဝတယ်၊ စားဝတ်နေရေး ပြေလည်ချောမောအောင် ပေးပါတယ်၊ သူများဒါန အန္တရာယ်ပြုတဲ့အတွက် မိမိမှာ အဲဒီအကျိုးတွေမရတော့ဘဲ ဆင်းရဲမွဲတေပါတယ်"

## အပိုင်းသုံးပိုင်း

"အေး...ဘုန်းကြီးတို့ပရိသတ်၊ ဒီနေရာမှာ မှတ်သင့်တာကလေးတစ်ခု ပေါ်လာလို့ ပြောရဦးမယ်၊ ကံတစ်ခုပြုရင် အဲဒီကံရဲ့အကျိုးဟာ အပိုင်းသုံးပိုင်းအနေနဲ့ အကျိုးပေးပါတယ်"

http://www.dhammadownload.com



အပိုင်းသုံးပိုင်းအကျိုးပေးပုံက အကျိုးရင်းအနေနဲ့ တစ်ပိုင်း၊ အကျိုးဖျားအနေနဲ့တစ်ပိုင်း၊ အကျိုးဆက်အနေနဲ့ တစ်ပိုင်းလို့ သုံးပိုင်းပေးပါတယ်၊ ဆိုကြည့်စမ်းပါ–

◆ **အကျိုးရင်းဟာ၊ ဝိပါကာ၊ ကုမှာလူဖြစ်၊ အကုညစ် ဖြစ်ပစ်ငရဲမှာ။**

ကုသိုလ်ကံ, အကုသိုလ်ကံရယ်လို့ ကံနှစ်ပါးတို့တွင် တစ်ပါးပါးကို ပြုလုပ်လိုက်တာနဲ့ တစ်ပြိုင်နက်၊ အဲဒီကံရဲ့ အကျိုးကို ရဖို့ရာ သေချာပါပြီ၊ အဲဒီရတဲ့အကျိုးတွေကို ခွဲဝေပြပါမယ်"

"ကုသိုလ်ပြုပြီးက အဲဒီကုသိုလ်က အကျိုးရင်းအနေနဲ့ လူနတ် ဖြစ်ခြင်းဆိုတဲ့ အကျိုးပေးပါတယ်၊ အကုသိုလ်ပြုပြီးက အဲဒီ အကုသိုလ်က အကျိုးရင်းအနေနဲ့ ငရဲအပါယ်ကျခြင်း ဆိုတဲ့ အကျိုးပေးပါတယ်"

"အခုပြောခဲ့တာ အကျိုးရင်းအနေနဲ့ပြောတာပါ၊ အကျိုးဖျားအနေနဲ့ ဘယ်လိုပေးလဲဆိုတာ သိရအောင် ဆိုကြည့်စမ်းပါ–

◆ **အကျိုးဖျားဟာ၊ ဖလသာ၊ ကုမှာ ဌေးကာ၊ အကုမှာ မွဲပြာနုံချာချာ။**

ကုသိုလ်တစ်ခုရဲ့ အကျိုးဖျားဟာ သူဌေးသူကြွယ်ဖြစ်ခြင်း ဆိုတဲ့ အကျိုးပေးပြီး၊ အကုသိုလ်ကံရဲ့ အကျိုးဖျားကတော့ မွဲပြာနုံချာတဲ့ ဘဝမျိုး အကျိုးပေးပါတယ်"

http://www.dhammadownload.com



"အေး...အခုပြောခဲ့တဲ့ ကုသိုလ်ကံ, အကုသိုလ်ကံ တို့ရဲ့ အကျိုးဖျားတွေကြည့်ပြီးတော့ ကုသိုလ်ကို ကြိုးစားပြီး လုပ်သင့်သလို အကုသိုလ်ကို ကြိုးစားရှောင်သင့်တယ်ဆိုတာ သဘောပေါက်ကြပါ။ ကဲ...အကျိုးဆက်အနေနဲ့ ဘယ်လို အကျိုးပေးလဲဆိုတာသိရအောင် ဆိုကြည့်စမ်းပါ–

◆ **အကျိုးဆက်ဟာ၊ နီသဿန္တာ၊ ကုမှာရှိညွှတ်၊ အကုဝင်၍ တော်စပ်သူပါ မွဲရရှာ။**

ကုသိုလ်ကံရဲ့အကျိုးဆက်ဟာ ဖြစ်လေရာရာဘဝမှာ အများက ရှိသေလေးမြတ်ခြင်းကို ခံရပါတယ်။ အကုသိုလ်ကံရဲ့ အကျိုး ဆက်က အကုသိုလ်ကံရှိသူနဲ့ နီးစပ်သူ, တော်စပ်သူတွေပါ မွဲတေရ, ဒုက္ခရောက်ရပါတယ်"

"ဘုန်းကြီးတို့ပရိသတ်တွေ အဲဒီသဘောတွေဟာ ဒီမျက်မှောက်လောကမှာ အထင်အရှား အဖြစ်များပါတယ်။ သတိမထားလို့ မသိကြတာပါ"

"တချို့ ဒီသားလေးမွေးလာမှ စီးပွားတက်တယ်ဘုရား တဲ့၊ တချို့ ဒီသားလေးမွေးမှ စီးပွားလျှောကျသွားတယ် ဘုရားတဲ့။ အဲဒီလို ပြောဆိုကြတာ၊ လျှောက်ထားကြတာတွေ မရှိဘူးလား"

"ရှိပါတယ်ဘုရား"

http://www.dhammadownload.com



"ဟို မိတ္တဝိန္ဒကတို့များ သူ့ပဋိသန္ဓေရှိရုံရှိသေးတယ်...၊ အိမ်ခြေတစ်ထောင်ရှိတဲ့ရွာဟာ တစ်ရွာလုံး ရှာလို့ ဖွေလို့ မရတော့ဘူး၊ မင်းဘေးသင့်တယ်၊ မီးဘေးသင့်တယ်"

"အခုခေတ်မှာ မီးတွေ ခဏခဏလောင်နေတာတွေ ဟာ အဲဒီအကြောင်းတွေမကင်းပါဘူး၊ အဲဒီအကြောင်းတွေကြောင့် ဖြစ်နိုင်ပါတယ်"

"ဒါ့ကြောင့် ဘုန်းကြီးတို့ပရိသတ်တွေ ပုညက္ခေတ္တ ရာတယ် သင့်အောင် မပြုလုပ်ပါနဲ့၊ အင်မတန် ကြောက်စရာကောင်း ပါတယ်"

## တွေ့ခဲ့ရတဲ့ သက်သေ

"ဒီနေရာမှာ ဘုန်းကြီးတို့ ကိုယ်တွေ့မျက်မြင်ဖြစ်ခဲ့ရတဲ့၊ တွေ့ခဲ့ရတဲ့ သက်သေတစ်ခု ပြောချင်ပါတယ်၊ ဘုန်းကြီးတို့ တစ်ခါက တွေ့ဖူးပါတယ်"

"ဘုန်းကြီးတို့က ဓမ္မဒေသနာခရီးသည်ဆိုတော့ ခရီး အသွားရများပါတယ်၊ အတွေ့အကြုံလည်း များပါတယ်၊ တစ်ချိန်က မီးရထားစီးပြီး ခရီးသွားရတော့ ဘူတာကြီးတစ်ခု မှာ ရထား အတော်ကြာကြာ ရပ်နေပါတယ်"

"အဲဒီမှာ ရထားပြောင်းကြ, စားကြ, သောက်ကြပေါ့၊ အချိန် တစ်နာရီကျော်ကျော်လောက် ကြာပါတယ်၊ တောင်း စားတဲ့လူတစ်ယောက်ကလည်း ရထားပေါ်က ခရီးသည်တွေ

http://www.dhammadownload.com



ရော, ပလက်ဖောင်းပေါ်က လူတွေရော, ထမင်းဆိုင်ရော, ထမင်းစားနေသူတွေပါ လူစုံလူကုန် လိုက်တောင်းပါတယ်"

"သူ့ကြည့်ရတာ အသားအရေကလည်း အခြားတောင်းစားတဲ့လူတွေရုပ်နဲ့ မတူပါဘူး...၊ အတော်ကိုပဲ မွဲတေခြောက်သွေ့ပါတယ်၊ အဝတ်အစားကလည်း အတော်ကိုညစ်ပါတယ်"

"ပုံကြည့်ရတာ သနားစရာရုပ်ဖြစ်နေပေမယ့် သူ့ကို သနားတဲ့လူ မတွေ့ရပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို ပေးတဲ့လူ, ကျွေးတဲ့လူ တစ်ယောက်မှ မတွေ့ရလို့ပါ"

"ဟိုအနားသွားလည်း မောင်းထုတ်ခံရ၊ ဒီအနားသွားလည်း မောင်းထုတ်ခံရနှင့် ဘာတစ်ခုမှ မရပါ။ ပိုက်ဆံလည်း မရ, စားစရာလည်းမရရှာပါ"

"သူ့မှာလည်း တော်တော့်ကို ဆာလောင်မွတ်သိပ်နေပုံ ပေါ်ပါတယ်။ ဘယ်သူမှ မပေး၊ ဘာမှမရတော့ ဘယ်လိုလုပ်ပြီး စားတာတွေ့သလဲဆိုတော့ ထမင်းဆိုင်မှာ လူတွေက စားပြီးတော့ လွှင့်ပစ်တဲ့ ထမင်းထုပ်မှ ထမင်းကြွင်း, ဟင်းကျန်လေးတွေ၊ အိုး, ခွက်, ပန်းကန်ဆေးဖို့ကျန်တဲ့ ထမင်းကြွင်း, ဟင်းကျန်ကလေးတွေကို ကျီးများ၊ ကြက်များ ကောက်စားသလို တစ်စေ့ချင်း လိုက်ကောက်စားနေတာကို တွေ့ရပါတယ်"

"အဲဒီလို လိုက်ကောက်စားနေတာ အများတွေ့သားပဲ၊ ဘယ်သူမှ သူ့ကိုသနားပြီး ပေးကမ်းတာမတွေ့ရပါ၊ ကဲ-

http://www.dhammadownload.com



အဲဒီလို လိုက်ကောက်စားနေရတာ အဆင်ပြေပါ့မလား စဉ်းစားကြည့်စမ်းပါဦး၊ ဘယ်သွားအဆာပြေမလဲ"

"အဲဒီလို ကောက်စားပြီးတော့ အစာပြေမလား၊ မပြေလားတော့မသိဘူး၊ ခံတွင်းချဉ်သလားမသိပါ၊ ဆေးလိပ်အတိုအထွာလေးတွေ လိုက်တောင်းပြန်တယ်၊ သူ့ကို ဘယ်သူမှ ပေးမယ့်သူမရှိပါ၊ မသနားကြပါဘူး၊ ဒီအတိုင်း ကြည့်နေကြပါတယ်၊ တချို့ကလည်း မောင်းထုတ်ကြပါတယ်"

"မီးရထားကလည်း လမ်းခွဲဘူတာကြီး၊ ဘုန်းကြီးတို့လည်း ရှေ့ဆက်စီးရမှာဆိုတော့ ရထားပေါ်မှာအကြာကြီးပေါ့၊ ဘုန်းကြီးလည်း ဘ၀တက္ကသိုလ်က သင်ပေးတဲ့ အသိပညာ၊ အတတ်ပညာတွေကို ဆက်သင်နေပါတယ်"

"သူ့ကို ဘယ်သူကမှ ဆေးလိပ်တစ်တိုတစ်ထွာကိုမျှ မပေးတော့ ခံတွင်းချဉ်လွန်းအားကြီးလို့ သူမနေနိုင်ဘူးလား မသိပါ၊ သူများတွေ သောက်လို့မရလို့ အကြွင်းအကျန်ကို လွှင့်ပစ်၊ ဖိနပ်နဲ့နင်းချေထားတဲ့ ဆေးလိပ်အတိုလေးတွေကို လိုက်ကောက်ပြီး သောက်နေရပါတယ်"

## ပုညက္ခေတ္တ ရာယ် သင့်ခဲ့တယ်

"ဘုန်ကြီးက အဲဒီအဖြစ်အပျက်ကိုတွေ့မြင်ရတော့ တွေးကြည့်မိတယ်၊ အင်း...ဒီသတ္တဝါဟာ ကျမ်းဂန်ထဲမှာလာတဲ့ ပုညက္ခေတ္တ ရာယ်သင့်လို့ တစ်ကောင်ကြွက် တစ်မျက်နှာ စားစရာ

http://www.dhammadownload.com



မရှိ, ဝတ်စရာမရှိ, ဆွေမရှိ, မျိုးမရှိ, ပေးကျွေးသူမရှိ ဖြစ်နေတာလား မသိဘူးလို့ စဉ်းစားမိပါတယ်"

"လူသားတွေမှာ ကြင်နာထောက်ထား သနားတတ်တဲ့ စိတ်ထားရှိပါတယ်၊ ဒီသတ္တဝါကို မသနားတာတော့ သူ့အကုသိုလ်ကံက တားထားလို့ မသနားသလားတော့ မသိပါ"

"သူဟာ ဟို...အတိတ်ဘဝတုန်းက သူများတွေရဲ့ ဒါနကုသိုလ် အန္တရာယ်ပြုလာခဲ့တဲ့၊ ပုညန္တရာယ်သင့်ခဲ့တဲ့ သတ္တဝါလားမသိလို့ စဉ်းစားမိပါတယ်၊ ဘုန်းကြီးတို့က ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်မရတော့ ဘယ်သိမလဲ၊ စဉ်းစားရတာပါ"

"ဘုန်းကြီးတို့ပရိသတ် အလှူဒါနဆိုတာ စားဝတ်နေရေးကို ပြေလည်အောင်, ပြည့်စုံအောင် အကျိုးပေးပါတယ်၊ ဘုန်းကြီးတို့ပရိသတ်မှာ စားဝတ်နေရေး ယခုဘဝမှာ ပြေလည်နေတာ ဘယ်သူပေးတာလဲ ဒါနကုသိုလ်ပါ"

"အဲဒီလို စားဝတ်နေရေး ပြေလည်အောင် အကျိုးပေးနိုင်စွမ်းရှိတဲ့၊ သူများပြုနေတဲ့၊ လှူဒါန်းပေးကမ်းနေတဲ့ အလှူဒါနကို အန္တရာယ်ပြုခဲ့လို့ သူ့မှာ ယခုဘဝမှာ စားစရာ, သောက်စရာ, နေထိုင်စရာ, ဝတ်စရာ မပြည့်စုံပါ၊ ဆွေမျိုး, မိတ်ဆွေ ကူညီမည့်သူတွေ မရှိပါ၊ တစ်ကောင်ကြွက်, တစ်မျက်နှာပါ"

http://www.dhammadownload.com



ဓမ္မန္တရာယ်

"ဒါ့ကြောင့် ဘုန်းကြီးတို့ပရိသတ်တွေ ကိုယ်ကိုယ်တိုင် မလှူချင်နေပါ၊ နေနိုင်ပါတယ်၊ အေး...သူများ စေတနာ, သဒ္ဓါတရားနဲ့ လှူဒါန်းပေးကမ်းစွန့်ကြဲတာတွေကို သွားပြီးတော့ အတားအဆီးအနှောင့်အယှက် အကန့်အကွက် မလုပ်ပါနဲ့"

"လှူဒါန်းစွန့်ကြဲ ပေးကမ်းနေတဲ့ ပုဂ္ဂိုလ်တွေ စိတ်ပျက်သွားအောင် ကဲ့ရဲ့ရှုတ်ချ မပြောပါနဲ့၊ ပုညန္တရာယ်သင့်ပါတယ်၊ ယခု ဘုန်းကြီးတို့ဟောနေတာ အန္တရာယ် မသင့်အောင်, သိအောင် အကာအကွယ်အနေနဲ့ ဟောပေးနေတာပါ၊ ဒါလောက်ဆိုရင် ပုညန္တရာယ်သဘောပေါက်ပါပြီ၊ ဓမ္မန္တရာယ် သင့်ပုံကို ဟောရအောင်၊ ကဲ–ဆိုကြည့်စမ်းပါဦး–

- **သီလပုည၊ တားမြစ်က၊ ဓမ္မအန္တရာယ်။**
- **ပြုသူရှုတ်ချ၊ ကဲ့ရဲ့က၊ ဓမ္မအန္တရာယ်။**

သူများတွေ သီလမဆောက်တည်အောင်, ဆောက်တည်ထားတဲ့ သီလတွေ ပျက်စီးသွားအောင်, အတားအဆီး အကန့်အကွက် အနှောင့်အယှက်ပြုရင်၊ အပြစ်အနာအဆာ ပြောရင်၊ ကဲ့ရဲ့ရှုတ်ချရင် ဘာအန္တရာယ်သင့်လဲ၊ ဓမ္မအန္တရာယ် သင့်တယ်၊ ဓမ္မန္တရာယ်သင့်တယ်ပေါ့"

"ဓမ္မအန္တရာယ်ဆိုတာက ပုဒ်ဖြတ်ထားတဲ့သဘောပေါ့၊ လက်ကချောအောင် ပုဒ်ဖြတ်ပြီးစိထားတာပါ၊ တကယ်ကျတော့ ပုဒ်ပေါင်းပြီးတော့ ဓမ္မန္တရာယ်လို့ခေါ်ပါ"

http://www.dhammadownload.com



"အေး...၊ သီလဆောက်တည်ထားတဲ့ပုဂ္ဂိုလ်ကို သီလပျက်သွားအောင်, သီလကို ဖျက်ချင်အောင် သီလရဲ့အပြစ်ပြောရင်၊ အန္တရာယ်ပြုရင် ဓမ္မန္တရာယ်သင့်တယ်နော်"

"မှန်ပါဘုရား"

"ဒါဖြင့် ဘုန်းကြီးတို့ပရိသတ်တွေ ဒီနေ့ တပို့တွဲလပြည့်နေ့ ဥပုသ်နေ့ လူအချို့က လျှော်ဖွယ်ဝတ္ထုကိုယ်စီကိုင်လို့ကျောင်းသွားပြီး ဥပုသ်သီတင်းစောင့်သုံးမလို့ သွားကြတယ်၊ အဲဒီလို သွားတာကိုမြင်တဲ့အခါ 'ဥပုသ်စောင့်မှ ကုသိုလ်ရတာမှတ်လို့၊ ဒါနပြုလည်းကုသိုလ်ရတာပဲ၊ ဥပုသ်စောင့်ရတာမဖီးရ, မလိမ်းရ, ညစာလည်းမစားရနဲ့ အလကားပဲ၊ မစောင့်ပါနဲ့၊ အသက်ကြီးမှစောင့်တာပေါ့၊ ငယ်ငယ်ရွယ်ရွယ် မစောင့်ပါနဲ့ဦး' စသည်ဖြင့် ပြောဆိုရှုတ်ချတားမြစ်ရင် ဘာအန္တရာယ်သင့်မလဲ"

"ဓမ္မန္တရာယ်သင့်ပါမယ်ဘုရား"

## သီလရှင်ဝတ်ချင်သူ

"ဒါဖြင့် အမျိုးကောင်းသမီးတစ်ယောက်က သီလရှင်ဝတ်ချင်တယ်၊ ဝတ်ချင်တဲ့အကြောင်းကို ဘုန်းကြီးတို့ပရိသတ်ကို လာတိုင်ပင်ရင် အားပေးမလား၊ 'အမယ်...၊ နင်ကရာရာစစ သီလရှင်ဝတ်တယ်ဆိုတာ လွယ်တယ်မှတ်သလား၊

http://www.dhammadownload.com



တော်တော်ကြာ နင်ကတုံး (ခေါင်းတုံး)ပဲ အဖတ်တင်နေမယ်၊ မဝတ်နဲ့' လို့ ပြောမလား"

"မပြောပါဘုရား၊ အားပေးပါမယ်"

"အဲဒါတော့မဟုတ်ပါဘူး၊ အခု ဘုန်းကြီးက ဓမ္မဒူ ရာယ် သင့်တယ်လို့ ဟောပြောလို့ အားပေးမယ်ပြောတာ...၊ ပြီးတော့ တရားပွဲထဲမှာမို့ အစဉ်ချောအောင် ပြောတာပါ၊ တကယ့် တကယ်သာ မိမိသမီးတစ်ယောက်က သီလရှင်ဝတ်ချင်တယ် ဆိုရင် ခွင့်မပြုမှာ, ကန့်ကွက်မှာ အမှန်ပါ"

"ဘုန်းကြီးတို့ အခုအတော်များများတွေ့ရပါတယ်၊ အမျိုး သမီးတစ်ယောက် အိမ်ထောင်ပြုမယ်ဆိုရင် ဘယ်မိဘ, မောင်ဖွား ညီ-အစ်ကို, မောင်-နှမများကမျှ မတားပါ၊ အလွယ်တကူပဲ ခွင့်ပြုလိုက်ပါတယ်"

"ဘယ်သူကမျှ 'အိမ်ထောင်မပြုနဲ့နော်...၊ တော်တော် ကြာ ယောကျ်ားဆုံးသွားရင် ဘယ့်နှယ်လုပ်မလဲ...၊ သား တစ်ကောင်နဲ့ တို့လို့တွဲလွဲဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ၊ လင်အရက်သမား, ဖဲသမား, ဘိန်းစားနဲ့ တွေ့နေရင် ဘယ့် နှယ်လုပ်မလဲ...' စသည်ပြောဆိုကာ အိမ်ထောင်မပြုဖို့ မတားမြစ်ကြပါ"

"အဲ...သီလရှင်ဝတ်ချင်ပါတယ်လို့များ ယောင်လို့မပြော လိုက်မိနဲ့၊ ပြောလိုက်တာနဲ့တစ်ပြိုင်နက် တစ်ဆွေလုံး, တစ်

http://www.dhammadownload.com



မျိုးလုံး ဝိုင်းအုံပြောတော့တာပဲ၊ 'စဉ်းစားနော်၊ တော်တော်ကြာ ကတုံး (ခေါင်းတုံး) အဖတ်တင်နေမယ်၊ သီလရှင်ဆိုတာ လွယ်တာမဟုတ်ဘူး' စသည်ဖြင့် ဝိုင်းပြီးတားဆီးကန့်ကွက်ကြပါတယ်"

"ဘုန်းကြီးကလေ အဲဒီလိုပြောတာ နည်းနည်းမှ မကြိုက်ပါဘူး၊ ဝတ်ချင်သူက ခေါင်းကဆံပင် မတပ်မက်လို့၊ မလိုချင်လို့ ဝတ်တာပါ၊ ဆံပင်တပ်မက်သူကို ဝတ်ခိုင်းကြည့်စမ်းပါ၊ ဝတ်မလားလို့၊ မဝတ်နိုင်ပါ"

"တချို့ အဘွားကြီးတွေဖြစ်နေပြီ၊ ခေါင်းကဆံပင်တွေကလဲ ကြာဆံထွေးဖြစ်နေပြီ၊ ဝတ်ခိုင်းကြည့်စမ်းပါ...၊ ဝတ်နိုင်မလားလို့၊ တချို့ ဘယ်လိုပြောတယ်မှတ်လို့လဲ၊ 'အမယ်လေး...၊ သီလရှင်ဝတ်ဖို့များဖြင့်ရင် တစ်သက်လုံး စိတ်မကူးဘူး' တဲ့"

"အေး...အမျိုးသမီးတစ်ယောက်ဟာ အဲဒီလောက်သီလရှင်ဝတ်ဖို့ ခဲယဉ်းတာပါ၊ ယခု သူ့သဘောအလျောက်လူ့ဘဝမှာ အိမ်ထောင်သားမွေးရမှာ ငြီးငွေ့လို့၊ လူ့ဘဝငြီးငွေ့လို့ ဆံပင်မနှမြော-မတပ်မက်လို့၊ အလှမမက်လို့ သီလရှင်ဝတ်တာ ဝိုင်းဖျက်တယ်ဆိုတာ အကောင်းလိုသလိုလိုနဲ့ အဆိုးဆီ ပို့တာပါ"

http://www.dhammadownload.com



"ဟုတ်တယ်လေ၊ တော်တော်ကြာအိမ်ထောင်ပြုရတော့ သား-သမီးဒုက္ခ, အိမ်ထောင်ဒုက္ခစသည်ဖြင့် ဘာကုသိုလ်မှ မလုပ်နိုင်ဘဲ ဖတ်သီဖတ်သီနဲ့ ဒုက္ခအင်မတန်ကြီးပါတယ်၊ တချို့များ ငယ်ငယ်ကလေးနဲ့ မုဆိုးမဖြစ်လို့၊ တစ်ခုလပ်ဖြစ်လို့ ဒုက္ခတွေရောက်လိုက်တာ၊ ဘာကုသိုလ်မှလည်းမရဘူး"

"သီလရှင်ဝတ်လိုက်ပါပြီတဲ့၊ မပျော်လို့ တစ်လလောက်နဲ့ လူထွက်လာပါပြီတဲ့၊ ဘာအကျိုးတွေ ယုတ်လျော့သွားပါလဲ၊ မယုတ်လျော့ပါဘူး…၊ သီလရှင် တစ်လဝတ်ရတဲ့ သီလကုသိုလ်ကို လူဝတ်ကြောင် အမျိုးသမီးတစ်ယောက် လူ့ဘဝနဲ့ လေး, ငါးနှစ်ပြုတဲ့ ကုသိုလ်က မမီပါဘူး"

"သီလရှင်တစ်နှစ်လောက် ဝတ်ရတဲ့ကုသိုလ်ကို လူဝတ်ကြောင် အမျိုးသမီးတစ်ယောက် တစ်သက်လုံးလုပ်တဲ့ ကုသိုလ်က မီဖို့ မလွယ်ပါဘူး"

"ဟုတ်တယ်လေ၊ တချို့အမျိုးသမီးတွေဟာ အိမ်ထောင်ကျလို့ သား-သမီးတွေပဲ အတော်ကြီးကုန်ပြီ၊ ဥပုသ်တောင်မှ အဟုတ်အဟုတ် မစောင့်ဖူးတဲ့ အမျိုးသမီးတွေရှိပါတယ်၊ တရားနာတာ, တရားအားထုတ်တာဆိုတာတော့ ဝေလာဝေး ထဲကပါ"

"သီလရှင်ဝတ်လိုက်တဲ့အခါ ဒါနကုသိုလ်, သီလကုသိုလ်, ဘာဝနာကုသိုလ် အချိန်ပြည့်လုပ်နိုင်တယ်၊ လုပ်ရ

http://www.dhammadownload.com



တယ်၊ လူထွက်တော့ ဒီကုသိုလ်တွေက အချည်းနှီးမဖြစ်ပါဘူး၊ အပိုင်ရပြီးသားပါ၊ လိမ္မာယဉ်ကျေးမှုတွေ, ပါရမီတွေ အပြည့် ပါသွားပါတယ်၊ ဆံပင်ကလည်း တစ်နှစ်အတွင်း ရှည်လာတာပဲ မဟုတ်လား၊ ဒီခေတ်ဆံပင်မျိုးဆိုရင် တစ်နှစ်တောင်မကြာ ပါဘူး၊ ခြောက်လလောက်နဲ့ မမီဘူးလား"

"မီပါတယ်ဘုရား"

"ဒါဖြင့် နောက်တစ်ခါ အမျိုးသမီးတစ်ယောက်က သီလရှင် ဝတ်ချင်တယ်ဆိုရင် ဝိုင်းပြီးအားပေးမလား...၊ ဝိုင်းပြီး နားချဖျက်ဆီးမလား"

"ဝိုင်းအားပေးပါမယ်ဘုရား"

"ဘုန်းကြီးတို့ပရိသတ်၊ ဒီဓမ္မန္တရာယ် အပြစ်ကို မသိ ခင်က ဘယ်နှစ်ခါ ဓမ္မန္တရာယ် သင့်ထားပြီလဲ မသိပါ...၊ သွားပြီး မတားပါနဲ့၊ သူ့ဘာသာသူ ခဏဝတ်ဝတ်, အကြာကြီး ဝတ်ဝတ် ကုသိုလ်မရဘူးလား"

"ရပါတယ်ဘုရား"

"ကတုံး (ခေါင်းတုံး) အဖတ်တင်မယ်၊ ဘာမယ်နဲ့ အပြစ်ကြီးလွန်ကျူးတာမျိုးလို အကြီးအကျယ် မတားပါနဲ့၊ မဖျက်ဆီးပါနဲ့၊ ကတုံး (ခေါင်းတုံး) အဖတ်တင်လည်း အဲဒီ ကတုံးက တော်တော်ကြာရှည်လာမှာပါ၊ တစ်သက်လုံးမပေါက် တာမှ မဟုတ်တာ"

http://www.dhammadownload.com



## ရှင်ရဟန်းလည်း ဒီလိုပါပဲ

"အေး...အမျိုးကောင်းသားတစ်ယောက်က ကိုရင်ဝတ်ချင်တယ်၊ ရဟန်းခံချင်တယ်ဆိုရင်လည်း 'အမယ်လေး... မလုပ်ပါနဲ့ဦး၊ တစ်သက်လုံးလုပ်နိုင်မှလုပ်ပါ၊ တော်တော်ကြာ မပျော်လို့ လူထွက်လာရင် ဟိုမရောက်ဒီမရောက်နဲ့ အခက်တွေ့မယ်၊ တစ်သက်လုံးဝတ်နိုင်မှဝတ်၊ ကိုယ့်ကိုကိုယ်ဆုံးဖြတ်၊ တစ်သက်လုံး ဝတ်နိုင်မလား၊ မဝတ်နိုင်ဘူးလား' စသည်ဖြင့် ပြောဆိုကန့်ကွက်တတ်ပါတယ်"

"ဘုန်းကြီးတို့ပရိသတ်၊ ပုထုဇဉ်စိတ်ဆိုတာ အတော်ခက်ပါတယ်၊ ကိလေသာနှောင့်ယှက် အဆုံးမရ ခက်လှပါတယ်၊ အခုပျော်ပေမယ့် တော်တော်ကြာ ပျော်ချင်မှပျော်ပါတယ်၊ အခု မပျော်ပေမယ့် တော်တော်ကြာ ပျော်ချင်ပျော်ပါတယ်"

"အဲဒါကြောင့် တချို့ အပြီးဝတ်မယ်၊ အမြဲဝတ်မယ်ဆိုပြီး မဝတ်နိုင်ဘဲ တစ်နှစ်တောင်မပြည့်ဘဲ လူထွက်တဲ့ ရှင်တွေ, ရဟန်းတွေ, သီလရှင်တွေလည်း မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"ထွက်လာတော့လည်း သူ့ဝမ်းတော့ သူသိပါတယ်၊ အငတ်မထားပါဘူး၊ ရှာဖွေစားသောက်တတ်လို့ ရှာဖွေစားသောက်လို့ အဆင်ပြေလို့"

http://www.dhammadownload.com



"အချို့ရှင်တွေ, ရဟန်းတွေ, သီလရှင်တွေဟာ ခဏ ဝတ်မယ်ဆိုပြီး ဝတ်ကြပါတယ်၊ ခုခေတ်အခေါ်ဆိုရင် ဒုလ္လဘ ဝတ်တယ်ပေါ့၊ အဲဒီလို ခဏဝတ်တာနဲ့ တစ်သက်လုံး မြဲနေ တာတွေလည်း မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"ဘုန်းကြီးက အဲဒီလို ခဏဝတ်ရင်းနဲ့ မြဲနေတာတွေ၊ အမြဲဝတ်မယ်ဆိုပြီး မြဲတာတွေ၊ မမြဲတာကွေ တခြားမှာမဟုတ် ပါဘူး၊ ဘုန်းကြီးရဲ့ ဓမ္မဒူတတောရမှာပင် တွေ့ရတာ အများ အပြားပါ"

"အေး...ဘုန်းကြီးတို့ ပရိသတ်က သူတို့ရဲ့အတွင်း စိတ်ဓာတ်, ပါရမီဓာတ်ခံကို မသိဘဲနဲ့ 'နေပါဦး၊ ဆိုင်းပါဦး၊ ခဏကလေးနဲ့၊ တစ်သက်လုံးမှပေါ့၊ အလှူကြီးလှူပြီးမှ၊ သား ရှင်ပြု၊ သမီးသီလရှင်ဝတ် ကြီးကြီးကျယ်ကျယ်လုပ်ရအောင် ဆိုင်းပါဦး၊ စောင့်ပါဦး၊ သိပ်ကြာတာမဟုတ်ပါဘူး' စသည် ဖြင့် ကုသိုလ်လုပ်ချင်တာကို အချိန်မဆွဲကောင်းပါဘူး၊ မတား ထားကောင်းပါဘူး"

"ကြီးကြီးကျယ်ကျယ် လုပ်မှုက ပဓာနမဟုတ်ပါဘူး၊ ရှင်, ရဟန်း, သီလရှင်ဝတ်ပြီး နောက်ပိုင်းမှာ သီလ, သမာဓိ, ပညာသိက္ခာသုံးပါး အကျင့်တရားများ ပြည့်စုံစွာနဲ့ နေနိုင်ရေး, ထိုင်နိုင်ရေးက ပဓာနပါ"

http://www.dhammadownload.com



"အချိန်ဆွဲထားလို့ တချို့ မဝတ်ရဘဲနဲ့ သေသွားတာတွေ တစ်ယောက်မက အများကြီးရှိပါတယ်၊ တချို့လည်း ဝတ်ချင်လျက်နဲ့ မဝတ်ရဘဲ အိမ်ထောင်ဒုက္ခနဲ့ နေရတဲ့သူတွေ အများကြီးရှိပါတယ်။ သိပ်ပြီးနစ်နာပါတယ်"

"တိုက်ရိုက်အားဖြင့် ရှင်, ရဟန်း, သီလရှင်ဝတ်လိုက်ရင် သူတို့မှာ သီလကုသိုလ်တွေ ရသွားပါပြီ၊ သီလရှင်တွေ အနေနဲ့ သာမန်လူတွေထက် အသွင်အားဖြင့်မြတ်ပြီး အမြဲရှစ်ပါးသီလပြည့်ကာ သမထ, ဝိပဿနာ ဘာဝနာကုသိုလ်တွေ နေ့စဉ်ရနေတယ်..."

"ရှင်တွေမှာဆိုရင် ဆယ်ပါးသီလ, လိင်, ဒဏ်, သေခိယ, ခုဒ္ဒသခန္ဓကဝတ်အားဖြင့် တစ်ရာကျော်သော သီလသိက္ခာတွေနဲ့ ပရိယတ်, ပဋိပတ် အကျင့်မြတ်တွေ နေ့စဉ် ဖြည့်ကျင့်နေရတဲ့အတွက် အင်မတန်အကျိုးကြီးပါတယ်"

## အသွင်အားဖြင့် မြတ်

"ဘုန်းကြီးတို့ပရိသတ်တွေက တစ်ခါလာလည်း ကတုံး (ခေါင်းတုံး) အဖတ်တင်မယ်၊ တစ်ခါလာလည်း တစ်သက်လုံး ကြံနိုင်မှကြံနဲ့ ပြောပြောထားတယ်၊ အချို့ကလည်း သီလရှင်ဝတ်မှလား...၊ လူဝတ်နဲ့လည်းရတာပဲ၊ သီလရှင်လည်း ရှစ်ပါးသီလ၊ တို့လည်းရှစ်ပါးသီလ ဘာထူးလဲ အတူတူပဲ ဟာတဲ့၊ ပြောချင်ရာပြောပြီး ဓမ္မန္တရာယ်ပြုတတ်ပါတယ်"

http://www.dhammadownload.com



"အရမ်းမပြောပါနဲ့၊ မသိဘဲနှင့်မပြောပါနဲ့၊ ထူးခြားပါတယ်၊ သီလရှင်ဟာ ခေါင်းတုံးရိတ်လိုက်ခြင်း၊ အဝတ်ဝါလေးပဲ ဝတ်ရုံနေခြင်းဖြင့် လူတွေထက် အသွင်အားဖြင့် နှစ်မျိုးမြတ်သွားပါပြီ"

"ကျင့်ကြံတာတွေ၊ သင်ကြားတာတွေ၊ ဃရာဝါသကိစ္စကင်းတာတွေ မပါသေးဘူး၊ အသွင်အားဖြင့် မြတ်နေပြီ၊ အေး...သင်ကြားမှု၊ ပို့ချမှု၊ ကျင့်ကြံမှုတွေထည့်လိုက်ရင်တော့ လူတွေလိုက်မမီအောင် သာပါတယ်၊ မြတ်ပါတယ်၊ မတူပါဘူး၊ ထူးခြားပါတယ်"

"သီလရှင်တွေဟာ ဆွမ်းဆန်ခံထွက်ကြတယ်၊ စာသင်ကြတယ်၊ ဘုရားမှန်မှန်ရှိခိုးကြတယ်၊ မှန်မှန်ကျင့်ကြံကြိုးကုတ်အားထုတ်ကြတယ်"

"ဘုန်းကြီးတို့ပရိသတ်တွေမှာ ဘုရားရှိခိုးတာတောင် အနိုင်နိုင်ပါ၊ ဥပုသ်သီလလည်း ဝါတွင်းတောင် အနိုင်နိုင်ပဲ၊ ဝါပ ဆိုရင်တော့ ကျောင်းသွားရမှန်းတောင် မသိသလောက်ဖြစ်သွားဖြစ်သွားပြီ၊ အားထုတ်မှုနှင့်ပတ်သက်ရင် တစ်နှစ်တစ်ခါ ၁၀ ရက်စခန်း တစ်ကြိမ်မှန်မှန် ဝင်နိုင်တဲ့လူ ရှားပါတယ်"

"ကဲ...ဘုန်းကြီးတို့ပရိသတ်တွေနဲ့ သီလရှင်တွေနဲ့ အများကြီးမကွာဘူးလား၊ ဘုန်းကြီးတို့ပရိသတ်ထက် သီလရှင်တွေက အများကြီးသာပါတယ်"

http://www.dhammadownload.com



"အေး...အဲဒါကြောင့် သူတို့လည်း ရှစ်ပါးသီလ, တို့လည်း ရှစ်ပါးသီလ၊ ဘာထူးလဲလုပ်မနေနဲ့၊ ထူးတာကို သိအောင်, မြင်အောင်ကြည့်ပါ၊ ကတုံး (ခေါင်းတုံး) တုံးတဲ့ အသွင်နဲ့ အဝတ်ဝါလေးသာ ဝတ်နေရတဲ့အသွင်အားဖြင့် မြတ်တယ်"

"ဘုန်းကြီးတို့ပရိသတ်မှာတော့ အညို, အဝါ, အနီ, အဖြူ, အကြောင်–အကျားနဲ့ တစ်ခါတည်းရှုပ်ပွေနေတာပဲ၊ အဆင်ဆန်းပေါ်တိုင်း ဝယ်ဝတ်နေတာပဲ၊ သီလရှင်တွေမှာ တစ်ခါလာလည်း ဒီအဝါလေးပဲ၊ အဆင်ဆန်းရှာရသေးလား"

"မရှာရပါဘုရား"

"အေး...၊ အဲဒါကိုက ငြိမ်းနေပြီ၊ ခေါင်းပိုင်းကြည့်ပါဦး၊ ဟိုမှာက ကတုံး(ခေါင်းတုံး)၊ ဘုန်းကြီးတို့ပရိသတ်မှာ ဒီဆံပင် အတွက် ရှုပ်နေတာပဲ၊ အပေါ်တင်ထုံးတာတစ်မျိုး၊ နောက်တွဲ ထုံးတာတစ်ဖုံ၊ ဖားလျားချတာတစ်နည်း၊ ကုပ်ဝဲကတစ်သွယ် အမယ်မယ်တွေနဲ့ ခေါင်းအတွက်ပဲ အတော်ရှုပ်နေတယ်၊ သီလရှင်တွေမှာ ခေါင်းအတွက် ဘာရှုပ်သေးလဲ"

"မရှုပ်တော့ပါဘုရား"

"အေး...၊ သီလရှင်တွေမှာ မိမိကိုယ်အတွက် အရှုပ် တွေ အများကြီးရှင်းပြီ၊ အေးပြီ၊ ရပ်မှု–ရွာမှု, သား–သမီးမှု, စီးပွားမှု အရှုပ်တွေလည်း အများကြီးရှင်းပြီဖြစ်တဲ့အတွက်

http://www.dhammadownload.com



တစ်ရက်ဝတ်နိုင်လည်းအကျိုးရှိတယ်၊ အကျိုးရတယ်၊ တစ်လ, တစ်နှစ် စသည်များစွာ နေနိုင်ရင်တော့ ဆိုဖွယ်မရှိ များစွာပဲ အကျိုးရှိ ပါတယ်"

မတားပါနဲ့

"အေး...၊ ဘုရားရှင်က ကုသိုလ်ကောင်းမှုတွေကို မြန်မြန်လုပ်ရမယ်တဲ့၊ အချိန်မဆွဲထားရဘူးတဲ့၊ ဒါ့ကြောင့် သီလရှင်ဝတ်ချင်တယ်၊ ကိုရင်ဝတ်ချင်တယ်၊ ရဟန်းခံချင်ပါ တယ်ဆိုတဲ့သူတွေ တွေ့ရင် မြန်မြန်ထမြောက်အောင် အား အဆင့်ပေးပါ"

"အပြစ်အမျိုးမျိုးတွေပြကာ မတားမြစ်ပါနဲ့၊ မနှောင့် ယှက်ပါနဲ့၊ ဝတ်နေတဲ့ပုဂ္ဂိုလ်တွေကို စိတ်ပျက်သွားအောင် သာသနာတော်မှ ရွေ့လျောသွားအောင် အနှောင့်အယှက်, အဖျက်အဆီးမလုပ်ပါနှင့်၊ အတင်းမထွက်ခိုင်းပါနဲ့"

"ကောင်းတဲ့ဘဝ, မြင့်မြတ်တဲ့ဘဝကိုရောက်ဖို့၊ ကောင်းတဲ့ဘဝ, မြင့်မြတ်တဲ့ဘဝမှာ ပျော်ဖို့ဆိုတာ မလွယ်ကူပါ၊ ဒါ့ကြောင့် မြင့်မြတ်တဲ့ဘဝ ရောက်ချင်သူတွေကို ရက်, လ, နှစ်တွေ ဆွဲမထားပါနဲ့၊ ချမ်းသာရှုံးပါတယ်"

**စိတ်ဖြစ်ဖို့ရာခဲယဉ်းပါ**

ကောင်းတဲ့အလုပ်၊ ကောင်းတဲ့ဘဝရောက်ရေးကို ရအောင်လုပ်ဖို့ရာ မပြောထားပါနဲ့၊ စိတ်ဖြစ်ဖို့တောင် ခဲယဉ်း

http://www.dhammadownload.com



လုပါတယ်၊ ဘုန်းကြီးတို့ ရင်းနှီးတဲ့ဒကာမကြီးအချို့ကို မေး ကြည့်တယ်၊ ဒကာမကြီးတွေ ခေါင်းကို ဖြူလို့၊ ဖွေးလို့ ကြာဆံတွေဖြစ်နေပြီ"

"ဒကာမကြီးတွေ ခေါင်းဖြူစွယ်ကျိုးဖြစ်နေပြီ၊ 'သီလရှင် ဝတ်ပါလား၊ ဒီဆံပင်ဖြူကြီးတွေနဲ့ လှလဲမလှဘဲနဲ့ ရိတ်ပစ် ပါလား' လို့ မေးကြည့်ပါတယ်"

"ဘာပြောတယ်မှတ်လဲ၊ အမယ်လေး...၊ သီလရှင်ဝတ် ဖို့များ၊ ခေါင်းတုံးရိတ်ဖို့များ လာမပြောပါနဲ့၊ တစ်သက်လုံး စိတ်မကူးဘူးတဲ့၊ အမျိုးသမီးတွေဟာ အလှအင်မတန် မက် တယ်၊ ဆံပင်ရိတ်ရမှာ အလှပျက်မှာ သိပ်စိုးတယ်၊ ဒီနေရာ မှာ အမျိုးသမီးအလှနှစ်မျိုးအကြောင်း ပြောပြပါမယ်—

- **ဝဏ္ဏံ ဗဟိဒ္ဓသောဘ ထိနံ၊ သီလပညာ စ အဇ္ဈတ္တ သောဘာ၊ ဗာဟဇ္ဈတ္တ သောဘိနီ သေဋ္ဌာ၊ တံ လဒ္ဓုံ ကုသလံ ကရေ။**

**ထိနံ**–အမျိုးသမီးတို့အား၊ **ဝဏ္ဏံ**–ရုပ်ရည်အဆင်း လှပ ခြင်းသည်၊ **ဗဟိဒ္ဓသောဘာ**–အပြင်ချော, အပြင်လှ မည်၏။ **ထိနံ**–အမျိုးသမီးတို့အား၊ **သီလံစ**–အကျင့်သီလသည် လည်း ကောင်း၊ **ပညာစ**–အသိ အလိမ္မာ, ဉာဏ်ပညာသည်လည်း ကောင်း၊ **အဇ္ဈတ္တ သောဘာ**–အတွင်းချော, အတွင်းလှမည်၏။ **ဗာဟဇ္ဈတ္တ သောဘိနီ**–အတွင်းရော, အပြင်ရော နှစ်ဖက်ချော,

http://www.dhammadownload.com



နှစ်ဖက်လှဖြစ်သော အမျိုးသမီးသည်ကား၊ **သေဋ္ဌာ**–ချီးမွမ်းအပ်, မြတ်လှပါပေ၏၊ **တံ**–ထိုချီးမွမ်းအပ်, မြတ်သော အမျိုးသမီးအဖြစ်ကို၊ **လဒ္ဓ**–ရခြင်းငှာ **ကုသလံ**–ဒါန, သီလ စသည်ပေါင်းစု ကုသိုလ်မှုကို၊ **ကရေ–ကရေယျ**–မတွန့်မဆုတ်, ကြိုးကုတ်အားထုတ်၍, အဟုတ်တန်းပြုလုပ်သင့်ပေတော့ သတည်း”

“သာဓု–သာဓု–သာဓု”

“ကဲ...ဘုန်းကြီးတို့ပရိသတ် ရှင်းပြီလား၊ အမျိုးသမီး အများစုဟာ အပြင်ချောကိုမက်ပြီး အကျင့်ပျက်ခံကာ ပြင်ဆင်တာတောင်ရှိပါတယ်။ အပြင်ချောဆိုတာဟာ တကယ်တော့ ရေပွက်ပမာ တခဏတာပါ၊ သူများဖို့ပါ၊ ကိုယ့်ဖို့မဟုတ်ပါ၊ သူများဖို့များ ကိုယ့်အကျင့်တွေ အပျက်ခံပြီး ငွေကုန်ခံပြီး မပြင် ချင်ပါနဲ့”

“အကျင့်သီလနှင့် အသိအလိမ္မာဉာဏ်ပညာဟာ အမျိုးသမီးတို့ရဲ့ အတွင်းချော, အတွင်းလှပါ၊ ကြာရှည်ခံပါတယ်၊ နိဗ္ဗာန်တိုင်ထိ အကျိုးရှိပါတယ်”

“သီလရှင်ဝတ်လိုက်ရတဲ့ အမျိုးသမီးတွေရဲ့ အပြင်ချော, အပြင်လှ မပျက်တဲ့အပြင် တစ်ချို့မှာ ပိုတောင်ချောလှလာတာ ရှိပါသေးတယ်”

http://www.dhammadownload.com



"သီလရှင်အဝတ်ဟာ အပြင်လည်းလှပါတယ်၊ အတွင်းကလည်း ဒါန–သီလ–ဘာဝနာမှု ကုသိုလ်စု အတွင်းချော၊ အတွင်းလှတွေနဲ့ စုပေါင်းလိုက်ရင် အတွင်းချော၊ အတွင်းလှ၊ အပြင်ချော၊ အပြင်လှ နှစ်မျိုးတောင် ချောလှပါတယ်"

"အတွင်းလှဖြစ်တဲ့အတွက် ယခုဘဝမှာလည်း ကိုယ်–စိတ် ချမ်းသာ၊ တမလွန်ဘဝ နောက်လောက နိဗ္ဗာန်တိုင်ထိ အကျိုးရှိပါတယ်၊ ဒါ့ကြောင့် သီလရှင်ဝတ်တာဆိုတာ မပြောထားပါနဲ့၊ သီလရှင်ဝတ်ချင်တယ်လို့ စိတ်ဖြစ်ကာမျှနဲ့ အကျိုးရှိနေပါပြီ"

"ဘုန်းကြီးတို့ နောက်က ပြောခဲ့ပါပြီ၊ 'ကုသိုလ်တရားတွေအပေါ်မှာ စိတ်ဖြစ်ကာမျှနှင့် ကျေးဇူးများလှပါတယ်'လို့ ဘုရားရှင် ဟောကြားပါတယ်"

"ဒါ့ကြောင့် သီလရှင်ဝတ်ချင်တယ်၊ ကိုရင်ဝတ်ချင်တယ်၊ ရဟန်းခံချင်တယ်ဆိုတဲ့ စိတ်ကလေးဖြစ်ပေါ်လာသည်ပင် အကျိုးကြီးလှပါတယ်လို့ မှတ်ပါနော်"

"မှန်ပါဘုရား"

"အချို့ ကျောင်းပိတ်ချိန်မှာ ကိုရင်ဝတ်ကြ၊ သီလရှင်ဝတ်ကြတယ်၊ ဒုလ္လဘရဟန်းခံကြတယ်၊ ဟိုက ပျော်နေတယ်၊ မထွက်ချင်ကြဘူး"

ဒီတော့ ဘယ်လိုပြောလဲ–'အမယ်လေး...၊ မလုပ်ပါနဲ့၊ မဝတ်ပါနဲ့ဦး၊ ကျောင်းက မပြီးသေးဘူး၊ တော်တော်

တာကိုတွေ့တဲ့အခါ 'သူလူထွက်ရင် ဒါတွေငါရမှာပဲ' ဆိုတဲ့ လောဘစိတ်နဲ့ ထွက်မယ့်ဆဲဆဲ ရဟန်းတော်ကို 'သူငယ်ချင်း လူထွက်တာ ကောင်းတယ်၊ လူ့ဘဝဆိုတာ ကောင်းတယ်၊ ရဟန်းဘဝဆိုတာ မကောင်းဘူး' စသည်ဖြင့် လူထွက်အောင် ပရိယာယ်နဲ့ ပြောမိတာတောင် ဝမ္ဘ္ဂရာယ်သင့်ပြီး၊ သာသနာ တော်မှာ မပျော်ဖြစ်တယ်မဟုတ်လား..."

"ဟုတ်ပါတယ်ဘုရား"

"အေး...အဲဒါတွေကို နောက်က အကျယ်ဟောပြော ပြီးပါပြီ၊ အေး...ဒါ့ကြောင့် သာသနာတော်မှာ သာသနာ့ ဝန်ထမ်းကောင်းတွေ များစွာလိုနေပါတယ်"

"ဒါ့ကြောင့် သာသနာ့ဝန်ထမ်းအနေနဲ့ ကိုရင်ဝတ်ချင် ပါတယ်၊ ရဟန်းခံချင်ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကို မတား ပါနဲ့...၊ အားပေးပါ၊ သီလရှင်ဝတ်ချင်သူတွေလည်း မတား ပါနဲ့"

"အခု သီလရှင်ဖြစ်ရင် နောင်အခါ ဘုရားရှင်သာသနာ တော်မှာ ဘိက္ခုနီမဖြစ်ဖို့ သေချာပါတယ်၊ အေး...ဒါ့ကြောင့် အရေးကြီးပါတယ်"

## မြို့နယ်စာမေးပွဲကြီး

"လူတို့ဟာ အလကားနေ ဝမ္ဘ္ဂရာယ်သင့်, သင့်နေ တာ အများကြီးရှိပါတယ်၊ သာသနာတော်အတွက်လည်း

http://www.dhammadownload.com



အကျိုးယုတ်တယ်၊ သူတို့အတွက်လည်း အပြစ်ကြီးတယ်။ ဒါ့ကြောင့် ဘုန်းကြီးက 'မဖြစ်ဘူး၊ ဒီနှစ်တော့ ဓမ္မန္တရာယ်ကာကွယ်ရေး တရားပွဲကို ဟောပေးမှပဲ'လို့ စိတ်ကူးပြီး ဟောပါတယ်"

"အခု ဒီစာမေးပွဲ, စာပြန်ပွဲကြီးက ကိုယ့်မြို့နယ် စာမေးပွဲလည်းဖြစ်တယ်၊ အဲဒါ ဘုန်းကြီး စာအုပ်တွေအများကြီး ရေးခဲ့ပေမယ့် ကိုယ့်မြို့နယ်က တရားပွဲမှာ ဟောတဲ့တရားကို စာအုပ်အဖြစ် မရေးရသေးပါဘူး"

"အဲဒါ ဘုန်းကြီးက အခုဟောနေတဲ့ ဓမ္မန္တရာယ်ကာကွယ်ရေးတရားတော်ကို စာအုပ်ရေးမယ်စိတ်ကူးပါတယ်၊ ကျယ်ကျယ်ပြန့်ပြန့်သိသွားအောင်၊ ဒီဓမ္မန္တရာယ် အပြစ်ကြီးပုံက သိသင့်ပါတယ်၊ သိသူနည်းပါတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဘုန်းကြီး ဒီတရားကို တောင်စွန်းဓမ္မဒူတတောရ၊ သထုံသုဝဏ္ဏဘူမိ ပရိယတ္တိသာသနဟိတအသင်း ဘွဲ့နှင်းသဘင်၊ သပိတ်အိုင်တောရ ၁၀-ရက်စခန်း၊ မုဒုံမြို့ အသောကာရုံကျောင်း ၁၀-ရက်စခန်း၊ ကျိုက္ခမိမြို့ သက်န်းတောကျောင်း ၁၀-ရက်စခန်း၊ ရေးမြို့ မြဥယျာဉ်ဓမ္မရိပ်သာ ၁၀-ရက်စခန်း၊ အစင်ရွာ ၁၀-ရက်စခန်း၊ ကျိုက္ကော်ဘုရားကြီးကျောင်း ၁၀-ရက်စခန်း၊ သိမ်ဆိပ်တိုက်နယ် ဇောတိကာရုံကျောင်း ၁၀-ရက်စခန်းတွေမှာ ဟောခဲ့ပါတယ်"

http://www.dhammadownload.com



"ရန်ကုန်မြို့ ဝင်ဒါမီယာ မိုးမိတ်ဓမ္မရိပ်သာ၊ မရမ်းကုန်းမြို့နယ် ရှစ်မိုင် ပေါက်စေတီဓမ္မရိပ်သာမှာလည်းဟောခဲ့ပါတယ်၊"

"ဟသ်ာတမြို့ ရတနာဗိမာန်ကျောင်း ၁၀–ရက်စခန်း၊ ဓမ္မိမြို့ အောင်ချမ်းသာကျောင်း ၁၀–ရက်စခန်း၊ အင်ပူမြို့နယ် ဇောင်းတန်းအတွင်းကျောင်း ၁၀–ရက်စခန်း၊ ကွင်းကောက်တောင်တောကျောင်းကြီး ၁၀–ရက်စခန်း၊ ကျုံပျော်မြို့နယ် သောင်ကြီးရွာ တလုတ်ပင်ကျောင်း ၁၀–ရက်စခန်း၊ ကျုံပျော်မြို့ မြတ်ချမ်းသာ ဓမ္မရိပ်သာ ၁၀–ရက်စခန်း၊ ကျုံပျော်မြို့နယ် အင်းရဲဓမ္မဒီပရိပ်သာ ၁၀–ရက်စခန်း၊ ရေကြည်မြို့နယ် ငါးသိုင်းချောင်း ဗုဒ္ဓပမုခ ဈေးဝသံဃဒါန ဆွမ်းလောင်းဓမ္မာရုံ ၁၀–ရက်စခန်း၊ ဓနုဖြူမြို့ ရွှေဂူကျောင်း ၁၀–ရက်စခန်းတို့မှာလည်း ဟောခဲ့ပါတယ်"

## အမျိုးသမီးတွေ ရှုံး

"ဘုန်းကြီးတို့ပရိသတ်တွေ အင်မတန် ခဲယဉ်းလှတဲ့၊ ရခဲလှတဲ့လူ့ဘဝကို ရကြတာခြင်းမှာ အမျိုးသမီးနှင့် အမျိုးသား အတူတူ အခွင့်အရေးရှိပါတယ်၊ အမျိုးသမီးလည်းလူ၊ အမျိုးသားလည်းလူ၊ လူ့ဘဝရကြတာခြင်းဟာ တူပါတယ်"

"ရှင်, ရဟန်းဘဝ ဒုလ္လဘအဖြစ်ကို အမျိုးသမီးတွေ ရချင်ပါတယ်ဆိုပြီး သေအောင်ငိုလည်းမရနိုင်ပါ၊ ရှင်, ရဟန်း

http://www.dhammadownload.com



ဘဝ မဖြစ်နိုင်ပါ၊ အမျိုးသားတွေသာ ရှင်, ရဟန်းအဖြစ် ရနိုင်တာပါ။ အဲဒီအတွက် အမျိုးသမီးတွေမှာ မရှုံးဘူးလား"

"ရှုံးပါတယ်ဘုရား"

"ဒီ ရှင်, ရဟန်းအဖြစ်ဆိုတာ သာသနာတော်နှင့် မကြုံရင် မရနိုင်ပါ၊ သာသနာတော်နဲ့ကြုံတိုင်းလည်း မရနိုင်ပါ။ သာသနာတော်နဲ့ ကြုံခိုက်မှာ ရှင်, ရဟန်းဝတ်ချင်တာလေးကို သွားပြီးတားမယ်၊ နှောင့်ယှက်မယ်၊ ဖျက်ဆီးမယ်ဆိုရင် ရခဲတဲ့ဘဝကို ရမယ့်သူအတွက် မရှုံးဘူးလား"

"ရှုံးပါတယ်ဘုရား"

"အနှောင့်အယှက် အကန့်အကွက် အတားအဆီး လုပ်သူလည်း ဓမ္မန္တရာယ်သင့်ပြီး မရှုံးဘူးလား"

"ရှုံးပါတယ်ဘုရား"

"နှစ်ဘက်ရှုံးကြီးပါ...၊ လူ့အဖြစ်ဆိုတာ လူဦးရေနှုန်းနဲ့ တွက်ကြည့်ပါ၊ တခြားမကြည့်ပါနဲ့၊ မြန်မာပြည်ပဲကြည့်ပါ...၊ သန်းပေါင်းသုံးဆယ်ကျော်မှာ ရဟန်းပေါင်း တစ်သိန်းကျော်ပဲ ရှိပါတယ်၊ ကမ္ဘာ့လူဦးရေနှင့် နှိုင်းဆလျှင်တော့ မပြောပ လောက်ဘူး၊ အနည်းငယ်မျှသာပါ"

## သမာဓိမှုညာ

"အေး...၊ဆက်နွှယ်ပုံပြောရမယ်၊ သီလကုသိုလ်ကို တားမယ်၊ ရှင်, ရဟန်းဘဝ တားမယ်ဆိုရင် ရှင်, ရဟန်းဘဝ

http://www.dhammadownload.com



ရောက်သွားတဲ့အခါ စာသင်-စာချနေရတာ သမာဓိလုပ်ငန်းတွေပါ၊ သမာဓိပုညတွေပါ၊ သီလအခြေခံတဲ့သမာဓိ ဖြစ်မနေဘူးလား"

"ဖြစ်နေပါတယ်ဘုရား"

"သီလဖြင့် ထုံအပ်တဲ့သမာဓိပေါ့၊ ရှင်, ရဟန်းဘ၀မှာ စာချ, စာအံ, စာပြန်, ဘုရားရှိခိုး၊ မေတ္တာပို့တာတွေဟာ သမာဓိလုပ်ငန်းတွေပဲ၊ ဘုရားရှင်က 'ရဟန်းတော်များ အို... ချစ်သားတို့၊ သမာဓိကို ပွားကြကုန်လော့၊ သမာဓိရှိသော် ယထာဘူတဉာဏ်ကိုရမယ်' လို့ ဟောထားပါတယ်။ အေး... အဲဒီ သမာဓိကုသိုလ်, သမာဓိပုညလည်း မတားမြစ်ကောင်းပါ၊ ဆိုကြည့်စမ်းပါ-

◆ **သမာဓိပုည၊ တားမြစ်က၊ ဓမ္မန္တရာယ်ပါ။**

◆ **ပြုသူရှုတ်ချ၊ ကဲ့ရဲ့က ဓမ္မအန္တရာယ်။**

ဆိုပါတော့ ပုတီးစိပ်တယ်၊ ဘုရားရှိခိုးတယ်၊ မေတ္တာပို့တယ်...၊ ပရိတ်ရွတ်တယ်၊ သမ္ဗုဒ္ဓေရွတ်, ပဋ္ဌာန်းရွတ်တယ်ဆိုတာတွေဟာ သမထသဘောပေါ့၊ သမာဓိလုပ်ငန်းပေါ့"

အဲဒီအလုပ်ကိုလုပ်နေတဲ့ ပုဂ္ဂိုလ်တွေကို သွားပြီးအနှောင့်အယှက် အတားအဆီး အကန့်အကွက် လုပ်ရင်လည်းပဲ ဓမ္မန္တရာယ် သင့်ပါတယ်"

http://www.dhammadownload.com



"အဲဒီအလုပ်ကို လုပ်နေသူတွေ မလုပ်မကိုင်ချင်အောင် အပြစ်အနာအဆာပြောရင်၊ စိတ်ပျက်နောက်ဆုတ်သွားအောင် ပြောဆိုပြုလုပ် ကြံစည်အားထုတ်ရင် ဓမ္မန္တရာယ်သင့်ပါတယ်၊ အဲဒီလို ဓမ္မန္တရာယ်သင့်တဲ့လူတွေ ဒီခေတ်မှာ ပိုများပါတယ်၊ အဲဒါ ဘုန်းကြီးတို့ပရိသတ် သတိပြုပါနော်"

"မှန်ပါဘုရား"

"ကိုယ်ကိုယ်တိုင်လည်း ဘုရားရှိခိုးတစ်ပုဒ်တောင်မရ၊ ဘုရားရှိခိုးဖော်တောင်မရ၊ သူများ ဘုရားရှိခိုးတာလည်း အပြစ်ပြော၊ စိတ်ပျက်အောင်, ဘုရားမရှိမခိုးဖြစ်အောင် အနှောင့်အယှက် အကန့်အကွက်မလုပ်ရပါဘူး"

"အေး...တချို့ မေတ္တာပို့ကြတယ်၊ မင်းတို့ကလည်း သမထချည်း လုပ်နေရလားဆိုပြီး သွားမတားပါနဲ့၊ ပရိတ်ရွတ်တာ, ဓမ္မစကြာရွတ်တာမျိုး မတားသင့်ဘူးနော်၊ ဓမ္မန္တရာယ်သင့်ပါတယ်"

## ဝိပဿနာမှုညာ

"အေး...ဘုန်းကြီးတို့ နိဗ္ဗာန်ရဖို့ရာ ကုသိုလ်ပြုကြပါတယ်၊ နိဗ္ဗာန်နဲ့အနီးဆုံးကုသိုလ်ဟာ ဝိပဿနာကုသိုလ်ပါ၊ ဝိပဿနာတရားအားထုတ်တာ ယခုဘဝမှာပဲ မဂ်, ဖိုလ်, နိဗ္ဗာန်ရအောင် အားထုတ်တာပါ"

http://www.dhammadownload.com



"ဝိပဿနာတရား ဟောပေးတယ်ဆိုတာလဲ တရားနာ ပရိသတ်တွေ မဂ်, ဖိုလ်, နိဗ္ဗာန်ရအောင်၊ အားထုတ်တတ်အောင်၊ အလုပ်လုပ်တတ်အောင် ဟောပေးရတာပါ"

"အဲဒီ ဝိပဿနာပုညာ၊ ဝိပဿနာ ကုသိုလ်တွေကို အတားအဆီး အပိတ်အပင် အကန့်အကွက် လုပ်ရင်လည်း မေတ္တာရာယ် သင့်ပါတယ်၊ ဆိုကြည့်စမ်းပါ–

- **ဝိပဿနာပုညာ၊ တားမြစ်က၊ မေ့အန္တရာယ်ပါ။**
- **ပြုသူရှုတ်ချ၊ ကဲ့ရဲ့က မေ့အန္တရာယ်။**

ဆိုပါတော့ လူတစ်ယောက်က တရားအားထုတ်သွားမယ်လို့ တိုင်ပင်တယ်၊ ဆွေးနွေးတယ်၊ အဲဒီလူ အားမထုတ်ဖြစ်အောင် အမယ်...မင်းက ရာရာစစ ဝိပဿနာတရားဆိုတာ ပါရမီရှင်တွေ, ဘုန်းရှင်–ကံရှင်တွေအလုပ်၊ ဆုကြီးပန်တွေအလုပ်ပါ"

"မင်းနဲ့ တန်သလား, ထိုက်သလား, ဘုန်းကြီးတွေတောင် မရတာ၊ မင်းလို အိမ်ထောင်သားမွေးဘဝနဲ့ ဘယ်ရမလဲ၊ ဒါန, သီလပဲ ကြိုးစားလုပ်ပါစသည်ဖြင့် အပိတ်အပင် အနှောင့်အယှက်အတားအဆီး လုပ်မယ်ဆိုရင် မေတ္တာရာယ် သင့်ပါတယ်"

"အေး...အဲဒီ ဝိပဿနာတရားမေ့တွေ ကျင့်ကြံကြိုးကုတ်အားထုတ်နေဆဲပုဂ္ဂိုလ်တွေ ဆက်လက်အားမထုတ်ဘဲ

http://www.dhammadownload.com



စိတ်ပျက်သွားအောင်, စိတ်လျှော့ပါးသွားအောင်, မချမ်းမသာ ဖြစ်အောင် ကြံဖန် အပြစ်မရှိ–အပြစ်ရှာ ပြောမယ်ဆိုရင်လည်း ဓမ္မန္တရာယ်သင့်ပါတယ်"

"တရားအားထုတ်ဖို့ရာဆိုတာ အသာထားပါဦး၊ တရားနာဖို့တောင် ခဲယဉ်းပါတယ်၊ 'သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ' တဲ့၊ သူတော်ကောင်းတရား နာကြားဖို့ရာ အလွန်ခက်ခဲပါတယ်၊ ရခဲပါတယ်တဲ့"

"အခုလိုတရားပွဲကိုလာပြီး တရားနာတယ်ဆိုတာ မိမိတို့အတွက် တရားသိမှု–တရားရှိသို့ တက်လှမ်းရေးအတွက်ပါ၊ အဲဒီ တရားနာတဲ့ပုဂ္ဂိုလ်တွေ မနာဖြစ်အောင် တားမြစ်ရင်လည်း ဓမ္မန္တရာယ်သင့်ပါတယ်"

"ဘုန်းကြီးတို့ပရိသတ်တွေ တရားနာပရိသတ်တစ်ယောက်ကို တရားမနာဖြစ်အောင် တားတာတောင် ဓမ္မန္တရာယ်သင့်တယ်၊ အပြစ်ကြီးတယ်ဆိုရင် အများအတွက်အသိပေးတဲ့ နိဗ္ဗာန်လမ်းဖွင့် တရားပွဲကြီးကျင်းပတာကို မကျင်းပရအောင် အတားအဆီး အနှောင့်အယှက် လုပ်ရင်တော့ ပိုပြီးတော့ ဓမ္မန္တရာယ်သင့်တာပေါ့"

"တရားတစ်ပွဲလုံးအတွက်၊ တရားနာပရိသတ်အများအတွက် အသိဉာဏ်ပိတ်ပင်, နိဗ္ဗာန်တံခါးပိတ်ရာရောက်တဲ့အတွက် အပြစ်ကြီးပါတယ်၊ ဓမ္မန္တရာယ်သင့်ပါတယ်"

http://www.dhammadownload.com



"အဓမ္မဝါဒဆိုတဲ့ အမှားတရား ဟောတာတော့ ပိတ်ပင်ရမယ်၊ တားမြစ်ရမယ်၊ ဓမ္မန္တ ရာယ်မသင့်ပါဘူး၊ အေး... ဓမ္မဝါဒဆိုတဲ့ အမှန်တရား ပရိယတ်စည်းကမ်းကျ၍ ပဋိပတ် နည်းလမ်းမှန်သော တရားနာမှု, တရားဟောမှုမျိုးကို မပိတ်ပင်, မတားဆီးကောင်းပါ"

"တစ်ယောက်ကို အနှောင့်အယှက်လုပ်တာတောင် အပြစ်ကြီးရင်၊ တရားတစ်ပွဲလုံးကြီးမဖြစ်အောင် ပိတ်ပင်နှောင့် ယှက်တားဆီးပယ်ဆိုရင် ပိုအပြစ်ကြီးတယ်၊ အင်မတန်ကြီးတဲ့ ဓမ္မန္တ ရာယ်ပဲလို့မှတ်ပါ"

"အေး...ဒါ့ကြောင့် ဘုန်းကြီးတို့ပရိသတ်၊ ကိုယ်ကိုယ် တိုင် တရားမနာနိုင်, တရားပွဲမကျင်းပနိုင်ရင်နေပါ၊ နေသာပါ တယ်၊ သူများတွေနိုင်လို့ တရားနာတာ, တရားပွဲကျင်းပ တာကို မနာလိုဝန်တိုတဲ့ သဘောနဲ့ အနှောင့်အယှက်အဖျက် အဆီး မလုပ်ပါနဲ့၊ အကန်အကွက် မလုပ်ပါနဲ့၊ ဓမ္မန္တ ရာယ် သင့်ပါတယ် အပြစ်ကြီးပါတယ်"

## ပိတ်တာ–တားတာ

"တရားပွဲကို ပိတ်တယ် တားတယ်ဆိုတာ အဓမ္မဝါဒ, ပဋိပတ်ကျင့်လမ်းမမှန်, ပရိယတ်စည်းကမ်းမကျတဲ့ တရားပွဲ မျိုးသာ ပိတ်ရမယ်, တားရမယ်၊ အဲဒီလိုတရားမျိုး နာကြား တာမျိုးကို ပိတ်ပင်တားဆီးရမှာပါ"

http://www.dhammadownload.com



"ဒီခေတ်မှာ ကျပ်မပြည့်သူအချို့က ဓမ္မရယ်, အဓမ္မရယ် မစိစစ်ဘဲ မလိုရင်မလိုသလို အာဏာပြပြီး ပိတ်ပင်တားဆီး အာဏာပြတာတွေ တွေ့နေရပါတယ်။ ကြုံနေရပါတယ်"

"ဒါ့ကြောင့် အင်း...သူတို့ အာဏာပြချင်တာ, ကျပ်မပြည့်တာက ကိစ္စမရှိဘူး။ ဒီသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး၊ အပိုင်းသုံးပိုင်းမှာ ဘုန်းကြီးတို့က ဓမ္မဒူတတောရတည်ထောင်ကာ စာချတယ်၊ တရားဟောတယ်၊ တရားပြတယ်၊ စာရေးတယ်ဆိုတော့ အပိုင်းသုံးပိုင်းမှာ ပါဝင်ကြိုးစားလျက် ရှိပါတယ်။

"သာသနာတော် သန့်ရှင်းရေးနှင့် ပြန့်ပွားရေးအပိုင်းမှာ ပရိယတ်စည်းကမ်းကျ၍ ပဋိပတ်ကျင့်နည်းမှန်များကို ကြိုးစားဟောကြားပြသပေးဖို့ အရေးကြီးတယ်လို့ ဘုန်းကြီးတို့ယူဆပါတယ်"

"အဲဒီလိုယူဆပြီး သာသနာတော်သန့်ရှင်းရေး, ပြန့်ပွားရေးအပိုင်းမှာ ဘုန်းကြီးတို့က တစ်တပ်တစ်အားအနေနဲ့ ကြိုးစားပြီး ဟောပေးပါတယ်"

"သန့်ရှင်း, တည်တံ့, ပြန့်ပွားရေး အပိုင်းသုံးပိုင်းဟာ ကွင်းဆက်ပါ၊ သန့်ရှင်းရေးကလည်း ဒီတရားတွေ လက်ကိုင်ထားပြီး သန့်ရှင်းရမှာဖြစ်တော့ တည်တံ့ရေးပါတယ်၊ တည်တံ့

http://www.dhammadownload.com



ရေးကလည်း ဒီတရားတွေ မသန့်ရှင်းရင် မတည်တံ့ပါဘူး၊ ပြန့်ပွားရေး၊ သန့်ရှင်းတဲ့ တည်တံ့တဲ့တရားတွေ ပြန့်ပွားမှ ကောင်း ပါတယ်"

"ဒါကြောင့် ဘုန်းကြီးတို့ဟာ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးမှာ အရေးနဲ့ရော, အဟောနဲ့ရော, အပြနဲ့ရော, စာပေပို့ချမှုနဲ့ရော ပါဝင်ထမ်းဆောင်လျက်ရှိပါတယ်"

## အင်မတန်ခဲယဉ်း

ဘုန်းကြီးတို့ အခုလိုပို့ချမှု, ရေးသားပြမှု, ဟောပြမှု, တရားပြမှုပြုတဲ့အခါမှာ ဘာတွေတွေ့လာရလဲဆိုတော့ လူတစ်ယောက် တရားသက်ဝင်ပြီး တရားနှင့်ပျော်၍ သာသနာတော်မှာ သာသနာ့ဝန်ထမ်းကောင်းတစ်ယောက် ပေါ်လာဖို့ အင်မတန်ခဲယဉ်းတာကို တွေ့ရပါတယ်"

"သာသနာ့ဝန်ထမ်းကောင်း အဆင့်သို့ မရောက်သော်လည်း တရားသက်ဝင်ပြီး တရားနဲ့ပျော်နေသူ လူဝတ်ကြောင်တစ်ယောက် ဖြစ်ဖို့လည်း ခဲယဉ်းတာကို တွေ့ရပါတယ်"

"အများအားဖြင့် အပါယ်ကျမှာကြောက်လို့ အပါယ်ဘေးကာကွယ်တဲ့ သဘောလောက်သာ တရားအလုပ် လုပ်နေသူများကို တွေ့ရပါတယ်"

http://www.dhammadownload.com



"တကယ် ကျွတ်လမ်း-လွတ်လမ်းရှာတဲ့ ပုဂ္ဂိုလ်တွေ တော်တော် ရှားရှားပါးပါး တွေ့ရပါတယ်။ အဲဒီလောက် တရားနဲ့ သတ္တဝါတွေနဲ့ ဝေးတာ တွေ့ရပါတယ်"

အဲဒါသိရတော့ လူအများ တရားနဲ့ပျော်နိုင်အောင်၊ တရားသက်ဝင်အောင် ကြိုးစားပြီး ပို့ချ, ရေးပြ, ဟောပြ, နည်းပြလို့ ရှင်ရဟန်းဝတ်ချင်အောင် သက်ဝင်လာသူတွေ၊ သီလရှင်ဝတ်ချင်အောင် သက်ဝင်လာသူတွေ ပေါ်လာပြီဆိုရင် လူသတ်မှုကျူးလွန်လာတဲ့ ရာဇဝတ်သားပမာ ပတ်ဝန်းကျင်က ဝိုင်းပြီး အပြစ်တင်ကြ၊ ကန့်ကွက်တားဆီးကြတာတွေ တွေ့နေရပါတယ်"

"အေး...သတ္တဝါတစ်ယောက်မှာ ဖြစ်ပေါ်လာတဲ့ သာသနာဘောင်နဲ့ပတ်သက်တဲ့ သဒ္ဓါတရားပျက်သွားအောင်၊ လျော့ပါးသွားအောင် မလုပ်ကြပါနဲ့၊ အင်မတန်အပြစ်ကြီးပါ တယ်"

"ဘုန်းကြီးတို့အတွေ့အကြုံအရပြောရရင် ဘုန်းကြီးတို့ ပရိသတ်တွေ ကိုယ်ကိုယ်တိုင် မှန်ကန်တဲ့တရားပွဲ မကျင်းပ နိုင်ရင်နေပါစေ၊ သူများတွေ မှန်ကန်တဲ့တရားပွဲကျင်းပတာကို မနာလိုဣဿာနဲ့ မနှောင့်ယှက် မကန့်ကွက် မတားဆီးပါနဲ့"

"ကိုယ်ကိုယ်တိုင် မှန်ကန်တဲ့တရားတော်တွေကို နာကြား မှတ်သား အားထုတ်မှု မပြုနိုင်ချင်နေပါစေ၊ သူများတွေ

http://www.dhammadownload.com



မှန်ကန်တဲ့ တရားတော်တွေကို နာကြားမှတ်သား အားထုတ်မှု ပြုနေတာကို မနှောင့်ယှက် မကန့်ကွက် မတားဆီးပါနဲ့"

"မှန်ကန်သောတရားတော်တွေကို နာကြားမှတ်သား အားထုတ်နေသူတွေကို စိတ်ပျက်သွားအောင် အပြစ်မရှိ အပြစ်ရှာပြီး မပြောပါနှင့်"

"ကိုယ်ကိုယ်တိုင် သာသနာတော်မှာ သီလရှင်အဖြစ်နှင့်၊ ရှင်ရဟန်းအဖြစ်နှင့် ဝတ်ချင်စိတ်မဖြစ်ချင်နေပါစေ၊ မဝင်ချင်စေပါစေ"

"သီလရှင်ဝတ်ချင်သူ၊ ရှင်ရဟန်းဝတ်ချင်သူများကို စိတ်ပျက်အောင်, သဒ္ဓါတရားပျက်အောင်, မဝတ်ဖြစ်အောင် အတားအဆီး အပိတ်အပင်မလုပ်ပါနဲ့၊ အပြစ်ကြီးပါတယ်"

## မပျော်ဖြစ်နေတယ်

"အေး...အခု သပ္ပဒါသထေရ်မှာ ဓမ္မန္တရာယ်သင့်ခဲ့လို့ သာသနာတော်မှာမပျော်ဘူး၊ ဟိုတုန်းက သူ့သူငယ်ချင်းကို သာသနာတော်မှာမပျော်အောင် ရဟန်းဘဝအပြစ်တွေပြော၊ လူ့ဘဝအကျိုးတွေ ပြောခဲ့တဲ့ ဓမ္မန္တရာယ်အကုသိုလ်ကြောင့် မပျော်ဖြစ်နေတယ်"

"သာသနာတော်မှာမပျော်လို့ လူထွက်ပါလားဆိုတော့ လူလည်း မထွက်နိုင်ဘူး၊ ဘာဖြစ်လို့ မထွက်နိုင်လဲ၊ သူဖြားယောင်းတဲ့ ဟိုကိုယ်တော်မှ လူမထွက်ဖြစ်တာကိုး၊

http://www.dhammadownload.com



တကယ်လို့ ဟိုကိုယ်တော်လူထွက်ဖြစ်ရင် သူလည်း လူထွက်ဖြစ်မှာ၊ သာသနာတော်မှာ ရှိမှာမဟုတ်တော့ပါ၊ ရဟန္တာလည်း ဖြစ်မှာမဟုတ်ပါ"

" အမြတ်ဆုံးပူဇော်ခြင်း

"အေး...ဘုန်းကြီးတို့ ပရိသတ်တွေ ဓမ္မန္တရာယ်အပြစ်ဟာ အင်မတန်ကြီးလှပါတယ်၊ ဘုရားရှင်ပွင့်တော်မူပြီး ကြိုးခဲ့လှစွာသော သာသနာတော်ကြီး တည်ထောင်တာဟာ ဘာလုပ်ဖို့လဲဆိုရင် ဓမ္မကိုပေးဖို့ပါ၊ ဘုန်းကြီးတို့ပရိသတ် ဘုရားရှင်က ဘာကိုပေးလဲ"

"ဓမ္မကိုပေးပါတယ်ဘုရား"

"အေး...မြတ်စွာဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်လာတာ ဓမ္မကိုဟောပေးဖို့ ပွင့်ထွန်းပေါ်ပေါက်လာပါတယ်၊ ပေါ်လာပြီးတော့လည်း လေးဆယ့်ငါးဝါ အအားမနေ, အနားမနေဘဲ ဓမ္မကို ဟောပေးတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး...ပြောဦးမယ်၊ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခါနီးဆဲဆဲ နတ်ပြဟ္မာတွေရဲ့ ပူဇော်မှုဟာ အင်မတန်ကြီးကျယ်များပြားပါတယ်၊ အဲဒီ ပူဇော်မှုကြီးကျယ်တာတွေကို မြင်တဲ့ ရှင်အာနန္ဒက 'မြတ်စွာဘုရား...ရှင်တော်မြတ်ဘုရားကို နတ်, ဗြဟ္မာတွေ ပူဇော်တာဟာ ကြီးကျယ်များပြားလှ

http://www.dhammadownload.com



ပါတယ်၊ အံ့မခန်းဖြစ်ပါတယ်’လို့ လျှောက်ထားပါတယ်၊ အဲဒီလို လျှောက်ထားတဲ့အခါ ရှင်တော်မြတ်ဘုရားက–

"ချစ်သားအာနန္ဒ၊ ဒီဟာ ဘုရားရှင်ကို အမြတ်ဆုံးသော ပူဇော်ခြင်းဖြင့် လေးစားကော်ရော် ပူဇော်မြတ်နိုးရာ မရောက်သေးပါဘူး"

"“ချစ်သားအာနန္ဒ၊ အကြင်ရဟန်းယောကျ်ား, ရဟန်းမိန်းမ, လူယောကျ်ား, လူမိန်းမတို့ဟာ လောကုတ္တရာတရားကိုးပါး, မဂ်, ဖိုလ်, နိဗ္ဗာန်အားလျော်စွာ ကျင့်ကြံကြိုးကုတ်အားထုတ်ကြတယ်"

"အဲဒီရဟန်းယောကျ်ား, ရဟန်းမိန်းမ, လူယောကျ်ား, လူမိန်းမတို့ရဲ့ လောကုတ္တရာတရားကိုးပါး၊ မဂ်, ဖိုလ်, နိဗ္ဗာန်အားလျော်စွာ ကျင့်ခြင်းသည် ငါဘုရားရှင်အား အမြတ်ဆုံးသော ပူဇော်ခြင်းဖြင့် လေးစားကော်ရော် ပူဇော်မြတ်နိုးသည် မည်ပါတယ်"

လို့ မိန့်ကြားခဲ့ပါတယ်။ ရှင်းရှင်းပြောရရင် ငါဘုရားရှင် လေးဆယ့်ငါးဝါ ဟောကြားခဲ့တဲ့ တရားဓမ္မတွေကို မဂ်ရောက်, ဖိုလ်ဝင် နိဗ္ဗာန်ကိုမှန်းပြီး ကျင့်ကြံကြိုးကုတ် အားယုတ်နေခြင်းသည်သာ ငါဘုရားရှင်ကို အမြတ်ဆုံးသောပူဇော်ခြင်းဖြင့် ပူဇော်ရာရောက်ပါတယ်...တဲ့။ ဒါဖြင့် ဘုရားရှင်ဟာ တရားကျင့်ပြီး တရားနှင့်ပူဇော်တာ အကြိုက်နှစ်သက်ဆုံးနော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

**သာသနာ့ဝန်ထမ်း**

"ဘုန်းကြီးတို့ပရိသတ်တွေ၊ ဘုန်းကြီးတို့ဘုရားရှင်ဟာ လေးဆယ့်ငါးဝါ အအားမနေ, အနားမနေဘဲနဲ့ လူ, နတ်, ဗြဟ္မာ, သတ္တဝါတွေ ဓမ္မတရားကျင့်ကြံနိုင်ရေးအတွက် ဓမ္မတရားဖြန့်ရန် ဓမ္မဒေသနာခရီးသည်အဖြစ် လှည့်လည် ဟောပြခဲ့ပါတယ်"

"ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်သွားတော့ ဓမ္မတရားတွေကို ယူမသွားဘဲ နတ်, လူ, ဗြဟ္မာ, သတ္တဝါတွေအတွက် ထားခဲ့ပါတယ်။ အဲဒီတရားဓမ္မတွေကို ဘုန်းကြီးတို့ပရိသတ်ရှေ့မှောက်ရောက်လာအောင် နှစ်ပေါင်း ၂၅၂၇ နှစ်တိုင်တိုင် ထမ်းဆောင်လာခဲ့တာ သာသနာ့ဝန်ထမ်း ရှင်, ရဟန်းအဆက်ဆက်တွေ မဟုတ်ပါလား"

"ဟုတ်ပါတယ်ဘုရား"

"အေး. . .ရှင်ရဟန်းဝတ်ပုံ အမှန်အကန်ပြောရရင် အဲဒီဘုရားရှင် တရားဓမ္မဝန်ကို ထမ်းဆောင်ချင်လို့, ဓမ္မဝန်ထမ်းလုပ်ချင်လို့ ဝတ်တာပါ"

"ဓမ္မဟာ အရေးကြီးပါတယ်၊ အခုလိုဟောပြောတာ, ပို့ချတာ, နာတာ, သင်တာက ပရိယတ္တိဓမ္မဝန်ထမ်းတာပေါ့၊ ဟောပြောပို့ချ, နာကြား, သင်ကြားတဲ့အတိုင်း လိုက်နာ

http://www.dhammadownload.com



ကျင့်ကြံ ကြိုးကုတ်အားထုတ်တာက ပဋိပတ္တိဓမ္မဝန်ထမ်းတာ ပေါ့"

"အေး. . .ရှင်ရဟန်းဝတ်မယ့်ပုဂ္ဂိုလ်တွေကို ရှင်, ရဟန်း မဝတ်ဖြစ်အောင် တားမြစ်နှောင့်ယှက်တဲ့ပုဂ္ဂိုလ်တွေ၊ ရှင်, ရဟန်းဘဝကနေ လူ့ဘဝသို့ ရွေ့လျောသွားအောင်, လူထွက် အောင် မတရားကြံဆောင်မယ်ဆိုရင် ဓမ္မန္တရာယ်သင့်ပါ တယ်နော်"

"မှန်ပါဘုရား"

"အမျိုးသမီးတစ်ယောက်က သီလရှင်ဝတ်ချင်တယ်လို့ ပြောဖို့ရာက မလွယ်ကူပါ၊ ပြောပြီး ဝတ်မယ်လို့ ဆုံးဖြတ်ချက် ချနိုင်ဖို့ လွယ်ပါ့မလား၊ မလွယ်ပါ၊ အဲဒီလိုဆုံးဖြတ်ချက်ချရတဲ့ အမျိုးသမီးကို သီလရှင်မဝတ်ဖြစ်အောင် ဝိုင်းဖျက်ရင် အပြစ် ကြီးပါတယ်. . ."

"သတ္တဝါတွေဟာ ဘဝများစွာ, ကမ္ဘာများစွာ ကာမ ဝန်ထမ်း၊ တဏှာဝန်ထမ်းသမားတွေအဖြစ်နဲ့သာ နေခဲ့ရတာ မရေမတွက်နိုင်အောင်ပါ"

"အခုလို သာသနာတော်နှင့်ဆုံဆည်းတဲ့အခါ ကာမ ဝန်ထမ်း တဏှာဝန်ထမ်းဘဝမှ အနားယူတဲ့အနေ, ခွင့်ယူတဲ့ အနေနဲ့ သီလရှင်ဝတ်ကြ, ရှင်, ရဟန်းဝတ်ကြတာ ဝိုင်း အားပေးဖို့မကောင်းဘူးလား"

http://www.dhammadownload.com



"ကောင်းပါတယ်ဘုရား"

"အေး...သာသနာတော်နဲ့ တွေ့ဆုံဖို့ ခဲယဉ်းတယ်၊ တွေ့ဆုံတဲ့အခါ သာသနာ့ဝန်ထမ်းဖြစ်ဖို့ရာ အင်မတန် ခဲယဉ်းပါတယ်၊ ခဲယဉ်းလှတဲ့ဘဝ, ရခဲလှတဲ့ဘဝကို ရချင်သူ, ရနေသူတွေကို အားမပေးချင်နေပါ၊ မနှောင့်ယှက်ပါနဲ့"

"ဘုန်းကြီးတို့ ဘုရားရှင်ဟာ လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့တယ်။ အဲဒီ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း အတွင်းမှာ ဘဝတွေကတော့ မရေမတွက်နိုင်ပါ၊ လူ့အဖြစ်လည်း မရေမတွက်နိုင်ပါ၊ ဒါပေမယ့် ရဟန်းအဖြစ်ရတာတော့ ကိုးဘဝထဲပဲ ရပါတယ်။ ဘုရားအလောင်းတော်ကြီးတောင် ကိုးဘဝပဲ ရပါတယ်ဆိုရင် သာမန်ပုဂ္ဂိုလ်တွေအဖို့ သုံးဘဝမျှ ရဖို့ပင် မလွယ်ပါဘူး"

"အဲဒီလို ခဲယဉ်းစွာရတဲ့ဘဝ, ရခဲလှတဲ့ဘဝဟာ ဘဝတိုင်းလည်းမရ, ကမ္ဘာတိုင်းလည်း ရတာမဟုတ်၊ ယခုလို ရတဲ့ဘဝ ကလေးမှာ ဒီဘဝလေး မရလိုက်ရဘူး၊ ရပြီးသား ဘဝကလေး စွန့်ပစ်ရမယ်ဆိုရင် မရှုံးဘူးလား"

"ရှုံးပါတယ်ဘုရား"

ဓမ္မကိုချိုးဖြောက်တယ်

"ဒီနေ့ ဘုန်းကြီးတို့ စာပြန်ပွဲကြီး, စာမေးပွဲကြီးကျင်းပတယ်ဆိုတာ ပရိယတ္တိသာသနာတော်ကို ချိုးဖြောက်တာ၊

http://www.dhammadownload.com



ပရိယတ္တိသဒ္ဓမ္မကို ချီးမြှောက်တာပါ၊ ပုဂ္ဂိုလ်ကို ချီးမြှောက်တာမဟုတ်ပါ၊ ဓမ္မကို ချီးမြှောက်တော့ ဓမ္မတည်တဲ့ပုဂ္ဂိုလ်ကိုလည်း ချီးမြှောက်ပြီးသား ဖြစ်သွားပါပြီ"

"ဓမ္မသုံးပါးရှိပါတယ်၊ 'ပရိယတ္တိသဒ္ဓမ္မ၊ ပဋိပတ္တိသဒ္ဓမ္မ၊ ပဋိဝေဓသဒ္ဓမ္မ'ရယ်လို့ ဓမ္မသုံးမျိုးရှိပါတယ်၊ အဲဒီသုံးမျိုးမှာ ပရိယတ္တိသဒ္ဓမ္မက အခြေခံအကျဆုံး, အရင်းအကျဆုံးဖြစ်ပါတယ်။ ပရိယတ္တိသဒ္ဓမ္မကို ချီးမြှောက်လျှင် ကျန်တဲ့ဓမ္မနှစ်ပါးကိုလည်း ချီးမြှောက်ရာရောက်ပါပြီ"

ရေကန်ပမာ သာသနာ

"ပရိယတ္တိသဒ္ဓမ္မပျက်လျှင် ကျန်တဲ့ဓမ္မနှစ်ပါးကလည်း ပျက်ပြီမို့ ကျန်တဲ့နှစ်ပါးလည်း ပျက်ရာ ရောက်ပါတယ်။ ဘုန်းကြီးတို့ သာသနာတော်ကြီးဟာ ရေကန်ကြီးနဲ့ တူပါတယ်၊ ဆိုကြည့်စမ်းပါ–

- ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ပမာရေကန်ပါ။
- ပရိယတ်ဟာ၊ ရေကန်မှာ၊ ပမာကန်ပေါင်ပါ။
- ပဋိပတ်ဟာ၊ ရေကန်မှာ၊ ပမာရေဇလာ။
- ပဋိဝေဓ၊ ရေကန်မှာ၊ ပမာပဒုံကြာ။
- ကန်ပေါင်ခိုင်မှ၊ ရေတည်ရ၊ ကြာကပေါက်ရမှာ။
- ကြာပေါက်လေမှ၊ ရေကန်လှ၊ ကြည်နူးပြည့်တာ။
- ကန်ပေါင်ကျိုးပေါက်၊ ရေခန်းခြောက်သော်၊

http://www.dhammadownload.com



ဖူးရောက်ပွင့်လန်း၊ တင့်ဆန်းဝေဆာ၊ ပန်းရွှေကြာ၊
နွမ်းကာခြောက်လေမှာ။

ဘုန်းကြီးတို့ပရိသတ်၊ သာသနာ့ရေကန်ကြီးကို သတိပြုကြည့်ရှုကြပါ။ ပရိယတ္တိဓမ္မဆိုတာ သာသနာ့ရေကန်ကြီးမှာ ကန်ပေါင်ရိုးနဲ့ တူပါတယ်"

"ပဋိပတ္တိဓမ္မဆိုတာ သာနာ့ရေကန်ကြီးထဲမှာရှိတဲ့၊ တည်နေတဲ့ ရေဇလာနဲ့တူပါတယ်၊ ပဋိဝေဓဓမ္မဆိုတာ အဲ-ကန်ပေါင်အတွင်းမှာတည်နေတဲ့ ရေထဲမှာပေါက်နေတဲ့ ကြာနဲ့တူပါတယ်"

"ကဲ...ဘုန်းကြီးတို့ပရိသတ်၊ သာသနာ့ရေကန်ကြီး ကန်ပေါင်ရိုးဆိုတဲ့ ပရိယတ္တိဓမ္မမှ မတည်တံ့၊ မမြဲမြံ၊ မခိုင်ခံ့ရင်၊ ကန်ပေါင်ရိုးကျိုးပေါက်ရင် ဒီကန်ကျိုး ကန်ပေါက်ထဲမှာ ပဋိပတ္တိဓမ္မတည်းဟူသော ရေဇလာ တည်တံ့ပါဦးမလား"

"မတည်တံ့ပါဘုရား"

"အေး...ကန်ကျိုးပေါက်လို့ ရေမတည်တံ့ရင် ကြာမပေါက်သလို ပရိယတ်ကန်ပေါင် ကျိုးပေါက်၊ ပဋိပတ်ရေခန်းခြောက်သော် ပဋိဝေဓ မဂ်, ဖိုလ်, နိဗ္ဗာန်ဆိုတဲ့ ကြာမပေါက်နိုင်ပါ။ ကြာမပေါက်ရင် ဒီရေကန်ဟာ ဘယ်မှာ စိုပြည်လှပတင့်တယ်ပါ့မလဲ"

http://www.dhammadownload.com



"အေး...ပကတိရေကန်ထဲမှာ ကြာပေါက်ချင်ရင် ရေထည့်ရမယ်၊ ရေထည့်ချင်ရင် ကန်ပေါင်ခိုင်ခံ့အောင် ဆည်ရမယ်၊ ဖို့ရပါမယ်"

"ကန်ပေါင်ခိုင်ခံ့အောင် ဆည်ဖို့ပြင်ဆင်ပြီး ရေထည့်ပါမှ ရေတည်ပါမယ်၊ ရေနေရင်–ရေတည်ရင် ကြာပေါက်ပါလိမ့်မယ်"

"ဘုန်းကြီးတို့ပရိသတ်တွေ၊ ယခု ဟသ်ာတမြို့နယ်စာပြန်ပွဲ, စာမေးပွဲသဘင်ကြီး ကျင်းပတယ်ဆိုတာဟာ ဘာလုပ်တာလဲမေးရင် သာသနာ့ရေကန်ကြီးမှာ ကန်ပေါင်ဆိုတဲ့ ပရိယတ္တိဓမ္မဖို့တာ–ဆည်တာ၊ ဟုတ်ပြီလား"

"ဟုတ်ပါတယ်ဘုရား"

"အေး...ပရိယတ္တိကန်ပေါင် တည်တံ့ခိုင်မြဲရင် ပဋိပတ္တိရေတည်မယ်၊ ပဋိပတ္တိရေတည်ရင် ပဋိဝေဓ မဂ်, ဖိုလ်, နိဗ္ဗာန်တည်းဟူသော ကြာပေါက်ပြီး သာသနာ့ရေကန်ကြီး ပြည့်စုံပြီ၊ တင့်တယ်ပြီ၊ ဒီကနေ့ ပရိယတ္တိစာမေးပွဲကြီးကျင်းပတာဟာ အဲဒီ သာသနာ့ရေကန်ကြီး ပြည့်စုံတင့်တယ်ရေးကို မျှော်ကိုးပြီး ကျင်းပရတာမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

## အဘောဘ်ဆုံးတွေ

"ဘုန်းကြီးတို့ပရိသတ်တွေ ဒီပရိယတ္တိကန်ပေါင် ဆည်ပွဲ, စာမေးပွဲ, စာပြန်ပွဲကျင်းပတယ်ဆိုတာ စာသင်တိုက်တွေမှာ

http://www.dhammadownload.com



ရှိတဲ့ ရှင်ရဟန်း, သီလရှင်များရဲ့ သန္တာန်မှာရှိတဲ့ ပရိယတ္တိကန်ပေါင် ထုထည်အင်အားကို တိုင်းတာတာပါ၊ ပရိယတ္တိကန်ပေါင် နိုင်ခဲ့တာကို ရွေးချယ်တာပါ"

"ဒါ့ကြောင့် ဒီစာပြန်ပွဲ, စာမေးပွဲကြွလာတဲ့ ရှင်, ရဟန်း သီလရှင်တွေဟာ အတော်တွေ, အကျော်တွေချည်းပါ၊ အညံ့အဖျင်းတွေမပါပါ၊ အညံ့အဖျင်းတွေက ကျန်ရစ်ခဲ့တယ်"

"ဒါ့ကြောင့် ဒီစာမေးပွဲ, စာပြန်ပွဲကြီးမှာ ဆွမ်းခဲဖွယ်ဘောဇဉ်ချိုချဉ်ရသာ, အဖျော်ယမကာ, ဆေးဝါးများ လှူဒါန်းဆက်ကပ် ကျွေးမွေးရတာ၊ အတော်ဆုံး, အကျော်ဆုံးတွေကို ချီးမြှောက်ရတာ ကျေးဇူးမများဘူးလား"

"ကျေးဇူးများပါတယ်ဘုရား"

"ပြီးတော့ ဒီစာမေးပွဲကြီး, စာပြန်ပွဲကြီးမှာ နေ့စဉ်-နေ့စဉ် ဝေယျာဝစ္စပြုလုပ်ရတာလည်း သံဃဝေယျာဝစ္စလုပ်တာဖြစ်လို့ အင်မတန်မှ မွန်မြတ်ပါတယ်"

"မိမိတို့ နေ့စဉ် နေ့စဉ် အိမ်မှာ ပြုလုပ်နေတဲ့ ဝေယျာဝစ္စက ကိုယ့်သား, ကိုယ့်သမီး, ကိုယ့်ဇနီး, ကိုယ်ယောက်ျားတွေအတွက် တဏှာ, မာန, ဒိဋ္ဌိအစွဲအလမ်းတွေ ပြုလုပ်ရတဲ့ ဝေယျာဝစ္စပါ၊ တဏှာ့ကျွန်, ကာမကျွန် ဝေယျာဝစ္စတွေပါ"

http://www.dhammadownload.com



## ဝေယျာဝစ္စ ကိုယ်တန်ဆာ

"အခု ဟသ်ာတမြို့နယ် စာပြန်ပွဲ, စာမေးပွဲကြီးမှာ လာပြီး ဝေယျာဝစ္စပြုလုပ်ရတာဟာ သာသနာတော်အတွက် ပြုလုပ်ရတာပါ၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို မျှော်ကိုးပြီး သာသနာ့တာဝန် အားသွန်ကြိုးပမ်း ထမ်းဆောင်နေကြတဲ့ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေအတွက် သာသနာ့ရေကန်ကြီး တင့်တယ်အောင်၊ စည်ပင်အောင် ဝေယျာဝစ္စ ပြုလုပ်ပေးနေရတာပါ"

"အခု ပြုလုပ်ရတဲ့ ဝေယျာဝစ္စမှာ တဏှာ, မာန, ဒိဋ္ဌိ မပါဘဲနဲ့ ကိလေသာအပြစ်ကင်းတဲ့၊ ကောင်းကျိုးစစ်မှန်စွာ ရောက်နိုင်တဲ့ ဝေယျာဝစ္စကုသိုလ်တွေပါ၊ အဲဒီဝေယျာဝစ္စ အကျိုးဟာ ဘယ်လောက်ကြီးတယ်ဆိုတာသိရအောင်၊ ကဲ... ဆိုကြည့်စမ်းပါ—

◆ **ဝေယျာဝစ္စ၊ ကိုယ်တန်ဆာ၊ လှန်စွာလှပသည်။**

အေး...သိပ်ကောင်းတယ်၊ ဝေယျာဝစ္စပြုလုပ်တယ်ဆိုတာဟာ မိမိတို့ခန္ဓာကိုယ် တစ်ကိုယ်လုံးကို တန်ဆာဆင်တာပါပဲ၊ ခန္ဓာကိုယ်အလှ ဝေယျာဝစ္စတဲ့နော်"

"မှန်ပါဘုရား"

"ဘုန်းကြီးတို့ပရိသတ်တွေကို မေးပါမယ်၊ ကြိုက်သလို၊ သဘောကျသလို ဖြေစမ်းပါ၊ လှတယ်, လှတယ်ဆိုတာ

http://www.dhammadownload.com



မျက်နှာတစ်ခုတည်းလှတာနဲ့ တစ်ကိုယ်လုံးလှတာ ဘယ်ဟာက ကောင်းပါသလဲ"

"တစ်ကိုယ်လုံးလှတာဟာ ကောင်းပါတယ်ဘုရား"

"မျက်နှာလောက်ပဲ လှတဲ့သူကတော့ ပေါပါတယ်၊ ကိုယ် လက်အင်္ဂါ အစိတ်အပိုင်းတွေက အချိုးစားနားမကျဘူး၊ ပိန်လိန်ကောက်ကွေးနေတယ်"

"အချို့က အပိန်လွန်တယ်၊ အချို့က အဝလွန်တယ်၊ အချို့က အရှည်လွန်တယ်၊ အချို့က အတိုလွန်တယ်၊ အချို့ကအဖြူလွန်တယ်၊ အချို့ကအမည်းလွန်တယ် စသည် ဖြင့် အချိုးအဆက် အသွင်အပြင် ပြေခဲပါတယ်"

"အေး...အဲဒီလို အချိုးအဆစ်မပြေပြစ်သူတွေဟာ သူများတွေထက်တော့ ပိုပြီးတော့ လှချင်ကြပါတယ်၊ လှချင်လို့ လှဖို့ရာ ပြင်ရတာလည်း အမောတကောပဲ၊ လှလားဆိုတော့ ပိုပြီးတော့တောင် အကျည်းတန် အရုပ်ဆိုးပါသေးတယ်"

"ဟုတ်တယ်၊ အရုပ်ဆိုးတဲ့လူဟာ သူများထက်ပိုပြီး လှချင်တယ်၊ လှချင်လို့ပြင်လေ အရုပ်ဆိုးလေပဲ၊ အဲဒါ ဘာ ဖြစ်လို့ မလှတာလဲမေးရင် ဝေယျာဝစ္စကုသိုလ် မလုပ်ခဲ့လို့တဲ့ ဟုတ်ပြီလား"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



"အခု ဒီစာပြန်ပွဲ, စာမေးပွဲသဘင်ကြီးမှာ ဝေယျာဝစ္စ လုပ်ပေးနေရတာ သာသနာတော်အတွက်ပါ၊ ဟုတ်တယ်လေ၊ ပရိယတ်သာသနာ့ဝန်ကို အားသွန်ခွန်စိုက် ထမ်းဆောင်နေတဲ့ သံဃာတော် အမှူးမြတ်တွေရဲ့ ဝေယျာဝစ္စ လုပ်ပေးနေရတာ သာသနာတော်အတွက် မဟုတ်ဘူးလား"

"ဟုတ်ပါတယ်ဘုရား"

ကျောင်းတိုက် တစ်တိုက်အတွက်မဟုတ်ပါ၊ တစ်သင်း တစ်ဖွဲ့အတွက်မဟုတ်ပါ၊ တစ်သာသနာလုံးအတွက်ပါ၊ အင်မတန် မွန်မြတ်ပါတယ်နော်"

"မှန်ပါဘုရား"

## အကုန်လှအသယ်

"အေး...အဲဒီလို အင်မတန်ကြီးကျယ်မွန်မြတ်သန့် ရှင်းတဲ့ ဝေယျာဝစ္စကုသိုလ်ကြီးကို ကိုယ်နဲ့ရင်းနှီးပြီး ကိုယ် အပင်ပန်းခံကာ မျက်နှာမပျက်, မျက်နှာမကွက်, မျက်နှာ မငြိုငြင်ဘဲ ပြုလုပ်ရတဲ့အတွက် နောက်–နောက်ဘဝတွေမှာ မျက်နှာလည်းလှ၊ ကိုယ်ဟန်တွေလည်း အချိုးစားနားကျလို့ လှလိုက်မယ့်ဖြစ်ခြင်း၊ ပြောမပြနိုင်အောင်ပါပဲ"

"အခုဘဝမလှတာတော့ ပြင်လို့မရတော့ပါဘူး၊ ပြင် ချင်တိုင်း ပြင်လို့မရတော့ဘူး၊ မလှတဲ့သူဟာ မလှတာပဲ၊ ပြင်လည်း ခဏပဲလှမှာ၊ ကြာရှည်မခံပါ"

http://www.dhammadownload.com



"ဝေယျာဝစ္စပြုလုပ်တဲ့ပုဂ္ဂိုလ်တွေဟာ နောက်ဘဝကျရင် မလှမှာမပူပါနဲ့၊ လှပြီ၊ မျက်နှာလည်းလှ၊ ကိုယ်လည်းလှ၊ အချိုးစားနားကျလို့၊ ကြည့်ချင်တဲ့နေရာကကြည့်၊ ရှေ့က ကြည့်ကြည့်၊ နောက်ကကြည့်ကြည့်၊ ဘေးကကြည့်ကြည့်၊ တည့်တည့် ကြည့်ကြည့်၊ တစောင်းကြည့်ကြည့်၊ ကြည့် ချင်တဲ့ဘက်ကကြည့်၊ အလှချည်းပဲ၊ ဘာဖြစ်လို့လဲဆိုရင် ဝေယျာဝစ္စ ကုသိုလ်ကြောင့်ပါ၊ အေး... ဘယ်လောက် ကောင်းလဲနော်"

"မှန်ပါဘုရား"

## နားကို့တန်ဆာဆင်

"ဘုန်းကြီးတို့ ဟင်္သာတမြို့နယ် စာပြန်ပွဲ, စာမေးပွဲကြီး ကျင်းပတယ်ဆိုတာ သာသနာတော်အတွက်ပါ၊ အေး... သာသနာ့ဝန်ထမ်း ရှင်, ရဟန်းတွေကို သာသနာ့ဝန်ထမ်း ဆောင်နိုင်ရန် ပစ္စည်းလေးပါးထောက်ပံ့ကြတာပါ"

"အေး...အဲဒီလို ဒကာ–ဒကာမတွေက တာဝန်သိသိ, တာဝန်ရှိရှိဖြင့် ပစ္စည်းလေးပါးနဲ့ ထောက်ပံ့ကြတော့ တာဝန် သိသိ, တာဝန်ရှိရှိဆရာတော်များကလည်း ဒကာ–ဒကာမ များကို ဓမ္မဒါနတရားအလှူ၊ အမတဒါနအမြိုက်နိဗ္ဗာန် ပြန်ပေး သောအားဖြင့် တရားပွဲကျင်းပကာ တရားဟောပေးပါတယ်"

http://www.dhammadownload.com



"အခု စာပြန်ပွဲကြီး, စာမေးပွဲကြီးမှာ နေ့ပိုင်း ပြန်ကြ, ဖြေကြ၊ ညပိုင်း နာကြ, ကြားကြ၊ ဟန်ကိုကျလို့ပဲ၊ အဲဒီလို တရားနာတယ်ဆိုတာ ဘုန်းကြီးတို့ ပရိသတ်ရဲ့နားကို တန်ဆာဆင်တာပါ၊ ကဲ...ဆိုကြည့်စမ်းပါ—

◆ နာကြားခြင်းဟာ၊ နားတန်ဆာ၊ လွန်စွာလှပ သည်။

ဘုန်းကြီးတို့ပရိသတ်တွေ သိပ်ကံကောင်းပါတယ်၊ ကိုယ်ကို တန်ဆာဆင်ပြီး နားကိုလည်းတန်ဆာဆင်တယ်၊ စိန်နားကပ်နဲ့ တန်ဆာဆင်တာထက် လှပါတယ်"

"ဘုန်းကြီးတို့ ပရိသတ်တွေ နားကို စိန်နားကပ်နဲ့ တန်ဆာဆင်လို့ အပါယ်ဘေးကာကွယ်ရနိုင်လား၊ နတ်ရွာ နိဗ္ဗာန် ရမလားမေးရင် ဘယ်လိုဖြေမလဲ"

"မရပါဘုရား"

"အေး...စိန်နားကပ်နဲ့ တန်ဆာဆင်ထားရင် သူခိုး, ဓားပြလည်းကြောက်ရတယ်၊ သူ့ စွဲသေရင် နောက်ဘဝလည်း အပါယ်ကျနိုင်တယ်၊ အခုဘဝမှာ မာန်မာနတွေလည်း ပွားနိုင် တယ် ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"နာကြားခြင်းဖြင့် နားကိုကန်ဆာဆင်လိုက်ရင် အခုဘဝ မှာ မလိမ္မာတဲ့လူဟာ လိမ္မာသွားတယ်၊ မယဉ်ကျေးတဲ့လူဟာ

http://www.dhammadownload.com



ယဉ်ကျေးသွားတယ်၊ လိမ္မာ ယဉ်ကျေးပြီးသားသူဟာ ပိုပြီးတော့ လိမ္မာယဉ်ကျေးသွားကာ မဂ်, ဖိုလ်, နိဗ္ဗာန်ထိ ရနိုင်တယ်။ နောက်ဘဝမှာလည်း အပါယ်မကျဘဲ နတ်ရွာ သုဂတိ ရောက်နိုင်တယ် ဆိုတော့ အကျိုးမကြီးဘူးလား"

"အကျိုးကြီးပါတယ်ဘုရား"

"အေး–ဒါဖြင့် ဘုန်းကြီးတို့ပရိသတ်ရဲ့နားကို စိန်နားကပ်နဲ့ တန်ဆာဆင်မလား၊ တရားဒေသနာ နာကြားခြင်းဖြင့် တန်ဆာ ဆင်မလားမေးရင် ဘယ်လိုဖြေမလဲ"

"တရားနာကြားခြင်းဖြင့် တန်ဆာဆင်ပါမယ်ဘုရား"

"အဲဒါက အခု ကိုယ်ကိုယ်တိုင် တရားနာနေလို့ ပြော နိုင်တာပါ။ တကယ်လို့များ အိမ်မှာပဲရှိသေးရင် အမေတွေ၊ အဖေတွေက 'သမီး–ဒီနေ့ တရားနာမသွားပါနဲ့၊ တရားနာ မသွားရင် ဟောဒီစိန်နားကပ်ပေးမယ်' ဆိုရင် စိန်နားကပ် ယူမလား၊ တရားနာမလား"

"မညာနဲ့နော်၊ အမှန်ပြောပါ၊ ကဲ–ဘုန်းကြီးတို့ ပရိသတ် အပြောခက်နေပြီ၊ တကယ်တော့ ဒီလောကီအာရုံ ကာမဂုဏ် တွေကို လွန်မြောက်ဖို့ ထွက်မြောက်ဖို့ရာ အတော်မလွယ်ပါ"

## မျက်စိအာနိသင်

"ဒီစာပြန်ပွဲ စာမေးပွဲသဘင်ကြီးဟာ သိပ်ကျေးဇူးများပါ တယ်၊ အခုဆိုရင် ဒီဟာသာတတစ်မြို့နယ်လုံးမှာရှိတဲ့ ဆရာတော်

http://www.dhammadownload.com



သံဃာတော်တွေ စာတော်တဲ့ ရှင်, ရဟန်း အကုန်အစုံ တစ်နေရာတည်းမှာ ဖူးတွေ့ရပါတယ်"

"ကဲ-သံဃာတော်တွေကို တစ်ကျောင်းစီလိုက်ပြီး ဖူးတွေ့ ဖို့ရာ လွယ်ပါ့မလား၊ မလွယ်ပါ၊ အခုဆိုရင် မြို့နယ်လုံးကျွတ် ဆရာတော် သံဃာတော်တွေကို ဖူးတွေ့ရတယ်၊ ကြည်ညိုသဒ္ဓါ ဖြစ်ရတယ်၊ သိပ်ကောင်းတယ်၊ အဲဒါ မိမိတို့မျက်စိကို တန်ဆာ ဆင်တာခေါ်ပါတယ်။ ကဲ-ဆိုကြည့်စမ်းပါ-

◆ **မျက်စိတန်ဆာ၊ ဖူးမြင်တာ၊ လွန်စွာလှပသည်။**

ကဲ-ဘုန်းကြီးတို့ ပရိသတ်တွေ၊ ဒီစာပြန်ပွဲကြီးဟာ ကုသိုလ် ပဒေသာပင်ကြီးပါ၊ အခု ဘုန်းကြီးတို့ ပရိသတ်တွေ သံဃာတော် အရှင်မြတ်တွေကို လိုက်ဖူးမြော်ရတာ မျက်စိကို တန်ဆာဆင်နေတာပါ"

"မိမိတို့မျက်စိမှာ အမြင် လွန်မြတ်ပါတယ်၊ အမြင်မြတ်တဲ့ အတွက် ဖြစ်လေရာဘဝတိုင်းမှာ မျက်စိရောဂါမဖြစ်ဘဲ မျက်လုံး လှပါမယ်၊ စာထဲမှာ မျက်လုံးအလှကို သမင်မမျက်လုံးနဲ့ နှိုင်းခိုင်းပါတယ်"

"တစ်မျက်နှာလုံးလှပေမယ့် မျက်လုံးတစ်လုံးသာပျက်၊ တစ်မျက်နှာလုံး၊ တစ်ကိုယ်လုံးပျက်ပြီ၊ တစ်ကိုယ်လုံး မလှပေမယ့် မျက်လုံးလှရင် အတော်လှပါတယ်"

http://www.dhammadownload.com



## လက်ကိုတန်ဆာဆင်ခြင်း

"ဘုန်းကြီးတို့ပရိသတ်တွေ ဒီစာပြန်ပွဲ၊ စာမေးပွဲ၊ တရားပွဲကြီးလာရင်းနဲ့ ရာသက်ပန်အသင်ဝင်ကြေးလှူခြင်း၊ နိဗ္ဗ ငွေပဒေသာလှူခြင်း၊ စာအောင်ဆုလှူခြင်း၊ ဆွမ်းလှူခြင်း၊ အဖျော်ယမကာလှူခြင်း၊ ဆေးဝါးဓာတ်စာလှူခြင်း စသည်ဖြင့် အလှူအမျိုးမျိုး လှူကြရတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီလို ကိုယ်နှစ်သက်ရာ နှစ်သက်ရာ လှူရတာဟာ မိမိတို့လက်ကို တန်ဆာဆင်ရတာပါ၊ ဒီလာတဲ့အတွက် လက်ရဲ့ အဆင်တန်ဆာလည်း မရဘူးလား"

"ရပါတယ်ဘုရား"

"အေး–စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းဆိုတာ လက်နှင့် အဓိကအားဖြင့် လှူရတာပါ၊ ဒါ့ကြောင့် ပေးကမ်းစွန့်ကြဲလှူဒါန်း ခြင်းကို ဘာခေါ်လဲဆိုတာ သိရအောင် ဆိုကြည့်စမ်းပါ–

◆ **ပေးကမ်းခြင်းဟာ၊ လက်တန်ဆာ၊ လွန်စွာလှပ သည်။**

ပေးကမ်းလှူဒါန်းနေတာဟာ လက်ကို တန်ဆာဆင်နေတာပါ၊ ဘုန်းကြီးတို့ ပရိသတ်တွေ သတိထားကြည့်ပါ၊ လက်လှတဲ့သူ ဟာလည်း အတော်ရှားပါတယ်၊ လက်မလှလို့ လက်ကို တန်ဆာ ဆင်ရတာလည်း အကုန်မသေးပါဘူး"

http://www.dhammadownload.com



"လက်ပတ်နာရီတို့၊ လက်ကောက်တို့၊ လက်စွပ်တို့ အမျိုးမျိုးပဲ၊ အေး–ပေးကမ်းစွန့်ကြဲနေသူမှာ လက်ပတ်နာရီတို့၊ လက်ကောက်တို့ မလိုတော့ပါ"

"အမယ်လေး–အခုတော့ လက်ကိုတန်ဆာဆင်လိုက်ရတာ အမောတကောပဲ၊ တော်တော်ကြာ အဲဒီ လက်တန်ဆာအတွက်နဲ့ လက်ဖြတ်ခံရဦးမယ်၊ အဖြတ်ခံရတာတွေ ရှိတယ်မဟုတ်လား"

"ရှိပါတယ်ဘုရား"

"အေး–ရှိတယ်၊ လက်ဝတ်တန်ဆာလိုချင်လို့ လက်ဖြတ်ကြတယ်၊ နားတန်ဆာလိုချင်လို့ နားဖြတ်ကြတယ်၊ တချို့နှာခေါင်းတန်ဆာလိုချင်လို့ နှာခေါင်းဖြတ်တာလည်း ရှိပါတယ်"

"တန်ဆာဆင်တယ်ဆိုတာ ပင်ကိုကမလှလို့ တန်ဆာဆင်ရတာပါ၊ ပင်ကိုယ်က လှပနေရင် ဒီတန်ဆာတွေနဲ့ တန်ဆာဆင်ဖို့ လိုသေးလား"

"မလိုပါဘုရား"

"အေး–အဲဒါကြောင့် ဒီစာမေးပွဲ၊ စာပြန်ပွဲကြီးဟာ ဘုန်းကြီးတို့ပရိသတ်တွေကို အဆင်တန်ဆာ အစုံရတဲ့ပွဲကြီးပါ၊ ကျေးဇူးများတဲ့ပွဲကြီးပါ၊ ဘုန်းကြီးတို့အနေနဲ့က အဲဒီပွဲကြီးကို အားအဆင့်ပေးတဲ့အနေနဲ့ ဓမ္မကို ချီးမြှောက်သောအားဖြင့် ဟောကြားပေးတာပါ"

http://www.dhammadownload.com



## ကာကွယ်ရေးဟော

"ဘုန်းကြီးတို့ ဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်လာတာ ဓမ္မကိုပေးဖို့ ပွင့်လာတာ၊ အခု စာပြန်ပွဲ, စာမေးပွဲဆိုတာ ဓမ္မကို ချီးမြှောက်တာ၊ အဲဒီလို ဓမ္မနဲ့ ချီးမြှောက်တဲ့နေရာ မျိုးမှာ မသိ, မလိမ္မာ, မိုက်မဲသူတွေ ဓမ္မန္တရာယ် မသင့်အောင် ဓမ္မကို ကာကွယ်တဲ့အနေနဲ့ ဘုန်းကြီးတို့က ဓမ္မန္တရာယ်ကာကွယ် ရေးတရားတော်ကို ဟောပေးတာပါ"

"အေး-ဓမ္မန္တရာယ် ကာကွယ်ရေးကနေပြီး အဆင်တန် ဆာအကြောင်း ရောက်သွားပါတယ်၊ ဓမ္မန္တရာယ်ကာကွယ် ရေးကို ပြန်ပြီးစကြရအောင်ပါ၊ ဟို-ဓမ္မန္တရာယ်သင့်ခဲ့တဲ့ သပ္ပဒါသထေရ် ရဟန္တာဖြစ်သွားတာ မမြန်ဘူးလား"

"မြန်ပါတယ်ဘုရား"

## တစ်ခဏဖြင့် အရဟတ္တမဂ်ရနိုင်ပါသလား

"အဲဒီလို ရဟန္တာဖြစ်သွားတာကို ဘုရားရှင်ရဲ့ မိန့်ကြား ချက်အရ ရဟန်းတော်တွေ သိသွားတော့ ရဟန်းတော်တွေက မေးကြပါတယ်၊ ဘယ်လိုမေးလဲ"

"မြတ်စွာဘုရား၊ ဒီသပ္ပဒါသထေရ်ဟာ သင်ဓုန်း ဓားဖြင့် လည်ပင်းကိုလှီးရန် လည်ပင်းဓားတင်စဉ် ရဟန္တာဖြစ်သွားပါတယ်၊ မြတ်စွာဘုရား-ဤမျှ တစ်

http://www.dhammadownload.com



ခဏမျှတိုတောင်းလှတဲ့ အချိန်အတွင်းမှာ အရဟတ္တမဂ် ရနိုင်ပါသလား၊ ရဟန္တာ ဖြစ်နိုင်ပါသလား" လို့ မေးပါတယ်၊ ရဟန်းတော်တွေက အတော်အမေးထူတဲ့ ရဟန်းတော်တွေပဲ၊ သူတို့မေးလို့လည်း ဘုန်းကြီးတို့ သိရတာပေါ့၊ ဘုန်းကြီးတို့ပရိသတ်ကတော့မမေးပါဘူး၊ ဟောရင်နာမယ်၊ ပြီးရင်ပြန်မယ်ပေါ့၊ အေး–အဲဒီလို မေးတဲ့အခါ ဘုရားရှင်က–

"ရဟန်းတော်များ အိုချစ်သားတို့– ဤမျှ တစ်ခဏမျှ တိုတောင်းလှတဲ့အချိန်အတွင်းမှာ အရဟတ္တမဂ် ရနိုင်ပါတယ်၊ ရဟန္တာဖြစ်နိုင်ပါတယ်"

"ရဟန်းတော်များ အိုချစ်သားတို့၊ အားထုတ်အပ်သော၊ လုံ့လဝီရိယရှိသော ရဟန်းတော်ဟာ ခြေထောက်မြေမှကြွ၍ ရှေ့လှမ်းပြီး မြေကြီးသို့ ခြေထောက်မကျမီအတွင်း အရဟတ္တမဂ်ကို ရနိုင်ပါတယ်၊ ရဟန္တာဖြစ်နိုင်ပါတယ်"

"ရဟန်းတော်များ အိုချစ်သားတို့– ပျင်းရိမှေ့လျော့သော ပုဂ္ဂိုလ်ရဲ့ အသက်တစ်ရာ ရှည်တာထက် အားထုတ် အပ်သော လုံ့လဝီရိယရှိသော ရဟန်းတော်ရဲ့ ခဏမျှ အသက်ရှင်ရခြင်းသည် မြတ်တယ်"

http://www.dhammadownload.com



လို့ ဟောကြားပြီး ပျင်းရိသူ၏ အသက်တစ်ရာနှင့် လုံ့လဝီရိယရှိသူ၏ တစ်ရက်မျှ အသက်ရှင်မြတ်ပုံကို–

"ရဟန်းတော်များ အိုချစ်သားတို့–ပျင်းရိမှုလျော့ပေါ့ဆသည်ဖြစ်၍ ယုတ်ညံ့သော ဝီရိယရှိသည်ဖြစ်၍ အသက်တရာ ရှည်ရခြင်းသည် မမြတ်"

"ရဟန်းတော်များ အိုချစ်သားတို့– မြဲမြံစွာ အားထုတ်အပ်သော၊ လုံ့လဝီရိယရှိသောသူရဲ့ တစ်ရက်ကလေးမျှ အသက်ရှင်ရခြင်းသည် မြတ်တယ်"

လို့ ဘုရားရှင် ဟောထားပါတယ်၊ ကဲ–ဘုန်းကြီးတို့ပရိသတ် အသက်ရှည်ပေမယ့် ရှည်တာချင်းမတူဘူးနော်၊ အကျိုးရှိရှိ အသက်ရှင်ခြင်းနှင့် အကျိုးမရှိ အသက်ရှင်ခြင်းလို့ မကွဲဘူးလား"

"ကွဲပါတယ်ဘုရား"

## ပျင်းတယ်ဆိုတာ

"အေး–ဘုရားရှင် သာသနာတော်မှာ အချိန်ဆိုတာ ရှည်တာက ပဓာန မဟုတ်ပါဘူး၊ နည်းတာ, များတာကလည်း ပဓာနမဟုတ်ပါဘူး၊ ပျင်းတာ, မပျင်းတာ၊ ဝီရိယရှိတာ မရှိတာ ပဓာနပါ"

"အဲဒီလိုဆိုရင် ဘုန်းကြီးတို့ ပရိသတ်အတွက် တရားအားထုတ်ရတာ လွယ်ပါတယ်၊ သို့မဟုတ်ရင် မလွယ်ပါ၊

http://www.dhammadownload.com



ပင်ပန်းပြီး၊ အချိန်ကုန်ပြီး တရားကြောက် သွားတတ်ပါတယ်၊ ကြောက်သွားသူတွေလည်း အများကြီး တွေ့ရပါတယ်"

"အဲဒါကြောင့် တရားအားထုတ်ရာ၌ လွယ်ကူအောင်၊ ပျင်းတာနဲ့ ဝီရိယရှိတာ ကွဲပြားသွားအောင် ရှင်းပြရအောင်ပါ၊ သေသေချာချာနာကြားပါ"

"ပျင်းရိမှုလျော့ ပေါ့ဆပြီးတော့ ယုတ်လျော့သော ဝီရိယရှိသော၊ ဝီရိယဖျင်းသော ဝီရိယမရှိဘဲ အသက်တစ်ရာ ရှည်နေရတာထက် လုံ့လဝီရိယရှိပြီးတော့ လုံ့လဝီရိယရှိတဲ့ ပုဂ္ဂိုလ်ရဲ့ တစ်နေ့တစ်ရက် တစ်နံနက်မျှ အသက်ရှည်ရတာ၊ အသက်ရှင်ရတာက မြတ်ပါတယ်လို့ ဘုရားရှင်ကိုယ်တိုင် ဟောခဲ့တယ်၊ အဲဒီမှာ ပျင်းတာနဲ့ ဝီရိယရှိတာ ရှင်းပြရအောင် ဆိုကြည့်စမ်းပါ"

◆ **ကာမတရားကြီး ပျက်စီးကြဲနှင့် ညှင်းကြဲလေငြား။ ပျင်းရိများလျက်၊ လျော့ပါးလုံ့လ၊ ဖြစ်ထလွန်စွာ၊ အသက်တရာ၊ ရှည်ကြာမမြတ်ပါ။**

ကာမက နှစ်မျိုးရှိပါတယ်၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဆိုတဲ့ အာရုံငါးပါးကို ဝတ္ထုကာမလို့ခေါ်ပါတယ်၊ ဝတ္ထုကာမဆိုတာ အမှန်တကယ် ပြောရရင် လိုချင်စရာပစ္စည်းတွေကို ခေါ်ပါတယ်"

http://www.dhammadownload.com



"အဲဒီ လိုချင်စရာပစ္စည်းတွေကို တစ်ခါထပ်ခွဲရင် သက်ရှိ လိုချင်စရာ, သက်မဲ့လိုချင်စရာရယ်လို့ နှစ်မျိုးဖြစ်လာပြန်ပါတယ်"

"အဲဒီ လိုချင်စရာ ပစ္စည်းတွေကို လိုချင်တတ်တဲ့ တဏှာကို ကိလေသာကာမလို့ ခေါ်ပါတယ်၊ လိုချင်တတ်တဲ့ ကိလေသာ ကာမရှိနေတဲ့ သတ္တဝါတွေဟာ ဘယ်လိုများ လိုချင်စရာပစ္စည်းတွေရပ့ါမလဲလို့ အမြဲတမ်းပဲ လိုချင်စရာပစ္စည်း ကောင်းကောင်းရအောင် ကြံဆောင်နေတတ်ကြပါတယ်"

"ဟုတ်ပါတယ်၊ ပထမဦးဆုံး လိုချင်စရာပစ္စည်းကို ကြံပါတယ်၊ ပြီးတော့ အဲဒီပစ္စည်းကို ဘယ်လိုရအောင်လုပ်ရပါ့မလဲလို့ ကြံပါတယ်၊ ပြီးတော့ ကြိုးစားပြီး ရအောင်ကြံဆောင်ပြုလုပ်ပါတယ်၊ အဲဒါကို ကာမတရားကြံလို့ခေါ်ပါတယ်"

"ဘုန်းကြီးတို့ပရိသတ်တွေ တစ်နေ့ တစ်နေ့ ဘာတွေ ရှာကြံနေသလဲမေးရင် အဲဒီကာမတရားတွေပဲ ရှာကြံနေတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဘယ်လိုများ ကောင်းကောင်းလေး စားရပ့ါမလဲ၊ ဝတ်ရပ့ါမလဲ၊ နေရပ့ါမလဲ၊ စား, ဝတ်, နေရေးဆိုတဲ့ အရေး သုံးပါးကောင်းဖို့ ကြံဆောင်နေတာဟာ ကာမတရားကြံလို့ ခေါ်ပါတယ်"

http://www.dhammadownload.com



"ဘယ်လိုများ ဒီသံသရာထဲက ထွက်ရပ့်ါမလဲ၊ ဘယ်တော့များ လွတ်မြောက်ပ့်ါမလဲ၊ မဂ်, ဖိုလ်, နိဗ္ဗာန်ရောက်အောင် ဘယ်လိုများ ပြုလုပ်ရပ့်ါမလဲ၊ ဘယ်တော့များမှ မဂ်, ဖိုလ်, နိဗ္ဗာန်ရပ့်ါမလဲလို့ ကြံဆောင်တာဟာ ကာမမှ ထွက်မြောက်အောင် ကြံတဲ့အကြံပါ"

"ဘုန်းကြီးတို့ပရိသတ်တွေ ကုသိုလ်ရေးကြံစည်နေတာ၊ တရားနာရန်, တရားအားထုတ်ရန် ကြံစည်တာကတော့ ကာမမှ ထွက်မြောက်အောင် ကြံတာပါ"

"မိမိတို့ လူ့ဘောင်ဌာန, လူ့လောကမှာတော့ အများအားဖြင့် ကာမတရားကြံတွေပဲ များပါတယ်၊ အချိန်အားဖြင့်လည်း ကာမတရား ကြံချိန်ပဲ များပါတယ်"

"ကာမမှ ထွက်မြောက်အောင် ကြံတဲ့လူဟာ အင်မတန်နည်းပါတယ်၊ ကြံတဲ့လူကိုလည်း ဝိုင်းပြီးတော့ဖျက်ဆီးပစ်တာများပါတယ်"

"ဟုတ်တယ်လေ၊ အမျိုးသားတစ်ယောက်က ရဟန်းခံချင်တယ်ဆိုရင် ဝိုင်းပြီး မြန်မြန်ထမြောက်အောင် အားပေးကူညီတဲ့လူနဲ့ အချိန်ဆွဲတဲ့လူ, ဖျက်တဲ့လူ ဘယ်သူများလဲဆိုရင် အချိန်ဆွဲတဲ့လူ, ဖျက်တဲ့လူတွေပဲ များပါတယ်"

"အမျိုးသမီးတစ်ယောက် သီလရှင်ဝတ်ချင်တယ်ဆိုရင်လည်း မြန်မြန်ထမြောက်အောင် ဝိုင်းပြီးအားပေးကူညီတဲ့

http://www.dhammadownload.com



လူနဲ့ အချိန်ဆွဲတဲ့လူ, ဖျက်တဲ့လူ ဘယ်သူများလဲဆိုရင် အချိန်ဆွဲတဲ့ လူ, ဖျက်တဲ့လူက ပိုပြီးတော့များပါတယ်"

"သီလရှင်ဝတ်ချင်တယ်၊ ရဟန်းခံချင်တာဆိုတာဟာ ကာမမှ ထွက်မြောက်အောင် ကြံဆောင်တဲ့အကြံပါ၊ ဒီအကြံမျိုး ကြံနိုင်တဲ့အမျိုးသား, အမျိုးသမီးတွေမှာ နေက္ခမ္မပါရမီ ဓာတ်ခံပါလာလို့ ကြံနိုင်တာပါ၊ သာမန် မဟုတ်ပါဘူး"

"အဲဒီနေက္ခမ္မပါရမီဓာတ်ခံကလေးကို ပိုပြီးတော့ ပြည့်မြောက်အောင်မြင်အောင် ဝိုင်းဝန်းပြီး အားပေးထောက်ပံ့ ချီးမြှောက်ရမှာပါ၊ အချိန်ဆွဲပြီး ဝိုင်းမဖျက်ပါနဲ့၊ ဖျက်ရင် ဓမ္မန္တရာယ်သင့်ပါတယ်၊ ကြံတောင့်ကြံခဲတဲ့ အကြံကောင်းမို့ ထမြောက်အောင် ဝိုင်းပြီး အားပေးကြပါနော်"

"မှန်ပါဘုရား"

## ပျက်စီးကြံ

"ပျက်စီးကြံဆိုတာက ကိုယ်တော့ကျန်းမာစေ, ချမ်းသာစေ, သူများတော့ ပျက်စီးစေဆိုတဲ့သဘောနဲ့ သူတစ်ပါးတွေမှာ ကျန်းမာရေး, ချမ်းသာရေး ပျက်ပြားသွားအောင် ကြံဆောင်တာမျိုးကို ပျက်စီးကြံလို့ ခေါ်ပါတယ်"

"အဲဒီအကြံမျိုးဟာ မသူတော်တို့ရဲ့ အကြံမျိုးပါနော်၊ သူတော်ကောင်းတွေကတော့ သူတစ်ပါးတွေ ကျန်းမာရေး,

http://www.dhammadownload.com



ချမ်းသာရေးပဲ ကြိုးဆောင်ပါတယ်၊ ပျက်စီးအောင် မကြိုးဆောင် ပါဘူး"

"အေး–သူတစ်ပါးတွေ ပျက်စီးအောင်တော့ မကြိုးဆောင် ပါဘူးတဲ့၊ သူတစ်ပါးတွေ ကိုယ်ဆင်းရဲ–စိတ်ဆင်းရဲဖြစ်အောင်, ပင်ပန်းအောင်, စိတ်နှလုံး မချမ်းမြေ့အောင် ဘယ်လိုလုပ် ရပ့်ါမလဲ–ပြောဆိုရပ့်ါမလဲ စသည်ဖြင့် ကြိုးဆောင်လို့ရှိရင် ညှင်းကြိုလို့ ခေါ်ပါတယ်"

"အေး–မိမိရဲ့ စီးပွားချမ်းသာ ပြည့်စုံရေး၊ စားဝတ်နေ ရေး ပြေလည်ရေး၊ နာမည်သတင်းကျော်စောရေး၊ လာဘ် လာဘ ပေါများရေးစတဲ့ အရေးတွေ ကြိုးစည်နေရင် ကာမ တရားကြိုပါ"

"သူတစ်ပါး ပျက်စီးကြောင်း ကြိုးဆောင်ရင် ပျက်စီး ကြို၊ သူတစ်ပါးဆင်းရဲကြောင်းကြံရင် ညှင်းကြိုပါ။ အဲဒီအကြို သုံးမျိုးနဲ့ အသက်တစ်ရာ ရှည်နေပေမယ့် သူ့ရဲ့ အသက်ရှင် ခြင်း၊ ရှည်ခြင်းဟာ မမြတ်ပါတဲ့"

"ကဲ–ဘုန်းကြီးတို့ ပရိသတ်တွေ အမှန်ပြောကြစမ်း ပါ၊ တစ်နေ့တစ်နေ့ ဘာတွေကြံနေကြသလဲ၊ ဘယ်လိုများ ကောင်းကောင်းကလေး စားရပ့်ါ၊ ဘယ်လိုများ ကောင်းကောင်း ကလေး ဝတ်ရပ့်ါ၊ ဘယ်လိုများ ကောင်းကောင်းကလေး နေရပ့်ါလို့ ကြံမနေကြဘူးလား"

http://www.dhammadownload.com



"အင်း–အပြောခက်နေပြီ၊ ဘာအပြောခက်ရမလဲ၊ ကြံနေရင်လည်း၊ ကြံနေတယ်ပေါ့၊ အဲဒီလိုကြံနေရင် အပျင်း တွေတဲ့နော်၊ ပျင်းလျှင်ဖျင်း လူချင်းမတူရာတဲ့"

"သူတော်ကောင်းစိတ်ဓာတ် အသင့်အတင့်ရှိတယ်ဆိုရင် သူတစ်ပါး ပျက်စီးအောင် သူတစ်ပါးဆင်းရဲအောင်တော့ ကြံခဲပါတယ်၊ မကြံတတ်ပါဘူး"

"မိမိရဲ့ ကောင်းကောင်းဝတ်ရရေး, စားရရေး, နေရရေး ဆိုတဲ့ အရေးတွေတော့ ကြံတတ်ပါတယ်၊ တစ်ကိုယ်ကောင်း ကြံ, အပျင်းကြံပါပဲနော်၊ အသက်ရှင် မမြတ်ဘူးတဲ့နော်"

"မှန်ပါဘုရား"

ရာထက် မြတ်လှပါ

"ဘုန်းကြီးတို့ပရိသတ်၊ မမြတ်တာရှိရင် မြတ်တာရှိရပါ့ မယ်၊ ဘယ်လိုနေလျှင် မြတ်လဲ၊ ဘယ်လိုလုပ်လျှင် မြတ်လဲ၊ အဲဒါသိဖို့လိုပါတယ်။ ဆိုကြည့်စမ်းပါ–

◆ **သမထချာန်၊ ဝိပဿ်ချာန်နှင့်၊ နှစ်တန်ချာန် များ။ ရလိုင်ြား၍၊ ကြိုးစားတရက်၊ ရှည်အသက်၊ ရာထက် မြတ်လှပါ။**

ဒီလင်္ကာကို ရှင်းရှင်းပြောရရင် ဈာန်ရအောင်, မဂ်ရအောင် တရားမေ့ကို ကျင့်ကြံကြိုးကုတ် အားထုတ်နေသူရဲ့ တစ်ရက် ကလေးမျှ အသက်ရှည်ရခြင်းဟာ မြတ်ပါတယ်၊ ဘယ်သူ့

http://www.dhammadownload.com



ထက် မြတ်တာလဲဆိုရင် ကာမတရားကြံ၊ ပျက်စီးကြံ၊ ညှင်းကြံပြီး အသက်တရာ ရှည်သောသူထက် မြတ်တယ်"

"တရာနဲ့ တရက် ကွာခြားလှပါတယ်၊ ဘာဖြစ်လို့ကွာလဲ၊ ကာမတရားကြံ၊ ပျက်စီးကြံ စသည်ဖြင့် ကြံစည်ကြိုးကုတ် အားထုတ်တာ အသက်တစ်ရာရှည်ခြင်းဟာ သံသရာရှည်ဖို့၊ အပါယ်ကျတာရှည်ဖို့ပါ"

"ရှာန်ရ၊ မဂ်ရ အားထုတ်သူရဲ့ တစ်ရက်မျှ အသက်ရှည်ခြင်းဟာ သံသရာတိုဖို့ အပါယ်တံခါးပိတ်ဖို့ နိဗ္ဗာန်တံခါးဖွင့်ဖို့ပါ၊ ဒါ့ကြောင့် မြတ်တာပါ၊ ဘုန်းကြီးက အဲဒီသဘော သိရအောင် တရားပွဲစဉ် စာရွက်နောက်ကျောမှာ မဃဒေဝ လင်္ကာလေးတစ်ပိုဒ် ရေးထားတယ်၊ ဆိုကြည့်စမ်းပါ–

◆ **ပညာရှိသူ၊ လူဟူသည်ကား၊ တရားကိစ္စ၊ မရှိကြဘဲ၊ လောကရေးရာ၊ အားထုတ်ကာလျှင်၊ ရှည်ကြာနေ့ ည၊ လွန်သမျှကို၊ ကာလ အမြတ်၊ ရေမမှတ်ဘူး၊ ကျင့်ဝတ်ခိုင်ကျည်၊ ဆောက်တည်မပျက်၊ ထိုသည့်ရက်မူ၊ အသက် ရှင်မြတ်၊ ရေတွက်မှတ်၏။**

ဒီလင်္ကာလေးဟာ သိပ်ကောင်းပါတယ်၊ လူတွေ ဖတ်မိရင် သဘောပေါက်အောင် တရားပွဲစဉ်နောက်ကျောမှာ ရေးထည့် လိုက်ပါတယ်၊ အဓိပ္ပာယ်လည်း လွယ်ကူရှင်းလင်းပါတယ်"

http://www.dhammadownload.com



"ကြောင်းကျိုးမြင်သိ၊ ကောင်းဆိုးမြင်သိ၊ မှား–မှန်ခွဲသိ ပညာရှိတဲ့ ပုဂ္ဂိုလ်တွေဟာ လောကထဲ လူလာဖြစ်တဲ့ အခိုက်အခါလေးမှာ လောကရေးဖြစ်တဲ့ စီးပွားရေး ကြီးပွားရေး စတဲ့ အရေးများစွာတွေနဲ့ အချိန်ကုန်မခံဘဲ လောကရေးတွေ အားထုတ်ပြီး ကုန်လွန်သွားတဲ့ ရက်, လ, နှစ်တွေကို အသက်ရှင်မြတ်တဲ့ ရက်, လ, နှစ်တွေလို့ ရေတွက်မှတ်သားမထားပါဘူးတဲ့"

"အခုလို ဒါန သီလ, ဘာဝနာ, ဝေယျာဝစ္စစတဲ့ ကျင့်ဝတ်တရားတွေကို ဆောက်တည်ကျင့်သုံးတဲ့ ရက်တွေကိုမှ အသက်ရှင်မြတ်တဲ့ ရက်, လ, နှစ်လို့ ရေတွက်ပါတယ်၊ မှတ်သားပါတယ်တဲ့"

"ကဲ–ဒါဖြင့် ဘုန်းကြီးတို့ပရိသတ်တွေ အသက်ဘယ်လောက်ရှိပြီလဲမေးရင် ဘယ်လိုဖြေမလဲ၊ အင်း–ခုမှ ခက်ပြီ၊ ကိုယ့်အသက်ကို ဘယ်လောက်ရှိမှန်း မသိဘူးဆိုတာမှ အခက်ပဲ"

"ဟုတ်တယ်လေ၊ အခုလို ဒါနပြု၊ သီလဆောက်တည်၊ ဘာဝနာတရားတွေ့ ပွားများအားထုတ်ရင်းနဲ့ အချိန်ကုန်တဲ့ ရက်, လ, နှစ်ကိုပဲ အသက်ရှင်မြတ်တဲ့ရက်လို့ မှတ်ရမှာဆိုတော့ အတော် တွက်ယူရမယ်"

"တစ်နေ့မှာ ဒါန, သီလ, ဘာဝနာ ပြုလုပ်တဲ့အချိန် ဘယ်နှစ်နာရီ၊ တစ်လမှာ ဘယ်နှစ်ရက်၊ တစ်နှစ်မှာ ဘယ်

http://www.dhammadownload.com



နှစ်ရက်၊ ဘယ်နှစ်လ စသည်ဖြင့် ပေါင်းစုပြီး တွက်ကြည့်ပါ၊ ဘယ်နှစ်ရက်သားသမီး၊ ဘယ်နှစ်လသားသမီး၊ ဘယ်နှစ် နှစ်သားသမီးလဲဆိုတာ ပေါ်လာပါလိမ့်မယ်"

"အဲဒီလို ရေတွက်ရင် ဘုန်းကြီးတို့ ပရိသတ်တွေ အသက် (၅၀) ရှိပါပြီ၊ (၆၀) ရှိပါပြီ၊ (၇၀) ရှိပါပြီဆိုတဲ့ လူ တွေသည်ပင်လျှင် (၅) လသားသမီး (၆) သားသမီး၊ (၇) လသားသမီးဖြစ်ဖို့ မလွယ်တာကို တွေ့ရပါမယ်"

## သမထဆိုတာ

"ဟုတ်တယ်လေ၊ အခု ဆယ်ရက်စခန်းဝင်ပြီး တရား အားထုတ်ပါတယ်ဆိုပေမယ့် တစ်သက်နဲ့တစ်ကိုယ် အခုမှ ဆယ်ရက်ပဲ အားထုတ်ဖူးသေးတယ်ဆိုရင် ဆယ်ရက်သား သမီးပဲ ရှိသေးတာပေါ့"

"နောက်–နောက်က မိမိတို့အနေနဲ့ ဒါန၊ အဲဒီမှတစ်ဆင့် တက်ရင် သီလ၊ အဲဒီမှတစ်ဆင့်တက်ရင် သမထလောက်ပဲ ရှိတယ်၊ အဲဒါတွေကလည်း ရက်ပြည့်မဟုတ်ပါ၊ အချိန်ပိုင်း နာရီပိုင်းလောက်ပဲရှိတာပါ၊ အဲဒါတွေ ပြန်စုရင် တစ်နှစ်မှာ ဘယ်နှစ်ရက်လောက်ပဲရှိမလဲ၊ စဉ်းစားကြည့်ပါ၊ သိပ်မရှိပါဘူး"

"ကဲ–ဒါတွေ ထားပါတော့ ဒီလောက်ဆိုရင် အသက် ရှင် မြတ်, မမြတ် သဘောပေါက်ပါပြီ၊ သမထဈာန်, ဝိပဿနာဈာန်ဆိုတဲ့ စကားကို ရှင်းရအောင်၊ ဆိုကြည့်စမ်းပါ–

http://www.dhammadownload.com



◆ **ကသိုဏ်းစသား၊ အာရုံများကို၊ ကပ်ငြားရှုခါ၊ ထိုဈာန်ဟာ၊ မည်ပါသမထာ။**

ကသိုဏ်းဆိုတာ ပထဝီကသိုဏ်း၊ အာပေါကသိုဏ်းစတဲ့ ကသိုဏ်းတွေကို ခေါ်ပါတယ်၊ အဲဒီကသိုဏ်းဝန်း အာရုံတွေကို အရှုခံအာရုံအဖြစ်ထားပြီး ရှုပွားမယ်ဆိုရင် အဲဒါ သမထတဲ့၊ သမထဈာန်ပေါ့-"

"ကိလေသာတွေကို အတော်ကြာကြာ ငြိမ်းအေးစေနိုင်တဲ့သဘောကို သမထခေါ်ပါတယ်၊ ဈာန်ဆိုတာက စိုက်စိုက်စူးစူး ရှုတဲ့သဘောကို ခေါ်ပါတယ်၊ လယ်တီဆရာတော်ဘုရားကြီးက အဲဒီဈာန်ကို လင်္ကာစီထားပါတယ်၊ ဆိုကြည့်စမ်းပါ-

◆ **စိုက်စိုက်စူးစူး၊ အထူးမြဲမြံ၊ ရှုအားသန်၊ ဈာန်ဟုခေါ်သတတ်။**

ဒါ လယ်တီဆရာတော်ဘုရားကြီး လင်္ကာပါ၊ သမထဈာန်ဆိုတဲ့ အဓိပ္ပာယ်ကို ဘုန်းကြီးတို့ပရိသတ်တွေ သဘောပေါက်ပြီနော်၊ ကိလေသာတွေ အခိုက်အတန့်ငြိမ်းအေးဖို့ရာ ကသိုဏ်းစတဲ့ အာရုံတွေကို စိုက်စိုက်စူးစူး ရှုရင် သမထဈာန်"

## ဝိပဿနာဈာန်

"အေး-သမထဈာန်တော့ သဘောပေါက်ပါပြီ၊ ဝိပဿနာဈာန်က ဘယ်လိုလဲဆိုရင်၊ ကဲ-ကဲ ဆိုကြည့်စမ်းပါဦး-

http://www.dhammadownload.com



◆ **အနိစ္စသား၊ လက္ခဏာများကို၊ ကပ်ငြားရှုခါ၊ ထိုရျာန်ဟာ၊ မည်ပါဝိပဿနာ။**

အေး–ရုပ်, နာမ်, ဓမ္မ သင်္ခါရတွေရဲ့ မမြဲတဲ့ အနိစ္စလက္ခဏာ၊ ဆင်းရဲတဲ့ ဒုက္ခလက္ခဏာ၊ အစိုးမရတဲ့ အနတ္တလက္ခဏာကို မြင်အောင် စိုက်စိုက်စူးစူးရှုရင် ဝိပဿနာဈာန်ပေါ့"

"ဘုန်းကြီးတို့ ပရိသတ်တွေ သမထနဲ့ ဝိပဿနာ ကွဲပြားအောင် မှတ်သားနာယူပါ၊ သမထက အာရုံရှု, သဏ္ဍာန်–ဒြပ်ရှု၊ ဝိပဿနာက လက္ခဏာရှု, သဘောတရားရှု မတူပါဘူး"

"ယောဂီအတော်များများ တွေ့ရပါတယ်၊ အမည်ခံတာ ကတော့ ဝိပဿနာပါ၊ ရှုတာကတော့ အာရုံရှု, သဏ္ဍာန်– ဒြပ်ရှုတွေ ဖြစ်နေတာ အများကြီးပါ၊ သမထပဲပေါ့"

"ရှုပုံချင်းကတော့ စိုက်စိုက်စူးစူးမို့ တူပါတယ်၊ ဒါပေမယ့် အာရုံရှုနဲ့ လက္ခဏာရှုရယ်လို့ ကွဲပါတယ်၊ မတူပါဘူး၊ ရောပြီး လိုက်မသွားပါနဲ့"

"စိုက်စိုက်စူးစူးရှုတာချင်း ဈာန်သဘောနဲ့ ပြောရင် တူပေမယ့် ကသိုဏ်း စတဲ့အာရုံတွေကို စိုက်စိုက်စူးစူးရှုရင် သမထဈာန်၊ အနိစ္စ စတဲ့ လက္ခဏာတွေကို စိုက်စိုက်စူးစူး ရှုရင် ဝိပဿနာဈာန် ကွဲပြားတယ်မဟုတ်လား"

http://www.dhammadownload.com



"အေး–မိမိတို့ အားထုတ်တဲ့ တရားကို ချာန်လမ်းလား, မဂ်လမ်းလား ကွဲပြားဖို့ သိဖို့ အရေးကြီးပါတယ်၊ သမထဆိုတာ ချာန်လမ်းပါ၊ ဝိပဿနာက မဂ်လမ်းပါ"

"သမထ ပွားများအားထုတ်ရင် ချာန်ရမယ်ပေါ့၊ အဆုံးက ဘယ်လဲ၊ ဗြဟ္မာ့ပြည်ပေါ့၊ ဝိပဿနာပွားရင်, အားထုတ်ရင် မဂ်ရမယ်၊ အဆုံးက နိဗ္ဗာန်ပေါ့"

"အေး–အဲဒီလို ဘုရားရှင်က ဒီဿသနာတော်မှာ မပျင်းမရိ လုံ့လရှိစွာ အားထုတ်သောရဟန်းတော်ဟာ ခြေ ကြွပြီး ရှေ့ခြေလှမ်း ပြန်မချမီ အရဟတ္တမဂ် ဖြစ်နိုင်, ရနိုင် တယ်"

"ဝီရိယလျော့ ပျင်းရိပေါ့ဆနေတဲ့ ရဟန်းရဲ့ အသက် တစ်ရာ ရှည်ရတာထက် လုံ့လဝီရိယရှိသော ရဟန်းရဲ့ တစ်ခဏမျှ အသက်ရှင်ရခြင်းသည် မြတ်တယ်လို့ ဟောကာ ဒေသနာနိဂုံး အဆုံးသတ်လိုက်ပါတယ်၊ ပရိသတ်တွေ များစွာ အကျိုးကျေးဇူး ရှိသွားပါတယ်"

"ဘုန်းကြီးတို့ ဟသ်ာတ မြို့သူ–မြို့သား စာပြန်ပွဲ, တရားပွဲလာ ပရိသတ်များလည်း သဘောပေါက်သွားပြီပေါ့ နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"သဘောပေါက်သွားရင် မပျင်းမရိ လုံ့လရှိဖို့ အရေးကြီးပါတယ်၊ ဘုရားရှင်ရဲ့ သာသနာတော်ဟာ မပျင်းမရိ လုံ့လရှိသူတွေရဲ့ နေထိုင်ရာ သာသနာတော်ကြီးပါ၊ အပျင်းတွေ, အဖျင်းတွေရဲ့ နေထိုင်ရာ သာသနာတော်မဟုတ်ပါ"

"မိမိတို့ကိုယ်တိုင် ဒါန, သီလ, ဘာဝနာတရားတွေ ကြိုးစားအားထုတ်နိုင်ရင် ကြိုးစားအားထုတ်ပါ၊ မိမိတို့ကိုယ်တိုင် မကြိုးစားနိုင်က သူများတွေ ကြိုးစားအားထုတ်နေတဲ့ ဒါန, သီလ, ဘာဝနာအမှုကို အားပေးပါ"

"တကယ်လို့ အားမပေးနိုင်ရင်လည်း နေနိုင်ပါတယ်၊ 'မကူညီချင်နေပါ၊ မနှောင့်ယှက်ပါနဲ့' ဆိုသလို သူများတွေ ပြုလုပ်နေတဲ့ ဒါန, သီလ, ဘာဝနာမှုတွေကို သွားပြီး ပြစ်တင်, ရှုတ်ချ, ကဲ့ရဲ့ကြမယ်၊ နှောင့်ယှက် ဖျက်ဆီးကြမယ်ဆိုရင် ပုညန္တရာယ်, ဓမ္မန္တရာယ်သင့်မကုန်ဘူးလား"

"သင့်ကုန်ပါတယ်ဘုရား"

"အခု–ဘုန်းကြီးတို့ ဟသံာတ မြို့သူ–မြို့သား၊ နယ်သူနယ်သား ယူတတ်သူအများမှာ စာမေးပွဲ, စာပြန်ပွဲသဘင်ကြီး အကြောင်းပြုပြီး ဒါနကုသိုလ်, သီလကုသိုလ်, သမထကုသိုလ်, ဝိပဿနာကုသိုလ်, ဝေယျာဝစ္စကုသိုလ် စသောများပြားလှစွာသော ကုသိုလ်တွေ ရကြတယ်မဟုတ်လား"

"ရကြပါတယ်ဘုရား"

http://www.dhammadownload.com



## ဓမ္မန္တရာယ်သင့်သူမယ်

"အဲဒီကုသိုလ်တွေဟာ ဓမ္မကိုချီးမြှောက်တဲ့ စာပြန်ပွဲ၊ စာမေးပွဲဓမ္မသဘင်ကြီးနဲ့ ပတ်သက်ပြီးရတဲ့ ကုသိုလ်တွေပါ၊ ဒါကြောင့် ဓမ္မကို မချီးမြှောက်နိုင်ရင်နေပါ၊ အန္တရာယ်မပြုပါနဲ့လို့ ဘုန်းကြီးတို့က ဟောပါတယ်၊ ကဲ–ဆိုကြည့်စမ်းပါ–

◆ **ဓမ္မန္တရာယ်၊ သင့်သူမယ်၊ နောင်ဝယ်မိုက်ဖျင်း။ လိမ္မာကင်း။ ယုတ်ခြင်းအတိ ဖြစ်လိမ့်မယ်။**

ဓမ္မန္တရာယ်သင့်တဲ့ အကုသိုလ်အပြစ်ဟာ အင်မတန်ကြီးပါတယ်၊ ရှင်တော်ဗုဒ္ဓရဲ့ တရားအာဏာစက်ကို ဟန့်တားရာရောက်ပါတယ်၊ ဖျက်ဆီးရာရောက်ပါတယ်"

"ဟုတ်တယ်လေ၊ ရှင်တော်ဗုဒ္ဓက (၄၅)ဝါကာလပတ်လုံး အအားမယူ၊ အနားမယူဘဲ ဓမ္မကိုလှည့်လည်ပေးတယ်၊ ဓမ္မရေအေးအမြိုက်ဆေး တိုက်ကျွေးပြီး အမြိုက်နိဗ္ဗာန်သို့ အရောက်ပို့တယ်"

"အဲဒီဓမ္မကို အန္တရာယ်ပြုသူတို့မှာ နောင်အခါဝယ် အမိုက်အဖျင်း အလိမ္မာကင်းသူတွေ, ယုတ်ညံ့သူတွေ ဖြစ်ပါလိမ့်မယ်၊ စာသင်မရ၊ ဆုံးမရခက်သူတွေ တရားမရသူတွေ ဖြစ်ပါလိမ့်မယ်"

"ဘုန်းကြီးတို့ပရိသတ်တွေ ရှင်စူဠပန်ထကရ်ကို ကြည့်ပါ၊ ကဿပဘုရားရှင်လက်ထက်က ဉာဏ်လေးသော ရဟန်းကို

http://www.dhammadownload.com



ပြောင်လျောင်မိလို့ ဓမ္မန္တရာယ်သင့်ကာ ဂါထာတစ်ပုဒ်လေးလ သင်တာ မရခဲ့ပါ။ ဒါ့ကြောင့်ဘုန်းကြီးတို့ ပရိသတ်တွေ ဓမ္မကို ချီးမြှောက်တဲ့ပွဲမှာ ဓမ္မန္တရာယ်မသင့်ကြပါစေနဲ့"

"ဘုန်းကြီးတို့ပရိသတ်မှာ စာပြန်ပွဲ, စာမေးပွဲနဲ့ပတ်သက်ပြီး ကုသိုလ်ပဒေသာပင်ကြီး ပေါက်နေသဖြင့် အကျိုးအင်မတန်ကြီးပါတယ်"

"မိမိတို့ ယခုစာပြန်ပွဲသဘင်ကြီးမှာ လှူဒါန်းရ, ဝေယျာဝစ္စလုပ်ရတာဟာ တစ်ကျောင်းတိုက်အတွက် မဟုတ်ပါ၊ တစ်မြို့နယ်လုံးအတွက်ပါ၊ တစ်သာသနာလုံးအတွက်ပါ"

"ဘုန်းကြီးတို့ ဘုရားရှင်တည်ထောင်တော်မူခဲ့တဲ့ သာသနာနှစ် ၅၀၀၀ မှာ ယခုဆိုရင် ၂၅၂၇–ခုနှစ် ကုန်လွန်သွားပြီပြီ"

"နှစ်ပေါင်း ၂၄၇၃–နှစ်ကျန်ပါသေးတယ်၊ အဲဒီကျန်တဲ့ နှစ်ပေါင်း ၂၄၇၃–နှစ်မှာလည်း အခုလို ဒကာ–ဒကာမတွေဘက်က အားတက်သရောနဲ့၊ တက်ညီလက်ညီနဲ့ ပစ္စည်းလေးပါး လှူဒါန်းခြင်း၊ ဝေယျာဝစ္စများပြုခြင်း–

ဆရာတော်သံဃာတော် အရှင်မြတ်တွေဘက်ကလည်း တက်ညီလက်ညီနဲ့ ပရိယတ္တိတာဝန်ကြီးထမ်းဆောင်ခြင်း၊ ပဋိပတ္တိတာဝန်ကြီး ကျင့်ကြံကြိုးကုတ်အားထုတ်မှုတွေပြုကြမယ်ဆိုရင် ပဋိဝေဓဆိုတဲ့ မဂ်, ဖိုလ်, နိဗ္ဗာန် အရသာများ

http://www.dhammadownload.com



ခံစားရကာ သာသနာ ၅၀၀၀ အထိ မတည်တံ့နိုင်ဘူးလား"

"တည်တံ့နိုင်ပါတယ်ဘုရား"

"အေး–အဲဒီအထဲမှာ ဘုန်းကြီးတို့က ရှေ့တန်းကပါဝင်ကာ သာသနာတော်သန့်ရှင်းရေး, တည်တံ့ရေး, ပြန့်ပွားရေး ဆိုတဲ့ အပိုင်း ၃–ပိုင်းလုံးမှာ ပါဝင်ကြကာ ကြိုးစားကြပါမယ်၊ ဘုန်းကြီးတို့ ပရိသတ်တွေကလည်း ပါဝင်အားပေး ထမ်းဆောင်နိုင်ကြပါစေ"

"အဲဒီလို ပါဝင်အားပေးထမ်းဆောင်နိုင်ကြသဖြင့် မျက်မှောက်ချမ်းသာ, တမလွန်ချမ်းသာ, နိဗ္ဗာန်ချမ်းသာများ ခံစား စံစားနိုင်ကြပါစေကုန်သတည်း–ဟု ဆုတောင်းရင်း နိဂုံးချုပ်ကြစို့–

◆ **ဟောဓိယာ ပစ္စယော ဟောတု၊**
**ဣဒံ နော ပုညမင်္ဂလံ။**
**ပုညဘာဂံ သုလဘန္တု၊**
**ပမောဒန္တု သဒေဝကာ။**

**နော**–မြင့်မြတ်သာကြည် ပါရမီရင့်ကျူး၊ ဇာနည်ထူးသူတော်စင် ကုသိုလ်ရှင်အကျွန်ုပ်တို့၏။

**ဣဒံ ပုညမင်္ဂလံ**–ဗုဒ္ဓဟောကြား၊ တရားဒေသနာမြတ်ဩဝါဒကို နာခံမှတ်သား ပြန်ဟောကြား၍ ပွားများကျင့်ကြံ

http://www.dhammadownload.com



အဖန်ဖန်ကြိုးကုတ် အားထုတ်ရသည့် ဤကုသိုလ်ပုညမင်္ဂလာသည်။

**ဗောဓိယာ**–သစ္စာလေးအင် နိုင်သဇင်ကို ပြိုင်ယှဉ်ခွတ်ခူးထွက်ဖူးရင့်သန် ဗောဓိဉာဏ်၏။

**ပစ္စယော**–ဥပနိဿယ အမှီရ၍ မုချရကြောင်း ကောင်းမြတ်သော အထောက်အပံ့သည်။

**ဟောတု**–စင်စစ်မသွေ ဖြစ်ပါစေသတည်း။

**ဣဒံပုညဘာဂဥ္စ**–ဗုဒ္ဓဟောကြား တရားဒေသနာ မြတ်သြဝါကို နာခံမှတ်သား ပြန်ဟောကြား၍ ပွားများကျင့်ကြံအဖန်ဖန် ကြိုးကုတ် အားထုတ်ရသည့် ဤကုသိုလ် ပုညမင်္ဂလာ၏ အနှစ်ကိုလည်း။

**သဒေဝကာ**–ကမ္ဘာမှာနေသမျှ ဝေနေယျများစွာ နတ်ဗြဟ္မာနှင့်တကွ သတ္တဝါအနန္တ မှန်သမျှတို့သည်။

**သုလဘန္တု**–ရွှင်လန်းကြည်မြေ့ ဝါဂွမ်းပုံ ဆီတွေ့သကဲ့သို့ ပီတိငွေ့စိတ်မှာထုံလျက် ဣဋ္ဌာရုံအတွေ့ထူးလို့မို့ ကြည်နူးကိုယ်ပိုင် ရယူနိုင်ကြပါစေကုန်သတည်း။

**သုလဒ္ဓါ**–ကိုယ်စီ, ကိုယ်စီ အလိုညီလျက် ကြည်သာရွှင်ပြုံး အားလုံးမျှတူ အရယူကြကုန်ပြီး၍။

**ပမောဒန္တု**–ကိုယ်စိတ်နှစ်ဖြာ လိုက္ခဏာနှင့် ပြည့်ကာကြွယ်မောက် ဝမ်းမြောက်နိုင်ကြပါစေကုန်သတည်း။

http://www.dhammadownload.com



**ဝါ–ပမောဒန္တု**–လူ့ပြည်တွင်မက နတ်ပြည်မှ ဆက်သွယ်လျက် အထက်နယ်ပြဟ္မာချဉ်းလို့မို့ ဖြာသတင်းကမ္ဘာ တုန်အောင် သဒ္ဓါဟုန် လျှမ်းလျှမ်းမောက်ပြီးလျှင် ဝမ်းမြောက်ဝမ်းသာ ပတ္တနာအောင်ဆု ခါခါပြုလျက် သာဓုသံ အောင်နိမိတ်ဖြင့် အောင်ဘိသိက်သွန်းနိုင်ကြပါစေကုန်သော်။ ။

**ဓမ္မဒူတ–အရှင်ပညာဇောတ**
ဓမ္မဒူတတောရ
တောင်စွန်း–ဘီးလင်းမြို့နယ်၊
မွန်ပြည်နယ်။

၁၃၄၆–ခုနှစ်၊ ပြာသိုလဆုတ် ၂–ရက်။

http://www.dhammadownload.com

http://www.dhammadownload.com

# နိဂုံး

**ရေးစ–ရေးပြီးချိန်**

ဤ ဓမ္မန္တရာယ် ကာကွယ်ရေးတရားတော် စအုပ်ကို မိမိသည် ၁၃၄၆–ခုနှစ်၊ ဥတုပဟေမန္တ နတ်တော်လဆုတ် ၇–ရက်နေ့တွင် မွန်ပြည်နယ်မှ မုဒုံမြို့ အသောကာရုံကျောင်း ပဌာန်းအဖွဲ့ ၁၀–ရက်စခန်း၌ စတင်ရေးသားပါသည်။

ရေးသားစဉ်က မုဒုံစခန်းနှင့် သထုံစခန်းနှစ်ခုတွင် အပြီးရေးမည် မှန်သော်လည်း အကြောင်းကြောင်း မညီညွတ်၍ မပြီးခဲ့ပါ။

ယင်းသို့ မပြီးသဖြင့် ဆက်လက်ကြိုးစားပြီး ရေးသားရာ ရောဝတီတိုင်း၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်မြောက်ဘက်ကမ်း လယ်ပြင်ကျောင်းတိုက်၊ ၁၀–ရက်စခန်း ၄–ရက်မြောက်ဖြစ်သော ၁၃၄၆–ခုနှစ်၊ ပြာသိုလဆုတ် ၂–ရက်နေ့ နေ့လည်တွင် အပြီးသတ်ပါသည်။

**ကျေးဇူးဆပ်ပါ၏**

မိမိသည် တရားပြနေသည့် အကြားမှ အားလပ်ခွင့်ရသမျှ အအားမထား၊ အနားမယူဘဲ၊ အများသတ္တဝါများ

http://www.dhammadownload.com

# နိဂုံး

အပေါ် မေတ္တာကရဏာထား၍ ရေးသားရသော ကောင်းမှုများဖြင့် မိမိအပေါ်တွင် ကျေးဇူးဥပကာရ အထူးရှိကြကုန်သော မိဘနှစ်ပါး၊ ဆရာသမားများ၊ ရဟန်းဒကာ–ဒကာမများ၊ ပစ္စည်းလေးပါး ဒကာ–ဒကာမများ ဆွေမျိုးဉာတကာများ၊ မိတ်ဆွေသင်္ဂဟများတို့အား ကျေးဇူးတုံ့ပြန်အပ်ပါ၏။

အထူးအားဖြင့် ရောက်လေရာ မြို့ရွာ တရားပွဲများ၊ ၁၀–ရက်စခန်းတရားပွဲများ၊ ကျောင်းပရာဌာနမှ ဒကာ–ဒကာမများ၏ မိမိ၏ စာရေးသားနိုင်ရေးအတွက် အကူအညီပေးခြင်းအတွက် များစွာကျေးဇူးတင်ပါသည်။ ကျေးဇူးသိပါသည်။ ယင်းသို့ သိကာ ဤတရားစာဖြင့် ပြန်ဆပ်ပါ၏။

**အမျှဝေပါ၏**

ဤမျှ အလုပ်များပြား မအားလပ်သည့်အကြားမှ ရသမျှအချိန်ကို အချည်းအနှီး မဖြုန်းတီးဘဲ ဝီရိယရှေ့ထား ကြိုးစားရေးသားရသော ဤဓမ္မန္တရာယ်ကာကွယ်ရေး တရားတော်စာအုပ်အတွက် ရရှိသည့် ကောင်းမှုကုသိုလ်၏ အဖို့ဘာဂအဝဝကို–

မြင်းမိုရ်စက္ကဝါ၊ ပမာဆယ်စု၊ နှိုင်းမတုအောင်၊ ဗဟုပကာရ၊ ဂုဏ်ကြီးလှသား၊ မိဘနှစ်ဖြာ၊ မြတ်ဆရာနှင့်၊ ရာဇာသနင်း၊ ရောင်းရင်းငယ်ဖော်၊ ဆွေတော်မျိုးစပ်၊ အရပ်နေစု၊ စတုပစ္စယာ၊ ဒါယကာ–ဒါယိကာမ၊ ဂေါစရဂံ၊ နိယံမပြတ်၊ နိစ္စဗဒ်ဖြင့်၊ ယုတ်,မြတ်ကြည်ဖြူ၊ ပေးလှူ

http://www.dhammadownload.com

# နိဂုံး

တတ်စွာ၊ မြို့ရွာပတ်ကုံး၊ သိမ်းကျုံးလုံးစုံ၊ နိဂုံးဇနပဒ၊ ဝေးနီးစသည့် ရှိကြထိုထို၊ များလူဗိုလ်ပါ၊ ကိုယ်ကို စောင့်တတ်၊ နတ်နှင့်တကွ၊ ဘုမ္မရက္ခာ၊ အာကာသဋ္ဌ၊ တန်ခိုးမဟိဒ္ဓိ၊ ပညာဇိဒ်နှင့်၊ ဂုဏ်ဟိတ်မြင့်မား၊ သိကြားသက္က၊ ဝါသဝနှင့်၊ လောကစောင့်လျှင်း၊ နတ်မင်း လေးဖြာ၊ သာတာဂိရ၊ ဟေမဝတ၊ ဣန္ဒ-စိတ္တ စသည့်တွက်ဘွဲ့၊ နှစ်ဆယ့်ရှစ်ဦး၊ နတ်စစ်မှူးဟု၊ အထူး မည်ရ၊ အဠဝိသ၊ ယက္ခမဟာ၊ သေနာပတိ၊ ထိုပြီတထွေ၊ ရေပင်လယ်သွား၊ သူတော်များအား၊ စောင့်ကြပ်တတ် သည့်၊ မဏိမေခလာ၊ တဖြာထိုမှ၊ ဒသက္ကသရ၊ လောကသဟာ၊ ဝန်းပတ်ရံခြို၊ မဟာဗြဟ္မာတို့၊ ပြောဟုံ ဆူဆူ၊ မိုးသူမိုးသား၊ မြေဖွား-ရေပေါက်၊ ထိုရွေ့ လောက်တိ၊ ထက်-အောက်ဝန်းကျင်၊ များပုံယင်အား အကြွင်ရှိသမျှ၊ မကျန်ရအောင်၊ စေ့ငမသွေ "အမျှ- အမျှ-အမျှ-" ဝေသည် ရစေငါ့နှယ် အတူတည်း။

**ဆုတောင်းလွှာ**

ဤ ဓမ္မန္တ ရာယ်ကာကွယ်ရေးတရားတော်စာအုပ်ကို မေတ္တာ, ကရုဏာ ရှေ့ထား၍ ကြိုးစားရေးသား ကောင်းမှု ကုသိုလ်တို့ကြောင့် အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတ ရွှေဉာဏ် တော်ကို ချမ်းသာသောအကျင့်, လျင်မြန်သောအသိဉာဏ် တို့ဖြင့် ထိုးထွင်းသိမြင်၍ သုံးပြင်ဘုံသား ဝေနေယျသတ္တဝါ

http://www.dhammadownload.com

## နိဂုံး

များကို တရားစည်ကြီး သောင်းတိုက်ဟည်းအောင် ရိုက်တီး နှိုးဆော် ဟောဖော်ညွှန်ပြ၍ နိဗ္ဗာန်ထုတ်ချောက် အရောက် ပို့ဆောင် ကယ်တင်နိုင်သည့်ကိုယ် ဖြစ်ရပါလို၏။

**တောင်းပန်တိုက်တွန်းလွှာ**

ဤ ဓမ္မဒူတ ရာယ်ကာကွယ်ရေးတရားတော်စာအုပ်ကို တိမ်းပါးချွတ်ချော် မလျော်ကန်ရာ အဖြာဖြာတို့ကို အကယ် စင်စစ် သတိလစ်ကာ ဟောကြား, ရေးသားပါဝင်မိကုန်ငြားအံ့။ ယင်းတို့ကို ပညာရှိအများ အပြစ်မထားဘဲ ပယ်ရှားနိုင်ကြပါ စေကုန်သတည်း။

ဗုဒ္ဓမိန့်ဟ လမ်းစဉ်ကျသည့် အပြစ်ကင်းပ လမ်းပြ ဒေသနာ ကျင့်စရာ အဖြာဖြာတို့ကိုလည်း စိတ်မှာစွဲကပ် သတိချပ်၍ မပြတ်ပုံသေ ကျင့်နိုင်ကြပါစေကုန်သတည်း။

ယင်းသို့ ကျင့်ကြံနိုင်ကြသဖြင့် လောကီ, လောကုတ် မယုတ်ပွားတိုး ကောင်းကျိုးချမ်းသာ အဖြာဖြာတို့ ပြည့်ကာ ကြွယ်မောက် ဝမ်းမြောက်နိုင်ကြပါစေကုန်သတည်း။

**ဓမ္မဒူတ–အရှင်ပညာဇောတ**
ဓမ္မဒူတတောရ
တောင်စွန်း–ဘီးလင်းမြို့နယ်၊
မွန်ပြည်နယ်။

၁၃၄၆–ခုနှစ်၊ ပြာသိုလဆုတ် ၂–ရက်။